
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို

# စိတ္တဇခြေရာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၇၂၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၃၆၀၆၀၈

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို

## စိတ္တဇခြေရာ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"သုံးထပ်ပဲဆိုတော့ ပေါ့ပေါ့ပါးပါး တက်နိုင်ဆင်းနိုင်တာပေါ့၊ အန်တီတို့တောင် အေးအေးဆေးဆေးပဲ"

ရှေ့ကအခန်းရှင် အန်တီကြီးက သူ့တင်ပါးကြီးတွေ နောက်ပစ်ပြီး ကုန်းကာ ကုန်းကာ တက်လေသမျှ နောက်က ငြိမ်း၊ နောက်က ကိုလေး၊ အစဉ်လိုက် ပါလာပါသည်။ ငြိမ်းက ကိုလေးကိုလှည့် ပြုံးပြရင်း …

"အခန်းလေးက သန့်တယ် ကိုလေးရဲ့၊ သူက သီးသန့် အခန်းဖွဲ့လေးတွေနဲ့ဆိုတော့ သီးသန့်လေး"

"အင်းပါ … ငြိမ်းသဘောကျဖို့ အရေးကြီးတာ၊ တက်နိုင်လို့လား၊ နေ့စဉ်နဲ့အမျှကျတော့ ဖြစ်ပါ့မလား"

"သုံးထပ်တည်းရယ် ကိုလေးရဲ့"

"အင်းပါ … အင်းပါ၊ ဖြစ်ရင်ပြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခန်းလေး သုံးခန်းတည်းရယ်၊ သုံးယောက်ပဲ နေရမှာ ဆာ"

"အင်းပါ၊ ကောင်းတာပေါ့"

ဒီအခန်းလေးကို မနေ့က ငြိမ်လာကြည့်သွားပြီးပြီ။ ကြည့်ပြီးသမျှ အဆောင်တွေထဲမှာ အဆင်ပြေတယ်ထင်တဲ့ ဟာတွေထဲကမှ လက်ရွေးစဉ် ပြန်ရွေးတဲ့အခါ သန့်ပြန့်ဖို့၊ နာမည်ကောင်းတဲ့ အဆောင်ဖြစ်ဖို့၊ ဈေး ကာရံဂိတ်နီးဖို့၊ ရပ်ကွက်သန့်ဖို့ စသဖြင့်သော အချက်ပေါင်းများစွာနဲ့ တိုက်ဆိုင်နှိုင်းယှဉ်ပြီးမှ ရွေးချယ်တာ။

အိမ်ရှင် အန်တီကြီးက အောက်ထပ်မြေညီမှာနေပြီး သူ့ထပ်ပိုင်ဆိုင်တဲ့ သုံးလွှာခန်းကို ငှားခခြောက်သောင်းဈေးသတ်မှတ်ကာ အိပ်ခန်းသုံးခန်းဖွဲ့၍ အဆောင်သူ သုံးယောက်ပဲထားတာဖြစ်သည်။ တစ်ယောက် နှစ်သောင်းနှုန်း။ မီတာခကိုတော့ သုံးယောက်မျှခံ။ မီတာဘစ်လ်က တစ်လနောက်ကျတဲ့အတွက် တစ်လစာလောက်ကို မှန်းဆစပေါ်တင်ထားရသည်။

မနေ့က ငြိမ်လာကြည့်ချိန်ဟာ ညနေငါးနာရီ။ နှစ်ဦးရှိနှင့်တဲ့ အဆောင်သူထဲက တစ်ယောက်သာ ရှိနေပြီး နောက်တစ်ယောက်က သူ့အလုပ်က ပြန်မလာသေးလို့ မတွေ့ခဲ့ရပါ။ တွေ့ခဲ့တဲ့ တစ်ယောက်ကတော့ သဘောထား စိတ်ထားကောင်းကောင်းကလေး ပုံစံမျိုးပါပဲ။





"ဒေါက် ... ဒေါက် ... ယုယရေ ... သစ္စာရေ"

အန်တီကြီးက အခန်းရှေ့မှာရပ်ကာ သစ်သားတံခါးရွက်ကို ခေါက်လိုက်ပါသည်။ ဒီကနေ့ကတော့ စနေနေ့မို့ ရုံးပိတ်ရက်ဖြစ်ရာ နှစ်ယောက်လုံး ရှိနေမည်ထင်ပါရဲ့။ ကိုလေးလည်း သူ့ရုံးအားရက်မို့ လိုက်လာနိုင်တာလေ။

"ဒေါက် ... ဒေါက်"

တစ်ကြိမ်ထပ်အခေါက်မှာ သစ်သားတံခါးရွက် ပွင့်သွားကာ မနေ့က တွေ့ခဲ့တဲ့ မိန်းကလေးကိုပဲ ငြိမ် ထပ်တွေ့လိုက်ရသည်။ မျက်မှန်းတန်းနေပြီးတာမို့ ငြိမ်က စတင်ပြုံးပြလိုက်လျှင် သူက မကြည့်မသာ ဖြစ်နေတဲ့ မျက်နှာထားကို ချက်ချင်းကြီးစားပြင်ဆင်လိုက်တဲ့ ပုံစံမျိုးနှင့် တုံ့ပြန်ပြုံးပြလိုက်ရင်း သံတံခါးကို သော့ဖွင့်သည်။

"ဟဲ့ ... အိတ်တွေက !"

"ယုယတောင် ခုပဲ ဆင်းလာပြောတော့မလို့ အန်တီစိန်"

"ဘာလဲ ... ယုယရဲ့"

ယုယက ခုမှ နေဖို့ကြံစည်တဲ့ လူသစ်ရှေ့မှာ အားနာပါးနာ ခဏတော့ တုံ့နှေးသွားပုံရှိပြီးမှ မထူးဘူးဆိုတဲ့ ပုံစံနှင့် ...

"ယုယ ပြောင်းမလို့ အန်တီစိန်"

"ဟင် ... ဆိုင်းမဆင့် ဗုံမဆင့်၊ ကောက်ကာငင်ကာ ဘယ်လိုဖြစ်တာလဲ ယုယရယ်"



www.burmeseclassic.com

www.burmeseclassic.com



ယုယက အန်တီစိန်နှင့် ဧည့်သည်နှစ်ယောက် ဝင်သာအောင် အပေါက်ဝနားပင် ရောက်နေတဲ့ သူ့ရဲ့သေတ္တာလက်ဆွဲ အိတ်တို့ကို ဆွဲရွှေ့ကာ လမ်းဖယ်ပေးလိုက်ပါသည်။ ငြိမ့်နှင့် ကိုလေးမှာ အိုးတိုးအမ်းတမ်းနှင့် ရှေ့မတိုးဘဲ မဝင်ဘဲ တုံ့နေရာ အန်တီစိန်က ...

"လာ ... လာ ... ကလေးမ ဝင်ထိုင်။ ငါ့တူလည်း ဝင်ပါ၊ ရတယ်"

ငြိမ့်နှင့် ကိုလေးက ဧည့်ခန်းမှကျွန်းဆက်တီလေးတွေမှာ ဝင်ထိုင်လိုက်ကြပါသည်။ ဝရန်တာရှေ့မှာပါတဲ့ ဧည့်ခန်းလေးဟာ လင်းချင်းချောင်ချိသည်။ နောက်ဘက်မှာ အခန်းငယ်သုံးခန်း အရှည်လိုက် တောက်လျှောက်ဖွဲ့ထားကာ ဟိုးနောက်ဘက်မှာ မီးဖို အိမ်သာ ရေချိုးခန်း။

"ကဲ ... ပြောပါဦးဟဲ့၊ ဘယ်လိုဖြစ်လို့လဲ၊ သစ္စာရောရှိလား"

"ရှိတယ်၊ မီးဖိုမှာ ဟင်းချက်နေတယ်"

"ညည်းက ဘာဖြစ်လို့ ပြောင်းမလို့လဲ၊ နေလာတာပဲ နှစ်ပေါက်ကျော်နေပြီဟာကို၊ ကြီးတောင် မသိရဘူး"

ယုယက ဆက်တီမှာထိုင်နေတဲ့ ငြိမ့်ဆီသို့ စိုက်စိုက်ကလေး တစ်ချက်ကြည့်လိုက်ပါသည်။ ငြိမ့်နှင့် အကြည့်ချင်းဆုံနေရာ ငြိမ့်က မသဲမကွဲလေး ပြုံးပြလိုက်ပါသည်။ ယုယ အကြည့်





က ငြိမ့်ဘေးမှာ အေးအေးဆေးဆေး ထိုင်နေတဲ့ ကိုလေးထံ ဖျတ်ခနဲ ရောက်သွားရပြီးမှ ...

"အန်တီစိန့်ကို လာပြောမလို့ပဲ၊ ရုတ်တရက်တော့ မဟုတ်ပါဘူး၊ ဟိုတစ်ရက်က အန်တီစိန် လူတစ်ယောက် ထပ်တင်လို့ရတယ် လာပြောကတည်းကပါ"

"သုံးခန်းရှိတာ ညည်းက တစ်ယောက်စာပေးပြီး တစ်ခန်း၊ သစ္စာက နှစ်ယောက်စာပေးပြီး နှစ်ခန်းနေလာတာဆိုတော့ သစ္စာက တစ်ခန်းပဲနေပြီး နောက်တစ်ခန်းကို လူတစ်ယောက်ထပ်လက်ခံမယ်ထင်တာ"

"မဟုတ်ဘူး အန်တီစိန်၊ ယုယ ပြောင်းမှာမို့ ယုယအခန်းအတွက် လူတစ်ယောက်ရှာလို့ ရတယ်လို့ ပြောတာ"

"ဩော် ... မသိပါဘူးအေ၊ ဘာအဆင်မပြေတာရှိလို့လဲ သမီး"

"မရှိပါဘူး အန်တီစိန်၊ ယုယရဲ့ ညီမဝမ်းကွဲလေးကလည်း နယ်ကလာပြီး အဆောင်မှာနေမယ်လုပ်တော့ ယုယနဲ့အတူတူ နေချင်လို့ဆိုပြီး သူနဲ့ ပြောင်းနေဖို့ အတင်းအကျပ်ပြောနေလို့ပါ၊ ဒီမှာကလည်း မသစ္စာက နှစ်ခန်းနေနေတော့ ညီမလေးကို ခေါ်မယ်လို့ ပြောမနေတော့တာပါ"

"ဩော် ... သုံးလတစ်ကြိမ်စာ ကြိုပေးထားတာ၊ တစ်လလောက်တောင် လိုနေတာ ယုယရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး အန်တီစိန်၊ တစ်လစာလခ ပိုနေတာလည်း ယုယ ဘယ်လိုမှ သဘောမထားပါဘူး၊ ယုယဘာသာ အဆင်ပြေသလို လုပ်ရတာပဲဟာ၊ အန်တီစိန့်ဘက်က အမှားအယွင်းမှ မရှိတာ၊ မီတာခကလည်း ဒီလအထိ တွက်ရင် စပေါ်ငွေထဲကနဲ့ လောက်မှာပါ"

"လောက်ပါတယ်၊ ညည်းတို့မီတာခတွေက ပုံမှန် ဒီလောက် ဒီလောက်ပဲ ကျနေကျပဲဟာ၊ ခုမှ ရုတ်တရက် သိရတော့ အန်တီက အံ့သြစိတ်မကောင်း ဖြစ်နေတာ၊ သုံးယောက်ဖြစ်မယ်ထင်တာ၊ ခုတော့ နှစ်ယောက်က နှစ်ယောက်ပဲပေါ့၊ ဒီနေ့ပဲ ပြောင်းတော့မှာမို့လို့လား"

"ဟုတ်ကဲ့၊ ခုပဲ အန်တီစိန့်ကို ဆင်းပြောဖို့ ဆင်းတော့မလို့၊ ခဏနေရင် ကိုမျိုး လာကြိုပါလိမ့်မယ်"

"ဪ ... မောင်မျိုး လာခေါ်မလား"

"ဟုတ်ကဲ့၊ လာတောင် လာပြီထင်တယ်၊ အောက်ကကား သံက သူ့ကားသံနဲ့ တူတယ်"

ယုယက ဝရန်တာလေးဘက်သို့ ထွက်ပြီး အောက်ကကားကို လှမ်းကြည့်သည်။ ငြိမ့်က အမူအရာတစ်မျိုးလေးဖြစ်သော ယုယကိုသာ လိုက်ကြည့်နေမိပါသည်။ ဟိုးရှေးခေတ်က ဂျူးလိယက်ဆံပင်ပုံလို့ ခေါ်ဖူးကြတယ်ဆိုတဲ့ နဖူးထိပ်မှာ အလယ်ခွဲတိတိပမနှင့် ဆံပင်ဖြောင့်စင်းစင်းလေးက ခါးကိုတောင်ကျော်





လို့။ မပိန်မဝ သွယ်လျလျ။ မျက်နှာကလေးကလည်း တစ်မျိုးလေး ချစ်စရာ။ မနေ့က သူ့ကိုမြင်တော့ အခန်းဖော်အဖြစ် နေရမယ့်သူတွေထဲက တစ်ယောက်ကတော့ သဘောသကာယ ကောင်းမယ့်ပုံကလေးပဲရယ်လို့ မှတ်ချက်ချမိကာ စိတ်ထဲ ဘဝင်ကျရှင်ပျမိတာ။

ခုတော့ သူက ပြောင်းတော့မယ်။

စိတ်အနှောင့်အယှက်ဖြစ်တဲ့ မျက်နှာရိပ် မျက်နှာကဲကို ရှယ်တူတွေချင်းမို့ ရိပ်မိလို့နေသည်။ အဲဒီ မယုယ ပြန်ဝင်လာတာကို ငြိမ့် လှမ်းကြည့်နေမိသည်။

"ကိုမျိုးလာပြီ အန်တီစိန်"

"ဟုတ်လား၊ ဒါဖြင့် ခုပဲ သွားတော့မယ်ပေါ့"

"ဟုတ်ကဲ့၊ ယုယ ရုတ်တရက် ခပ်မြန်မြန် ပြောင်းဖြစ်သွားတာတော့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ပါ၊ အန်တီစိန့်ဆီမှာ နေရတာ အဆင်ပြေပါတယ်၊ အန်တီစိန့်ကိုလည်း ယုယ သတိရနေမှာ"

"အေးလေကွယ် ... တစ်နှစ်ကျော် ကြာပြီးမှ"

"ပြောင်းမယ့်ဆီကဖုန်း ယုယ မသိသေးလို့၊ သိရရင် အန်တီစိန့်ဆီ ဖုန်းဆက်ပြီး ဖုန်းနံပါတ် လှမ်းပေးဦးမယ်"

"အေး ... အေး"

"ဒါဖြင့် ယုယ သွားတော့မယ် အန်တီစိန်"



www.burmeseclassic.com

www.burmeseclassic.com



"မေးကွယ်"

ယုယ စကားလည်းဆုံး အခန်းဝလှေကားထိပ်ကိုလည်း လူတစ်ယောက်ရင်လာတာကို ပခုံးစွန်း လက်ဖျားလောက် တဲ့ တွေ့လိုက်ရလျက် ထိုလူက ယုယရဲ့သေတ္တာတွေ အိတ်တွေကို လှမ်းယူပြီး ပြန်ဆင်းချသွားပါတော့သည်။ ယုယက ဖျတ်ကနဲ ငြိမ့်ကိုကြည့်လိုက်ရင်း ...

"ဒီမှာ နေဖြစ်လား"

ခပ်တိုးတိုး မေးလေသည်။ ငြိမ့်က ခေါင်းညိတ်ရင်း ...

"ဟုတ်ကဲ့၊ နေဖြစ်မယ် ထင်ပါတယ်"

ဘာကြောင့် မေးတာပါလိမ့်လို့ စူးစမ်းတဲ့ သဘောမျိုး ငြိမ့်က သူ့ကို ဆက်စိုက်ကြည့်နေမိသော်လည်း ယုယက ဘာစကားမှ မဆက်တော့ပါ။ ခေါင်းသာ တဆတ်ဆတ်ညိတ်လိုက်ရင်း တံခါးမှ ဖျတ်ခနဲ လှည့်ထွက်သွားပါတော့သည်။ ကိုယ်ရောက်လာချိန်မှာ ရုတ်တရက် အဖြစ်အပျက်က တစ်မျိုးကြီး ဖြစ်နေတာမို့ ငြိမ့်တို့လည်း ခဏမျှ ငြိမ်သက်နေမိကြသေးသည်။

သူ့ဟာသူ ပြောင်းရွှေ့ဖို့ စောစောကတည်းက ကြိုတင်စီစဉ်ထားတာ ဖြစ်နိုင်ပြီး ပစ္စည်းတွေကိုလည်း မနက်စောစောကတည်းက ထပြင်ထားတာ ဖြစ်နိုင်ပေမယ့် ကိုယ်တံခါးခေါက်ပြီး ဝင်လာချိန်မှာ ဖြုန်းစားဒိုင်းစား သူက ထွက်ခွာသွားသလို ဖြစ်ရပ်ကြီးက စိတ်စနောင့်စနင်း ဖြစ်ချင်စရာကြီးလိုပင်။





"သမီး ... အိမ်ထဲဝင်ကြည့်ရင် ကြည့်ဦးလေ၊ သူ့လည်း ပြလိုက်ပါဦး"

"ငြိမ့်က မနေ့က ကြည့်ပြီးပါပြီ အန်တီ၊ သူကလည်း အနေအထားလေး သိရရင် ပြီးပါပြီ၊ အထဲထိတော့ ထပ်မကြည့်တော့ပါဘူး"

"အန်တီ့ အဆောင်လေးက အဆောင်နဲ့တောင် မတူပါဘူး၊ ကိုယ့်အိမ်ကိုယ့်ရာလေးလိုပါပဲ ငါတူရယ်၊ အခုကြည့် ... နှစ်ယောက်တည်းပဲ ပြန်ဖြစ်တာပေါ့၊ သုံးယောက်တောင် မရှိတော့ဘူး၊ သစ္စာကတော့ အရင်ကတည်းက အိပ်ခန်းနှစ်ခန်း ယူထားတယ်၊ နောက်တစ်ခန်းက သူ့ပစ္စည်းပစ္စယတွေကများတော့ အပိုယူထားတာပေါ့ ...

ငါ့တူကြီးကော သဘောကျရဲ့လား"

ကိုလေးက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ကဲ့၊ သဘောကျပါတယ်၊ လူကနည်းတော့ အန်တီပြောသလိုပဲ ကိုယ့်အိမ်ကိုယ့်ရာလေးလို ဖြစ်နေတာပေါ့၊ တစ်ခုပဲရှိတာက တစ်ယောက်ရဲ့ညီသည်စောင်သည် မိတ်ဆွေအပေါင်းအသင်း အဝင်အထွက်တွေက ကျန်တဲ့တစ်ယောက်ကို အနှောင့်အယှက် မဖြစ်စေဖို့ပါပဲ ...

လူများတဲ့အဆောင်ကျတော့လည်း သူ့ညီသည် ကိုယ့်ညီသည်နဲ့ မသိသာပေမယ့် နှစ်ယောက်တည်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာမှာ တစ်ယောက်က ညှော့်သိပ်များလွန်းရင် နောက်တစ်ယောက်အတွက် ပရိုက်ဗိတ်စီ မရှိတာမျိုးပေါ့၊ သူက အေးတယ် အန်တီ၊ အပေါင်းအသင်းလည်း နည်းတယ်”

ရုတ်တရက် အနောက်ဘက်ထဲ ဝင်ရမယ့် ဘေးစကြိုလေးအဝက ခန်းဆီးစပြာနုနုလေးဟာ လွင့်ခနဲလှုပ်ပြီး မိန်းမတစ်ယောက် ထွက်ပေါ်လာပါသည်။ ညှော့်ခန်းက အားလုံးရဲ့အာရုံဟာ အဲဒီဘက်ရောက်ကာ လှည့်ကြည့်လိုက်မိကြပြီး အန်တီစိန်ကတော့ ...

“ဟော ... သစ္စာ၊ ဘာတွေ ချက်နေလဲ”

သစ္စာက ပါးချိုင့်နှစ်ဖက် ပေါ်လွင်အောင် နှစ်နှစ်ကာကာ ပြုံးလိုက်ရင်း ...

“ပိတ်ရက်ဆိုတော့ အန့်တီစိန်ရယ်၊ အရသာတွေ့မယ် ထင်တာလေး စိတ်ရှည်လက်ရှည် ချက်ပြုတ်နေရတာ”

ပခုံးကိုထောက်ပြီး ကော့ထွက်နေတဲ့ အမျှင်ပါးလေးတွေနှင့် စတက်ပ်ဆံပင်တိုတိုဟာ ထိုအမျိုးသမီးရဲ့ မျက်နှာကို နုနယ်စေသော်လည်း ငြိမ့်က ကိုယ့်ထက်ကြီးလိမ့်မယ်လို့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်သည်။ ဖြူဝင်းတဲ့ အသားရောင်ဝေါမှာ မျက်နှာပေါ်က ပန္နသ်းတွေက ပေါ်လွင်ထင်ရှား ပြတ်သားနေပြီး ထင်ပေါ်တဲ့ ရုပ်ရည်မျိုးကို ပိုင်ဆိုင်ကာ အပြုံးကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် ပြည့်ဝတဲ့သူရဲ့ အပြုံးမျိုးဖြစ်သည်။





သူ့ကိုယ်ခန္ဓာနဲ့ အနေတော် တီရှပ်ဖြူလေးကို ချည်သားဘောင်းဘီ ခြေသလုံးလယ်လောက်အရှည် အဖြူပေါ် အစိမ်းစင်းလေးတွေနှင့် ဝတ်ဆင်ထားပါသည်။ ထူးခြားတဲ့ သူ့ပုံစံလေးကို ငြိမ့်က ငေးမောကြည့်နေမိသည်။

“ယုယ သွားပြီလား အန်တီ”

“အေး ... ခုပဲသွားပြီလေ၊ ရုတ်တရက်ပဲ၊ အန်တီဖြင့် ခုမှ သိတယ်”

“ဒီကောင်မလေးက ဖွတ်ဆို ဖွတ်ပဲဟာကို အန်တီရယ်၊ ကလေးစိတ်ပဲဟာ၊ ထမင်းစားပြီးမှ သွားပါဆိုတာတောင် သစ္စာရဲ့လက်ရာကို မြည်းမသွားဘူး”

“ဟုတ်ပကွယ်”

“ဒါ လူသစ်လားဟင်”

“ဟုတ်တယ် သစ္စာရေ၊ ငြိမ့်ခင်လေး တဲ့”

သစ္စာထံမှ ညာလက်ဖြူဖြူကလေးက ငြိမ့်ထံဖြောင့်ဖြောင့်ကလေး ဆန့်ထွက်လာရင်း ...

“တို့က သစ္စာရှင်ပါ”

ငြိမ့်က ထိုင်လျက်မှပင် သူ့လက်ကို ကယောင်ကတန်း ပြန်လည်ဆုပ်ဆွဲလိုက်ရစဉ် အချက်ရေခပ်များများ ဆွဲကိုင်လှုပ်ယမ်းနေတဲ့ သစ္စာရှင်က ငြိမ့်ကို ရှုးရှုးစိုက်စိုက် ငွေးဖောက် အကဲခတ်လျက်သား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် မသစ္စာ"

"ငြိမ့်ခင်လေးက ငယ်ကောင်း ငယ်မှာပါ၊ ဒါပေမဲ့ ကျေး
ဇူးပြု၍ တို့ကို သစ္စာလို့ပဲ ခေါ်ပါ"

"သြော် ... ဟုတ်ကဲ့"

"ငြိမ့်ခင်လေးက အတော်လှတာပဲ"

ငြိမ့်ရဲ့မျက်နှာ ဝင်းဝါဝါလေးက သွေးရောင်ပြေး
သွားပါသည်။ မိန်းမဆန်ဆန်ကလေး နုထွေးသိမ်မွေ့လှတဲ့ ငြိမ့်
ရဲ့အလှဟာ မြင်သူတကာ ချီးမွမ်းနေကျဖြစ်တဲ့ အမှန်တရားတစ်ခု
ဖြစ်သော်လည်း ချီးမွမ်းသံကြားလျှင် ငြိမ့်က ရှက်သွေးစိုစွတ်မြဲ
ပင်။

"သစ္စာလည်း လှပါတယ်၊ ငြိမ့်က အရင်ပြောဖို့ နောက်ကျ
သွားလို့ပါ"

"အဟင်းဟင်း ... ဟိုဘက်က အစ်ကိုလား"

"ဟုတ် ... ဟိုဒင်း ..."

"သက်ဆိုင်သူပေါ့"

"ဟုတ် ...၊ ကိုသက်ထင်လို့ ခေါ်ပါတယ်၊ လောလောဆယ်
နေပြည်တော်မှာ တာဝန်ကျနေတဲ့ အင်ဂျင်နီယာပါ"

"သြော် ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်ခင်ဗျာ"

"ငြိမ့်ခင်လေး ဘယ်တော့ ပြောင်းလာမလဲ၊ လတောင်ကုန်
ပြီပဲ"





"လက်ကုန်တာနဲ့ ပြောင်းလာမှာပါ၊ နောက်နှစ်ရက်ပေါ့"

"မြန်မြန်သာ ပြောင်းလာပါ၊ တစ်ယောက်တည်းက ပျင်း
စရာကြီး ဖြစ်နေမှာ၊ ခုလည်း အဆောင်မှာပဲ နေတာလား၊
ဒါမှမဟုတ် နယ်ကလာတာလား"

"ငြိမ့်က နယ်ကပါ၊ ဒါပေမဲ့ လောလောဆယ်တော့
အဆောင်တစ်ခုမှာ နေနေတာပါ၊ အဲဒီအဆောင်မှာက လူ
သိပ်များတော့ တစ်ယောက်ဝင်တစ်ယောက်ထွက်နဲ့ တဖြည်း
ဖြည်း လူစုံပြီး ဗျောက်သောက်ဖြစ်လာလို့ပါ၊ အရင်လူတွေ
ကရွှေ့သွား နောက်လာတဲ့ လူတွေက ကိုယ်နဲ့အထာမကိုက်
ဘဲ စိတ်အနှောင့်အယှက် ဖြစ်လာရလို့ ပြောင်းချင်တာပါ"

"ဟုတ်တယ်။ လူများရင် ဗယောက်ယက်များတယ်၊ တို့လည်း
အေးအေးဆေးဆေးပဲ ကြိုက်တယ်၊ ဒါကြောင့် ယုယ ပြောင်း
လာကာစ တုန်းက နောက်တစ်ယောက် ထပ်ရောက်
မယ်ဆိုတော့ တို့တစ်ယောက်တည်း နှစ်ခန်းယူထားတော့
မယ်လို့ အန်တီစိန့်ကိုပြောပြီး နှစ်ယောက်ပဲ နေလိုက်တာ၊
နောက်လူတစ်ယောက်ကို အကဲခတ်တော့ ကိုယ်အပိုကုန်
ကျမယ့် နှစ်သောင်းဖိုးထက် ပိုစိတ်ရှုပ်ရမယ့်ပုံ ပေါက်နေလို့
လေ"

သစ္စာရှင်ရဲ့စကားကို အန်တီစိန်က သဘောကျပြီး
ပြုံးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“[illegible] သိဒ်ဝမ်းသာတာပဲ၊ ငြိမ့်ခင်လေး ပုံစံက အေးချမ်းလွန်းလို့လေ၊ စိတ်မဆင်းရဲရဘူးဆိုတာ သေချာနေတယ်၊ ဆုတောင်းနေတာ၊ ယုယလည်းပဲ မဆိုးပါဘူးလေ၊ စိတ်ကောင်းလေး ရှိပါတယ်၊ ဒါပေမဲ့ ဗဲရီးချိုင်းလ်ဒစ်ရှ်၊ မကျူးဝါး မဖြစ်တာလေးတွေရှိတော့ တစ်ခါတစ်ခါ ရင်မောခဲ့ရတာပေါ့ ...

ဒါကြောင့် ငြိမ်းချမ်းတဲ့သူလေး လာပါစေလို့ ဆုတောင်းရတာ၊ ဝမ်းသာပါတယ် ငြိမ့်ခင်လေး”

“ကျေးဇူးတင်ပါတယ် သစ္စာ”

“ဘာကိုလဲ”

“နွေးနွေးထွေးထွေး ကြိုဆိုတာကိုပါ၊ နှစ်ယောက်တည်းနေရမှာ မဟုတ်လား၊ တစ်ယောက်နဲ့ တစ်ယောက် နွေးထွေးမှုရှိမှ နေပျော်မှာပေါ့လေ”

ပြုံးနေတဲ့ သစ္စာရှင်ရဲ့ ပါးနှစ်ဖက်ပေါ်မှာ ပါးချိုင့်ခွက်နှစ်ခုက ထင်နေပါသည်။ ငြိမ့်က ကိုလေးဘက်လှည့်ကာ ...

“ကိုလေး ဘယ်လိုသဘောရလဲ”

ကိုလေးက ခေါင်းညိတ်ရင်း ...

“ကောင်းပါတယ်”

“ဒါဖြင့် ငြိမ့် နေဖြစ်တယ်ပေါ့နော်”

“ဒါပေါ့၊ နက်ဖြန် သန်ဘက်ခါ တစ်ရက်ရက် ကိုယ်ပြောင်းပေးခဲ့မယ်”





“ဒါဖြင့် ငြိမ့်တို့ ပြန်လိုက်တော့မယ် အန်တီ၊ ငြိမ့် စပေါ်ငွေ ပေးခဲ့ရမလား၊ လခကော အခုပေးရမလား”

“စပေါ်ငွေ ပေးခဲ့ပေါ့၊ ဒါက ရုတ်တရက် ပြောင်းရွှေ့သွားရင် မိတာခတွေ ဘာတွေ နှိမ်ဖို့လေ၊ လခကတော့ သုံးလတစ်ကြိမ် ပေးရတာပေါ့၊ ဝင်တဲ့နေ့မှ ပေးလည်း ရပါတယ်”

“ပြန်လိုက်ပါဦးမယ် သစ္စာ”

သစ္စာရှင်က လက်ပိုက် နှုတ်ခမ်းစေ့ ပြုံးရင်းက ...

“အိုကေပါ ... ဆီးယူလိတ်တာ”

ငြိမ့်တို့ အိမ်အပေါ်ထပ်က ဆင်းလာကာ အိမ်ရှင်အန်တီစိန်ရဲ့ မြေညီထပ်ကိုဝင်၊ စပေါ်ငွေပေးချေပြီးတဲ့နောက် ပြန်ခဲ့ကြပါသည်။ ကားမောင်းလာတဲ့ ကိုလေး နှုတ်ဆိတ်နေတာကို ငြိမ့်က ငုံ့ကြည့်ရင်း ...

“နှစ်ယောက်တည်းဆိုတော့ စာရင်းရှင်းတာပေါ့နော် ... ကိုလေး”

“အင်း ... ဒါပေမဲ့ အဲဒီအမျိုးသမီးကို သတိထားပေါင်းရလိမ့်မယ်နော် ငြိမ့်လေး”

“ဘာလို့လဲ ကိုလေး”

“ငြိမ့်ထက် အများကြီးလည်တယ်”

“စိတ်သဘောတော့ ကောင်းပုံရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တောင်းတာ မကောင်းတာနဲ့ လည်တာအ,တာလည်း ဆိုင်ဘူးလေ၊ ဒါပေမဲ့ အင်း ... ကိုယ်က ယောကျာ်းဖြစ်ပြီး မိန်းမတစ်ယောက်ကို မကောင်းကြောင်း ဝေဖန်ရတာတော့ တစ်မျိုးကြီးဖြစ်တာပေါ့လေ၊ ဒါပေမဲ့ ငြိမ့်နဲ့တူတူနေရတော့မှာဆိုတော့ ပြောစရာရှိတာတော့ ပြောရတော့မှာပဲ၊ သဘောလည်း ဒီလောက်ကြီး ကောင်းပုံမရပါဘူး ...

ဒီနေ့ ပြောင်းရွှေ့သွားတဲ့ ယုယ ဆိုတဲ့ ဟိုအမျိုးသမီးကမှ သူ့ထက်စာရင် ရိုးစင်းပုံရတယ်။ အဲဒီအမျိုးသမီးကြည့်ရတာလည်း တစ်ခုခု စိတ်အနှောင့်အယှက် ဖြစ်ပုံရတယ်၊ ငြိမ့် ပြန်စဉ်းစားဦးမလား"

"ဟင့်အင်း ... ငြိမ့် ဒီအခန်းလေးကို ကြိုက်တယ် ကိုလေးရယ်၊ သစ်သစ်သန့်သန့်လေး အစစအဆင်ပြေတယ်၊ ချက်ပြုတ်စားလို့လည်း ရတယ်၊ တချို့အဆောင်တွေက ရေချိုးတောင် ကြိုခွင့်ပေးတာ မဟုတ်ဘူး၊ သူ့ဟာသူ စိတ်ကောင်းရှိရှိမရှိရှိ ငြိမ့်အခန်းလေးကို ငြိမ့်ဟာငြိမ့် သော့ခတ်ပြီးနေလို့ရတယ်၊ စိတ်ရောကိုယ်ပါနှစ်ပြီး မပေါင်းဘဲ အပေါ်ယံလောက်ကလေးပဲ ပေါင်းလို့လည်း ဖြစ်ပါတယ်"

သက်ထင်က ခေါင်းတညိတ်ညိတ်နှင့် ...

"အိမ်လိုက်ခဲ့ဦးနော် ငြိမ့်လေး၊ မေမေကလည်း ငြိမ့်နဲ့မတွေ့တာကြာလို့ မေးနေတယ်၊ ကိုယ် ရန်ကုန်မှာရှိတဲ့တစ်ရက်ကျမှ လာလည်နိုင်းမယ် ပြောထားရတယ်"





ငြိမ့်ခင်လေးအဖို့ "ကိုလေး"ဆိုတဲ့ သက်ထင်ကို ချစ်သူအဖြစ် ရွေးချယ်ပတ်သက်မိတာဟာ ကံထူးခြင်းတစ်ရပ်လို့ပဲ ဆိုကြပါစို့။ ငြိမ့်တို့က အမေတစ်ခု သမီးတစ်ခု။ မိတ္ထီလာမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ငြိမ့်ဟာ ဆယ်တန်းအောင်ပြီး ကျောင်းဆက်တက်တော့ အဓိကိုရတာမို့ ရန်ကုန်ကို ပြောင်းရွှေ့ကျောင်းရန်ကုန်သည်။ ရန်ရောက်

အဲဒီကတည်းက ငြိမ့်ရဲ့ အဆောင်သူဘဝလာတာပင်။ အဆောင်မှာနေရတဲ့ အဖြစ်အပျက်ဟာ ငြိမ့်အဖို့တော့ ဘာမှထူးဆန်းခက်ခဲ မနေတော့ပါ။ ဆယ့်ခုနစ်နှစ်သမီးကတည်းက အဆောင်သူဖြစ်ခဲ့ဖူးတာ ခုတော့ ဆယ်နှစ်တောင်ရှိပြီပဲ။ မေမေဟာ သူတို့ဒေသထွက် ကုန်လှောင် ကုန်ရောင်း ကုန်ဝယ်နှင့်ပင် သူ့ဟာနှင့်သူ ပိုပိုလျှံလျှံကလေး ရှိသည်။ မိနိုသူ ညီမတူမတို့နှင့်အတူနေ၍ ငြိမ့် ရန်ကုန်လာနေသော်လည်း မေမေ့မှာအထီးကျန်လှတာယ်တော့ မဟုတ်ပါ။

ကျောင်းပြီးတော့လည်း ခုခေတ်ထုံးစံ ငြိမ့်က စာရင်းကိုင်သင်တန်းတွေ ဆက်တက်ဖြစ်သေးတာပင်။ မိတ္ထီလာကို တစ်နှစ်တစ်ခေါက်၊ တစ်နှစ်ခွဲတစ်ခေါက်လောက်သာ ပြန်လည်ပြီး မေမေ့ကို ကန်တော့ဖြစ်တာ။ ကုမ္ပဏီမှာ စာရင်းကိုင်ဝန်ထမ်းဖြစ်တော့လည်း ငြိမ့်ရဲ့မနည်းလှတဲ့ လခဟာ မေမေ့ထံ ကန်တော့ဖွယ်ပစ္စည်းလေးတွေ လှူကြွဝယ်ပို့နိုင်တယ် ဆိုရုံလောက်သာ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ အသိပညာ ဗဟုသုတကြွယ်တယ်ဆိုကာ သူ့အမီးလေးကို ကုန်သည်မဖြစ်စေလိုတဲ့ မေမေကလည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်လာနေဖို့ ငြိမ့်ကို ဘယ်တော့မှ မတိုက်တွန်းခဲ့ပါလူပါ။ ဒီတော့ ငြိမ့်ရဲ့ကြီးဘဝဟာ ရန်ကုန်မြို့ အသိုင်းအဝိုင်း ၌လည်နေခဲ့ပါသည်။

မှ ကိုလေးကိုတော့ အလုပ်ဝင်တဲ့နှစ်မှပဲ ဆုံတွေ့တာ။ ...တဲ့ အဖြစ်အပျက်ကလည်း ရိုးစင်းရှင်းလင်းပါသည်။ ငြိမ့်တို့ကုမ္ပဏီက အမ်ဒီအန်ကယ်ရဲ့ သားဖြစ်သူကလည်း ကုမ္ပဏီမှာပဲ လုပ်သည်။ ဒါရိုက်တာ တစ်ဦးပေါ့။ သူနှင့် ကိုလေးက သူငယ်ချင်း။ ဒီလိုနှင့်ပဲ ငြိမ့်ကို ကိုလေး စတင်မြင်တွေ့တာ။ ငြိမ့်နောက်လိုက်ပြီး ငြိမ့်ကို မိတ်ဖွဲ့ရင်းနှီးပြီးတဲ့နောက် တစ်နှစ်လောက်ကြာတော့ ကိုလေး ချစ်ရေးဆိုခဲ့တာပေါ့။

အဖြေပေးဖို့ တစ်နှစ်လောက်တော့ အချိန်ယူမည်ဟု ငြိမ့်က ဆုံးဖြတ်ထားပေမယ့် တကယ့်တကယ်တမ်းတော့ ငယ်ကတည်းက ရင်းနှီးသော အဖော်မဲ့တဲ့ ငြိမ့်ရဲ့နှလုံးသားက တောင့်ခံနိုင်စွမ်းလောက်အောင် သိပ်ကြီးမမာကျော့။ သုံးလလောက်အကြာမှာပဲ ခေါင်းညိတ် အဖြေပေးဖြစ်လိုက်တော့တာပေါ့။

နှစ်ဖက်မိဘများကိုလည်း အသိပေးဖွင့်ပြောထားကာ ဘယ်သူကမှ ကန့်ကွက်မှုမရှိပါ။ ဘုရင့်နောင်မှာ ပွဲရုံနှစ်ရုံပိုင်ဆိုင်သည့် ကိုလေးရဲ့ဖေဖေက စီးပွားရေး တောင့်တင်းကြွယ်ဝသည်။





ကိုလေးမေမေက တည်ကြည်အေးချမ်းကာ ကိုလေးရဲ့ညီမငယ်လေးက စိတ်ကောင်းရှိလှသည်။ ငြိမ့်ကို သူတို့မိသားစုက နွေးနွေးထွေးထွေး ကြိုဆိုလက်ခံခဲ့ကြပါသည်။

ချစ်သူတွေ ဖြစ်ရပြီး မကြာခင် ကိုလေး နယ်ကိုပြောင်းရတာ။ နှစ်နှစ်လောက်ရှိပြီမို့ မကြာခင်မှာတော့ ရန်ကုန်ပြန်ဝင်ရဖို့ လျှောက်ထားပါသည်။ ကိုလေး ရန်ကုန်ပြန်ရောက်နိုင်ချေရှိ၍ ငြိမ့်တို့ အချိန်စောင့်နေတာ။ ရန်ကုန်ပြန်ရောက်လာပြီးလျှင်တော့ မကြာခင် လက်ထပ်ကြဖို့ တိုင်ပင်ထားပါသည်။

"ထမင်းစားပြီးမှ ပြန်နော်"

"ဟုတ်"

"ညနေလောက်မှ ပြန်ပေါ့"

"ဟော ... အဲဒီ ကိုလေးဟာလေ တစ်ဆင့်ပြီးတစ်ဆင့် တိုးတိုးပြီး တောင်းဆိုတတ်တယ်"

ကိုလေးက ကြည်ကြည်စင်စင်လေး ပြုံးနေသည်။

"ရန်ကုန်ကို တစ်လ သုံး,လေးရက်လေး လာရတုန်း အမေနား ကပ်မှပေါ့။ ညီမနား ကပ်မှပေါ့"

"အာ ... ညီမက သူ့နား အစ်ကိုလုပ်တဲ့သူ တကပ်ကပ်ဆိုရင် ဘယ်ကြိုက်မလဲ"

"အမေကတော့ ကြိုက်မှာလေ၊ ဒီအချိန်မျိုးလေး မျှော်နေမှာ၊ ငြိမ့်နားချည်း လာနေမနေနဲ့၊ ဒီနေ့ဆို ပိတ်ရက်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးလည်း အပြင်မသွားရတဲ့ရက်မျိုး၊ ငြိမ့်ကလည်း တတွဲကြီး ကပ်မနေပါရစေနဲ့၊ ထမင်းစားပြီး ပြန်မယ်လေ ကိုလေးရဲ့”

“မေမေကလည်း ဆွဲထားမှာပါပဲ၊ မေမေက ငြိမ့် တစ်ယောက်တည်း အခွေဆောင်မှာ တပျင်းပျင်း တရိရိ ဖြစ်နေမှာစိုးတာ၊ မိန်းကလေးဆိုတာ တစ်ယောက်တည်း အချိန်ပိုနေရင် အပြင်ထွက် လျှောက်လည်တာတို့ စိတ်က ဟိုရောက်ဒီရောက် လေတတ်တယ်တဲ့၊ ခွေမျိုးတွေနဲ့ မိတ်ဆွေရင်းနဲ့ စသဖြင့် စကားစမြည်ပြော တွေ့ဆုံပြီး နေဖြစ်ရင် ပျော်စရာလည်း ကောင်း၊ စိတ်လည်းကျန်းမာတယ်တဲ့”

“ငြိမ့်ကတော့ စိတ်မလေပါဘူး ကိုလေးရယ်။ အပြင်လည်း မထွက်ပါဘူး၊ ငြိမ့်ဟာငြိမ့် ဝတ္ထုဖတ်မယ်၊ မဂ္ဂဇင်းဖတ်မယ်၊ နှစ်ချောင်းထိုး ထိုးမယ်၊ ဒါတွေ ရုံးပိတ်ရက်မှ လုပ်နိုင်တဲ့ဟာ၊ အချိန်တောင် မလောက်ဘူး ကိုလေးကလည်း”

“ခုဆိုရင် ရုံးပိတ်ရက်ကျ ချက်ပြုတ်စားဖို့ပါ ရှိလာပြီ”

ကိုလေးက ပြုံးငုံ့ကြည့်ကာ ပြောလျှင် ...

“အင်းလေ၊ ငြိမ့်မှာ ဆိုင်ထမင်းဟင်းတို့ ခေါက်ဆွဲသုပ်တို့နဲ့ချည်း ပြီးနေရတာ၊ ကိုယ့်ဟာကိုယ်လေး ချက်စားချင်သေးတာ ခုမှပဲ ဆန္ဒပြည့်ရတော့မယ်”





“ကြည့်ရတာ ဒီအဆောင်အခန်းကို သူ ရွေးချယ်တာ ဒီ ချက်စားဖို့ တစ်ခုတည်း ကြည့်ရွေးလိုက်တယ်နဲ့ တူပါရဲ့ကွာ”

ကိုလေး ပြောတာ ဟုတ်နေ၍ ငြိမ့်က ခပ်သိမ့်သိမ့် ရယ်မောနေမိပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂

သစ္စာရှင်သည် စားပွဲပေါ်သို့ ဖိုင်တစ်ထပ် ဘုတ်ခနဲ ကျလာသံကြောင့် ကွန်ပျူတာထဲ ခေါင်းနှစ်ဝင်မတတ် စိတ်ဝင်တစား အလုပ်များနေရာမှ လဲန့်သွားကာ လက်ထဲက မောက်စ်ကို ရှေ့သို့တွန်းထုတ်ပစ်လိုက်ရင်း ...

"ဟော့ ... ကျော်စွာညို၊ မင်းရဲ့ရှိင်းပျတဲ့ အပြုအမူတွေက ဘယ်တော့ရပ်တန့်က ရပ်တော့မှာလဲ"

"ကျွန်တော် ဖိုင်ကို စားပွဲပေါ် တင်လိုက်ရုံပါ၊ ရိုင်းသွားလို့လား"

"မင်း တို့ဆီ ရိုပို့တ်လာတင်တာလေ၊ လက်နှစ်ဖက်နဲ့ အသံမထွက်အောင် ရိုရိုသေသေ စားပွဲပေါ် ချရတယ်ဆိုတာ နားမလည်ဘူးလား"

"ခင်ဗျားကို မရိုသေ မလေးစားတာ မဟုတ်ပါဘူး မသစ္စာရာ၊ ကျွန်တော်ကိုက ဒီလိုပဲ လုပ်တတ်ကိုင်တတ်လို့ပါ"





သစ္စာက ဂျစ်ကန်ကန် ညစ်စုတ်စုတ်ရုပ်နှင့် အသားညိုညို နှာခေါင်းချွန်ချွန် ကောင်ကလေးကို တင်းတင်းကြည့်ရင်း ...

"မင်းဟာမင်း မင်းအိမ်မှာ ဘယ်လိုလုပ်တတ်တတ်၊ ဒါရုံး။ မင်းအဆင့်က တို့ကို ရိုသေရမယ့်အဆင့်၊ မင်းဘာသာ ဘော့စ်ရဲ့တူဖြစ်ဖြစ် ပလာယာဖြစ်ဖြစ် ငါက ဂရုမစိုက်ဘူး ဒါပဲ"

ကျော်စွာညိုသည် မသစ္စာရဲ့ ထိုအပြောအဆိုမျိုးကို ထာဝစဉ် အသည်းယားတဲ့ကြားက သဘောတွေကျတတ်သူဖြစ်ရာ ခုလည်းပဲ တဟားဟား အသံကြီးနှင့် ရယ်မောလိုက်ပါသည်။ သူက ကုမ္ပဏီရဲ့သူဌေး ဦးသိုက်ဇော်ရဲ့ တစ်ဦးတည်းသောတူ။ တစ်ဦးတည်းသောတူလို့ ဆိုရခြင်းက ဦးသိုက်ဇော်မှာ သမီးတွေက နှစ်ယောက် တူမကသုံးယောက်။ ဆွေမျိုးသားချင်းထဲ ဒီဂျင်နရေးမှာ ယောကျ်ားလေးဆိုလို့ ကျော်စွာညို တစ်ယောက်သာပါတဲ့အတွက် ဦးသိုက်ဇော်က တူကို အတော်ချစ်ခင် အရေးပေးလို့ဝင်။

ကျော်စွာညို့အဖေက ဂျပန်နိုင်ငံမှာ ဂျပန်မနှင့် အိမ်ထောင်ပြုပြီး ပြန်မလာတော့ပေ။ ခုနစ်နှစ်သားမှာ အမေဆုံးရှုံးခဲ့ရတဲ့ ကျော်စွာညိုဟာ ဆယ့်ငါးနှစ်သားမှာ အဖေကို လက်လွှတ်ရပြန်သည်။ စိတ်လိုရင် ဦးလေးရဲ့အိမ်မှာနေလိုက်၊ စိတ်မလိုရင် ခိမိပိုင် ကွန်ဒိုတိုက်ခန်းလေးမှာ သွားနေလိုက်။

www.burmeseclassic.com



ကုမ္ပဏီရဲ့ကဏ္ဍခွဲတစ်ခုဖြစ်တဲ့ အိမ်တွင်းအလှဆင်လုပ်ငန်းမှာ ဝါသနာလည်း ပါတာမို့ ကျော်စွာညို ဝင်လုပ်နေတာ နှစ်နှစ်ပဲ ရှိပါသေးသည်။ အိမ်ရဲ့အတွင်းဘက်တွေ အသေးစိတ်ပြင်ဆင်အလှဆင်တဲ့ အဖွဲ့တွေထဲမှာ တစ်ဖွဲ့ရဲ့စူပါဗိုက်ဇာအဖြစ်သူ ဝင်လုပ်သည်။

မသစ္စာကတော့ အဲဒီ Inerrior decoration လုပ်ငန်းခွဲရဲ့ မန်နေဂျာဖြစ်သည်။ ဒီတော့ ဘယ်လိုပင်ဖြစ်စေ ဂျစ်ကန်ကန် ကျော်စွာညိုက သစ္စာရှင်ကို ရိုသေလေးစားရမှာ အမှန်ဖြစ်သော်လည်း စိတ်ထဲရှိသလို လုပ်ကိုင်နေတတ်တဲ့ ကျော်စွာညိုက ဘာကိုမှ သိဂ်ဂရုမစိုက်လှပေ။

ကိုယ်ကသာ ဂရုမစိုက်တယ် ကိုယ့်လိုပဲ ဘာကိုမှ သိပ်ဂရုစိုက်လှတဲ့ပုံ မရှိတဲ့ မသစ္စာကိုတော့ သိပ်ကြည့်မရ။ အမြင်ကတ်သည်။ အပေါက်ဆိုးတဲ့ အပျိုကြီး။ သူ့ကိုယ်သူ ဘဝင်ကလည်း မြင့်သလား မမေးနှင့်။ တစ်ရုံးလုံးက “ကိုသား” “ကိုသား”နဲ့ ဦးသိုက်ဇော် ခေါ်သလို တဖူးဖူးမှုတ် ရှိကြချိန်မှာ သူက “ကျော်စွာညို”လို့သာ ခပ်ပြတ်ပြတ် ခေါ်ချကာ မျက်နှာကြော မလျှော့တဲ့သူ။

ကျော်စွာညိုက ဖိုင်လ်ကိုပြန်ယူ ရှုရှလေး ခါးကိုင်းတင်ပြီး ...

“ရော့ဗျာ၊ လက်မှတ်ထိုးပါဗျာ”





“ငါမအားသေးဘူး”

“ဟာ ... လက်မှတ်ထိုးရုံပဲဟာဗျာ”

“မင်းလာပေးသမျှ ငါက လက်မှတ်ကောက်ထိုးစရာလား၊ စစ်ရဆေးရဦးမှာပေါ့၊ ဒီမှာ ငါ အလုပ်လက်စ ရှိနေတာတွေ့သလား”

“တွေ့တယ်”

“အေး ... တွေ့ရင် နားလည်မှု ရှိပေါ့ကွာ”

“ကျွတ်”

ကျော်စွာညိုက လက်ပတ်နာရီ ငုံ့ကြည့်ရင်း ...

“မသစ္စာ လက်မှတ်ထိုးပြီးမှ ကျွန်တော်လည်း လစ်လို့ရမှာလေ”

“မလစ်နဲ့ဦးပေါ့၊ ဒါပဲရှိတာပဲ”

ကျော်စွာညိုက ကွန်ပျူတာမော်နီတာကို မြင်ရအောင်ကိုင်းကာကြည့်ရင်း ...

“အာ ... ဒါတွေ နောက်မှဆက်လုပ်စမ်းပါဗျာ၊ ပလီစ်ဗျာ၊ လုပ်ငန်းတစ်ခု ပြီးတဲ့နေ့လေဗျာ၊ နားချင်ပြီ၊ အိမ်လည်း အပ်ရော အိမ်ရှင်က ပါးစပ်ကို မစေ့နိုင်တာ၊ ဖိုင်လ်ထဲမှာ အိမ်ရှင်ရေးပေးလိုက်တဲ့ မှတ်ချက်ကို ဖတ်ကြည့်လိုက်ဦး၊ နော် ... ဟွန်း၊ စိတ်ရောကိုယ်ပါ နှစ်လုပ်ခဲ့တာ၊ လုံးဝ Perfect ၊ သိန်းငါးရာနဲ့ဝယ်တဲ့ သူ့ကွန်ဒိုကို တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းလိုက်တာ၊ အခု ပြန်ရောင်း၊ ခုနစ်ရာကို ပျော်ပျော်ကြီး ဆောင်မယ့်သူ ပေါ်လာစေရမယ်"

သစ္စာရှင်က မျက်စောင်းတစ်ချက် မော့ထိုးရင်း ...

"အဲဒါ ငါဆွဲပေးတဲ့ ဒီဇိုင်းလေ"

"ဟာ ...၊ ဒါပေမဲ့ ကျွန်တော့်လက်နဲ့ ကျွန်တော့်ခွန်အားနဲ့ ကျွန်တော့်ဉာဏ်စွမ်းတွေ အချိန်တွေနဲ့ လုပ်ရတာလေ"

"တော်စမ်းပါဟာ၊ မင်းဟာမင်းဆွဲတဲ့ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ကပ်စတမ်မှာ သိပ်ကျေနပ်တဲ့နေ့ကျမှ လာကြွား"

"ဟာ ... ခင်ဗျားလို မိန်းမဟာလေ၊ ဒီလိုအပေါက်ဆိုးဆိုး အပြောမျိုးတွေကြောင့် အပျိုကြီးဖြစ်ရတာလည်း မဆန်းဘူး"

"ဘာ"

သစ္စာရှင်ရဲ့မျက်နှာဟာ ဖြန်းခနဲ ရဲသွားပြီး မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်သွားပါသည်။ ဒေါသရဲ့အရောင်အလျှံတွေဟာ သစ္စာရှင်ရဲ့ မျက်နှာပေါ်မှာ ပူပြင်းတောက်လောင်လာသည်။

"ဟာ ... ဆောရီးဗျာ၊ အနာပေါ် တုတ်ကျသွားတာလား မသိဘူး"

"နင် ခုချက်ချင်း ငါ့ရှေ့ကထွက်သွား ကျော်စွာညို"

သစ္စာက လက်ညှိုးကို ဆတ်ခနဲ ဆန့်တန်းညွှန်ရင်း အသံတုန်တုန်နှင့် ပြောလိုက်ပါသည်။





"ဆောရီးဗျာ"

"ခုထွက်သွား"

"ဆောရီးလို့ ပြောနေသားပဲ မဟုတ်လားဗျာ၊ ဒီစကားလောက်ကို ဒီလောက် နာသွားလိမ့်မယ် မထင်လို့ ပြောတာပေါ့၊ သိရင် ပြောပါ့မလား၊ ဝန်ထမ်းချင်းချင်း နေရင်းထိုင်ရင်း အမုန်းပွားခံပါ့မလား"

"မင်း သွားတော့၊ မင်းနဲ့ စကားပြောရတာ နေရာနဲ့နေရာနဲ့ မပြောတတ်၊ လူကြီး သူကြီးမှန်း မသိ၊ ပြောရတဲ့သူပါ သိက္ခာကျတယ်"

"ဒါဖြင့်လည်း လက်မှတ်ပဲ အမြန်ထိုးပေးတော့"

"ငါ အလုပ်မအားသေးတာ မင်း နားမလည်ဘူးလား"

"ခုလည်း ဒေါသဝုန်းခနဲထွက်တော့ ခဏရပ်လိုက်ရတာပဲဗျာ၊ ရပ်လက်စနဲ့ လက်မှတ်ထိုးလိုက်ပါတော့"

သစ္စာရှင်သည် ဂျစ်ပေကတ်လှတဲ့ ကျော်စွာညိုကို မျက်စောင်းတစ်ချက်ထိုးကာ ပြန်ထိုင်ချလိုက်ရပါသည်။ သူနဲ့ ကျော်စွာညိုကြားမှာ ခုလို အော်ဟစ်ရန်ဖြစ်ရတဲ့ အကြိမ်တွေဟာ ဒါ ပထမဆုံးမဟုတ်ပါ။ အကြိမ်ကြိမ်အခါခါ ရှိနေပြီ။ ဒီကောင်ကို ကြည့်လို့ကိုမရ။ သို့ပေမဲ့ သစ္စာက သူ့ကို လုံးဝကြီးတော့ ခပ်ပြတ်ပြတ် မနေသည်မှာ အသုံးချစရာလေးတွေ ရှိသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာညိုသည် အသားကညိုညို။ အရပ်မြင့်မြင့် ကိုယ်ဟန်ကျစ်ကျစ်က အင်မတန် ကြည့်ကောင်းလှသည်။ မျက်ခုံး၊ မျက်တောင်တွေ မည်းနက်ထူထပ်နေကာ နှာတံချွန်နှင့် နှုတ်ခမ်းသားထူထူက ဆွဲဆောင်မှုအား ပြင်းထန်သည်။ ကြည်ကြည်သာသာ မရှိတဲ့ သူ့မျက်နှာကိုက မိန်းကလေးတွေကို စိတ်စနောင့်စနင်းဖြစ်စေတာ။

သူကိုယ်တိုင်ကလည်း ခပ်ရှုပ်တုတ်တုတ်။ ရည်းစားကများများ။ ငယ်စဉ်က တစ်ကြိမ်အသည်းကွဲဖူးရာ အဲဒီအသည်းကို အကောင်းပကတိ ပြန်ဖြစ်လိုဖြစ်ငြား ကုစားနိုင်မယ့် မိန်းကလေးကို ရှာဖွေလို့ မပြီးတော့ဘူးရယ်လို့ ဆင်ခြေရှိသည်။

"ကျွန်တော့်ရဲ့ ဒီလုပ်ငန်းရီဗော့လ်ထဲက အရမ်းကောင်းထားတာပါ၊ ပိုင်ရှင်က ဘယ်လိုချီးမွမ်းထားတယ်ဆိုတာ ခင်ဗျား ဖတ်ကြည့်ပါဦး မသစ္စာရာ၊ စိတ်ရော လူရော ပင်ပန်းအားရတာ၊ အလုပ်အပ်တဲ့နေ့ နားပါရစေလားဗျာ"

သစ္စာက စားပွဲပေါ် တံတောင်ထောက် မေးထောက်ကာ သူ့ကို မော့ကြည့်ရင်း ...

"ဘာဖြစ်လို့ ဒီလောက် ပြန်ချင်နေရတာလဲ"

"ရေချိုးမယ် ခဏနားမယ်ဗျာ၊ ညကျ ဘီယာသွားသောက်မယ်"

"မင်း ဘီယာဆိုင်က သီချင်းဆိုတဲ့ဟာတွေ ပါမှာပေါ့"



"ပါတာပေါ့"

"ပန်းကုံးလည်း စွပ်မယ်ပေါ့"

"ဒါပေါ့"

သစ္စာက တစ်ချက်မဲ့လိုက်သည်။

"မင်း အရည်မရ အဖတ်မရ တန်ဖိုးမရှိတာတွေ ဘာဖြစ်လို့ လုပ်ချင်ရတာလဲ ကျော်စွာညို၊ တန်ဖိုးရှိတာလေးကို ကြိုးစားပြီး တန်ဖိုးရှိရှိနေပါလား"

ကျော်စွာညိုက တစ်ချက်ရှုံ့မဲ့ပြီး စားပွဲပေါ်လက်ထောက်ရာမှ ခါးကိုင်း၍ သစ္စာရှင်ကို စိတ်ပျက်ပျက်ကြည့်ရင်း ...

"ဒီမှာ ...၊ ခင်ဗျား ဘာတွေပြောနေတာလဲ မသစ္စာ၊ ဒီစကားမျိုးတွေကို ခင်ဗျားတို့ဘောစိ ကျုပ်ဦးလေးတောင်မှ ကျုပ်ကိုမပြောဘူး"

"မပြောလို့ ဒီလိုဖြစ်နေတာလေ"

"ကျွတ်"

သစ္စာက သူ့ရဲ့ဖိုင်လ်ကို ဖွင့်လိုက်ပါသည်။ သူ့ကို ...းစိတ်ထဲရှိသလောက် ရှုံ့ချနှိပ်ကွပ်နေလို့ မဖြစ်သေး။ စိတ်...ရှိတိုင်း ဆက်ဆံလိုက်ရင် သင်းထံက ကိုယ်လိုချင်တာရေး...ကျ မရတော့ဘဲ ရှိဦးမည်။ ဒီလို ရှုပ်တီးရှုပ်ပွေ ညစ်ကျယ်...ယ် ဂျစ်ကန်ကန် ကောင်မျိုးမှာလည်း သူ့မှာအသုံးတည့်တဲ့...မျိုး ရှိပါသေးသည်။ တနည်းအားဖြင့် သူ့နေရာနဲ့ သူ့တန်ဖိုး...သူပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ငှဲ့ဆောင်လေးသာဆိုရင် ခင်းလို အရှည်အချင်းရှိတဲ့ ကော
လေးတစ်ယောက်ကို ပေါ့တီးပေါ့တော့ ပေးလားဟားလာ
ငါက မထားဘူး"

ကျော့်ဇွာညိုက ခေါင်းယမ်းရင်း ...

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ငါပြောတာတွေက အကောင်းချည်းပဲ"

"ဩော် ... ဩော်"

"နေရင်းထိုင်ရင်း ကိုယ့်အထက်လူနဲ့ ဘာဖြစ်လို့ ရန်ဖြ
ချင်နေရတာလဲ၊ ငါကလည်း နှင့်ကို အန်ကယ်တူ
အောင့်အည်းနားထောင်နေရတယ်ဆိုတာ မင်းလည်းအ
မဟုတ်တော့ သိနေမှာပါပဲ၊ စဉ်းစားကြည့်စမ်း၊ ကုမ္ပဏီပိုင်
ရှင်က ကိုယ့်ဦးလေးဆိုပြီး မင်းက အထက်လူကို မထေ
မြင် ဆက်ဆံဝံ့တာ"

"အာ ... ဒီလိုတော့ လုံးဝမဟုတ်ဘူး၊ ကျွန်တော့်မှာ အ
ကယ့်တူဆိုပြီး ရုံးမှာအခွင့်အရေးယူလိုတဲ့သဘော လုံး
ဥသုံ မရှိဘူး၊ ကျွန်တော် စကားပြောပုံ ဆိုပုံကတော့
အဖေကိုလည်း ဒီလိုပဲ၊ အန်ကယ့်ကိုလည်း ဒီလိုပဲ၊ ခင်ဗျာ
ကိုလည်း ဒီလိုပဲ၊ ဘော်ဒါကိုလည်း ဒီလိုပဲ"

"ညှံ့တာပေါ့ ... အဲဒါ"

"ဘာလဲဗျ"





"သူ့နေရာ သူ့အဆင့်ခွဲပြီး ဆက်ဆံတတ်ရတယ်ဟဲ့"

"ဒီမှာနော် ... ခင်ဗျားကို တစ်ခုတော့ ပြောထားဦးမယ် ဒေါ်သစ္စာရှင်ရေး ဟိုတလောကမှ ဝန်ထမ်းတွေရဲ့ ပရိုဖိုင်းလ်ကို ကျွန်တော် လှန်ကြည့်ပြီး လေ့လာတော့ ခင်ဗျားအသက်က လာမယ့်ဇွန်လမှာမှ သုံးဆယ်ပြည့်မှာ တွေ့ရတယ်"

"အဲဒါ ဘာဖြစ်လဲ"

"လေကသိပ်မြင့်တော့ အရင်က ကျွန်တော်က အဘွားကြီး သိပ်နေတာလားလို့၊ အပျိုကြီးလည်းဖြစ်တော့ ... ဩော်... ဩော် ... ဆောရီး ... ဒီစကားကိုနာတာ မေ့သွားပြန်ပြီ"

"အပျိုကြီးဆိုတာကို မနာဘူးဟဲ့၊ မှတ်ထားဦး၊ ဒီအပေါက်ဆိုးဆိုး အပြောမျိုးတွေကြောင့် အပျိုကြီးဖြစ်တာ ဆိုတဲ့ မှတ်ချက်ကို နာတာ"

"တစ်မျိုးပဲနော်"

သစ္စာသည် သူ့ရဲ့လုပ်ငန်းပြီးစီးမှုဖိုင်လ်ကို စစ်ဆေးတော်ရှုနေရင်း သူ့ကို အသည်းထဲ ကလိကလိနေအောင် ထ,လုပ်ချင်နေသည်။ ငါလိုတာ ရှိလို့သာပေါ့ဟာ။ နို့မို့ကတော့ နင်လိုကောင်ကို ဖြန်းခနဲ ဖြန်းခနဲပဲ။

"အဲ ... အပျိုကြီးမို့ အသက်လေးဆယ်လောက် ရှိပေမယ့်နေသလားလို့ ထင်မိတာ၊ ခင်ဗျားက စကားပြောပုံ သုံးဆယ်တန်းနဲ့ မတူဘူး၊ လေးဆယ်တန်းနဲ့ တူလို့လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ကျွန်တော်က နှစ်ဆယ့်ခုနစ်ထဲ ရှိနေပြီ၊ အလွန့်အကျွံကွာလှ သုံးနှစ်၊ ဒါကို ခင်ဗျားအနေနဲ့ တူလောက် သားလောက် ကွာသလိုမျိုး အကျောကြီး အရင့်ကြီး ပြောနေတာ နားသိပ်အူတယ်၊ ဆင်ခြင်ဦးဗျာ"

"မင်းလိုပေါ့"

"ဘာကိုလဲ"

"မင်း ခုနပြောသလို အဖေလည်းဒီလေ၊ ဦးလေးလည်းဒီလေ၊ ဘယ်သူ့မဆို ဒီလေမျိုးပဲ ဆိုသလိုပဲ၊ မင်းလိုငယ်တဲ့သူကတောင် ကိုယ့်စရိုက်မို့ဆိုပြီး မဆင်ခြင်ဘဲနဲ့ ကိုယ်ကတော မင်းကိုကျမှ တကူးတက ဆင်ခြင်ပေးစရာလား"

"ဘာပဲဖြစ်ဖြစ် ခင်ဗျား ပြောတာဆိုတာတော့ နင်တွေ ငါတွေ ဟဲ့တွေနဲ့ ကျွန်တော့်ကို ဘယ်သူမှ အဲဒီလိုမပြောဘူးဗျာ၊ တစ်ခါမှ ဒါမျိုးမကြားရဘူး၊ ခင်ဗျားနဲ့ကျမှ ကြားရပြီ"

"အေး … မင်းလည်း အခု မင်းရဲ့မန်နေဂျာကို ခင်ဗျားလို့ ခေါ်ဝေါ်သုံးစွဲနေတာ သတိပြုလိုက်ဦး"

ကျော်စွာညိုခပ်မှန်တေတေ စူပုပ်နေပါသည်။

"ကဲ … တန်ဖိုးရှိတာ ပြောမယ်"

ကျော်စွာညိုက မဲ့လိုက်ပါသည်။



"ဒီပရောဂျက်က တို့တွေ ရှုံးတယ်"

"ဘာရှုံးတာလဲ"

"တစ်အိမ်လုံးစာ ပလာစတာကောနစ်ဖိုးတွေကို ဒီနှုန်းနဲ့ တွက်ချေထားတာ တွေ့တယ် မဟုတ်လား၊ ဒီလုပ်ငန်း အားလုံးအတွက် မင်း အချိန်ယူထားတာ ရက်လေးဆယ်၊ ဒီအတွင်းမှာ ကောနစ်တွေ တအားဈေးခုန်တက်သွားတာ သိတယ်မို့လား၊ နောက်ဆုံးရစ် ငွေလက်ခံရချိန်နဲ့ တွက်လိုက်တော့ ငါတို့ အတော်ရှုံးတဲ့သဘော ရှိတယ်၊ ဒီထက် ရက်တိုရင် ရှုံးတာသက်သာတယ်၊ ခုချိန်ဆိုရင် ဈေးက အတော်ခုန်တက် ကွာခြားနေတာ"

"ဟာ … အဲဒါ ကျွန်တော်နဲ့ မဆိုင်ဘူးလေ၊ ကုန်ပစ္စည်းတွေ သူ့ဟာသူ ဈေးခုန်တက်သွားတာ ကျွန်တော်လုပ်တာ မဟုတ်ဘူး၊ ဒီအလုပ်လက်ခံ စရံယူပြီး ဘယ်နှရက်မှာ ဈေးဘယ်လောက် ခုန်တက်သွားမယ်ဆိုတာ ဘယ်သူသိလဲ၊ ခင်ဗျားရော သိလား ဒေါ်သစ္စာရှင် …

အလုပ်လက်ခံကတည်းက ကပ်စ်တမ်မာလုပ်ချင်တဲ့ လုပ်ငန်းအဆင့်ဆင့်ကို ချရေးတယ်၊ ပစ္စည်းတွက်တယ်၊ ဈေးတွက်တယ်၊ နောက်ဆုံး အက်စတီမေးရှင်းကို ခင်ဗျား ခွင့်ပြုသတ်မှတ်ထားတာပဲလေ၊ ဒီပေါ်မှာ ဟိုဘက်ကိုအကြောင်းကြား ချက်ပြီး ချော့ချိုလုပ်တယ် ဒါပဲလေ၊ အဲဒီထဲမှာ ကျွန်တော့်

www.burmeseclassic.com



အပြစ် ဘာရှိလဲ၊ ဈေးတွေတက်အောင် ကျွန်တော်ကဆွဲ
တင်တာလား၊ တစ်ကမ္ဘာလုံး ဆောက်လုပ်ရေးပစ္စည်းစရိတ်
တက်တာ၊ ကျွန်တော်လည်း ဝေါလ်ထရိတ်စင်တာကို ဘာ
မှမခြယ်လှယ်ဘူး”

“ဟဲ့ ... လျှောက်ပြောမနေစမ်းနဲ့၊ မင်းအပြစ်လို့ မပြောပါ
ဘူး ကျော်စွာညိုရယ်၊ နှုတ်သီးကောင်းလှချည်ပါနဲ့ ရန်တွေ့
တတ်လိုက်တာ၊ ရှုံးတယ်လို့ပဲ ပြောပြတာ”

“ဒါတော့ မသိဘူး၊ တစ်ခါတစ်ခါကျ ဒီငွေစက္ကူတွေရဲ့
တန်ဖိုးကို ခင်ဗျား သိပ်မရေတွက်စမ်းပါနဲ့၊ ဖြစ်လာတဲ့
Result တစ်ခုရဲ့ Value ကို ကြည့်တတ်စမ်းပါ၊ ခုဆို
ကျွန်တော့်ကပ်စ်တမ်မာဟာ ပြုံးနေတာပဲ၊ ဟယ် ... ဟာနဲ့
လှတယ်ဗျာ ကောင်းတယ်ဗျာချည်းပဲ၊ သူ သိပ်ကျေနပ်
သွားပြီ၊ ဒီကုမ္ပဏီနဲ့ Interior decoration လုပ်ရင် ဘယ်
လိုကောင်းတယ် ဆိုတာ သူ့ပတ်ဝန်းကျင်ကို မိတ်ဆွေများ
တော့မယ်၊ ဒါက မမြင်ရတဲ့ အမြတ်လေ”

သစ္စာက ပြုံးမဲ့မဲ့နှင့် ကျော်စွာညိုကို တစ်ချက်
မျက်လွှာလှန်ကြည့်သည်။ သူ့လက်မှတ်ကိုလည်း တစ်ချက်ငုံ့ကာ
ထိုးလိုက်ပါသည်။ နှုတ်ခမ်းကို ဆွဲတင်းကာ ပြုံးမဲ့ထား၍ ပါးချိုင့်
နှစ်ဖက်က ပါးပေါ်ထင်နေပါသည်။

“ဒါတွေ တို့သိပါတယ်”





“သိမှန်းလည်း သိတယ်လေ၊ ကောင်းတာလေးတွေဆို
ထုတ်မပြောဘဲ မကောင်းတာလေးတွေချည်း ရှာကြံပြော
မှန်းလည်း သိတယ်”

“မင်းနဲ့ ကိုယ်နဲ့ကတော့ ဘယ်တော့မှ စကားပြောအပေါက်
လမ်း တည့်မှာမဟုတ်ဘူး ကျော်စွာညို”

“သိပ်မှန်တာပေါ့ဗျာ”

“ဒါပေမဲ့ ပါးစပ်က ဘယ်လိုပြောပြော၊ စိတ်ရင်းထဲက
ကိုယ့်မောင်လေးလို သဘောထားပြီး ပြောရဦးမယ်”

“ဘာလဲ”

“ကလပ်တွေတက်၊ ဘီယာဆိုင်သွား၊ ပန်းကုံးစွပ်နဲ့ ကိုယ့်
ကိုယ်ကိုယ် တန်ဖိုးကျအောင် မနေစမ်းပါနဲ့”

“ဟာ ... အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လဲ”

“မဆိုင်မှန်း သိပါတယ်၊ ဒါပေမဲ့ ငါက စိတ်ကောင်းရှိလို့
ပြောနေရတာ၊ ငါတို့နှစ်ယောက်က ပါးစပ်က အပြောအဆို
မတည့်ပေမယ့် လက်တွဲအလုပ်လုပ်ရတာလည်း နှစ်နှစ်ပြည့်
တော့မယ်၊ မောင်နှမတွေလို ဖြစ်နေပါပြီ”

“မဖြစ်ပါဘူး၊ ကျွန်တော်ကလည်း အစ်မ မရှိလို့ အစ်မ
ဆိုတာကို မခံစားတတ်ဘူး၊ ခင်ဗျားလည်း မောင်မရှိပါဘူး”

“ဒါပေမဲ့ ငါက မင်းအပေါ် စိတ်ကောင်း စေတနာထား
တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာညိုက ရှုံ့မဲ့ပြီး ခေါင်းကို ကုတ်နေပါသည်

ဒီအချိုးကြီး‌ေ ငါ့ကို ဘာလာကျပ်နေသလဲ သို့မဟုတ် ဘာလိုချ လို့ လမ်းတွေခင်းနေလဲ။ စဉ်းစားလို့လည်းမရ။ သူက တည်တည ငြိမ်ငြိမ် ချိုရှိုကောင်းကောင်း ပြောနေပါလျက် ကိုယ်က ဘုထ တောလို့လည်း မရ။

"ဒီခေတ်ကောင်မလေးတချို့က လွယ်တာမဟုတ်ဘူး၊ လည လွန်းတဲ့ဘီး ချေးသင့်မယ် သင့်ရဲ့လား"

"နေပါဦး၊ အဲဒီချေးက ကျွန်တော့်ကိုသင့်မှာလား၊ ခင်ဗျာ ကို သင့်မှာလား"

"ရိတာတွေ ထွေငေါ်တာတွေကို မင်း မေ့ထားစမ်း၊ ငါ ပြောနေတာတွေက စေတနာစကားတွေ၊ ငါ့လို စိတ်ကောင် စေတနာနဲ့မိန်းမကို ဘယ်တော့မှ ဘာချေးမှ မသင့်ဘူးဆိ တာ ငါနားလည်ပြီးသား၊ နင့်ကိုပဲ သင့်မှာ၊ ငါကစေတနာ နဲ့ ပြောပေးတာ"

"မလိုပါဘူးဗျာ၊ ကျွန်တော့်ကို ချေးသင့်သွားပြီ ဆိုရင်လည် ခင်ဗျားနား မလာတော့ဘူး မသစ္စာ၊ ဒီတော့လည်း ခင်ဗျာ မှာ နည်းနည်းပါးပါး သောကနံ့တယ်ဆိုတာမျိုးလောက် တောင် အကျိုးပျက်စီးစရာ မရှိပါဘူး၊ စိတ်ချပါ"

"နင့်ကို အမျိုးကောင်းသမီးတွေနဲ့ပဲ ငါက ဆုံစည်းစေချင် တာ"





ကျော်စွာညိုက မျက်ခုံးကြီးပင့်ပြီး လက်ဖဝါးနှစ်ဖက် ဖြန့်ကာလိုက်ကာ ...

"နားလည်ပြီ သဘောပေါက်ပြီ"

"ဘာလဲ"

"ခင်ဗျား ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကလည်း ဒီစကားမျိုးပြော ခဲ့တယ်၊ မှတ်မိပြီဗျာ၊ တန်ဖိုးရှိတဲ့ မိန်းမကောင်းလေးမျိုး နဲ့ တွဲပါဟယ်ဆိုပြီး ကျွန်တော့်ကို ခင်ဗျားသူငယ်ချင်းလား တစ်ယောက်နဲ့ မိတ်ဆက်ပေးခဲ့တာလေ၊ နေပါဦး နာမည်က တစ်မျိုးပါ၊ ဘယ်သူ !! "

သစ္စာက စားပွဲပေါ် လက်ပိုက်ကာ ကျော်စွာညိုကို ထိုင်ရက်မှပဲ အေးအေးဆေးဆေး စိုက်ကြည့်နေပါသည်။

"သိပြီ ... ယုယ ဆိုတာ"

"အေး ... အဲဒါဆိုရင် နင့်အပေါ် ငါစေတနာရှိတာ သိ သင့်တာပေါ့ ကျော်စွာညို၊ ယုယက ဘယ်လောက်လှလဲ၊ ချစ်စရာလေး၊ အေးအေးချမ်းချမ်းလေး၊ ဣန္ဒြေလည်းရှိတယ်၊ အဲဒါကြောင့် မင်းနဲ့မိတ်ဆက်ပေးခဲ့တာလေ၊ ဒါပေမဲ့ မင်း က ဓာတ်တော်တွေထဲက ဥဒ္ဓမ္မရခေဝီနဲ့ မထိုက်တန်တဲ့ ဝိဋ္ဋူဘရလုလင်လိုဟာမျိုးဆိုတော့ ငါက ဖန်တီးစပ်ဟပ် ပေးပေမယ့် နောက်ဆုတ်သွားတယ်"

စေတနာစာပေ

www.burmeseclassic.com



"ကျွန်တော်မှ မကြိုက်တာ၊ သူ့မှာသူ လှလွန်းအားကြီးလို့ နတ်သမီးဖြစ်ဖြစ် ချစ်မှမချစ်တာ၊ စိတ်မှမဝင်စားတာ"

"ဒီတော့ ... မင်း အခုအပြင်မှာ ဟေးလားဟားလား လုပ်နေတဲ့ဟာတွေကိုကျတော့ တကယ်ချစ်လို့လား"

"ဘာဆိုင်လဲ၊ ဒါတွေက ခဏတွဲ ထားပစ်ခဲ့၊ ရတယ်လေ၊ ယုယဆိုတဲ့ မိန်းကလေးလို သိက္ခာရှိရှိ မိန်းမစားကျတော့ ကျွန်တော်က စဉ်းစားရင် ၊အတည်စဉ်းစားပေးရတော့မှာလေ၊ ပစ်စလက်ခတ်လုပ်လို့ ဘယ်ရမလဲ၊ သူက မိန်းမကောင်းလေ၊ ဒီတော့ ကျွန်တော် ရင်မခုန်တာ မချစ်တာ သေချာတော့ ဆက်မကြိုးစားဘူးပေါ့"

"အင်းပေါ့လေ၊ တို့ကတော့ စေတနာထားလို့ ကြားက မိတ်ဆက်ပေးတာပဲ၊ စေတနာ ဆိုတာလည်း ဟိုဘက်ကို ရော မင်းဘက်ကိုရောထားတာ၊ နှစ်ဖက်လုံးကို ခင်မင့်မှု စေတနာထားလို့ရတာ၊ အခုလောလောဆယ်မှာကို မင်းကို ခြေငြိမ်ဖို့ ဆုံးမနေရတာက ငါ့မှာ ညီမလေးလို ခင်ရတဲ့ ရိုးရိုးအေးအေး ဣန္ဒြေရှိရှိ မိတ်ဆွေမလေးတစ်ယောက် ရှိလာလို့ပဲ"

"အား ... တော်ပြီ ... တော်ပြီ၊ ကျွန်တော်လည်း အဲဒီလောက် အတည်အတန့်ကြီး နေကိုမနေချင်သေးဘူး၊ ဒီတစ်ခါတော့ မိတ်ဆက်မပေးနဲ့တော့ ... တော်ပြီ"





"မင်းဟာလေ ... ဇီကုတ်ပြီး နတ်ပြည်တင် ဖင်အေးတယ်ဆိုပြီး ခုန်ချတယ်ဆိုတဲ့ လူစားမျိုး၊ ခုခေတ်မိန်းကလေးတွေ တချို့ကိုကြည့်ပြီး ရင်လေးလွန်းလို့ မင်းအတွက် ကောင်းရာကောင်းကြောင်း ညွှန်ပြပေးရတာ"

"အဲဒီလို ခင်ဗျားက ကျွန်တော့်ကို ကောင်းရာကောင်းကြောင်းတွေ အလကားနေရင်း လာညွှန်ပြနေတယ် ဆိုတာကိုက တစ်မျိုးကြီး ဖြစ်နေတယ်၊ ရိုးရောရိုးရဲ့လားလို့"

သစ္စာသည် ဒေါသဖြစ်လာကာ ...

"စိတ်ကောင်း မွေးလို့ပေါ့ဟ၊ နင် တစ်ခါမှ စိတ်ကောင်း မမွေးဖူးဘူးလား"

"ကျွန်တော့်စိတ်က အစကတည်းက ကောင်းပြီးသားမို့လို့ တစ်ခါမှ မွေးယူနေစရာကို မလိုတာ"

သစ္စာသည် ခွဲဆန့်ထားရတဲ့စိတ်ကို လွှတ်ပစ်လိုက်သည်။ စူပုပ်မှုန်တေတဲ့ ရုပ်ပြန်ပေါ်လာကာ ...

"ကဲ ... ကွာတော့၊ နင်ပျော်ချင်ရာ ချေးပုပ်ဇွက်ပုပ်ထဲကို၊ ဘဝကို တန်ဖိုးထားရကောင်းမှန်း မသိတဲ့ သတ္တဝါမျိုးနဲ့ စကားပြောရတာ ငါ့ရဲ့ရွှေလိုအချိန်တွေ အလကားပစ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၂

စနေ တနင်္ဂနွေတွေမှာ နှစ်ယောက်တိုင်ပင်ပြီး စား
ချင်တဲ့ဟင်းမယ်ကို ချက်ပြုတ်စားလေ့ရှိကာ ကုန်ကျစရိတ်ကို
တစ်ယောက်တစ်ဝက်ရှယ်ပြီး ကျခံကြပါသည်၊ ဒါပေမဲ့ နိုင်ခံချက်
ပြုတ်တတ်သူက သစ္စာရှင်။ ငြိမ့်သည် ရုံးအားရက်တို့တွင် မကြာ
မကြာ ဆိုသလို မပြီးမဆုံးသည့် စာရင်းအင်းတို့ အိမ်ထိပါလာ
တတ်ကာ ဒါတွေကို တကုပ်ကုပ် လုပ်နေရသေးသည်က ရှိပြ
ရာ သစ္စာရှင်လို စိတ်အေးလက်အေး မီးဖိုချောင် မဝင်နိုင်ပါ။

သစ္စာရှင်ကချည်း တောက်တိုမယ်ရပါ အောက်ခြေ
သိမ်းလုပ်ပြီး ကိုယ်က ငွေလေးတစ်ဝက် ဝင်စိုက်နေရသည်ကြောင့်
ငြိမ့်က အမြဲအားနာညည်းညူနေရပါသည်။

"သစ္စာရယ် ... ဒီနေ့ ဘဲဥလောက်ပဲ ကြော်ပါလားဟင်"

"ဘာဖြစ်လို့လဲ၊ မကြိုက်ပါဘူး ဘဲဥကြော်ကြီး"





"သစ္စာမှာ ရေတ်သီးတွေထောင်းရ လှီးရ ချွတ်ရ၊ ဟင်းဖြစ်တော့လည်း ပေကျံတဲ့ ပန်းကန်ခွက်ယောက်ကအစ တစ်ယောက်တည်း ဆေးနေရတာ ဇယ်ခုတ်နေရသလို၊ လက်ကိုမအားဘူး၊ ငြိမ့်လုပ်မို့ ချန်ထားပါဆိုလည်း မထားဘူး၊ ငြိမ့် အားနာလာပြီ၊ ဘဲဥကြော်ဆိုတော့ ကရိကထ မများတော့ သစ္စာ အလုပ်မရှုပ်ရဘူးပေါ့"

"ကရိကထမများချင်မှတော့ ဝယ်စားလိုက်ပြီပေါ့၊ ပိတ်ရက်မှာ ချက်စားချင်လို့ကို ချက်နေတဲ့ဟာကို ငြိမ့်ရယ်၊ သွားစမ်းပါ၊ ကိုယ်လုပ်စရာရှိတဲ့အလုပ် သွားလုပ်စမ်းပါ၊ ကောင်းကောင်းကန်းကန်းလေး ချက်စားချင်ပါတယ်ဆိုမှ ဘဲဥကြော်ဖို့ လာဆွယ်နေတဲ့သူက ရှိသေး၊ တစ်ပတ်လုံး မချက်ရတာ၊ Week end ကျမှ ချက်ပါရစေကွယ်"

"ငြိမ့်မှာ ဒီတစ်ပတ်လည်း အလုပ်တွေက ပါလာပြန်ရော"

"သိပါတယ် ... သွားလုပ်ပါ၊ နောက်ကြောင်းအေးအေး ခေါင်းရှင်းရှင်း လုပ်စမ်းပါ၊ ခေါင်းတွေရှုပ်ပြီး စာရင်းတွေ မှားနေဦးမယ်"

သစ္စာသည် ထုဟယ်ထောင်းဟယ် လှီးဟယ်ချွတ်
ဟယ် ရှဲခနဲဆီသတ်ဟယ်နှင့် နောက်ဖေးချောင်မှ မွှေးရနံ့တလုံး
လုံး ပေးနေတတ်သည်။

"မွှေးလိုက်တာ သစ္စာရေ"



www.burmeseclassic.com

www.burmeseclassic.com



“သွားရေမကျနဲ့၊ စာရင်းတွေ ပေကုန်ဦးမယ်”

ငြိမ့်မှာ အိမ်ရှေ့၌ စားပွဲပုလေးချ စာရင်းအင်းကိုင်ရင်း တဟင်းဟင်း ရယ်နေရတတ်ပြန်သည်။ သစ္စာဟာ အင်မတန် ခင်မင်ဖို့ ကောင်းလှသည်။ ခုချိန်ထိ နေဖူးခဲ့သမျှ အဆောင်ဆောင်တို့မှာ ကြုံဖူးခဲ့သမျှ အခန်းဖော်တို့ထဲ သစ္စာရှင်လောက် ခင်မင်စရာကောင်းပြီး ကိုယ့်အပေါ် အနွံတာခံတဲ့ အဖော်တစ်ယောက်မှ မတွေ့ခဲ့ဖူးတာ အမှန်ပါ။

“ဟိုသတ္တဝါလေးကို ကျေးချင်သား”

“ဘယ်သတ္တဝါလေးလဲ”

ငြိမ့်နှင့် သစ္စာ အိမ်ရှေ့ခန်းနှင့် မီးဖို လူမမြင်ရတဲ့ လှမ်းအော်ဟစ်နေကြတာ ဖြစ်ပါသည်။

“အလကား ကောင်စုတ်လေးပါ၊ ရုံးကဘော့စ်ရဲ့တူပေါ့၊ ဒက်ကိုရေးရှင်းအဖွဲ့တစ်ဖွဲ့ရဲ့ ကြီးကြပ်သူ ရှုပါဗိုက်ဇာပေါ့၊ နာမည်က ကျော်စွာညိုတဲ့၊ နောင်ကြုံကြိုက်တော့ ငြိမ့်နဲ့လည်း ဆုံဖူးဦးမှာပါ”

“ကောင်စုတ်လေးဆိုတဲ့ အသံက ချစ်စနိုးလေးပါလား။ ဘာလဲ၊ သစ္စာရဲ့အသည်းကြော်လေးလား”

“ဘာအသည်းမှ မကြော်ဘူး၊ ငယ်ငယ်လေးပါဟယ်၊ မောင်လေးဝမ်းကွဲတစ်ယောက်နဲ့တူတော့ ကိုယ်က ခင်မင်နေတာ၊ မျက်နှာကြောတော့ မတည့်ပါဘူး၊ ဒါပေမဲ့ လုပ်





ဖော်ကိုင်ဖက်ဖြစ်တာ နှစ်တွေချီလာတော့ အလုပ်ခွင်သံယောဇဉ်ရှိတာပေါ့၊ သင်းက သူလုပ်တဲ့ အလုပ်တစ်ခုကိုတော့ အမြဲကောင်းအောင် ကြိုးစားပမ်းစား လုပ်တယ်၊ ကွယ်ရာမို့ တော်တယ်လို့ အသံထွက်ပြီး ချီးကျူးလိုက်ပါဦးမယ်”

“သူ့ကို ဘာကျေးချင်တာလဲ”

“ငါးရံ့အူလေ၊ ဒီငါးရံ့အူဟင်းကို သူက ကြိုက်တယ်”

“စေတနာတွေ ပိုတယ်ပေါ့”

“မပိုပါဘူး၊ စေတနာရှိတာတော့ ဟုတ်တယ်၊ ရှိသင့်တာထက်တော့ မပိုဘူး၊ ခုလည်း သင်းမျက်နှာမမြင်ရလို့သာ ကျေးချင်စိတ် လှစ်ခနဲပေါက်တာ၊ သင်းမျက်နှာမြင်ပြီး တကယ်ကျွေးမိပြီးသွားရင်တော့ ပြန်အဲန်ခိုင်းချင်စိတ် ပေါက်ရဦးမှာ”

“ဟင် ... သစ္စာကလည်း”

“ဟုတ်တယ်၊ ကိုယ်ကလည်း သူ့ကို ခပ်ချဉ်ချဉ်၊ သူကလည်း ကိုယ့်ကို ဘာပမာမခန့်သလဲ မမေးနဲ့၊ တကယ်မျက်နှာကြော မတည့်ကြတာပါ”

ချက်ပြုတ်ပြီးသွားတဲ့ သစ္စာက သူ့အခန်းထဲဝင်ကာ လက်ကိုလှုံးတဲ့ ကရင်မ်ီလေးနှင့် ဟင်းနံ့ပျောက်အောင် ပွတ်သပ်ရင်း အိမ်ရှေ့ထွက်လာပါသည်။

www.burmeseclassic.com



"ရှင်တော့ စားလို့မြိန်မှာ သေချာတယ်၊ ငါးရံ့အူပဟင်းရယ်၊ ငါးရံ့ခေါင်းနဲ့ ဘူးသီးချဉ်ရည်ရယ်၊ ငါးပိရည်ကိုမွှေးမွှေးစပ်စပ်လေးဖျော်ပြီး ခရမ်းသီးပြုတ်၊ သခွားသီး၊ တမာချဉ်တို့စရာလေးတွေနဲ့"

"အား ... တကယ်ကို သွားရေကျတော့မှာပဲ၊ သစ္စာတစ်ယောက်တည်း လုပ်ရတာ အားတွေနာလိုက်တာ၊ နောက်တစ်ပတ်ကျ ငြိမ့် ချက်ကျွေးမယ်နော်"

"နောက်တစ်ပတ်လည်း ရောက်လာရော ဟာ ... ဒီတစ်ပတ်လည်း အလုပ်တွေက အများကြီး ပါလာပြန်ပြီဆိုတဲ့ အသံပဲ ကြားရမှာပါ ဒေါ်ငြိမ့်ခင်လေးရယ်၊ နော် ...၊ ကြည့်ပါဦး၊ စာရင်းဇယားတွေကလည်း တစ်ထပ်ကြီး၊ ဇက်ကြောတက်ချင်စရာ၊ ကိုယ်လိုလူမျိုးကိုလာပြီး အလုပ်တွေ အိမ်ထိသယ်လုပ်ခိုင်းရင်တော့ ကိုယ်က အလုပ်ထွက်ဖို့များတယ်၊ လုံးဝပဲ၊ အလုပ်ချိန် ရုံးချိန်မှာပဲ ဒီအလုပ်တွေကို လုပ်ပေးနိုင်မယ်၊ ကိုယ်နားရမယ့်နေ့မှာတော့ ဆောရီးပဲ၊ ကိုယ်လုပ်ချင်တာတွေ လုပ်စရာရှိသေးတယ်"

"သူတို့က အိမ်သယ်လုပ်ခိုင်းတယ်တော့ မဟုတ်ပါဘူးသစ္စာရယ်၊ ငြိမ့်ကိုက ပြီးစရာရှိတာ မြန်မြန်ပြီးစေချင်တာ၊ မပြီးလို့ မမီလို့ မဟုတ်ဘဲ စောစောပြီးစေချင်လို့"

"ဒါဖြင့် မလုပ်ရင်လည်း ရတာပေါ့"





"အင်း ... ရတော့ရတယ်၊ ဒါပေမဲ့ ငြိမ့်က မကြာမကြာ ခေါင်းတစ်ခြမ်းကိုက်တတ်တယ် သစ္စာရဲ့၊ အဲဒါ လတိုင်းလိုလိုပဲ၊ အဲလိုဖြစ်တဲ့ရက်တွေကျ အလုပ်မလုပ်နိုင်ဘူး သစ္စာရဲ့"

"မိုင်ဂရိန်းပေါ့"

"အင်း ... ဇက်ကြောတွေလည်း အမြဲတက်တတ်တယ်၊ အဲဒါကြောင့် ငယ်ငယ်ကတည်းက ဘာမှမဖြစ်တဲ့ရက်၊ နေကောင်းနေတဲ့ရက်တွေမှာ စာတွေကြိုကျက်ထား၊ ခေါင်းကိုက်ရင် ဇက်ကြောတက်ရင်နား၊ အဲလို လုပ်တတ်တဲ့ အကျင့် စွဲလာတာ၊ ခုကျတော့လည်း အဲလိုပဲ၊ နေကောင်းတဲ့ရက်ကို အလုပ်ရှိသလောက် လုပ်ထားပစ်လိုက်တာ"

"လုပ်တဲ့အလုပ်ကလည်း စာရင်းဇယားကြီးတွေ၊ ဒီဇက်ကြော မတက်ခံနိုင်ရိုးလား၊ မှန်းစမ်းပါ"

သစ္စာရှင်က ငြိမ့်ခင်လေးရဲ့ နောက်ဘက်ကိုဝင်ပြီး ငြိမ့်ခင်လေးရဲ့ ပခုံးလေးများပေါ် လက်နှစ်ဖက်ကို တင်လိုက်သည်။

"သစ္စာ ... ဘာလုပ်မလို့လဲ"

"ဇက်ကြောဆွဲ ခံကြည့်စမ်းပါ"

"အာ ... မလုပ်ပါနဲ့ကွာ"

"ဘာလို့လဲ၊ ယားလို့လား နာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး သစ္စာရယ်၊ ခုပဲ ချက်ပြုတ်ပြီးထွက်လာ အပြင်ကျတော့ ဇက်ကြောလာဆွဲလေးနဲ့ အားနာလို့ သေရတော့မှာပေါ့"

"အမလေး ... ဘာများလဲလို့၊ ငြိမ်ငြိမ်နေစမ်းပါ ငြိမ့်ကလည်း"

သစ္စာရဲ့ လက်ချောင်းများက ငြိမ့်ရဲ့ပခုံးသားပေါ် ဇက်ပိုးပေါ် မလျှော့မပြင်း ခပ်သာသာကလေး စည်းချက်ကျကျ နှိပ်နယ်တော့သည်။ ငြိမ့်သည် အားနာလှ၍ အနေအထိုင်ခက်နေပါသည်။

"သစ္စာရှင် ဆိုတဲ့ မိန်းမက စိတ်မပါရင် အသက်တောင် မရှူဘူး၊ အဲဒါ ငြိမ့် မှတ်ထား၊ ကိုယ်စိတ်ပါမှ ကိုယ့်ဆန္ဒရှိမှလုပ်တာ၊ ကောင်းမလားလို့ လုပ်လိုက်တာတို့၊ ဖားပြီး လုပ်တာတို့၊ အတွင်းကတစ်မျိုး အပြင်ကတစ်မျိုး ဆန့်ကျင်ဘက်ကြီး လုပ်ပြတာတို့ လုံးဝမရှိဘူး ငြိမ့်"

"... ... ..."

ငြိမ့်က ဘာပြန်ပြောရမယ် မသိဘဲ ငြိမ်နေပါသည်။

"ငြိမ့်ကို အရမ်းခင်လို့ပါ"

သစ္စာရှင်ရဲ့အသံက တစ်မျိုးကလေး ခံစားချက်ပါနေသည်။ လှိုက်လှဲနေပါသည်။

"ငြိမ့်လည်း သစ္စာကို အရမ်းခင်ပါတယ်၊ ငြိမ့်အဆောင်တွေ နေလာတာ ကြာပါပြီ၊ ဘယ်သူနဲ့မှလဲ အခု သစ္စာနဲ့





လောက် မရင်းနှီးဘူး၊ သစ္စာနဲ့ နေရသလောက် အဆင်မပြေဘူး၊ သစ္စာက အပေါင်းအသင်းကောင်း အဖော်ကောင်း တစ်ယောက်ပဲ"

"ငြိမ့်က သစ္စာရှင်ဟာ အပေါင်းအသင်းကောင်း အဖော်ကောင်းပါလားလို့ သိလာတဲ့အတွက် တို့ကို အရမ်းပြန်ခင်လာတာ၊ ဟုတ်တယ်မို့လား၊ တို့က ငြိမ့်ခင်လေးဆိုတာ ဘာမှန်းညာမှန်း ဘယ်လိုမှန်း မသိသေးဘဲနဲ့ အဆောင်ငှားဖို့ ရောက်လာတဲ့ ပထမဆုံးနေ့က မြင်တာနဲ့ ချစ်တဲ့ခင်တဲ့စိတ်ပေါက်တာ၊ လုံးဝမတူဘူး ငြိမ့်"

"ဟင် ... အဲလိုတော့လည်း မဟုတ်ပါဘူး၊ ငြိမ့်ကလည်း ငြိမ့်အပေါ်ကောင်းလို့ဆိုတာ တစ်ခုတည်းကြောင့် ခင်တာတော့ မဟုတ်ပါဘူး၊ ငြိမ့်က မပြောတတ်လို့ပါ"

"ကိစ္စမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ်ပါ၊ တို့က တို့ခင်ရင် ခင်တယ်၊ ချစ်ရင် ချစ်တယ် ဒါပဲ၊ တို့အပေါ် တစ်ဖက်က ဘယ်လိုရှိရှိ အရေးမကြီးဘူး၊ သက်သာလား"

"အင်း ... သက်သာပါတယ် သစ္စာရယ်၊ အားနာလိုက်တာ"

"ငြိမ့်ကိုကလည်း ချစ်စရာကောင်းတယ်၊ ငြိမ့်ကို ငြိမ့်ရဲ့ အမျိုးသားကလည်း သိပ်ချစ်မှာပဲနော်၊ ခုတလော လာတာ မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုသောက နေပြည်တော်မှာ၊ တစ်လတစ်ကြိမ်ပဲ ရုံးချုပ်
ကိုလာတာ"

"ဪ ... ဟုတ်လား"

"လကုန်ရက်ကျမှ ရောက်လာမှာပေါ့"

"သူက ငြိမ့်ရဲ့ First love လား"

"အဟင်း ... ဒါပေါ့"

"ငြိမ့်ကတော့ သူ့ရဲ့ ! "

"သူတို့ယောကျ်ားတွေက မိန်းကလေးတွေရဲ့ First love ဖြစ်နိုင်ဖို့ မခဲယဉ်းပေမယ့် မိန်းကလေးတွေ အတွက်ကျ တော့ ကိုယ်ဟာ ကိုယ့်လူရဲ့ First love ဖြစ်နိုင်ဖို့ ခဲယဉ်း တယ်နော်၊ ဒါပေမဲ့ ငြိမ့်ကတော့ ကိုလေးရဲ့ First love ဖြစ်ခဲ့တယ်၊ ငြိမ့် ကံကောင်းတာပေါ့နော်"

"ကံကောင်းတာပေါ့"

"ကိုလေးက ငြိမ့်တွေ့ဖူးတဲ့ အမျိုးသားတွေထဲမှာ တည်ကြည် ရိုးဖြောင့်တယ်၊ ငြိမ်းချမ်းတယ်၊ လူကောင်းတစ်ယောက် ဖြစ်တယ်"

"သူ့မိဘတွေကကော ငြိမ့်တို့ကို ကျေနပ်ကြည်ဖြူပြီးသား လား"

"နှစ်ဖက်လုံးက ကြည်ဖြူပါတယ်၊ ကျေနပ်လက်ခံပါတယ်"

"ငြိမ့် ကံကောင်းတာပေါ့၊ ငြိမ့်ကလည်း ချစ်စရာကောင်း တော့ သူ့မိဘ်ဘ်ကလည်း ချစ်မှာပေါ့"





"သစ္စာရော !! "

"ဘာလဲ"

"ချစ်သူလေ ... မရှိဘူးလား၊ ရှိမှာပေါ့"

"ဟင့်အင်း မရှိပါဘူး"

"ဟင် ... တကယ်လား"

"တကယ်ပေါ့၊ ရှိမှတော့ ဒီအရွယ်ထိ အပျိုကြီးနေပါ့မ လား၊ ယူပြီပေါ့"

"မယူဖြစ်ခဲ့ပေမယ့် လွဲခဲ့ရတဲ့ ချစ်သူမျိုးရော"

သစ္စာက ပခုံးလေးတစ်ချက် တွန့်လိုက်ကာ ...

"မယုံလည်း တို့က မတတ်နိုင်ဘူး"

"မယုံတာ မဟုတ်ပါဘူး၊ စပ်စုကြည့်တာလေ"

ငြိမ့်က ထိုင်ရာက ထ,သွားပြီး သူ့ရဲ့အခန်းပိုထဲက ...ချိုးခွဲတဲ့ဒေါက်နှင့် ကင်းဗတ်စ်ဘုတ်ပြား ထုတ်ယူလာကာ ...နှံတာမှာ ပြင်ဆင်နေရာချနေတဲ့ သစ္စာကို မသိမသာ ငုံ့ကြည့် ...ပါသည်။ သစ္စာဟာ ထူးခြားတဲ့ အာရုံခံစားမှုတစ်မျိုးကိုပေးတဲ့ ...မိန်းပင်။ သူနှင့် ပတ်သက်ပြီး ဘာကိုမှန်းမသိ တစ်မျိုးလေး ...နေရပါသည်။

ငြိမ့်အပေါ် စီးမှာ လူလည်ကျမှာမျိုးကို ကိုလေးက ...စိုးရိမ်နေပေမယ့် တကယ့်တကယ်က သစ္စာဟာ ငြိမ့်အပေါ် ...ဘက်ခြေသိမ်း အနိုင်တာခံလှသည်။ ခုမှ စသိကျွမ်းရတဲ့ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် မတူဘဲ နှစ်ပေါင်းများစွာ သံယောဇဉ်နိုင်မြဲလာတဲ့ အရင်းအချာလို ဆက်ဆံခံရတာဖြစ်သည်။

ထင်းပြတ်နေတဲ့ သူ့ရုပ်သွင်နှင့် ပြုံးပြုံးမဲ့မဲ့ ခွက်ထဲ သွားတတ်တဲ့ ပါးချိုင့်တစ်စုံဟာ သူ့ရုပ်ကို အင်မတန်ထူးခြားစေသည်။ ငွေကြေးတွက်တာ ခွဲတာကအစ သူ့ဘက်ကသာ အနိုင်တ ခံ အနစ်နာခံကာ ကတ်သတ်ခြင်း စီးပိုးခြင်း လုံးဝမရှိတဲ့သူ သို့သော် သူ့မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိသလို ငြိမ့်က ထင်နေသည်။

လျှို့ဝှက်ချက် ဆိုတာကလည်း မကောင်းတဲ့ဘ က မယုံသင်္ကာ သံသယမကင်းဖြစ်တာ မဟုတ်ပါ။ သစ္စာရဲ့မျ ကိုက လျှို့ဝှက်နက်နဲတာ။ အထူးသဖြင့် မျက်ဝန်းနက်နက်တွေ စိမ်းလက်တောက်ပ မှောင်မည်းနေသည့် မျက်ဝန်းတွေပဲ။ သူ ဘာမှမဟုတ်သော်လည်း သူ့အသွင်က အနုပညာမှော်တစ်မျိုးလည်း ကိန်းဝပ်နေသလို နက်ရှိုင်းပြည့်ဝနေတာမျိုး။

အနုပညာသည်ဆန်တယ် ဆိုရအောင်လည်း တ ချက်တော့ သစ္စာနှင့်ငြိသည်။ သစ္စာသည် ပန်းချီကောင်းကောင်း ဆွဲတတ်တဲ့ မထင်မရှား ပန်းချီဆရာမငယ်တစ်ဦးပင်။ ဒါတွေနဲ့ ဝေးတဲ့ ငြိမ့်က သစ္စာရှင်ဆိုတဲ့ ပန်းချီဆရာမတစ်ယောက်ကို ဘယ တုန်းကမှ မကြားဖူးခဲ့သော်လည်း သူဟာ ပြပွဲတွေ အတော်အတ ၌ ပါဝင်ခဲ့ဖူးပြီ။





အပိုယူထားတဲ့ အခန်းလွတ်တွင် ပန်းချီကားချပ် သုံးဆယ်လောက်ရှိကာ ကျန်တဲ့ ရာချီတဲ့ ပန်းချီကားတွေကိုတော့ မော်လမြိုင်က သူ့အိမ်မှာထားသည်လို့ သိရပါသည်။ သစ္စာရှင်ရဲ့ ပန်းချီကား အားလုံးလိုလိုဟာ Facial Expression ကို ဆွဲထားတဲ့ ကားတွေပင်။ ပျော်နေတာ၊ ငေးနေတာ၊ တွေးနေတာ၊ မှိုင်နေတာ၊ ငိုနေတာ၊ ဒေါသကြီးနေတာ၊ စိတ်ဓာတ်ကျနေတာ၊ အဖြေရှာနေတာ၊ မဲ့ပြုံးပြုံးနေတာ၊ ခံပြင်းနေတာ စသဖြင့် အမျိုးစုံနေတဲ့ မျက်နှာပြင် ခံစားချက်ပုံရိပ်တွေ။

ယောက်ျားမျက်နှာ။ မိန်းမမျက်နှာမျိုးစုံ။ သူက Facial Expression ကိုပဲ စိတ်ဝင်စားကာ အဲဒီပုံမျိုးတွေကိုပဲ ဆွဲကြောင်း သိရပါသည်။ အဲဒီထဲမှာ ယုယရဲ့ပုံက လေး၊ ငါးပုံလောက် ပါဝင်နေတာ တွေ့ရပါသည်။ သစ္စာရှင် စိတ်ရှည်လက်ရှည် ဆွဲတတ်ပြတဲ့ သူ့ပန်းချီကားတွေကို ငြိမ့်ကလည်း စိတ်ဝင်တစား အံ့သြချီးမွမ်းရသည်။

ပန်းချီအကြောင်း ဂဃနဏ နားမလည်ပေမယ့် ပုံတွေကိုကြည့်ပြီး သစ္စာကို အတော်ကြီး လေးစားချီးကျူးမိပါသည်။ ဒီလူတွေဟာ သူနှင့် တစ်နည်းမဟုတ် တစ်နည်း ခင်မင်ပတ်သက် သိကျွမ်းကြသူတွေဖြစ်ပြီး သူတို့ရဲ့ ထူးထူးခြားခြား မမေ့နိုင်လောက်စရာ ဖြစ်အောင် မြင်ဖူးလိုက်ရတဲ့ မျက်နှာ expression ကို ပန်းချီပြန်ဆွဲထားဖြစ်တာလို့ သစ္စာက ဆိုပါသည်။

"တိ ... တိ ... တိ တိ"



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာရေ အခန်းထဲမှာ သစ္စာရဲ့ဖုန်း လာနေတယ်၊ သွားယူပေးရမလား"

မေးခွန်းထုတ်လိုက်ပေမယ့် ငြိမ့်က ထ,ရပ်ပြီးနေပါပြီ။ ပြေးယူပေးဖို့ စိတ်ကူးရှိပြီးသားပေမယ့် သူ့အခန်းထဲ ဝင်ရမှာမို့ ခွင့်တောင်းလိုက်သေးတာ။

"နေ ... နေ ... တို့ထ,မယ်လေ၊ ငြိမ့် ထ,နေရဦးမယ်"

"ထ,ပြီးနေပြီရှင်"

ငြိမ့်က သစ္စာအခန်းထဲ ပြေးဝင်ပြီး သစ္စာရဲ့ဟဲန်းဒ်ဖုန်းလေးကို စားပွဲပေါ်ကယူကာ သစ္စာထံ ပြေးပေးလိုက်ပါသည်။

"သင့်ခ်ယူး ငြိမ့်ရေ"

"ပြောနေစရာလား သစ္စာရယ်"

ငြိမ့်က စာရင်းတွေ ရေးနေတဲ့ စားပွဲပုလေးဆီပဲ လာပြန်ထိုင်လိုက်ပါသည်။

"အေး ... ပြော"

ထူးသံက "ဟယ်လို"မဟုတ်။ "အေး ... ပြော" ဆိုတော့ သူပိုင်နိုင်တဲ့ လူတစ်ယောက်ကို။ သစ္စာရဲ့ ဟန်ပန်ဟာ အမြဲလို အထက်ဆီးကရှိပြီး စမတ်ကျနေတတ်သည်။ သူ့ရဲ့ပြောဆိုဟန်လေသံ၊ ပြုမူလှုပ်ရှားဟန်၊ ဘာတစ်ခုမှ နိမ့်ကျအောက်ရောက်မနေ။ အမြဲအထက်က အပေါ်က။ ဒါက သူ့ရာထူးနေရာအရ လက်အောက်ဝန်ထမ်းတွေ ဘာတွေနှင့် ဆက်ဆံပြောဆိုရာက





ဖြစ်လာတဲ့ ဟန်မျိုးလည်း ဖြစ်နိုင်ပြီး အဲဒီဟန်ပန်ကြောင့် သူ့ကို ဆေါင်းသင်းရင် ဟိတ်ကြီးဟန်ကြီး ထယ်လိမ့်မည်လို့ ထင်မှတ်စရာပါသည်။

ဒါပေမဲ့ တကယ်တမ်း ပေါင်းသင်းတော့ ဟိတ်ဟန်ကြီးနဲ့ အထက်က မနေရုံမက အောက်ကိုတောင်ဆင်းပြီး တော်ရုံမိတ်ဆွေတွေ လုပ်မပေးမယ့် ဇက်ကြောဆွဲပေးတာမျိုး၊ လက်သည်းခြေသည်း ဆိုးပေးတာမျိုး၊ အလုပ်လုပ်နေရင် ကော်ဖီတစ်ခွက်ဖျော်ပို့ပေးတဲ့ ပြုစုမှုမျိုးတွေကို လုပ်ပေးတတ်တဲ့သူ။

"အေးလေ၊ ရှာခိုင်းထားတယ်လေ၊ ရှာပေါ့၊ သေချာရှာပါလား"

သစ္စာ အသံက ခပ်ဆတ်ဆတ်။ တစ်ဖက်က ဟော်စ္စာညိုသည် စိတ်မရှည်တော့ကာ ...

"ဒီမှာ၊ အခု ခင်ဗျားရှာခိုင်းတဲ့ မနှစ်က ပညာဝတီကွန်ဒိုမှာ ဒက်ကရေးရှင်း ပြင်သွားတဲ့ ဦးမြင့်နိုင်ရဲ့လိပ်စာ ဖုန်းနံပါတ် ဆိုတာက ဘာတွေအရေးကြီးလာလို့လဲ"

"တို့မှာ အရေးတကြီးကိစ္စ ပေါ်လာလို့လေ၊ အလုပ်လေ၊ ဒါ အလုပ်ကွ"

"ဘာအလုပ်မျိုးလဲ၊ စနေ တနင်္ဂနွေ နားရက်မှာ ဦးမြင့်နိုင်ရဲ့ဖုန်းနံပါတ်နဲ့ လိပ်စာကို ခင်ဗျား ဒီလောက်အသည်းအသန် လိုချင်နေတာ ရိုးရော ရိုးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဒိတ်လုပ်ထွက်ဖို့များ ချိန်းဖို့ရှိနေလို့လား"

"ဟဲ့ ... ကျော်စွာညို၊ နှင့်ပါးစပ်က ဘယ်တော့မှ စည်းကမ်းရှိလာတော့မှာလဲ ... ဟင်၊ စည်းမရှိ ကမ်းမရှိ အဆင်ခြင်မရှိ တယ်ပြောထွက်ပါလား"

"မသိဘူးလေ၊ တခြား ဘာကြောင့် သိချင်စရာရှိလို့လဲ"

"အဲဒါ ငါ့ကိစ္စပါ"

"ခင်ဗျား ပုဂ္ဂလိကကိစ္စပေါ့ ... ဟုတ်လား၊ အဲဒါကို စနေတနင်္ဂနွေမှာ ကျုပ်က လာလုပ်နေရတာပေါ့၊ တောက် ... သေစမ်း ကျော်စွာညိုရာ၊ မနက်က ခင်ဗျားက ခုချက်ချင်းရုံးခန်းကို သွားပြေးရှာဆိုတော့ ဘာများ အရေးကြီးကုန်ပြီလဲလို့ ပြေးရှာလိုက်ရတာ"

"မင်းအခန်းက ရုံးခန်းနဲ့နီးတယ်၊ ပြီးတော့ မင်းမှာသော့ရှိတယ်၊ မင်းကလွဲရင် ငါ ဘယ်သူ့ခိုင်းရမှာလဲ အသောင်ကောရဲ့"

"ဘာလဲ ... အသောင်ကေ"

"နှင် ပြောင်းပြန်တောင် မလှန်တတ်ဘူးလား"

"တန်ဖိုးမဲ့တာတွေ ဘာမှမတတ်ဘူး"

ငြိမ့်သည် သစ္စာ ဖုန်းပြောနေတာကို အမှတ်တမဲ့လှမ်းကြည့်နေမိကာ ရယ်ချင်ပက်ကျိ ပြုံးစိစိ ဖြစ်နေရပါသည်။





အားရပါးရ ပြစ်ပြစ်နှစ်နှစ်ကြီးကိုပဲ။ အဲဒီ ကျော်စွာညိုဟာ သူနှင့် အတော်ရင်းနှီးပုံရသည်။ သို့သော် ပြောဆိုနေပုံက မရိုးသားပုံတော့မရ။ ငယ်နိုင်၊ ညှဉ်းဖတ်သဘောဖြစ်သည်။

"အခု မတွေ့ဘဲနဲ့ ငါ့ဆီ ဘာလို့ဖုန်းဆက်လဲ"

"မတွေ့လို့ ဆက်တာပေါ့"

"မျက်စိနဲ့ရော ရှာရဲ့လား"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ဖိုင်တစ်ထပ်ကြီးအားလုံးကြည့်ပြီးပြီ၊ လုံးဝမပါဘူး၊ သံဗီရိုထဲ ထားနေကျနေရာမှာပဲ ရှာတာပဲ၊ ခင်ဗျားမရှိတာကို ကျုပ်ကို ကြံဖန်အကွက်ဆင် ရှာခိုင်းနေတာလား"

"ဘာ ... ငါက ဘာကြောင့် အဓိပ္ပာယ်မရှိတဲ့ အကွက်တွေကို ဆင်ရမှာလဲ"

"မနက်က ကျုပ်ဆီ အလကားနေရင်း ဖုန်းဆက်ချင်လာတာနဲ့လေ"

"သေလိုက်၊ နှင် သေရင်သေလိုက်၊ မသေရင် အသက်ရှူရပ်၊ အခု မှင် ရုံးခန်းထဲမှာပဲလား"

"ဟုတ်တယ်"

"ဒါဖြင့် ငါ့စားပွဲရဲ့ ဘယ်ဘက်အောက်အံဆွဲကို တစ်ချက်ကြည့်ကြည့်"

"သော့ခတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ယူလာတဲ့ သော့တွဲထဲမှာပါတယ်၊ ဖွင့်လိုက်၊ အဲဒီစားပွဲ သော့ရော ရှိသမျှသော့ အားလုံး အန်ကယ့်ဆီ အပ်ထားတာ ငါ့ထုံးစံပဲ၊ ဒါကို မင်း အခု သိသွားပြီဆိုတော့ နောင်ကျရင် ငါလည်း မခိုင်းဘဲနဲ့ အန်ကယ့်ဆီကနေ သော့ကို အကြောင်းတစ်ခုခုပြ တောင်းပြီး ငါ့စားပွဲတော့ မွှေမယ် မကြံနဲ့"

"တောက် ... ခင်ဗျား လုပ်စရာမရှိ ကိုင်စရာမရှိ ပျင်းနေလို့ ကျုပ်ကို လှမ်းနှောက်နေတာလား"

"ကဲပါဟာ ... ရှာစမ်းပါ"

"... ... ..."

"တွေ့လား အောက်အံဆွဲမှာ"

"နေဦး ... ဒါထင်တယ်၊ ဟုတ်တယ်၊ ဦးမြင့်နိုင်တဲ့၊ လိပ်စာနဲ့ ဖုန်းနံပါတ် ရွတ်ပြရမှာလား၊ ကဲ ... လိုက်ကူး"

"နေဦး ... မရွတ်ပြနဲ့ဦး"

"ဒီဖိုင်က ဘာဖြစ်လို့ တစ်စောင်တည်းတွဲပြီး တခြားအံဆွဲထဲ ရောက်နေရတာလဲ၊ ရိုးမှရိုးရဲ့လား"

"နင် ဒီနေ့အဖို့ အရိုးလား အသားလား ဝေခွဲနေရတာနဲ့ ပြီးဦးမှာလား ကျော်စွာညို"

"တစ်မျိုးဖြစ်နေလို့လေ"





"ငါ့ပုဂ္ဂလိကကိစ္စ မဟုတ်ဘူး၊ အလုပ်ကိစ္စ၊ အဲဒီဖိုင်လ်ကို ခုချက်ချင်း စစ်ကြည့်ဖို့ လိုအပ်လာလို့ နင် ငါ့ဆီယူလာပို့စမ်းပါ ကျော်စွာညို"

"ဟာ"

"ဘာလဲ"

"ခင်ဗျား ရူးနေလား ဒေါ်သစ္စာရာ၊ ကျုပ် နားရက်ဗျ၊ ချိန်းထားတာတွေ ရှိသေးတယ်"

"လိမ္မာပါတယ် ငါ့မောင်လေးရယ်၊ ခုချက်ချင်း လာပို့စမ်းပါ"

"မပို့နိုင်ဘူးဗျာ၊ ခင်ဗျားလည်း ကိုယ့်ခြေထောက် ကိုယ်ပါတာပဲ၊ ရုံးကို ကိုယ့်ဟာကိုယ် လာယူလိုက်ပါလား၊ ကျွန်တော့်ကို စ,ခိုင်းကတည်းကိုက လွဲနေတာ"

"ငါ မအားလို့ပါ၊ အလုပ်လေးတွေ ရှုပ်နေလို့ပါ၊ မင်းကတော့ ကိုယ့်ကားလေး ကိုယ်မောင်းပြီး ရွှတ်ခနဲ လာရမှာလေ"

"ဒီလိုပိတ်ရက်မှာ ခင်ဗျားလား အနစ်နာခံပြီး ကုမ္ပဏီအလုပ်တွေ ရှုပ်နေမှာ၊ ခင်ဗျား အလုပ်တကယ် ရှုပ်နေတယ်ဆိုရင် အဲဒါ ခြေသည်းနီဆိုးနေတာတို့ ဆံပင်ပေါင်းတင်နေတာတို့ ပန်းချီဆွဲနေတာတို့ ခင်ဗျားကိုယ်ရေးကိုယ်တာအလုပ်ပဲ ရှုပ်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ဘာပဲဖြစ်ဖြစ်ပါ၊ ခရီးဖင့်ပြီး လက်ဝင်လိုက်တာ၊ ငါ နင့်အထက်ကလူ၊ ဒီဖိုင်လ်ကို ငါ အခုအရေးတကြီးပြန်စစ်ဖို့ လိုတယ်၊ ခုချက်ချင်း လာပို့ပါ၊ ဒါပဲ၊ မပို့ရင် အန်ကယ့်ဆီ ဖုန်းဆက် သတင်းပို့ရလိမ့်မယ်"

တကယ် အလုပ်ကိစ္စ ဖြစ်နေရင် သူ့ကိုချစ်တဲ့ သူ့ဦးလေးက ဒါမျိုးတော့ ညှာမှာမဟုတ်။ သယ်မှာသေချာတာမို့ ကျော်စွာညိုသည် မခံမရပ်နိုင်စွာ ကျွတ် ... ကျက် ... တောက်တက်တွေ ဖြစ်နေပါသည်။

"ကဲ ... ငါ့ကို အမိပို့မှာလား မပို့ဘူးလား"

"ဘာအမိလဲ၊ ဘာလုပ်ရမှာမို့လဲ"

"ဘာမှမလုပ်ရဘူး၊ ဆယ့်နှစ်နာရီ အမိလို့ပြောတာ"

"တောက်"

"ဒါပဲ၊ ငါ စောင့်နေမယ်"

သစ္စာက ဖုန်းကိုပိတ်ကာ ဘေးမှာ ချထားလိုက်ပါသည်။

"ဟောက်လှချည်လား သစ္စာရယ်"

"ဟောက်ရတယ် သူက၊ ဦးအောင်ဟောက်မထားရင် သူက ဟောက်ဟောက်သွားတာ ငြိမ့်ရဲ့၊ ဂျစ်ကန်ကန်ကောင်လေး၊ လာရင် တွေ့ပါလိမ့်မယ်၊ စိတ်ရင်းသဘောတော့ ကောင်းရှာပါတယ်၊ အပြန်အလှန် စကားကောင်း မပြောကြပေမယ့် မောင်နှမရင်းလို ဖြစ်နေပါပြီ ငြိမ့်ရယ်"





"သူကလည်း ကိုယ့်အထက်ကလူကို ပြန်ဟောက်တာပဲလား"

"သင်းက ကုမ္ပဏီရဲ့ဘော့စ် အမ်ဒီရဲ့ တူအရင်းလေ၊ သူ့အဖေကို သူ့ဦးလေးက ခွဲဝေပေးဖို့ နည်းနည်းပါးပါးလည်း ရှိတယ်ပေါ့၊ နည်းနည်းပါးပါး ဆိုတာကလည်း ကိုယ်လိုလူတွေအတွက်တော့ မတွေးမိတဲ့ ပမာဏလောက်ရှိတာပဲ၊ အပျော်လည်းအပျော်၊ ဗဟုသုတလည်းဖြစ် ဆိုတဲ့သဘောဝင် လုပ်နေတာမျိုးပေါ့၊ ဒီကောင်လေးက Interior Decoration လည်း စိတ်ပါဝင်စားလို့လုပ်နေတာ၊ ပြုတ်မယ့်သူမှ မဟုတ်တာ ပမာမခန့်ပေါ့"

"ဒါပေမဲ့ လူကြီးကိုတော့ ရိုသေရမှာပေါ့"

"သူရိုသေတဲ့နေ့ ဘုရားတည်ရမှာပဲ"

"အဟင်းဟင်း ... သစ္စာကလည်း"

"ဟုတ်တယ်လေ၊ ကံထူးတဲ့နေ့ တစ်နေ့ ဖြစ်မှာလေ"

"အဲလောက်တောင်ပဲလား"

"တွေ့တော့ အကဲခတ်ကြည့်ပေါ့၊ ငြိမ့်နဲ့တွေ့လို့ ငြိမ့်ကို ရည်ရည်မွန်မွန် ပြောဆိုတာ ကြားရတယ် ဆိုရင်တော့ အဲဒါ ငြိမ့်ကို သူ ခေတ်ကျလို့ မှတ်ပေတော့"

"အို ... သစ္စာကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ့ဦးလေးကိုတောင် ပြော်ချင်သလိုပြောတာ သူ့ဆီက လေသံပြေပြေပြစ်ပြစ် ကြားရဖို့ဆိုတာတောင် မလွယ်တာ"

အဲဒီနောက်တော့ ထမင်းစားဖို့လည်း စောသေး ငြိမ့်ကလည်း ကိုယ့်စာရင်းဇယားနဲ့ကိုယ်၊ သစ္စာကလည်း ကိုယ့် ပန်းချီကားနဲ့ကိုယ် ဈာန်ဝင်စား အလုပ်များနေကြရာက ခဏ အကြာမှာ သစ္စာက ဝရန်တာမှထ,ကာ အတွင်းဘက် ဝင်သွားပါ သည်။ သစ္စာ ထ,ဝင်သွားပြီး ငါးမိနစ်လောက်ပဲ ရှိချိန်မှာ အခန်း ပြင်ဘက်မှ တံခါးဘဲလ်သံ ထွက်ပေါ်လာတာမို့ ငြိမ့်က သစ္စာ ထွက်လာမလားလို့ အိမ်တွင်းဘက် မျှော်ကြည့်လျှင် အတွင်းဘက် က အသံတိတ်တိတ်ဆိတ်ဆိတ်။

ဒီတော့ ငြိမ့်ပဲ ထ,လိုက်ပါသည်။

ဟို ... ကျော်စွာညို ဆိုတဲ့လူ ဖြစ်မှာပေါ့။ ဒုက္ခပဲ သစ္စာကလည်း အိမ်သာသွားဝင်တယ် ထင်ပါရဲ့။ ကိုယ်နဲ့ပဲလာ တွေ့နေပြီ။ ဂျစ်ကန်ကန်ဆိုလို့ ငြိမ့် ရင်မ,နေမိတာ။ ဘာမှမတတ် နိုင်ပါ။ ငြိမ့်က တံခါးကိုဖွင့်ကာ အပြင်က ဧည့်သည်ကို ကြည့် လိုက်ပါသည်။

သစ္စာရှင့်ပဲ တံခါးဖွင့်မယ် ထင်ထားတဲ့ ကျော်စွာညို ဟာ မျက်နှာရှစ်ခေါက်ချိုးကြီးနှင့် တံခါးဝမှာ ရပ်နေရာက ငြိမ့် ကိုမြင်လျှင် သူ့မျက်နှာကြီးအတွက် အိုးတိုးအမ်းတမ်း ကိုးရိုးကား ရား ဖြစ်သွားရပါသည်။





"ဩော်"

သူဟာ ကြုံ,ကြုံရာလူကို ဘုကန့်လန့် ခွစာလုပ်နေ သူမျိုး မဟုတ်။ သစ္စာရှင့်ကိုသာ အမြင်ကတ်ကတ်နဲ့ အမြဲဘု တဲ့သူ။ သူ့ဦးလေးကိုလည်း တစ်ခါတစ်ရံ ပြန်ဂျိုတိုက်တယ် ဆမယ့် အခါခပ်သိမ်းမဟုတ်။ လူသူစိမ်းတစ်ယောက်ကိုတော့ င်းထိုင်ရင်း အကြောင်းမဲ့ ဗလာချီ ရိုင်းပျစရာအကြောင်းမရှိ သူ့ကို မျက်လုံးအဝိုင်းသားလေးနဲ့ မရဲတရဲကြည့်နေတဲ့ ရာ မိန်းမငယ်ကို တုံ့ပြန်ကြောင်ငေးကြည့်နေမိရာက အနေ သလို ပြုံးကာဦးညွှတ်လိုက်ရင်း ...

"မသစ္စာရှင် အခန်း မဟုတ်လားခင်ဗျာ"

"ဟုတ်ကဲ့"

"သူရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

ငြိမ့်က ရုတ်တရက်ကြီး ပြောင်းလဲသွားတဲ့ ထိုလူရဲ့ နှာကြောင့် အူတူတူလေး ဖြစ်သွားရပါသည်။ ကြောက်စရာ ကြီး ဘွားခနဲကို ကွက်ခနဲပျောက်ကာ ငေးမောနေပြီးတော့မှ ၌ရည်မွှန် ယဉ်ကျေးသွားလိုက်တာ။ အင်း ... ဘုရားတည်ဖို့ လာတယ် ထင်ပါရလေရဲ့။

ငြိမ့်က သော့ယူကာ သော့ခလောက်ကို ဖွင့်ပေး ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဝင်မယ်နော်"

"ဟုတ်ကဲ့ ... ဝင်ပါ"

ကျော်စွာညိုက ကုပ်ကုပ်ယို့ယို့ဝင်ကာ ဆက်တီ ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဟိုးတလောက မသစ္စာထံမှ "ယု ပြောင်းရွှေ့သွားပြီ"ဆိုတာ သိလိုက်ရတာမို့ သူတစ်ယောက်တည် ရှိမယ်ထင်နေတာ။ ကုန်ကုန်ပြောရရင် "ဒီအပို့ကြီး သူတစ်ယော တည်းရှိတုန်း ငါ့ကို ဖိုင်လ်တစ်ခု ချက်ချင်း ဖွတ်လာပို့ခိုင်းနေတ ရိုးမှရိုးရဲ့လား"လို့ ထုံးစံအတိုင်း အရိုးအသား ခွဲခြားနေမိခဲ့သေ တာ။ တံခါးဝကနေ ဖိုင်ကိုထိုးထည့်ပြီး လှည့်ပြန်မလို့ပင်။

လူသစ်မိန်းကလေးတစ်ယောက် ရှိနေတာ ပြော မပြောတာ။ ခုမှပဲ မနေ့တစ်နေ့လောက်ကမှ မသစ္စာပြောတဲ့ "င မှာ ညီမလေးလို ခင်ရတဲ့ ရိုးရိုးအေးအေး ဣန္ဒြေရှိရှိ မိတ်ဆွေ လေးတစ်ယောက် ရှိလာလို့ပဲ"ဆိုတဲ့ စကားကို ပြန်ကြားယော လိုက်မိပါသည်။ ဒါပဲဖြစ်မှာ။

နေစမ်းပါဦး။

အဲဒီ ဒေါ်သစ္စာရှင်က သူနဲ့မတည့်တဲ့ ကိုယ့် ကောင်ကို ဘာအတွက်ကြောင့် ချစ်စရာမိန်းမကောင်းလေးတွေ ဆုံစည်းစေချင်နေရတာတဲ့လဲ။

"ခဏလေးနော်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"





ငြိမ့်က တံခါးပြန်စေ့ပြီး ခွင့်တောင်းလိုက်၍ ကျော်စွာ ညိုက ကမန်းကတန်း ခေါင်းညိတ်ပြလိုက်ပါသည်။ ထိုပုံစံကို ငြိမ့်က အတော်ရယ်ချင်သွားရသည်။ ဒီလူ ဘယ်လိုဖြစ်လို့ ဒီလောက် ရိုကျိုးရည်မွန်နေရတာလဲ။ သူ့နဂိုပုံစံဆိုတဲ့ ဂျစ်ကန် ကန် ဘုကျကျပုံကို လုံးဝပြောင်းပြန်လှန်ပစ်ပြီးတော့လေ။

"သစ္စာ"

ရေချိုးခန်းထဲက ရေသံကြားနေရ၍ ငြိမ့်က တံခါး ကို ဖြည်းဖြည်းခေါက်လိုက်ပါသည်။

"ဒေါက် ... ဒေါက် ... သစ္စာ"

"ဝေ ... ငြိမ့်လား"

"အင်း ... ဧည့်သည်လာတယ်"

ရေသံတိတ်သွားပြီး ...

"ဘယ်က ဧည့်သည်လဲ"

"ခုန သစ္စာနဲ့ ဖုန်းပြောနေတာလေ"

"ဘယ်သူလဲ"

"ဟို ... ဂျစ်ကန်ကန် ဆိုတာလေ၊ သစ္စာကလည်း၊ ဖိုင်လ် လာပို့ခိုင်းပြီး"

"အယ် ... ကြည့်စမ်း၊ ကိုယ် လုံးဝမေ့ပြီး ရေဝင်ချိုးနေ တာ၊ ရောက်နေပြီလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်စောင့်ခိုင်းထားလိုက်၊ နေပစေ ဒီကောင့်ကို ပညာနည်းနည်းပေးလိုက်မယ်"

"အာ ... သစ္စာကလည်း နေရင်းထိုင်ရင်း၊ ဖိုင်လ်ကို ငြိမ့်ယူထားလိုက်ပြီး ပြန်ခိုင်းလိုက်ရမလား"

"မရဘူး၊ သူ့ကို တွေ့ရမေးရမှာတွေ ရှိသေးတယ်၊ ခဏပါပဲ၊ ထိုင်စောင့်ဦးသာ ပြောထားလိုက်၊ တို့ခေါင်းမှာ ရှုပ်ပွမြုပ်တွေနဲ့ ချက်ချင်းထွက်မရလို့၊ မြန်မြန်လုပ်လိုက်ပါ့မယ်"

"မြန်မြန်လုပ်နော်"

"အင်းပါ၊ ကျေးဇူးပြုပြီး ငြိမ့် တစ်ခွန်း နှစ်ခွန်း ဧည့်ခံထားလိုက်ပါကွယ်၊ ပလိစ်"

"အင်း ... အင်း ... မြန်မြန်သာထွက်ခဲ့"

ငြိမ့်က စိတ်ရှုပ်ရှုပ်လေးနှင့် အိမ်ရှေ့ပြန်ထွက်လာခဲ့ပါသည်။ သူ ထွက်လာတာကို ဆီးကြိုမော်ကြည့်နေတဲ့ ကျော်စွာညို့ကို တစ်ချက်ပြုံးပြ၍ မျက်နှာချင်းဆိုင် ဆက်တီမှာ ဝင်ထိုင်ရင်း ...

"ဟိုလေ ... သစ္စာက ရေချိုးနေလို့ ... အဲဒါ ..."

"အာ ... သူပဲ အခုလာပေးခိုင်းပြီးတော့"

"ဟုတ်ကဲ့၊ ခဏထိုင်စောင့်ပေးပါတဲ့"

ကျော်စွာညိုက နဖူးလေး တစ်ချက်ကုတ်ရင်း ...





"ဒီလိုပါ၊ သူက ကျွန်တော့်ကို အလုပ်ဖိုင်လ်တစ်ခု လာပို့ခိုင်းထားတာ၊ အဲဒါ ကျွန်တော် အဲဒီဖိုင်လ်ထားခဲ့ပြီး ပြန်လိုက်တော့မယ် ခင်ဗျ"

"မဟုတ်ဘူးရှင့်၊ သူက တွေ့ရ မေးရဦးမှာလေး နည်းနည်းရှိလို့ ခဏလေးပဲ ထိုင်စောင့်ပေးပါတဲ့"

"ကျွတ် ... သူကတော့ လုပ်ပြီ"

ငြိမ့်သည် ငြိမ့်ကို ကြည်ကြည်သာသာလေးပြောပြီး သစ္စာကိုတော့ စိတ်တွေတိုပုံနှင့် ရေရွတ်လိုက်တဲ့ ကျော်စွာညို့ကို ကြည့်ကာ ရယ်ချင်တာကို အောင့်ထားရပါသည်။ ကြမ်းပေါ်ချထားတဲ့ စားပွဲပုလေးနှင့် စာရွက်တို့ကို သပ်ရပ်အောင် စီရီဆွဲထပ်ရာ ...

"လုပ်ပါ ... လုပ်ပါ၊ လုပ်စရာရှိတာ လုပ်ပါ၊ အလုပ်တွေ ပျက်ကုန်ပြီ ထင်တယ်၊ စာကျက်နေတာလား၊ ကျက်ပါ၊ ကျွန်တော် ဝရန်တာမှာ နေလိုက်မယ်"

"ရပါတယ်၊ ဒီမှာပဲ ထိုင်ပါ၊ စာကျက်နေတာ မဟုတ်ပါဘူးရှင့်၊ ရုံးအလုပ်လေး နည်းနည်းပါလာလို့ စာရင်းလေးတွေ ဆွဲနေတာပါ"

ကျော်စွာညိုက ကျစ်ဆံမြီးလေး နှစ်ဖက်နှင့် ထိုကျစ်ဆံမြီးလေးတွေကို ပခုံးနားမှာ ထုံးခေါက် စည်းနှောင်ထားတဲ့ ဘုဆလေးတွေနှင့် ရှေးခေတ်ဆံပင်စတိုင်လေးကြောင့် ကျောင်းသူကလေးလို ငယ်နုနေတဲ့ ငြိမ့်ကို တကယ်ပဲ ကျောင်းသူလေးထင်တာ။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးပါးကွက်ကျား ရေကျဲလေးနှင့် စပန့်သားဂါဝန်ပွလေး လည်း ဝတ်ထားတာမို့ပင်။

"ကျွန်မက သစ္စာရဲ့အခန်းဖော်ပါ၊ ငြိမ့်ခင်လေးပါ"

"ဩော် ... ငြိမ့်ခင်လေးတဲ့လား၊ ကျွန်တော်က ကျော်စွာညို ပါ၊ ဟို ... ရုံးက ... အဲ ... မသစ္စာနဲ့က ..."

"သူ ပြောဖူးပါတယ် ကိုကျော်စွာညို၊ ကျွန်မ ကြားဖူးပါ တယ်"

"သူ ပြောဖူးတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာတွေများ ပြောစရာရှိလို့ သူက ပြောရတာလဲ၊ တစ် ခွန်းမှတော့ အကောင်းပါစရာ အကြောင်းမရှိပါဘူး"

"အဟင်း ... ဟင်း ... ဟင်း"

ငြိမ့်က ခေါင်းငုံ့ရယ်နေမိပါသည်။ ကြီးမှ မတည့် ကြ ဘုပြောကြ ရန်ဖြစ်ကြ ဖြစ်နေတဲ့ သူတို့နှစ်ယောက် အနေ အထားကို ရယ်ချင်လာလို့ပင်။

"ရယ်နေရင်တော့ သေချာပြီ"

"မဟုတ်ပါဘူး၊ သူက ကိုကျော်စွာညိုက အလုပ်ကြိုးစား တယ်လို့ ပြောပါတယ်"

"ဟုတ်ရဲ့လားဗျာ၊ အေးလေ ... ဘာပဲပြောပြောပါဗျာ၊ ကိစ္စမရှိပါဘူး၊ ပြောချင်ရာသာ ပြောပါစေဗျာ"





ငြိမ့်မှာ ရယ်ချင်လို့သာ နေတော့သည်။

"ဒီရောက်တာ မကြာသေးဘူး ထင်တယ်"

"ရက်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ်ရှင်"

"မသစ္စာနဲ့ အမျိုးတော်လား"

"ဟင့်အင်း ... ဒီကျမှ သိကြတာပါ"

"ဩော် ... အရင်က မယုယ ဆိုတာ သူနဲ့အတူနေတယ်၊ သူ ပြောင်းသွားတာတော့ ပြောတယ်၊ မငြိမ့်ခင်လေး ရောက်တာတော့ မပြောပြဖူးလို့ ကျွန်တော်က မသိဘူး"

"ဟုတ်ကဲ့ ... ကျွန်မ လာငှားတဲ့ရက်ပဲ မယုယ ပြောင်း တာပါ"

"သူလည်း နေတာ ကြာနေပြီပဲ"

"ဟုတ်ကဲ့၊ သူ့ညီမဝမ်းကွဲလေးနဲ့ အဆောင်တူအောင် ပြောင်းသွားတာပါ"

"ဩော် ... မသိပါဘူးဗျာ၊ ကျွန်တော်က ဒီအပျိုကြီးနဲ့များ နောင်ရှိန်သွားသလားလို့၊ အပျိုကြီးက လွယ်တာမဟုတ် ဘူး၊ စိတ်မထင်ရင် မထင်သလို ကြမ်းတာ၊ ကျွန်တော်နဲ့ တော့ တကျက်ကျက်ပါပဲ၊ ကြားမှာပါ"

"ဟဲ့ ... ကျော်စွာညို၊ နင် ငါ့မကောင်းကြောင်း ပြောရ တော့မယ်ဆိုရင် တံတွေးတွေ ဘာတွေသီးပြီး ကြို့တွေထိုး ကုန်လောက်အောင်ကို အလုအယက်ပဲလား ... ဟုတ်လား၊

www.burmeseclassic.com



နင်နဲ့ ငြိမ့်နဲ့က ဘယ်တုန်းတည်းက ရင်းနှီးတာမို့ နင့် အတွင်းရေးတွေ တိုင်တိုင်ပင်ပင် လာဖွင့်ပြောနေရတာတုန်း ဟင်"

အသံနှင့်အတူ ညှော်ခန်းဝသို့ ဘွားခနဲရောက်လာတဲ့ သစ္စာရှင်ကြောင့် ကျော်စွာညိုရဲ့ မျက်နှာဟာ ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ပြောင်းလဲရုပ် ရှုံ့မဲ့သွားပါသည်။

"လုပ်ပြီ။ ခင်ဗျားကတော့ လာလိုက်ရင် အော်ကြီးဟစ် ကျယ်နဲ့၊ ကျွန်တော် လာမယ့်ကိစ္စကို ခင်ဗျားက ရေချိုး နေစရာလား ... ကျွတ်"

သစ္စာရှင်က ဆံပင်တိုလေးကို မျက်နှာသုတ်ပဝါနှင့် ပေါင်းထားကာ အဝတ်အစား အပြည့်အစုံနှင့်ဖြစ်သည်။ မျက်နှာ လေးက တင်းရင်း ပြောင်တလင်းခါနေပါသည်။ ငြိမ့် နံဘေးမှာ ဝင်ထိုင်လိုက်ရင်း ...

"ဘာပြောတယ် ... ဘာပြောတယ်၊ နင် လာမှာကို ငါက ဘာမှမလုပ်ဘဲ ငုတ်တုတ်ကြီး သီးသန့်ထိုင်စောင့်နေရမယ် လို့ ပြောလိုက်တာလား"

"ဒါပေါ့ ... ခင်ဗျားပဲ ခေါ်ထားတာ"

"ခေါ်ထားတာကလည်း အလုပ်ကိစ္စပဲလေ၊ မင်းအဖို့မှာ မင်းဦးလေးရဲ့ အကျိုးစီးပွား အလုပ်ကိစ္စကို ပိုတောင်အာရုံ စိုက်ရဦးမယ်၊ ပိုတောင် အချိန်ပေးရဦးမယ်၊ တို့လို သူစိမ်း





တောင်မှ အားတဲ့ရက်မှာ ဒီအလုပ်ကိစ္စကို လှုပ်ရှားနေသေး ရင် မင်းလည်း ပိုတောင်လှုပ်ရှားသင့်ပါသေးတယ်"

"အလုပ်ကိစ္စကော သေချာလား"

"မသေချာပဲ ဒီဖိုင်လ်ကြီး ငါက ဘာလုပ်ဖို့လဲ"

"မသိဘူးလေ"

"ရုံးကဖိုင်လ်ဟာ ရုံးကိစ္စအပြင် ဘာများဖြစ်နိုင်သေးလို့လဲ"

"ပြောတတ်ဘူးလေ၊ ခင်ဗျားမှာ ဘာအကြံအစည်တွေ ဘာအချိန်းအချက်တွေ ရှိနေလို့လဲလို့ တွေးနိုင်သေးတာ ပေါ့"

"ငါက ဒီအဘိုးအိုကြီး ဦးမြင့်နိုင်နဲ့ ဘာချိန်းချက်စရာရှိလဲ ဟဲ့၊ အဓိပ္ပာယ်မရှိတာကိုမှ တန်းတွေးမိတာဟာ နင် ရေ ဝင်နေတာများလား ကျော်စွာညို"

အစကတည်း ပုပ်စပ်နေတဲ့ ကျော်စွာညို့ မျက်နှာ ဟာ နီရဲရှုံ့တွသွားပါသည်။ ဒေါသတွေ ကြီးလာကာ အသက်ရှူ သံတွေပါ ပြင်းလာရင်း ...

"ခင်ဗျား ကျွန်တော့်ကိုကျ ပါးစပ်စည်းကမ်း မရှိဘူးဆို၊ ခင်ဗျားကျတော့ရော"

ငြိမ့်သည် သစ္စာရဲ့မျက်နှာပေါ်က မထိတထိ အနိုင် ပိုင်းပြောဆိုတဲ့ အမူအရာကိုလည်းကောင်း၊ ကျော်စွာညို့မျက်နှာ ပေါ်က မခံမရပ်နိုင်အောင် အထိနာပုံကိုလည်းကောင်း၊ ထပ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



စိကြည့်ကာ ရယ်ချင်ပြီး ပြုံးစိစိ ဖြစ်နေပါသည်။ တကယ်ကိုပဲ သူတို့နှစ်ယောက်ဟာ မတည့်ကြတာ။ တစ်ယောက်ကို တစ်ယောက် မခံချင်အောင် ပြောနေကြတာ။

"မသိဘူးလေ၊ မင်းက အလကား အဓိပ္ပာယ်မရှိ ထင်နေတာကိုး"

"ကျွတ်"

"ကဲပါ၊ ဟောဒီမှာ ကိုယ့်ရဲ့အခန်းဖော် ငြိမ့်ခင်လေးတဲ့ ညီမလေးလိုပဲ၊ ငြိမ့်ရေ ဒါက ကျော်စွာညို၊ မဟုတ်မခံလေး၊ ဘောစိရဲ့တူ ... ဟင်း ဟင်း"

"သိပြီးပါပြီ၊ ကိုယ့်ဟာကိုယ် မိတ်ဆက်ပြီးပြီ၊ ခင်ဗျားမိတ်ဆက်ပေးမှ မဟုတ်ဘူး"

"သြော် ... နင်က လက်မြန်ခြေမြန် ရှိသားပဲ၊ ငြိမ့်က အရမ်းချစ်ဖို့ ကောင်းတာဟဲ့"

"ဒါပေမဲ့ ခင်ဗျားနဲ့ တစ်ခန်းတည်း ပေါင်းနေရတော့ မကြာခင်မှာပဲ ခင်ဗျားရဲ့အကျင့်ဆိုးတွေ ကူးကုန်နိုင်တဲ့ အနေအထား ရှိတယ်၊ ငြိမ့်ခင်လေး ... ခင်ဗျားသူ့ကိုတော့ ကိုယ်ပေါင်းစိတ်ချလုပ်ဗျာ"

ငြိမ့်က ဟိုကြည့်ဒီကြည့်နှင့် ရယ်နေရပါသည်။

"နင် ငါ့ကို စကားပြောတဲ့လေသံ မျက်ခွက်နဲ့ ငြိမ့်ကို စကားပြောတဲ့လေသံ မျက်ခွက်ချင်း မတူပါလား"





"ဟာ ... ခင်ဗျားပါးစပ်က ရဲပြန်ပြီလား၊ မိန်းမပျိုလေး တစ်ယောက်ကို ရှေ့ထားပြီး ပေါ်တင်ကြီး ရိုသလိုပြောစရာလား၊ တစ်ဖက်ကို နည်းနည်း စာနာဦးမှပေါ့ ... ကျွတ်"

"စေတနာ မပိုနဲ့၊ ငြိမ့်က ငါ့ညီမလို ဖြစ်နေတာ၊ ငါဘာပြောပြော ဗွေမယူဘူး"

"ဒါက ခင်ဗျားဖြစ်ချင်တာကို ခင်ဗျား လမ်းကြောင်းပေးပြီး ပြောနေတာ၊ သူ့စိတ်ထဲတော့ ဒီတိုင်း ရှိချင်မှ ရှိမှာပေါ့"

"ငြိမ့် ... သူ့ကို နည်းနည်းပြောပြလိုက်စမ်း၊ ဒီသတ္တဝါလေးက အမှန်တရားကို မတွေးတတ် မမြင်တတ်လွန်းလို့"

ငြိမ့်က ရယ်မောရင်း ...

"သစ္စာနဲ့ ငြိမ့်က ညီအစ်မလိုပါပဲ ကိုကျော်စွာညို၊ သစ္စာက ငြိမ့်အပေါ်လည်း တအားကောင်းတာပါ"

ကျော်စွာညိုက ပခုံးတစ်ချက်တွန့်သည်။

"ဟင် ... နင် သူ့ကိုတော့ ကန့်ကွက်သံ ထွက်မလာပါလား"

"သူ စကားပြောတာကိုလည်း ကြည့်လေ၊ ချိုသာတယ် ယဉ်ကျေးတယ်လေ"

"ဟွန်း ... မပြောချင်လို့နော် ကျော်စွာညို"

www.burmeseclassic.com



"ဪ ... ခင်ဗျား ရေချိုးနေတာကို မပြန်ဘဲ စောင့်နေရ
က ဘာပြောစရာရှိလို့လဲ၊ ဖိုင်လ်ပေးပြီး ပြန်မယ်ဆိုလ
မဟုတ်သေးဘူး"

"ဒီဦးမြင့်နိုင်ရဲ့အိမ် ဒက်ကရေးရှင်း လုပ်တုန်းက အဖွဲ့
ရူပါဗိုက်ဇာ ဘယ်သူလဲ"

"ဘယ်သိမလဲဗျာ၊ အဲဒီထဲမှာပဲ ဖတ်ကြည့်လိုက်ပေါ့"

သစ္စာက ဖိုင်လ်ကိုဖွင့်၍ စာရွက်တွေ လှန်နေရင်

"အလုပ်ကို စိတ်ဝင်စားမှုကို မရှိဘူး"

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ပြင်ထားတဲ့အခန်းတစ်
ခုမှထပြီး ဘာတွေ စိတ်ဝင်စားရမယ်ဆိုတာ သိကိုမသိ
စိတ်မဝင်စားတာ"

"ဪ ... ရူပါဗိုက်ဇာ ကိုကိုနိုင်ပဲ"

"ဒါကို ဒီထဲပါသားနဲ့ ကျွန်တော့်ကိုမေးဖို့ စောင့်ခိုင်း
တယ် ဟုတ်လား"

"အဲဒီတုန်းက မင်း ပါသေးလား"

"မပါဘူး"

"ပြန်စဉ်းစားပါဦး၊ မင်းက ရုံးကိုဝင်လာကာစတုန်း
မင်း အားနေရင် သူများဂရုပ်တွေထဲလည်း လိုက်ပါ
ကူပေးတတ်ခဲ့တယ်"

"အဲဒီကိုတော့ မပါဘူး သေချာတယ်၊ ဘာလို့လဲဆို
ကျွန်တော် ပညာဝတီကွန်ဒို တစ်ခါမှ သွားမပြင်ဆင်ဖူး





"အင်းလေ ... သေချာရင် ပြီးတာပဲ"

"ဒါပဲလား"

"အင်း ... ဒါပဲ"

ကျော်စွာညိုသည် သစ္စာကို စူးစူးရဲရဲကြီး ဒေါတပွပွ
ကြည့်နေပါသည်။ သစ္စာက ခေါင်းကိုထုပ်ပေါင်းထားတဲ့
အသုတ်ပဝါကို ဖြုတ်လိုက်ကာ သူ့ဆံပင် တိုနံ့နံ့ စိုစိုစိစိ
တွေကို ပွတ်သုတ်နေပါသည်။

"ဒါကိုမေးဖို့ စောင့်နေခိုင်းတာ !! "

"အေးလေ"

"အဲ့ဒါ ဖုန်းဆက်မေးလိုက်ပါလားဗျ"

"လာပို့နေမှပဲဟယ်၊ နင့်ပဲ မေးလိုက်တော့မှာပေါ့"

"ခင်ဗျား အသင့်ရှိနေရင်တော့ ဟုတ်တယ်လေ၊ ခင်ဗျား
ရေချိုးနေတဲ့ ဆယ်မိနစ် ဆယ့်ငါးမိနစ်ကို ထိုင်စောင့်ပေး
ရတာဟာ ဒါအတွက်ပဲ ဆိုရင်တော့ ခင်ဗျား ကျွန်တော့်ကို
သက်သက်မဲ့ကြောပြီး လက်ဆင်ပေးတာပေါ့"

"ဘာဆိုင်လဲ ကျော်စွာညိုရယ်"

"ဖုန်းဆက်မေးလို့ ရကိုရတယ်၊ ဒါကို ခင်ဗျား ကျွန်တော့်
ရဲ့အချိန်တွေကို ဖြုန်းပစ်တယ်၊ ကျွန်တော်က ကျွန်တော့်
ရဲ့အချိန်တွေကို cost လုပ်တဲ့သူ၊ အားအားလျားလျား
အချိန်မပိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကြီးကျယ်တော် မူပေတယ်၊ နင် cost လုပ်တော့ နင့်အချိန်တွေက ဘယ်လောက်များ တန်ဖိုးကြီးကြီး ထိုက်လာသလဲ ... ကျွတ် ... ကျွတ်"

ငြိမ့်သည် သူတို့နှစ်ယောက်ကို ကြည့်ရင်း နားထောင်ရင်း ပျော်လည်းပျော်၊ ရယ်လည်းရယ်ရ၊ အလန့်တကြားလည်း ဖြစ်ရ၊ မျက်နှာပူရနှင့်ပင်။ တစ်ယောက်ကို တစ်ယောက် နာအောင် ပြောနေကြတာမှ အကျင့်ကိုပါလို့။ ရန်ပဲထ,ဖြစ် ထ,သတ်ကြတော့မလား မကြာ မကြာ ထင်မိသည်။ ရုပ်ကြီးတွေကလည်း တစ်ယောက်ကို တစ်ယောက် မထေမဲ့မြင် စိန်ခေါ်သလို။

ကြားက မျက်နှာပူ အားနာနေရခက်လှတဲ့ ငြိမ့်က ပိုရင်းတဲ့ သစ္စာ... ကျော်စွာညိုကို မျက်နှာပူကာ ထိုင်ရာမှ ထွက်ဖို့ ကြိုးစားတဲ့အနေနှင့် ...

"ကိုကျော်စွာညို ကော်ဖီသောက်ပါလား၊ ငြိမ့် ဖျော်လိုက်မယ်"

"နေပါစေ ငြိမ့်ခင်လေး၊ နှ... ...ပါ၊ မသောက်တော့ဘူး"

"ဟယ် ... ကျော်စွာညိုမှ ဟုတ်ရဲ့လား၊ အသံချိုလှချည်လား"

"ခင်ဗျား ဘာဖြစ်နေတာလဲ ဒေါ်သစ္စာ၊ လူကြီးလိုမနေဘူး"

"နင်ပြောတော့ နင့်ထက် သုံးနှစ်ပဲ ကြီးဆို"





"သုံးနှစ်တော့ စောသေမှာပဲလေ"

"ကြည့်စမ်း၊ တရားမရှိလိုက်တာ ထင်ရှားနေပါရောလား၊ လူတွေဟာ ကြီးစဉ်ငယ်လိုက် အစဉ်လိုက် သေဆုံးကြကွယ်လွန်ကြတယ်လို့ နင့် ဘယ်သူပြောလဲ၊ ကွေးသောလက် မဆန့်ခင် နင် အရင်သေသွားနိုင်တာပဲ"

ကျော်စွာညိုက ထ,ရပ်လိုက်ကာ ...

"ဆန့်သောလက် မကွေးခင် ခင်ဗျားလည်း မရှောဖို့ ဆုတောင်းပေါ့ဗျာ"

ကျော်စွာညိုက နှုတ်ဆက်မနေတော့ဘဲ ငြိမ့်ကိုတော့ အားနာတဲ့ နှုတ်ဆက်ကြည့် တစ်ချက်ကြည့်ကာ အခန်းတံခါးဆွဲ... ထွက်ခွာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

စစ်တီးမော့ထဲမှာ ပတ်နေရင်း ကိုလေးက သူ့သူငယ်ချင်းတစ်ယောက်နှင့် ရုတ်တရက်တွေ့ကာ ဖက်လှဲတကင်း နှုတ်ဆက်ကြပါသည်။

"မင်း ရန်ကုန် ပြန်ရောက်ပြီလား သက်ထင်"

"မရောက်သေးဘူးကွ၊ နီးတော့ နီးပြီ၊ မင်းကော သင်္ဘောက ဆင်းလာတာပေါ့၊ ဟုတ်လား မျိုးထွန်း"

"ငါ ပြန်ရောက်တာ တစ်လကျော်လောက်ပဲ ရှိသေးတယ်ကွ။ မင်းအိမ်တောင် ငါဖုန်းဆက်မလို့၊ ဖုန်းနံပါတ်တွေက ပျောက်နေလို့ကွာ၊ ဟိုလူ့မေး ဒီလူ့မေးနဲ့ တချို့လူတွေရဲ့ နံပါတ်တွေ ပြန်တွေ့တယ်၊ မင်းဖုန်းနံပါတ် လိုက်စုံစမ်းနေတာ၊ သိတဲ့ကောင် မတွေ့လို့"





"ရော့ ... ငါ့ကတ်၊ နေပြည်တော်ဖုန်း၊ ရန်ကုန်အိမ်ဖုန်း အကုန်ပါတယ်၊ ဆက်လိုက်လေ၊ ဘာလဲ ... ဖိတ်စာပေးဖို့ ဒီလောက်တောင် ရှာဖွေနေတာလား"

"ဟဲ ဟဲ"

"တကယ်လားကွ၊ ဘယ်တော့လဲ"

"သီတင်းကျွတ်ပေါ့ကွာ၊ ကိုယ်ဖိတ်ချင်တဲ့ ကိုယ့်ငယ်သူငယ်ချင်းတွေ ဘယ်ရောက်နေကြသလဲ၊ အရင် စုံစမ်းထားနှင့်တာပေါ့၊ ရော့ ... ငါ့နံပါတ်လည်း ယူထားဦး"

"ဘယ်သူနဲ့လဲ၊ ကျောင်းတုန်းက မင်းရဲ့ချောချောနဲ့ပဲလား"

မျိုးထွန်းက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"သူနဲ့က ဝေးသွားပါပြီကွာ"

"ဟုတ်လား"

"ကြာပြီပဲ မင်းကလည်း၊ မင်းနဲ့မတွေ့ဖြစ်လို့ မင်း မသိတာ"

"ခုဟာက အိမ်ကပေးစားတာလား"

"မဟုတ်ပါဘူး ငါတို့ဘာသာ ကြိုက်ကြတာပါ၊ တစ်နှစ်ခွဲကျော် နှစ်နှစ်နီးပါး ရှိပြီလေကွာ၊ ယူတော့မှပေါ့၊ ငါကလည်း သင်္ဘောထွက်ထွက်နေရတာ၊ မိသားစုလေး ဘာလေး အထိုင်ကျဖို့ စတင်သင့်ပြီကွ၊ အသက်တွေလည်း မငယ်တော့ဘူး၊ နှစ်ဆယ့်ရှစ်ကိုးသုံးဆယ်တွေ ဖြစ်နေကြပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



အခု ပါလာတယ်ကွ၊ သူက ဟိုဘက်မှာ ပတ်နေပြီး ငါက ဒီဘက်ရောက်နေတာ"

မျိုးထွန်းက နံဘေးမှာရှိနေတဲ့ ငြိမ့်ကိုပြုံးပြရင်း –

"မင်းတို့ရော ဘယ်တော့လဲ၊ နီးပြီလား"

"နီးတော့မှာပါကွာ၊ ငါ ရန်ကုန်ပြန်ရောက်မယ်ဆိုတော့ ရောက်မှပဲ အေးအေးဆေးဆေး စီစဉ်မလို့ပါ၊ နောက်နှစ် ဆန်းလောက် ဖြစ်မှာပေါ့"

"ကောင်းတယ် ... ကောင်းတယ်၊ ဟ ... နေဦးကွ၊ မင်း မိုးဦး သတင်းရော ကြားသေးလား သက်ထင်"

"ငါနဲ့ မတွေ့ဘူး"

"အေး ... ငါလည်း တစ်နေ့ကမှ ဒီကောင်ကြီးအကြောင်း သူ့ရဆီက ကြားရတာ၊ နေဦး ... မင်း အချိန်ရရဲ့လား ငြိမ့်ခင်လေးကိုလည်း အားနာတယ်"

"အားမနာပါနဲ့ရှင်၊ စကားပြောပါ၊ ငြိမ့် တစ်ပတ် ပတ် နေလိုက်ဦးမယ်၊ တိုလီမိုလီလေးတွေ ဝယ်စရာရှိလို့ပါ ငြိမ့်လည်းကြာမှာ အေးအေးဆေးဆေးပြောနော်"

ငြိမ့်က နှုတ်ဆက်လိုက်ပြီး ခြင်းကလေးတစ်ဖက်နှင့် ထွက်လာခဲ့ပါသည်။ ခြေသုတ်ဖုံလေးတစ်ခု ဝယ်ချင်သည်ဖြစ်ရာ ထိုအတန်းဘက် လျှောက်လာပြီး အောက်ဆုံးဆင့်မှာမို့ ရှာဖို့ ဆောင့်ကြောင့်လေး ထိုင်ချလိုက်သည်။





အစိမ်းပုပ်ပုပ် အပွင့်လေးတွေပါတဲ့ ခြေသုတ်ကော် ဇောလေးတစ်ခုကို ငြိမ့်က လက်အလှမ်းမှာ နောက်တစ်ယောက် ကလည်း လှမ်းဆွဲယူလိုက်တာနှင့်ကြုံကာ ဘယ်သူ့လက်မှမရောက် ကြားမှာ တန်းလန်းဖြစ်သွားပါသည်။ လက်အသီးသီးပိုင်ရှင်ချင်း တစ်ယောက်ကို တစ်ယောက် မျက်လုံးချင်း ဆုံမိလိုက်ကြရာ ...

"ဩော်"

"ဩော်"

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် အံ့တသြ မှတ်မှတ်မိမိ ရေရွတ်လိုက်ကြပါသည်။ သူကတော့ ငြိမ့်ကို ဘာကြောင့် မှတ်မိနေမည် မသိသော်လည်း ငြိမ့်ကတော့ သူ့ရဲ့အမိပွာယ်ဖော်ရခက်တဲ့ စိတ်ပျက်တဲ့ရုပ်ကို သဲသဲကွဲကွဲကြီး ကို မှတ်မိနေတာပါ။

သူ့နာမည် ယုယ။

"ရတယ် ... ယူလိုက်နော်"

"နေပါစေ မယုယ ယူပါ၊ ငြိမ့် တခြားဟာ ယူပါ့မယ်"

"ယူလိုက်ပါ၊ တို့က လှလို့ကြည့်တာပါ"

ထို့နောက် အနီရဲ အပွင့်အခက် တစ်ချပ်ကို ဆွဲထုတ်ရာ သူက ကြည့်နေရင်း ...

"အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုမကြည့်ဘဲ မေးပြီးမှ ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လာသည်။

"ဟုတ်ကဲ့ ... ပြေပါတယ် မယုယ"

"အင်းလေ ... ငြိမ့်က ချောချောလှလှလေးပဲ၊ သူလည်း ချစ်မှာပါ၊ သတိထားပြီး ကြည့်ပေါင်းပေါ့လေ၊ သူ့ရဲ့ အတွင်းစိတ်နဲ့ အကျင့်စရိုက်တွေ သူ့အကြောင်းတွေ ငြိမ့်က သေချာမှ မသိနိုင်သေးတာ၊ သူ ဘယ်လိုမိန်းမစား ဆိုတာ တည့်တည့်သိရတော့မှ ငြိမ့် အံ့ဩသွားပါလိမ့် မယ်၊ စိတ်ကောင်းမရှိတဲ့ မိန်းမတစ်ယောက်ပါ"

ယုယက ခြေသုတ်ကော်ဇောအနီရဲလေးကို ခေါ[illegible] ချိုးကာ သူ့ရှေးဝယ်ခြင်းထဲ ဖျတ်ခနဲထည့်ရင်း ထ,ထွက်သွား[illegible] သည်။ တစ်ဖက်ထိပ်က မျက်နှာသုတ်ပဝါစင်ရှေ့ရပ်ကာ သွား[illegible] နေသည်။ ငြိမ့်သာ ခြေသုတ်ကော်ဇောတွေရှေ့မှာ ဆောင့်ကြော[illegible] လေး ကျန်ရစ်တုန်း။

စိတ်ထဲမှာလည်း တစ်မျိုးကြီး ခံစားနေရသည်။ [illegible] မိန်းမဟာ သစ္စာရဲ့အတင်းကို ပြတ်ပြတ်ကြီး ပြောသွားတာ "သူဟာ ဘယ်လိုမိန်းမစား"၊ "စိတ်ကောင်းမရှိတဲ့မိန်းမ"ဆို[illegible] အသုံးအနှုန်းမျိုးက တစ်ဆိတ် မရင့်သီးလွန်းဘူးလား။ တက[illegible] ဆို သူ့မျက်နှာထားကသာ ဘယ်လိုမှန်းမသိ ရေခဲလို အေး[illegible] နေတာ။ ချိုချိုသာသာ မရှိတာ။





စိတ်ထဲမှာ ထင့်သွားတာလည်း အမှန်။ သစ္စာဘက် [illegible]က မခံချင်သွားတာလည်း အမှန်ပင်။ ငြိမ့်သည် ခြေသုတ်ကော် [illegible]ဇောလည်း မယူဖြစ်ပဲ ခြင်းလေးဆွဲကာ သူ့အနားမှာ သွားရပ်လိုက် [illegible] ...

"မသစ္စာက စိတ်သဘော ကောင်းပါတယ်"

သူ မထင်မှတ်တဲ့ စကားကို တကူးတက လာရပ် [illegible]ပြောလိုက်၍ ယုယက ငြိမ့်ဘက် မျက်ခုံးပင့်ကာ ငဲ့ကြည့်နေပါ [illegible]သည်။ ဘာမှလဲ မပြော။

"အခန်းဖော်ကို အနိုင်တာခံတဲ့ သူမျိုးပါ၊ စိတ်သဘောမပုပ် ပါဘူး"

ငြိမ့်သည် ဘာကြောင့်များ လူတစ်ဖက်သားကို [illegible]နှဲ့ကျင်ဘက် သွားလုပ်ပြီး သစ္စာဘက်က ကူညီကာကွယ်မိတယ် [illegible]၊ သွားပြောမိချိန်မှာ စိတ်တောင် အနည်းငယ်တိုနေမိသည်။ [illegible]စ္စာဘက်က မခံမရပ်နိုင်တာမျိုး။ သစ္စာဟာ မကြိုက်ဘူးဆို [illegible]ကြိုက်ဘူး၊ ကြိုက်တယ်ဆို ကြိုက်တယ်၊ ဘွင်းဘွင်းကြီးသမားမျိုး။

"သူ့စိတ်ထဲမှာ ဘာတွေ ကျိတ်ကြံစည်နေလဲ ရှင်သိလို့ လား"

ယုယကလည်း ငြိမ်မခံဘဲ တစ်ခွန်းပြန်ခွပ်သည်။

"သူက ဘွင်းဘွင်းနဲ့ ဟောဟောဒိုင်းဒိုင်းသမားပဲ၊ သူ့ အတွင်းသဘောက ပေါ်လွင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်စကားကြောင့် ယုယက တစ်ချက်ပြုံးလိုက်ပါသည်။ ထိုအပြုံးကို ငြိမ့်က မကြိုက်။ ကိုယ့်ကို သူငယ်နပ်စားလို အရာမထားသလို ခံစားရစေသည်။ ကိုယ့်ကို ညံ့သေးတယ် ဆေဖန်လိုက်သလို ခံစားရစေသည်။

"သူက ပွင့်ပွင့်လင်းလင်း လုံးဝဟုတ်ဘူး၊ သူ့စိတ်ထဲကို ရှင် တော်ရုံတန်ရုံနဲ့ မမြင်ရ မသိရပါဘူး ငြိမ့်၊ ရှင်သိချင်ရင်တော့ ပြောပြလို့ ရပါတယ်"

"ယုယကို သူ သိပ်ခင် သိပ်ချစ်တာ ခုထိ အမြဲတဖွဖွ ပြောနေတာပါ"

"အဟား ဟား"

ယုယက ခေါင်းလေးတစ်ချက်မော့ကာ ရယ်လိုက်ရင်း ...

"ထားလိုက်ပါတော့၊ သူက တို့ကို ကွယ်ရာမှာတောင် ချီးမွမ်းချစ်ခင်တဲ့သူ၊ တို့က သူ့ကို ကွယ်ရာမှာ အတင်းပြော သိက္ခာချနေတဲ့ သူပေါ့လေ"

ငြိမ့်သည် ယုယ စကားပြောဆိုပုံကို မနှစ်သက်နိုင်ကာ ...

"ငြိမ့်က အဲဒီသဘောမျိုး ပြောတာမဟုတ်ပါဘူး"

"ပါးစပ်က မပြောဖြစ်တောင်မှ ရှင့်စိတ်ထဲမှာတော့ အဲဒီလိုပဲ ထင်မြင်ယူဆလိုက်တော့မှာပါ၊ လူတစ်ယောက်ကို





မကောင်းပြောတာ၊ အတင်းအဖျင်း ပြောတာတွေဟာ ပြောတဲ့သူရဲ့ သိက္ခာကို အရင်ဆုံး ကျဆင်းစေတာဆိုတာ သူသိသလို တို့လည်းသိပါတယ်၊ အတင်းအဖျင်း အကြောင်းအရာက ဟုတ်တယ် မဟုတ်ဘူး မသိသေးဘူး၊ ပြောတဲ့သူကတော့ အရင်ဆုံး အတင်းပြောတတ်တဲ့သူ ဖြစ်တာလေ ...

အဲဒါကို မသိလို့မဟုတ်ဘူး၊ သိပေမယ့် သူ့ကိုတော့ မပြောဘဲ မနေနိုင်လို့ပြောတာ၊ အောင့်ကိုမထားနိုင်လို့၊ ကိုယ့်ကို အတင်းပြောတတ်တဲ့သူထင်ထင် အပုပ်ချတတ်တဲ့သူထင်ထင် ဘာထင်ထင် ပြောကိုပြောပစ်လိုက်တာ"

ငြိမ့်က ယုယကို အံ့အားသင့်ပြီး ကြည့်နေမိပါသည်။

"အံ့ဩနေတယ် မဟုတ်လား"

"ဒါပေမဲ့ မယုယ ယုံပါ။ သူက မယုယကို သတိလည်းရတယ်။ စကားကြုံတိုင်း တဖွဖွနဲ့ တသသ ပြန်ပြောတတ်တယ်၊ အမှတ်တရတွေ ဖြစ်နေပါသေးတယ်၊ မယုယကို သူ သိပ်ခင်တာ"

"အဲဒါ အလကား"

"ဟင်"

ဗွတ်ပါလား။

လုံးဝကို အကောင်းမမြင်နိုင်တာပါလား။ ဘယ်နည်းနဲ့ သူ ပြောနေသလောက်ကြီးတော့ သစ္စာရှင်က မဆိုးဝါးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့် ထင်မြင်နေသလောက် ပြည့်ပြည့်ဝဝ မကောင်းဘူး၊ ဟန်ဆောင်မှုတစ်ထပ် ရှိတယ်ဆိုရင်တောင်မှ မယုယ ခါးသီးနေသလောက်ကိုတော့ ငြိမ့် မယုံနိုင်။

"အင်းလေ ... ရှင် ယုံမှာမဟုတ်ပါဘူး"

"မယုံတာ မဟုတ်ပါဘူး၊ မယုယ ထင်သလောက်ကို သူက မဆိုးတာပါ။ မယုယ အပေါ်မှာ သူ့မှာမကောင်းတဲ့ စိတ် လုံးဝမွေးမြူထားခြင်း မရှိဘူး"

ယုယက ငြိမ့်ကို သက်ပြင်းတစ်ချက်ချကာ စိုက်ကြည့်ရင်း ...

"အင်းလေ၊ ရှင့်အတွေးနဲ့ရှင် စိတ်ချမ်းသာနိုင်တာ ရှင့်အတွက် ကောင်းပါတယ်"

"အခု မယုယ ပြောနေပုံအရ မယုယက သံစွာနဲ့ပေါင်းမနေချင်တော့လို့ တမင်တကာ ပြောင်းရွှေ့သွားတာများလား"

"လုံးဝသေချာတာပေါ့၊ ညီမဝမ်းကွဲနဲ့ ပေါင်းနေမလို့ဆိုတာက အများကြားလို့ကောင်းအောင်ပြတဲ့ အကြောင်းပြချက်ပဲ၊ ဒါပေမဲ့ ဒါတွေကို တို့ ငြိမ့်တစ်ယောက်တည်းကိုပဲ ပြောဖူးသေးတာပါ၊ ကြုံကြုံကရာလူကို လျှောက်ပြောပြီး သူ့ကို အပုပ်ချနေတာမျိုးတော့ မဟုတ်ဘူး ...

ရှင့်ကိုတော့ ဘာကြောင့်ပြောလဲ ဆိုတော့ ရှင်က သူနဲ့ အခု တူတူနေနေတော့ သတိထားနိုင် ဆင်ခြင်နိုင်





အောင်လို့၊ ဒါပေမဲ့ ရှင် မယုံဘူး၊ ရှင် မကြိုက်ဘူးဆိုတာ သိပါတယ်၊ ဒီတော့ ဘာမှဆက်မပြောတော့ပါဘူး"

"သံစွာကတော့ မယုယ ပြောင်းရွှေ့သွားတာကို ရိုးရိုးပဲ ထင်နေတာ"

"ဘယ်ဟုတ်မလဲ။ ရိုးရိုးပဲ ပြောင်းသွားတာလို့ ထင်ချင်ယောင် ဆောင်ထားတာပါ၊ တို့ ဘာကြောင့် ပြောင်းသွားတယ် သူ အသိဆုံးပဲဟာ၊ သူ့ကြောင့်ဆိုတာ သူမသိဘဲနေပါ့မလား ငြိမ့်၊ တို့ ဘာပဲပြောပြော ရှင်က သူ့ဘက်ကပဲ မခံချင် ဖြစ်နေဦးမှာပါ၊ နားလည်ပါတယ်လေ၊ ဒါကြောင့် ရှင် အလိုမရှိဘဲ တို့က ဘာမှဆက်မပြောတော့ပါဘူး ...

ရှင်က ကြားချင်ပါတယ်၊ အလိုရှိပါတယ် ဆိုရင်တော့ ပြောပြမယ်"

"ဟင့်အင်း၊ ဘယ်သူ့မကောင်းကြောင်းကိုမှ ငြိမ့် မကြားချင်ဘူး"

ယုယက တစ်ချက်ပြုံးကာ ပခုံးတွန့်လိုက်ပြန်ပြီး ...

"အိုကေလေ ... အိုကေပါ"

"မယုယ အပေါ်လည်း ငြိမ့် မယုံမကြည် သဘောမျိုးထားလို့ မဟုတ်ပါဘူး၊ သူ ဘယ်လိုလူစားမျိုးပဲ ဖြစ်နေပစေပါ၊ ကိုယ့်အပေါ် ကောင်းနေတယ်ဆိုရင် အဲဒီကောင်းတာကိုတော့ ငြိမ့်က အသိအမှတ် ပြုရမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ...၊ မှန်ပါတယ်၊ ခုချိန်မှာ သူဟာ ရှင့်ကို ခေါင်းကအစ ဖြီးပေးနေမယ်၊ ခြေသည်းလက်သည်းကအစ မရွံမရှာ အနှိုတာခံပြီး ညှပ်ပေးနေမယ်၊ ဇက်ကြောဆွဲပေးမယ်၊ ရှင့်ဝေယျာဝစ္စတွေ လုပ်ပေးမယ်၊ မဟုတ်ဘူးလား၊ ဒီလို အခြေအနေမှာ ရှင့်အနေနဲ့ သူ့ကို ရက်ရက်စက်စက် ဘယ်လိုမှ ထင်ရက် တွေးရက်မှာ မဟုတ်တာ တို့ နားလည်ပါတယ် ...

ကဲ ... ခွင့်ပြုပါဦး၊ သွားလိုက်ဦးမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့"

ငြိမ့်က သူ့ကို အံ့သြငေးမောပြီး ကြည့်နေမိဆဲ။ ခေါင်းကအစ ဖြီးပေးမယ်။ ခြေသည်း လက်သည်းကအစ ...။ ဇက်ကြောဆွဲ ...။ ဒါတွေဟာ သစ္စာ ကိုယ်တိုင် ငြိမ့်ကို တကယ်ပဲ လုပ်ပေးနေကျ ဖြစ်လာတဲ့ တယုတယ အပြုအမူတွေပင်။ ဒါတွေကို ယုယလည်း သိနေတာဟာ ...။

"ဪ"

ယုယက လေး,ငါးလှမ်းရောက်မှ နောက်ဘက်ပြန် လှည့်လာကာ ...

"တစ်ခုလောက် မေးချင်သေးတယ်"

ငြိမ့်က ကြောင်ငေးငေးကလေး ခေါင်းညိတ်ပြလိုက်ပါသည်။





"အဆောင်လာငှားတဲ့နေ့က ပါလာတာ ရှင့်ရဲ့ချစ်သူလား"

ငြိမ့်က စူးစူးလေးကြည့်ရင်း ...

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးလေ၊ မေးရုံ မေးကြည့်တာပါ"

ယုယက မဖြေတော့ဘဲ ဆက်လျှောက်ထွက်သွား၍ ငြိမ့် အသည်းတယားယားနှင့် စိတ်တွေတိုကာ ကျန်ရစ်ပါသည်။ ဘာတွေပြောမှန်း မေးမှန်း မသိ။ ဒီအမျိုးသမီးရဲ့ မျက်နှာပေါ်မှာ ငြိမ်းချမ်းသိမ်မွေ့ခြင်းကတော့ အတော်ကို ရှာတွေ့ဖို့ ခက်တာ အမှန်ပင်။ သူ့ကိုက တစ်မျိုးကြီး ဖြစ်နေတဲ့ မိန်းမပါ။

သစ္စာရှင်ကိုသာ အပြစ်တွေဖို့ ပြောနေပေမယ့် သူ့ မျက်နှာထန်ထန်တင်းတင်းကလည်း အပြစ်ကင်းလှတဲ့ ရုပ်ကြီး တော့ ပေါက်မနေ။ ငြိမ့်သည် ယုယရဲ့စကားတွေကို တအံ့တသြ ပြန်စဉ်းစားလာရင်း ကောက်ချက်တစ်ခုခုကို အလွယ်တကူ မချနိုင်အောင် ဖြစ်ရသည်။

ဝယ်ဖို့ခြမ်းဖို့ရာတွေလည်း ခေါင်းထဲမရှိလှတော့ဘဲ တစ်ယောက်တည်း မျက်ခုံးလေးတွန့်ကာ လျှောက်လာရင်း ငွေရှင်းကောင်တာနားအရောက် လူတစ်ယောက်နှင့်အတူ စစ်တီးမားထဲက ပြန်ထွက်သွားပြီဖြစ်သော ယုယကို လှမ်းမြင်လိုက်ရပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁

အလုပ်အပ်သူတစ်ယောက်နှင့် ငွေပေးချေရန် အရစ်ကျစနစ်နှင့် သဘောတူညီခြင်း Agreement တစ်ခု ချုပ်ပေးပြီး ကျော်စွာညိုကိုခေါ်၍ ကပ်စ်တမ်မာနှင့် မိတ်ဆက်အပ်နှံလိုက်ပါသည်။

"ဒါက အစ်မတို့အိမ် ပြင်ဆင်မှုကို ကြီးကြပ်ပေးမယ့်သူပါ၊ ကိုကျော်စွာညိုပါ၊ အစ်မတို့ဘက်က လိုအပ်တာ လိုချင်တာ ရှိတာတွေ သူနဲ့တိုက်ရိုက်ပြောဆို ညှိနှိုင်းရပါမယ်၊ ကိုကျော်စွာညိုက ဖြစ်ချင်တာအားလုံး ဖြစ်ရအောင် တာဝန်ယူမှာပါ၊ ကျွန်မတို့ကုမ္ပဏီမှာတော့ ကိုကျော်စွာညို ကြီးကြပ်တဲ့ ဂရုပ်(ပ်)က ပေါ်ပြူလာပဲ၊ ဒီဂရု(ပ်)ကို လိုချင်ကြတာ၊ သူတို့ မအားရင်သာ တခြားအုပ်စုနဲ့ အစားထိုးယူကြတာ၊ အခု ကိုကျော်စွာညိုတို့က အလုပ်တစ်ခုပြီးကာစ အားလပ်တဲ့ အချိန်ပိုင်းမို့လို့ အစ်မတို့ ကံကောင်းပါတယ်"





ကျော်စွာညိုက သစ္စာရှင်ကို ခပ်တည်တည်စိုက်ကြည့်နေပါသည်။ သူ ဒီလိုကြည့်နေရင် စကားတွေ ဘာတွေ အိုးနင်းခွက်နင်း ဖြစ်ကုန်မလားလို့ပင်။ မဖြစ်ပါ။ သစ္စာရှင်ရဲ့ ဟန်ပန်က ထည်ဝါနေသည်။ အမြဲ သူ့ကိုယ်သူ ပိုင်နိုင်ယုံကြည်နေသည်။ ရှိုးတိုးရှန့်တန့်ဆိုတာ သူမ ရာဇဝင်မှာ ဘယ်တုန်းကမှ မရှိ။ တကယ့်ကို Over canfidence ။

ဒီကုမ္ပဏီမှာ ကျော်စွာညို ဝင်လာမလုပ်ခင် ဟိုးအဝေးကြီးကတည်းက လုပ်လာတဲ့ ငွေစာရင်းချုပ် အဘိုးကြီး ဦးသိန်းချစ်ကတော့ သစ္စာရှင်ကို "ဒီမိန်းကလေးက ဂေါက်နေတာ"လို့ဆိုသည်။ အစစ်ပဲ။ နော်မယ်လ်တော့ မဟုတ်ဘူး။ ဂေါက်တယ်။ ဆွေးရင်း ကျော်စွာညိုက ပြုံးစိစိ ဖြစ်နေမိသည်။

အလုပ်အပ်တဲ့သူတွေ နှုတ်ဆက် ပြန်သွားတဲ့အခါ ကျော်စွာညိုပါ ထွက်သွားမည်အပြု ...

"ကျော်စွာညို ... နေဦး၊ ပြောစရာ ရှိသေးတယ်"

ကျော်စွာညိုက ပြန်ထိုင်လိုက်ပါသည်။ သစ္စာရှင်က ခုတ်တရက် ဘာမှမပြောဘဲ သူ့အလုပ်တွေ သူငုံ့လုပ်နေဆဲမို့ ...

"ပြောလေဗျာ"

"ပြောမှာပေါ့ ... နင် ဘယ်လိုဖြစ်နေလဲ"

"ပြောမှာမပြောဘူး၊ ပဲနဲ့ နေနေတယ်"

"နင် ငြိမ့်ကို တစ်ခုကူညီနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို ! ! "

"ငြိမ့်ကို ... ငြိမ့်ကို"

"ငြိမ့်ကို ကျွန်တော်က ဘာဆိုင်လို့ ဘာတွေကူညီရမှာလဲ၊ ခင်ဗျား ရှုပ်တုတ် ရှုပ်တုတ် လာမလုပ်နဲ့ဗျာ"

"သြော် ... ခက်ခက်ခဲခဲ မဟုတ်ပါဘူးဟယ်၊ နင်ဟာလေ ဘယ်တော့မှ စိတ်ကောင်း လက်ကောင်းလေးနဲ့ တစ်ခွန်း တည်း နားဝင်တယ်လို့ မရှိဘူး"

"တီ ... တီ ... တီ တီ"

ကျော်စွာညိုက သစ္စာရှင်ကို လက်ညှိုးတစ်ချောင်း ခွင့်တိုင်သလိုလုပ်ပြီး သူ့ဖုန်းကို ထုတ်ယူလိုက်၍ သစ္စာရှင်က မျက်စောင်းတစ်ချက်သုံးပြီး ပြောစကားကို ရပ်လိုက်ရပါသည်။

"ဟယ်လို"

"... ... ..."

"ဟာ ... ဒီညနေ ငါမအား ... ဘူး၊ ဘာလဲကွာ၊ မင်းနဲ့ နှစ်ညရှိပြီ အဖော်လိုက်ပေးနေတာ ... သီချင်းသံတွေ ကြားထဲမှာ မူးနောက်နေပြီ"

"... ... ..."

"တော်ပြီ ... တော်ပြီ၊ နေလင်းတို့ တင်ထူးတို့ ခေါ်သွား ကွာ၊ ဟုတ်တယ်၊ တကယ်မလိုက်နိုင်တော့ပါဘူးဆို"

"... ... ..."





"ငါ ဒီည ရုပ်ကြည့်မလို့၊ ဟာ ... ဘွတ်ကင်လုပ်ထား ပြီးပြီ"

"... ... ..."

"ငါ ဘယ်တုန်းက ခွီးတတ်လို့လဲ၊ မင်းကိုခွီးရအောင် ငါက မင်းကို ကြောက်ရမှာမို့လား၊ '...'ရုံမှာ၊ '......'ကား၊ အေး ... ဟုတ်တယ်၊ ကားသစ်လဲရင် ငါ တစ်ရက်နှစ် ရက်အတွင်း အမြဲကြည့်နေကျဆိုတာ မင်း သိတယ်မဟုတ် လား၊ အခု ဒီစနေ တနင်္ဂနွေ နှစ်ရက်လုံး မင်းအတွက် သုံးပေးလိုက်ရတာ မိုးလင်း မိုးချုပ်၊ တော်ပြီပေါ့ကွာ"

"... ... ..."

"အေး ... သေချာတယ်၊ အေး ... ပြီးရော၊ နောက်တစ် နေ့မှ တွေ့မယ်"

ကျော်စွာညိုက သက်ပြင်းတစ်ချက် ဂူးခနဲမှုတ်ရင်း ... ပိတ်လိုက်သည်။

"ကဲ ... ခင်ဗျားစကား ဆက်ပြောပါဦး၊ ကျွန်တော် ဘာမှ မကူညီနိုင်ဘူးနော်၊ ခင်ဗျား ဘာဇာတ်လမ်းမှ ဆင်မနေနဲ့"

"နင် တော်တော် စိတ်ကောင်းမရှိပါလား၊ ဘာကူညီရမယ် သိသေးလို့လား"

"မသိဘူးလေ"

"နားထောင်ကြည့်ပါဦးလား"

"ကဲ ... ပြောဗျာ၊ ပြောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ့်က အရမ်း စာဖတ်ဝါသနာပါတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"စုံထောက်ဝတ္ထုဆိုရင် အရမ်းကြိုက်တာ၊ အဲဒါနဲ့ ကို
ကလည်း မင်းအတွက် ကြွားပေးလိုက်တယ်လေ၊ မင်း
လည်း စာဖတ်သိပ်ဝါသနာပါတာ စာအုပ်တွေ စုဆော
တယ်၊ မင်းဆီမှာစုံထောက်ဝတ္ထုဆိုရင် ဟိုးတုန်းက စုံထော
ဦးစံရှား အတွဲလိုက်တို့၊ စုံထောက်တင်မောင်ဆွေ အ
လိုက်တို့၊ ဘာသာပြန်တွေဆိုရင်လည်း ပယ်ရီမေဆင်
အတွဲလိုက်တို့ ရှိတာလို့ ...

အဲဒါလည်းကြားရော ကောင်မလေး ဆွေ့ဆွေ့
နေတာပေါ့ဟယ်၊ အရမ်းဖတ်ချင်နေတာ၊ အဲဒါ နင်ငှား
လိုက်စမ်းပါလို့၊ အဲဒါ ကူညီခိုင်းတာ"

"ဪ ... ဒါများလား"

"အင်းလေ ... နင်က ငြိမ့် ချေးဝယ်ချင်လို့ စကော
လိုက်ပို့ပေးလိုက်ပါတို့ ဘာတို့ ပြောမယ်များ ထင်နေလာ
သိပ်ပြီး တစ်ဖက်သတ် စိတ်ကူးယဉ်မနေစမ်းပါနဲ့ဟယ်"

"ဟော ... တွေ့လား၊ စကားကောင်း ပြောလို့မရ
ဘယ်သူလဲ၊ ခင်ဗျားကတော့ စ,လာပြန်ပြီ"

ကျော့်စွာညိုက မျက်နှာအောက်သိုးသိုးနှင့် ထိုင်
မှ ထရပ်လိုက်ပါသည်။





"အဲဒါ နင် တစ်ရက် အိမ်လာပို့ပေးစမ်းပါ"

"ဟော"

"ဘာဟောလဲ ...၊ နင်ပဲ ငှားမယ်ဆိုတဲ့ သဘောနဲ့ ဒါများ
လုပ်နေပြီး"

"ငှားပါတယ်၊ ဒါပေမဲ့ ရုံးကိုယူခဲ့ရင် ပြီးရောလေ၊ ခင်ဗျား
က အိမ်ကိုသယ်သွားပေါ့၊ ကျွန်တော်ကပဲ စာကူးတကနဲ့
အိမ်အထိလာပို့ပေးရဦးမယ်"

"ပို့ပေါ့ ကျော့်စွာညိုရယ်၊ ကိုယ်တိုင်ကိုယ်ကျ လက်ထိ
လက်ရောက် ငှားတယ်ဆိုတာနဲ့ လူကြုံပါးလိုက်တာ ဘယ်
တူပါ့မလဲ၊ အများကြီး ကွာခြားပါတယ်၊ စာအုပ်ချစ်တဲ့
သူချင်းပဲ၊ နင်ကိုယ်တိုင် လာပို့လိုက်ပါ၊ သူ ပိုဝမ်းသာတာ
ပေါ့"

"ခင်ဗျားပုံစံကြီးက အောင်သွယ်မကြီး ကျနေတာပဲ၊ ရှေး
ခေတ်က တရုတ်အောင်သွယ်အဘွားကြီးတွေလိုမျိုးလေ"

"အောင်မာ ... နင် မြင်ဖူးတဲ့အတိုင်း"

"ရုပ်ရှင်ထဲမှာ မြင်ဖူးတယ်လေ၊ အဲဒီအတိုင်းပဲ"

ကျော့်စွာညိုက မေးငေါ့ပြောရင်း အခန်းထဲက ထွက်
ပါသည်။ သစ္စာရှင်သည် တစ်ခဏငြိမ်ကာ တစ်ယောက်တည်း
ားနေပြီးမှ ရန်ကုန်ဒိုင်ယက်ထရီစာအုပ်ကို-လှန်သည်။ အဲဒီ
ာ် ဖုန်းကိုမ,ကာ နံပါတ်တစ်ခု နှိပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို '…'ရုပ်ရှင်ရုံကလား၊ ဘွတ်ကင်လုပ်ချင်လို့ပါ"

"… … …"

"ကိုးနာရီခွဲပေါ့၊ ဟုတ်ကဲ့ … သြော် … ခုနက ကျော်ဇွာ

ဆိုတဲ့ နာမည်နဲ့ တစ်ယောက် ဘွတ်ကင်လုပ်ထားသေ

တယ် ထင်တယ်နော်"

"… … …"

"သြော် … ဟုတ်ကဲ့၊ သူက တစ်ခောင်ပဲ လုပ်ထားတယ်

ဆိုလို့၊ ဟုတ်ကဲ့၊ သူ့နေရာနဲ့ တစ်ဆက်တည်း နောက်ထ

နှစ်ခောင် လိုချင်သေးလို့ပါ"

"… … …"

"ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ကျွန်မနာမည် သစ္စာရှင်ပါ၊ ဟု

ကဲ့၊ တစ်နာရီခောပြီး လာခဲ့ပါမယ်၊ ကျေးဇူးပါပဲ"

သစ္စာရှင်က ဖုန်းကိုချကာ ပြုံးနေမိပါသည်။ ကို

အစီအစဉ် ကိုယ်သဘောတွေကျ တက်ကြွလာရင်း ဖုန်းကိုနော

တစ်ကြိမ် ပြန်မ,ပြီး နံပါတ်တချို့ လှည့်ပြန်သည်။

"ဟဲလို … (… …)ကုမ္ပဏီရုံးကပါလား"

"… … …"

"ငြိမ့်ခင်လေးနဲ့ တွေ့ချင်လို့ပါ၊ ဟုတ်ကဲ့"

"… … …"



"ငြိမ့်လား၊ တို့ပါ၊ ငြိမ့် ဒီနေ့ အိုဗာတိုင်မ်တွေ ဘာတွေ

မရှိဘူးနော်၊ အတော်ပဲ၊ ဝမ်းသာလိုက်တာ၊ ရုပ်ရှင်သွား

ကြည့်မလို့"

"… … …"

"ဘွတ်ကင် လုပ်ထားလိုက်ပြီ၊ အရမ်းကောင်းတယ်ဆိုလို့

ငြိမ့်ရဲ့၊ ကြည့်ရအောင်နော်၊ ညပွဲလေ၊ ရပါတယ် ကားတွေ

ရှိပါတယ် ငြိမ့်ရဲ့။ '… …'ကားလေ၊ ဟုတ်တယ် '…'ရုံ

မှာ"

"… … …"

"ဘွတ်ကင်လုပ်ထားပါတယ်ဆို၊ မုန်းနဲ့ဆက်ပြီး လုပ်ထား

တာ၊ မနက်ကတည်းက ဟုတ်တယ်၊ ဟိုကိုနည်းနည်းစော

သွားပြီး ဟိုကျမှ တန်းဝယ်ဝင်ရုံပဲ ငြိမ့်ရဲ့၊ အိုကေ …

အိုကေ၊ ငါးနာရီလောက် တို့လည်းရောက်မယ်၊ ဒါပဲနော်

ငြိမ့်"

ထိုနေ့ညဦး ခုနစ်နာရီခွဲ ရှစ်နာရီလောက်မှာတော့

ာရှင်နှင့် ငြိမ့်ခင်လေးတို့ နှစ်ယောက်သား '… …'ရုပ်ရှင်ရုံ

သို့ ထွက်လာပါသည်။ မြူးရွှင်တက်ကြွကာ အလိုလိုရက်

စေတနာပေါက်နေတဲ့ သစ္စာက သူပဲပြမည်ဆိုတဲ့အပြင်

တ်စ်နဲ့သွားဖို့ စိတ်မကူးပဲ ကားပါ ငှားလိုက်ပါသေးသည်။

"ကားငှားခကြီးက နှမြောစရာကြီး သစ္စာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို ... တစ်ခါတလေပဲ ငြိမ့်ရယ်၊ အမြဲ ရုပ်ရှင်သွားကြည့်ဖြစ်နေတာမှ မဟုတ်တာ"

"ဟုတ်တယ် ... ငြိမ့်က ခြောက်လနေလို့ ရုပ်ရှင်တစ်ခါကြည့်ဖြစ်တာ မဟုတ်ဘူး"

"သစ္စာကတော့ ကြည့်တယ်၊ မကြာမကြာ ကြည့်ဖြစ်တာ၊ ခုတလောတော့ ငြိမ့်ကို အဖော်ခေါ်ရမှာ နည်းနည်းအားနာသေးတာနဲ့ အကြည့်ကျဲနေတယ်၊ ငြိမ့်ရောက်ပြီးနောက် တစ်ပတ်က မြန်မာကား သွားကြည့်ဖြစ်ကြတာ ပြီးရင် မကြည့်ဖြစ်ဘူးလေ၊ အရင်ကဆိုရင် ယုယနဲ့ အပတ်တိုင်း ရုပ်ရှင်သွားကြည့်ကြတယ်"

"သူလည်း ဝါသနာပါတာပဲလား"

"အင်း ... တို့လောက်တော့ မပါဘူးပေါ့လေ"

"ငြိမ့်ကတော့ အိပ်ရာထဲကွေးပြီး ဝတ္ထုစာအုပ်လေးတစ်အုပ်နဲ့ နေရမှာကို ပိုပြီးခံကျတယ်"

"ဪ ... ဝတ္ထုဆိုလို့ ငြိမ့်က စာဖတ်ဝါသနာပါတယ်လို့ ပြောလိုက်မိတာနဲ့ ကျော်စွာညိုက သူစုထားတဲ့ စာအုပ်အဟောင်းတွေ ပေးထားပြီး ဖတ်မလို့တဲ့၊ ဒီကောင်က သူ့ပစ္စည်းသူ သိပ်ကတ်စေးကုပ်တာ၊ ငြိမ့်ကိုမို့ သိပ်ထားချင်နေတာ၊ သူကတောင် အော့ဖာလုပ်နေတယ်ဆိုတော့ ထိုးပေတော့ ငြိမ့်"





"ဘုရားတည်ရမှာ မဟုတ်ဘူးလား"

ငြိမ့်က ရယ်ဟှာဟာလေး မေးမိသည်။

"အဲဒါနဲ့ သူ့ကိုလည်း တို့က လိုက်လိုက်လျောလျောအားပေးစကား ပြောလိုက်ပါတယ်။ နင် ငှားမယ်ဆိုရင်တော့ ငြိမ့်က ဝမ်းသာမှာလို့၊ ငြိမ့်က စာဖတ်အရမ်းဝါသနာပါတာလို့"

"သူ့မှာ ဘာစာအုပ်တွေ ရှိတာလဲဟင်"

"ရွှေဥဒေါင်းရဲ့ စုံထောက်မောင်စံရှားလေ အတွဲလိုက်ရှိတယ်၊ သိပ်ဖတ်လို့ကောင်းတာ၊ ပြီးတော့ မိုးဝေရဲ့စုံထောက်တင်မောင်ဆွေ ဝတ္ထုတွေ"

"ဟယ် ... ကောင်းမှာပေါ့၊ ငြိမ့် မဖတ်ဖူးဘူး"

"အခု သူက ငှားဖတ်ပါ့မယ် ပြောနေမှပဲ၊ ယူဖတ်ပေါ့"

"သူနဲ့မှ သိပ်မရင်းနှီးတာ"

"စာအုပ်ငှားဖတ်တာပဲ ငြိမ့်ရယ်၊ နှစ်ကိုယ့်တစ်စိတ်ကြီး ရင်းနှီးနေဖို့မှ မလိုပဲ"

ရုံကိုစောရောက်ရတာမို့ ရှစ်နာရီဆယ့်ငါးလောက်ရောက်လာကာ လက်မှတ်ဝယ်လိုက်ပြီးတဲ့နောက် စောနေတဲ့အတွက် ဈေးဘက်ကို တစ်ပတ် လမ်းလျှောက်ကြပါသည်။ ညဘက်လမ်းဘေးဈေးတန်းက တိုလီမိုလီ လမ်းဘေးသည်တွေ ပုံရောင်းသည်တွေနှင့် ဆူညံစည်ကားနေကာ ဒီလို တစ်ခါမှ ဒီအချိန် ပြီးထဲမလျှောက်ဘူးတဲ့ ငြိမ့်က အထူးတဆန်း သဘောကျကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညကြီးလည်း စည်နေတာပဲနော် သစ္စာ"

"လွန်ခဲ့တဲ့ ဆယ်နှစ် ဆယ့်ငါးနှစ်ကဆိုရင် ဒီထက်တော စည်သေးတယ်"

"ဟင် ... အဲဒီကတည်းက သစ္စာက ရန်ကုန်မြို့မှာ ကြ ပိုးဖြစ်နေပြီလား"

"သစ္စာက မော်လမြိုင်မှာ မွေးတယ်ဆိုရုံသာသာပဲ ငြိမ်း အထက်တန်းတောင် ရန်ကုန်က အောင်တာပဲ၊ ဒီမှာ ကြီးတော်အိမ် ရှိတယ်လေ"

"ဪ ... ရန်ကုန်မှာ အမျိုးအိမ်ရှိတာပေါ့"

"အင်း"

"သစ္စာ သွားလည်းမသွားဘူး"

"ဟင့်အင်း၊ မသွားတော့ဘူး၊ မျက်နှာကြီးရာ ဟင်းဖတ် တွေ၊ အမြင်ကတ်လို့ အဆက်ဖြတ်လိုက်တာ ဆယ်နှ လောက် ရှိနေပြီ၊ အမျိုးရင်းကြီးတွေ တော်ပေမယ့် အ ကြုံတော့ ဂုဏ်တူဒြပ်တူ မိတ်ဆွေဘက်က ပါတယ်ငြိ ရေ၊ တူမရင်းဘက်က မပါဘူး၊ ဒါကြောင့် ရင်နာလွန်း သူတို့ကိုလည်း ရင်နာအောင်ကို ပါးစပ်ကပြောလို့ရသ စကားနဲ့ ပိုးစိုးပက်စက် ပြောဆိုပစ်ပြီး အဆက်ဖြတ် တာ၊ တို့က ပါးစပ်ဆိုးတယ် ...





ခုမှ လူကြီးပိုင်းဝင်လာလို့ ဆင်ခြင်နေတာ၊ ဒါတောင် မှ မရပါဘူး၊ တို့က ပြောချင်လာရင် ပြောရမှ၊ လုပ်ချင် လာရင် လုပ်ရမှ၊ အဲဒီအမျိုးတွေဆိုရင် ဆက်သွယ်ဖို့နေနေ သာသာ တို့ကိုမြင်ရင် လိုက်တောင်ရိုက်မှာ။ ဟား ဟား၊ သူတို့ဘက်က ကြည့်တော့လည်း တို့က ကျေးဇူးခံ ကျေး ဇူးစားဖြစ်ရဲ့နဲ့ သူတို့ကို မထောက်မထား ဆက်ဆံတယ်၊ ကျေးစွပ်တယ်ပေါ့လေ"

"နှစ်ဖက် အမြင်ချင်း ကွဲလွဲတာပေါ့ သစ္စာရယ်"

"ဒါပေါ့"

"သစ္စာက စိတ်ကြီးတာပဲ၊ ပါးရိုက်လေးပေါ်အောင် ပြုံးနေ ရင် စိတ်ကြီးတယ် မထင်ရဘူးနော်"

"စိတ်ကြီးတယ် ... ဟုတ်တယ်၊ ဒါ့အပြင် စိတ်ပုပ်တယ်လို့ တောင် ပြောနိုင်သေးတယ်၊ ကိုယ်စိတ်ညစ်နေရချိန်မှာ သူများ ပျော်နေ စိတ်ချမ်းသာနေရင်လည်း တို့စိတ်တွေ က ဆူဝေလာရော၊ အို ... တော်ပါပြီ၊ ဒီစိတ်တွေကိုလျှော့ ပြီး ပြုပြင်ဆင်ခြင်နေနေတာပါ၊ အသက်ပဲ သုံးဆယ်ထဲ ဝင်ပြီ ငြိမ့်ရယ်"

ငြိမ့်က ကိုယ့်ကိုယ်ကိုယ် စိတ်ပုပ်တယ်ဆိုတဲ့ သစ္စာ ကို တစ်ချက်တော့ငဲ့ကာ အကဲခတ်မိပါသည်။ နားထဲမှာ "စိတ် ကောင်းမရှိတဲ့မိန်းမ" ဆိုတဲ့ ယုယရဲ့စကားသံကို ကြားယောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။ အို ... ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်ပုပ်ပါတယ် ဝေဖန်မှတ်ချက်ချနိုင်သေးတဲ့ သူတစ်ယောက်ဟာ တကယ့်တက သိပ်ကြီးမပုပ်နိုင်သေးလို့ပေါ့။

တကယ်ကို သဘောထားပုပ်စပ် ဆိုးယုတ်ပြီဆိုတော အတ္တတွေများပြီး ကိုယ့်ကိုယ်ကိုယ်လည်း မကောင်းပါလား တောင် ဆင်ခြင်မတွေးနိုင်ကြတော့တာပါ။ ကိုယ်အကောင်း ကို အမှန်ကြီး ထင်တတ်ကြတော့တာပါ။ သစ္စာရှင်က ဘာပဲဖြစ် အဆိုးစားကြီး မဟုတ်လောက်ပါဘူး။

ရုပ်ရှင်ပြချိန် နီးပြီမို့ နှစ်ယောက်သား ရုံဘက် လျှောက်လာကြသည်။ ရုံရှေ့မရောက်မီ ခပ်လှမ်းလှမ်းက ငြိမ့်သည် မြေပဲပြုတ် ရောင်းနေသော တွန်းလှည်းသည်ရဲ့ မီးရောင် ရောင်ကြောင့် မြေပဲပြုတ် ဝယ်နေတဲ့ သူတစ်ယောက်ကို သဲ ကွဲကွဲ မြင်လိုက်မိကာ ...

“ဟယ် ... သစ္စာရေ”

“ဘာလဲ ငြိမ့်”

“ဟိုမှာ ကျော့်စွာညို”

“ဘယ်မှာလဲ ... ဘယ်မှာလဲ”

“မြေပဲပြုတ်သည်ဆီမှာ”

“အမလေး လေးနော်၊ အစစ်ပေါ့၊ ကြည့်စမ်း၊ သင်း လယ်က ရုံးကလူတွေကို ဒီရုပ်ရှင်အကြောင်း စကား





နေတာ ကြားမိသား၊ ကိုယ်က မနက်ကတည်းက ဘွတ်ကင်လှမ်းလုပ်ပြီးသားလည်းဖြစ် သူလည်း ဒီနေ့ ကြည့်မလို့ ပြောနေတယ် မထင်လို့ပေါ့။ ကျွတ် ... သူနဲ့မှလာဆုံနေတယ်၊ သူ ဒီနေ့ ကြည့်မယ်ဆိုတာသာသိရင် ကိုယ်နောက်နေ့မှ ကြည့်ပါတယ်ကွာ”

“ဘာဖြစ်လဲ သစ္စာရယ်၊ မတော်တဆ ဆုံတာပဲ၊ သူလည်း သူ့ဟာသူကြည့်၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်ကြည့်ပဲဥစ္စာ”

မြေပဲပြုတ်အိတ်လေးကိုင်ကာ ဒီဘက်ကို ဖျတ်ခနဲ ကြည့်လိုက်တဲ့ ကျော့်စွာညိုသည် သစ္စာတို့ကိုမြင်လျှင် မျက်မှောင်ကြီး ကုတ်သွားပါသည်။

“ဟင် ... ခင်ဗျားတို့က ဘယ်လိုလုပ် ရောက်လာတာလဲ”

“ကဲ ... တွေ့လား ငြိမ့်ရေ၊ သူပိုင်တဲ့ရုံ ကျနေတာပဲ၊ တော်ပြီ၊ ကိုယ်တော့ မြေပဲပြုတ်ပဲ အေးအေးဆေးဆေးဝယ်-နေတော့မယ်၊ တစ်ဘူး ဘယ်လောက်လဲ”

“နှစ်ရာပါ၊ သုံးဘူး ငါးရာ”

“သုံးဘူးပေး”

ကျော့်စွာညိုက ငြိမ့်ကို တစ်ချက်ပြုံးပြကာ သစ္စာကိုတော့ ဆက်စိုက်ကြည့်နေရင်း ...

“ခင်ဗျား ဒီနေ့ ဒီပွဲချိန်ကိုမှ လိုက်ကြည့်တာ ရိုးရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



"မရိုးဘူးဟော့၊ နင်နဲ့ တွဲကြည့်ချင်လို့၊ ဟုတ်တယ် တစ်ခါတည်း"

"နောက်သလိုလိုနဲ့ ရောချပြီး အတည်တွေ ဝန်ခံတာမျိုးလား"

"နင် ဘာဖြစ်နေလဲ၊ ဒီကားကို နင်တစ်ယောက်တည်းကြည့်ဖို့ ဘွတ်ကင်လုပ်ထားလား"

"ကျွန်တော် ဘွတ်ကင်လုပ်ထားတာ ခင်ဗျား သိတယ်မဟုတ်လား"

"နင် ဘွတ်ကင်လုပ်ထားတာ ငါသိစရာလား၊ နင် ငါ့ကိုတိုင်ပင်လို့လား"

"အပိုတွေ လျှောက်မပြောပါနဲ့၊ ကျွန်တော် ပြောနေတာခင်ဗျား ကြားပါတယ်"

"နင် ဒီရုပ်ရှင်အကြောင်း ပြောနေတာတော့ ငါကြားတယ်လေ ဝန်ခံတယ်၊ အဲဒါကို အခုပဲ ငြိမ့်ကို ပြောပြနေသေးတယ်၊ ဒီည ဒီအချိန် ကြည့်မယ်လို့တော့ အတိအကျ ငါသိပါ့မလား၊ နင် ကြည့်မယ်ဆိုတာသိရင် ငါက ပိုတောင်ရှောင်သေး၊ နောက်နေ့ကိုရွှေ့ပြီး ကြည့်မှာ"

"ဪ ... ဪ"

သစ္စာက ငြိမ့်ဘက် လှည့်ကြည့်ရင်း ...

"တွေ့တယ် မဟုတ်လား ငြိမ့်၊ သူ့ကိုလှမ်းမြင်တော့ကိုယ် ဘာပြောလဲ"





သစ္စာက ပြုံးနေရပါသည်။ ကျော်စွာညိုက ဝင်ကာ...

"ဘာပြောလဲ ငြိမ့်"

"နင် ဒီညကြည့်မယ်မှန်းသိရင် ငါ နောက်နေ့ကို ရွှေ့တယ်လို့ ပြောတာပေါ့။ နင့်ဆီက ဒီလိုအသံတွေ ကြားရမယ်ဆိုတာ သိနေလို့"

"ကြို့သိနေတယ်၊ ကြိုတွက်ထားတယ် ဆိုတာကိုက တစ်မျိုးဖြစ်နေတာပေါ့"

"ငါက မနက်စောကတည်းက ဘွတ်ကင်လှမ်းလုပ်ထားတာ၊ ငြိမ့်ကို မေးကြည့်ပါလား"

ငြိမ့်သည် သူတို့နှစ်ယောက်ကြားမှာ ထုံးစံအတိုင်းဟိုကြည့် ဒီကြည့်နှင့် ပြုံးဟဟကလေးသာ လုပ်နေရသည်။

"ကဲ ... တို့ ဝင်နှင့်မယ်၊ ငြိမ့် ... လာ"

သစ္စာက ငြိမ့်ရဲ့လက်ကို ချိတ်တွဲလိုက်ပါသည်။

ကျော်စွာညိုသည် အလှချင်းပြိုင်နေတဲ့ မိန်းမနှစ်ယောက်ကို တစ်ချက်စီ ကြည့်မိသည်။ စတက်ပ်ဆံပင်လေးနှင့် ခပ်သွယ်သွယ် အရပ်မြင့်တဲ့ သစ္စာရှင်ဟာ တီရှပ်လက်ရှည် ဆင်ခွယ်ရောင်နှင့် ဂျင်းဘောင်းဘီရှည် ဝတ်ထားပါသည်။ ရုံးမှာထဘီနှင့် မြင်ရတဲ့ သစ္စာရှင်ကို ဂျင်းဘောင်းဘီနဲ့ မြင်ရတော့ အမြင်ဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ကတော့ အိတ်ပွဲတဲ့ စကတ်ရှည်အနက်လေးနှ
အပေါ်က အဖြူပေါ်အနက်စင်း ဘလောက်စ်လက်ရှည်က အတွ
အဖတ်လေးတွေနှင့် ချစ်စဖွယ်။ အဖျားတွန့်တဲ့ ဆံပင်ရှည်လေး
ဒီတိုင်း ဖြန့်ချထားတဲ့ ငြိမ့်ပုံသဏ္ဍာန်လေးက နုထွေးထွေးနှ
မိန်းမဆန်ဆန် နွဲ့ပျောင်းလှသည်။

"ဒီမယ်"

"ဘာလဲ"

"မသစ္စာ ... ခင်ဗျား မိန်းမအစစ်ပါနော်"

ငြိမ့်ရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားတဲ့ သစ္စာ
ကျော်စွာညို့ကို စူပုပ်မှုန်ကုတ်ကာ ကြည့်ရင်း ...

"အဲဒါ မင်းအပူပါလား၊ ငါ့ဟာငါ ဘာဖြစ်ဖြစ်"

"အခုပုံစံကို ကြည့်ရတာ အဲဒီသဘောမျိုးဆင်ဆင် ထ
လိုက်ရလို့"

"သေလိုက်"

"အဲဒီ 'သေလိုက်' ဆိုတာမျိုးကိုတော့ ယောကျ်ားတွေ
မပြောဘူးဗျ"

သစ္စာက ဒေါပွပွနှင့် ဝင်နှင့်သွား၍ ငြိမ့်ကလည်း
သစ္စာနှင့် လက်တွဲရင်း ပါလာရပါသည်။ ကျော်စွာညို့ကို ရယ
ချင်နေကာ တစ်ယောက်တည်းကျိတ်ပြီး တဟင်းဟင်း ဖြစ်နေ
ပါသည်။





"ငြိမ့်က ဘာရယ်တာလဲ"

"သူက ရယ်ရလို့ပါ"

"ရယ်မနေနဲ့၊ သေချာတယ် ဒီကောင် ငြိမ့်ကို ငြိနေပြီ"

"အာ ... သစ္စာကလည်း မဆီမဆိုင်"

"ဟုတ်တယ်၊ အလကား အကွက်တွေ လာဖန်နေတယ်၊ အရင်က သူတို့ကို ဒီလောက်ကို စကားလိုက်ပြောနေတာ မဟုတ်ဘူး၊ မြို့ထဲမှာ လမ်းပေါ်မှာ မတော်တဆ တွေ့လို့ များ မမြင်ချင်ယောင်ဆောင်ပြီး ရှောင်သွားမှာ သင်းက၊ ခုမှ စကားရော ဖွဲ့ရော လိုက်လိုက်လုပ်နေတာ"

"ဒါပေမဲ့ သူ့ပုံက လိုက်အရောဝင်နေသလို မျက်နှာချို သွေးတဲ့ပုံလည်း မပေါက်ဘူးနော်"

"အဲဒါ ဒီကောင် အထာကျွမ်းလို့ပေါ့၊ အရောသာလိုက်ဝင်တယ်၊ ရုပ်ကတော့ အပေါ်ကမဆင်းဘူး၊ ကျွန်တော်မလုပ်ပါဘူးဗျ၊ ကျွန်တော်မပါပါဘူးဗျဆိုတဲ့ အချိုးမျိုးလေ"

"ဟင်း ဟင်း ... သစ္စာတို့နှစ်ယောက်က သိပ်ရယ်ရတာပဲ"

"မရယ်ရပါဘူး၊ အမြင်ကတ်တယ်၊ သူကများ ငြိမ့်ကို လိုက်စိတ်ဝင်စားနေရတယ်လို့"

"အို ... အသေအချာတွေလုပ်ပြီး ပြောနေလိုက်တာ သစ္စာကလည်း၊ မဖြစ်နိုင်ပါဘူး"

"ငြိမ့်က သင်းကို ခုမှစတွေ့ဖူးရတာပါ ငြိမ့်ရယ်၊ ကိုယ်က နှစ်နဲ့ချီပြီး မတည့်အတူနေ ပေါင်းလာရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်သည် သူ့လက်ကို ပိုပြီးဖက်တွယ်ထားလိုက်တဲ့ သစ္စာဘက် ပြုံးပြုံးကလေးပဲ မော့ကြည့်မိပါသည်။ သစ္စာဟာ အပြင်သွားရင် အလှသိပ်ပြင်တာလည်း အမှန်။ ရုံးကိုဆိုရင် ထဘီတို့ စကတ်ရှည်တို့ ဝတ်လေ့ရှိပေမယ့် အိမ်မှာနှင့် တခြားလမ်းတွေကိုတော့ ဂျင်းဘောင်းဘီရှည် စွဲစွဲလမ်းလမ်း ဝတ်သူဖြစ်သည်။ သူ့ခန္ဓာကိုယ် ဖွံ့စည်းပုံနှင့်လည်း လိုက်ဖက်သည်။ တချို့တွေလို ဂျင်းဘောင်းဘီကြီးဝတ်ပြီး တင်ပါးက ကြီးကြီးကားကား ဖြစ်နေတာမျိုးမဟုတ်။ သွယ်ပြီး လှသည်။

နေပုံထိုင်ပုံ ပြုမူပုံနှင့် အပြောအဆို အမူအရာတို့ကတော့ ဇတ်တီးဇတ်တောက်နှင့် မိန်းမ မဆန်ဘူးပြောရင် မမှားပါ။ ရှက်တဲ့အမူအရာ၊ အားငယ်တဲ့အမူအရာ စတဲ့ မိန်းမဆန်သော အမူအရာမျိုးတွေလည်း မတွေ့ရတာ အမှန်ပင်။

"ငြိမ့်"

"အင်"

"ကျော်စွာညို့ကို စိတ်ဝင်စားလား"

"အာ ... သစ္စာကလည်း၊ ဒါ မေးနေစရာလား၊ ငြိမ့်မှာ ကိုလေးတစ်ယောက်လုံး ရှိတဲ့ဟာ၊ အိမ်တွေကလည်း အသိအမှတ်ပြုပြီးသား၊ သူ ရန်ကုန် ပြန်ဝင်ရရင် ယူမှာဆိုတာတောင် သစ္စာကို ပြောပြပြီးသား ဥစ္စာကို"

"စိတ်မဆိုးနဲ့နော်"



"ဘာကိုလဲ"

"ကိုသက်ထင်က ချောလည်းမချောဘူး"

ငြိမ့်က စိတ်မဆိုးနိုင်ဘဲ သစ္စာပုံစံကို ရယ်မောပစ်လိုက်ပါသည်။ ရုံထဲလူအပြည့် မဝင်သေး၍ ဘေးမှာလည်း လူရှင်းနေရာ ငြိမ့်က ပါးစပ်လေးအုပ်ပြီး သဘောတွေကျအောင် ရယ်နေမိသည်။ သစ္စာပုံစံက ဒီလိုဆိုတော့ သဝန်တိုနေသလိုလို ဘာလိုလို။

"ဒါ ဒီလောက် ဟာသမြောက်လို့လား"

"သစ္စာ မွှင့်လင်းတာကို ရယ်ချင်တာပါ"

"မဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ကိုလေးက ချောမှမချောတာ"

"ဒါများ ကြိုက်စရာလား၊ ငြိမ့်က အရမ်းချစ်ဖို့ကောင်းတာလေ၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လေး"

"ကိုလေးက ရုပ်မချောပေမယ့် ယောကျ်ားပီသပါတယ် သစ္စာရယ်"

"ယောကျ်ားတစ်ယောက် ယောကျ်ားပီသတာ ဘာထူးပြီး ချီးမွမ်းစရာ မက်စရာရှိလို့လဲ ငြိမ့်၊ ယောကျ်ားဟာ ယောကျ်ားပီသတာ ပုံမှန်ပဲ မဟုတ်လား၊ မိန်းမဟာ မိန်းမပီသရမယ် ဒါပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေ မိန်းမ မပီသရင် နည်းနည်းညံ့တဲ့ အရာပဲ ရောက်ပေမယ့် ယောကျ်ားတွေ ယောကျ်ားမပီသရင်တော့ သိမ်ဖျင်းတဲ့ သဘောကိုပါ ဆောင်သွားတယ် မဟုတ်လား သစ္စာရဲ့၊ ဒီတော့ ယောကျ်ားတစ်ယောက် ယောကျ်ားပီသတာဟာ စကားလုပ်ပြီးတော့ ပြောနေစရာကို ဖြစ်တော့တာပေါ့"

"ကိုသက်ထင်ကို သိပ်ချစ်တာပေါ့လေ"

"အချစ်ဦးပါဆို"

"ငြိမ့်ကလည်းပဲ သူ့အချစ်ဦးပါပဲ ဆိုတာကိုတော့ ငြိမ့်ပဲယုံ၊ တို့တော့ မယုံဘူး"

ငြိမ့်သည် စိတ်မဆိုးမိဘဲ သစ္စာ့ကို ပြုံးစိစိလေးလှည့်ကြည့်ကာ ...

"ဒီနေ့ ဘာတွေ ထူးခြားနေပါလိမ့်၊ ချဲလင့်ချ်တွေ အရမ်းပြောနေပါလား"

"ဟုတ်တယ်လေ၊ ယောကျ်ားတွေဟာ လူပျိုပေါက်ဘဝမှာနောင် သူတို့အိမ်ထောင်ဖက်ဖြစ်လာမှာ မဟုတ်တဲ့ တစ်ခုံတစ်ယောက်ကြောင့် အရူးအမူး ဖြစ်ကိုဖြစ်ခဲ့ကြဖူးတယ်တဲ့၊ အဲဒီပထမဆုံးမိန်းမနဲ့ နိုင်တီအိတ်ပါဆင့်ဟာ လွဲကြတယ်၊ တချို့ဆိုရင် ဖွင့်တောင်မပြောဖြစ် သိအောင်တောင် အရိပ်အယောင် မပြဖြစ်ခဲ့လိုက်ရဘူးတဲ့၊ တချို့ကျတော့



လည်း လက်တည့်စမ်းလိုက်ကြဖူးတယ်တဲ့၊ ဒါပေမဲ့ ... အဲဒီမိန်းမမျိုးနဲ့ ယောကျ်ားအားလုံးလိုလိုဟာ လွဲခဲ့ကြတယ်တဲ့ ...

တို့ဆိုလိုတာက တကယ့်ရည်းစားလို ချစ်သူလို ဖြစ်ခွင့်ရခဲ့တာကို ဆိုလိုတာ မဟုတ်ဘူး၊ သူတို့ရဲ့ရင်ခုန်ဦး၊ ပထမဆုံးဖူးတဲ့ စံပယ်ဦးဆိုတာ မကြားဖူးဘူးလား၊ ဒီမိန်းမမျိုးနဲ့ မလွဲဘဲ ညားသွားတဲ့ အလွန်နည်းပါးသော ရာခိုင်နှုန်းယောကျ်ားတွေဟာလည်း အဲဒီမိန်းမနဲ့အိမ်ထောင်ရေး အဆင်ပြေလှ မရှိကြဘူးတဲ့၊ သူတို့ မသိခင် နားမလည်ခင် မဆုံးဖြတ်တတ်ခင် တွေ့ရတဲ့ အတွေ့အကြုံမို့လို့ သင့်တော်တဲ့ သူမျိုးလည်း ဖြစ်မနေတတ်ဘူး ...

ဒီမိန်းမမျိုးဟာ များသောအားဖြင့် သူတို့ထက် အသက်ကြီးတဲ့ မိန်းမမျိုးတွေ ဖြစ်တတ်တယ်၊ လွဲသွားခဲ့ကြပြီးရင်တော့ ယောကျ်ားတွေဟာ အဲဒီအဖြစ်အပျက်ကို တစ်သက်လုံး တိုက်ဆိုင်မှုရှိတိုင်း သတိရစမြဲ့ပြန်ပြီး ပြုံးတုံးတုံး ဖြစ်လေ့ရှိသတဲ့"

ငြိမ့်က သစ္စာကို တအံ့တသြ ကြည့်နေရင်း ...

"ဒါတွေ သစ္စာ ဘယ်က ကြားဖူးလဲ"

"တထဲက ဖတ်ဖူးတာတို့။ ယောကျ်ားလေး သူငယ်ချင်းတွေဆီက ကြားဖူးတာတို့တွေပေါ့ ငြိမ့်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲလိုလူတွေလည်း ရှိမှာပေါ့၊ ဖြစ်နိုင်ပါတယ်"

"ကိုသက်ထင်နဲ့ ငြိမ့် စ,တွေ့ဖူးတော့ ငြိမ့်တို့ အသက်ဘယ်လောက်တွေလဲ"

"ငြိမ့် နှစ်ဆယ့်နှစ်၊ သူ နှစ်ဆယ့်ငါးနှစ်"

"သူ့အသက် နှစ်ဆယ့်ငါးနှစ်အထိ ဘယ်မိန်းမတစ်ယောက်ကိုမှ မချစ်ဖူးဘူးဆိုရင် ယုံပါတယ်၊ ဘယ်မိန်းမတစ်ယောက်ကိုမှ ရင်မခုန်ဖူးဘူး၊ မသာယာဖူးပါဘူး ဆိုရင်တော့ ငြိမ့်ယုံသလား"

ငြိမ့်သည် လည်မျိုမှာ တစ်စုံတစ်ရာ ဆို့တစ်သ
နင်တင်တင် ခံစားလိုက်ရကာ စိတ်မချမ်းမသာ ဖြစ်သွားရပါသည်
ကိုလေးမှာ ကိုယ့်ထက်ဦးတဲ့ အချစ်ဦး မရှိဘူးလို့ ယုံကြည်
နပ်ထားရာမှ သူ့စကားကြောင့် သို့လော သို့လော သံသယပဲ ဝင်
ရမလိုလို။ သူ့စကားကို အရေးမစိုက်ဘဲ ထားလိုက်ရမလိုလို။

ခေါင်းထဲကိုတော့ ထိုအတွေးက ရောက်သွားပြီဖြစ်
ရာ ငြိမ့်ရင်ထဲ စိတ်အနှောင့်အယှက်တစ်ခု ခံစားရပါသည်။ ကိုလေ
လူပျိုပေါက်ရွယ် ဆယ်ကျော်သက်က ရင်ခုန်ခဲ့ဖူးတဲ့ မိန်းမတ
ယောက်ယောက် မရှိခဲ့ဖူးဘူးလား။ ရှိဖူးရက်နဲ့ ညာပြောထားတာ
လား။ ချစ်သူသာ မရှိခဲ့ဖူးရင် ဟုတ်မယ်၊ ရင်ခုန်ဖူးသူ သာယာ
ဖူးသူဆိုတာကတော့ ရှိနိုင်တာပဲဆိုတဲ့ သစ္စာရဲ့ အဆိုကို ဘယ်
မှ ငြင်းမရ။





မျက်စိစုံမှိတ် ကန်ငြင်းရင်လည်း ငြင်းငြင်းသာရှိမှာ
အသက်နှစ်ဆယ့်ငါးနှစ်အထိ စိတ်တောင်မလှုပ်ရှားခဲ့ဖူးဘူး
ဆိုတာကတော့ သစ္စာပြောလည်း ပြောချင်စရာ။

"ယောက်ျားတွေက ဒီလိုပါပဲ ငြိမ့်၊ သင်းတို့ကိုယ် သင်းတို့ ကြက်မွေးလေးနဲ့ သပ်လေ့ရှိတယ်၊ သူတို့မပြောချင်တာကို မဖြစ်ခဲ့ဖူးသလို ဖုံးထားကြတာ မမှတ်ပါပဲပေါ့၊ ဒါပေမဲ့ ကိုသက်ထင်လို လူမျိုးကတော့ ငြိမ့်ပြောသလို ယောက်ျားကောင်းတစ်ယောက်ပဲ ဖြစ်မှာဆိုတော့ ချစ်သူ မရှိခဲ့ဘူး ဆိုတာတော့ အမှန်ပဲ ဖြစ်မှာပါ။ ငြိမ့်ကိုလည်း တကယ်ချစ်မှာပါ"

ဒါပေမဲ့ ခုချိန်မှာ ငြိမ့်ခေါင်းထဲ ဝင်နေပြီဖြစ်တာ
ကိုလေး ချစ်သူရှိမရှိ မဟုတ်တော့။ ကိုလေးရဲ့ ပထမဆုံးဖူး
ပယ်ဦးဟာ ဘယ်သူလဲ ဆိုတာကိုပင်တည်း။

ရုပ်ရှင်ရုံထဲမှာ သီချင်းသံတွေပျောက် ရုံရဲ့မိတ်ဆက်
ချင်းပေါ်လာပြီး မီးမှိန်လိုက်ချိန်မှာ ငြိမ့်ရဲ့နံဘေးကို လူတစ်
ယောက် ရောက်လာပြီး ဝင်ထိုင်လိုက်၍ သစ္စာက- ငြိမ့်နားနား
ကပ်ကာ ...

"ဖြစ်လားငြိမ့် နေရာလဲမလား"

"နေပါစေ ရပါတယ်"

www.burmeseclassic.com



သူမျှားဝင်ထိုင်မှ နေရာထ,လဲပစ်ရမှာလည်း အားနာစရာဖြစ်သလို ငြိမ့်လည်း မိန်းမသား၊ သစ္စာလည်း မိန်းမသားပဲမို့ ငြိမ့်က နေရာလဲမနေလိုတော့ပါ။ မသိမသာလေးငဲ့၍ အကဲခတ်လိုက်လေလျှင် ...

"ဟင်"

"ဟယ်"

ငြိမ့်ဘေး ဝင်ထိုင်လိုက်သူဟာ ကျော်စွာညို။ ကျော်စွာညိုသည် ငြိမ့်ကိုမြင်လျှင်မြင်ချင်း ခါးကိုင်း၍ သစ္စာကိုလှမ်းကြည့်ကာ ...

"မသစ္စာ ... ခင်ဗျား ရိုးကော ရိုးရဲ့လားလို့ ကျွန်တော်မေးတာ သတိရပါတယ်နော်"

"မှားပါတယ် ကျော်စွာညိုရယ်။ ဒီကားကို ကြည့်ချင်မိတာကိုက ငါ့အမှား။ အဲဒီထက်ကို ဒီကားကို ရုံတင်တာရုံပိုင်ရှင့်အမှား၊ နင် ဒီနေ့လာကြည့်တဲ့အထိ ဒီအဖြစ်အပျက်တွေ တောက်လျှောက်ဖြစ်လာအောင် နင့်ကိုမွေးခဲ့တာလည်း နင့်အမေရဲ့အမှား"

"တော်စမ်းပါဗျာ၊ ခုချင်းကပ်ရပ် ကျတယ်ဆိုတာကတော့တိုက်ဆိုင်မှုသက်သက်ကို ဟုတ်ကိုမဟုတ်တော့ဘူးဗျာ"

"မဟုတ်ရင် ငါက ဘာလုပ်တာလဲ၊ နင်နဲ့အရမ်းတွေ့ချင်လို့ပေါ့ ... ဟုတ်လား"





"ဒေါ်သစ္စာရှင်၊ ခင်ဗျား လည်တယ်ဆိုတာ ကျော်စွာညို အိပ်ချင်လို့ သမ်းနေသလောက် ရှိပါသေးတယ်ဗျာ"

"နင် ဒီခုံမှာ ထိုင်မယ်လို့ ငါက သိထားတယ်ပေါ့"

"အဟားဟား ... တော်ပါပြီဗျာ၊ ဒီမှာ ငြိမ့်ခင်လေးလည်း ပါနေတော့ ကျွန်တော် ပြောချင်တိုင်း မပြောတော့ပါဘူး၊ ငြိမ့်ခင်လေးကို အားနာလို့"

"တော်ပါသေးရဲ့၊ နေရာယူကတည်းက ငြိမ့်ကို မတော်တဆ အဲဒီဘက် ထားမိလို့၊ ငြိမ့် ဒီဘက်ထိုင်မိပြီး ငါသာ အဲဒီမှာ ထိုင်နေတာဖြစ်ရင်တော့ နင် ဘယ်လောက်တောင်များ ငါ့ကို ပြောလိုက်မလဲဆိုတာ"

"ဟင့်အင်း မပြောပါဘူး၊ ခင်ဗျားက Tom boy ကြီးပဲ"

ငြိမ့်သည် အလယ်ကနေရင်း ကျော်စွာညို့ ဟန်နဲ့အားကြောင့် မရယ်ဘဲ မနေနိုင် ရယ်မိလေသည်။ အဲဒီ ကျော်စွာညိုတစ်ယောက်ဟာ သစ္စာကို ဘာကြောင့်များ ဒီလောက်တောင် ချစ်ချင်ရတာလဲ။ တကယ်ပဲ အယုံအကြည် ကင်းမဲ့တာလား။

"နင်နော် ... သေမယ် ကျော်စွာညို၊ နင် ဒီလောက်တောင် ငါ့ကို ပမာမခန့် ပြောဆိုနေစရာ မလိုဘူး၊ ငါသိပ်သည်းမခံနိုင်တော့ဘူး၊ အနံကယ့်မျက်နှာ ထောက်နေတာက ပိုပြီး ပြောရဲစရာ ဖြစ်ဖြစ်လာတယ်၊ ငါ နင့်ကို အနံကယ်နဲ့တိုင်ရလိမ့်မယ်"

www.burmeseclassic.com



"အလုပ်ခွင်မှာမှ မဟုတ်ဘဲ၊ အပြင်မှာ ခင်ဗျားကို ကျွန်တော် ဘာပြောပြော ပြောခွင့်ရှိတယ်"

ရုတ်တရက် အလံတော် လွှင့်ထူလာ၍ ပြောလက်စ ပြတ်ကာ အားလုံး ထရပ်လိုက်ကြရပါသည်။ ပြန်အထိုင်တွင် ...

"ငြိမ့်ခင်လေး၊ ခင်ဗျား သူ့ကိုသိပ်မယုံနဲ့၊ သူက သိပ်မလွယ်ဘူး၊ ခင်ဗျား သတိသာထားပေတော့"

ကျော်စွာညိုဟာ သစ္စာ မကြားအောင် ပြောတာလည်း မဟုတ်။ ကြားကိုကြားအောင် ပြောတာ။ ငြိမ့်မှာ ကြားကအနေရ တွေ ခက်နေခဲ့ပါသည်။





၆

"ငြိမ့် အရင်က ငြိမ့်ဒီလိုမရစ်တတ်ပါဘူး ငြိမ့်ရယ်၊ ဘာ စိတ်ကူးတွေပေါက်ပြီး ကိုယ့်ကို ရစ်နေရတာလဲ"

"ဟင့်အင်း ... ငြိမ့်မေးတာသာ ဖြေပါ"

သက်ထင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"တစ်လတစ်ကြိမ်ပဲ သုံးရက်လောက် လာရတော့ ရန်ကုန် ကို အလုပ်ကိစ္စ ပေါ်တယ်လည်းဆိုရော လိုက်ချင်လွန်းလို့ လူကြီးကို မျက်နှာချိုသွေးလိုက်ရတာ၊ ကိုယ့်ကိုခိုင်းဖို့အရေး တောင်းတောင်းပန်ပန်နဲ့ ခိုင်းခိုင်းရတာ၊ ဒီလည်းရောက်ရော သူက ရစ်ဖို့အသင့်"

"ဟိုအပတ် ကိုလေး ဖုန်းဆက်ကတည်းက ငြိမ့် ပြောသားပဲ၊ ကိုလေးကို မေးစရာရှိတယ်လို့"

"အင်းလေ ... ဟုတ်ပါတယ်၊ ဒါမျိုးကြီးတွေ မေးမယ် ဘယ်ထင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဒါမျိုးကြီးတွေလဲ၊ ရိုးရိုးမေးခွန်းပဲလေ၊ ဘာဖြစ်လို့လဲ၊ ကိုလေးကလည်း ရှိတယ် မရှိဘူး ရက်စ်နိုး ဖြေလိုက်ရုံပဲဟာ"

သက်ထင်သည် စိတ်တွေရှုပ်ပြီး ရယ်လည်းရယ်ချင်လာကာ ...

"ဘာရယ် ... ဘာစံပယ်ဖူး ! ပြန်ပြောပါဦး"

"ဘဝမှာ ပထမဆုံး ဖူးခဲ့တဲ့ စံပယ်ဦး"

"ပထမဆုံး နမ်းရှိုက်ခဲ့ရတဲ့ စံပယ်ဦး တို့ကိုဘယ်တော့မှ မမေ့နိုင်ပါဘူး ဆိုတာက တဂိုးရဲ့ကဗျာတွေထဲကပါ၊ ကိုယ်လည်း ကြားဖူးနေပါတယ်ကွာ"

"ဘယ်ထဲကပဲ ဖြစ်ဖြစ်လေ"

သက်ထင်သည် နဖူးတစ်ချက်ကုတ်ရင်း ...

"အဲဒီအမျိုးသမီးက သူ့ကိုယ်သူ ဆရာမကြီးလိုလို သမ္မာကြီးလိုလိုနဲ့ ဂေါက်တောက်တောက် လျှောက်ပြောနေတာဖြစ်မှာပေါ့၊ သူပြောတာ အတည်ယူပြီး ရည်းစားကို ပြန်ရစ်နေရတယ်လို့ ငြိမ့်လေးရယ်"

"ဒါပေမဲ့ သူ့စကားက သိပ်ယုတ္တိရှိနိုင်လို့တယ်၊ ကိုလေးဟာ အသက်နှစ်ဆယ့်ငါးနှစ်အထိ ဘယ်မိန်းကလေးနဲ့မှ ချစ်သူမဖြစ်ခဲ့ပါဘူး၊ ရည်းစားမထားခဲ့ပါဘူး ဆိုတာကို ငြိမ့်လက်ခံယုံကြည်ပါတယ်၊ ဒါပေမဲ့ လူပျိုပေါက်ဘဝလောက်ကနေ





အသက်အစိတ်အထိ ဆယ်နှစ်ကျော်ကြီး ဖာစ်ကြိမ်မှ ရင်မခုန်ခဲ့ဘူး၊ မသာယာခဲ့ဘူး ဆိုတာတော့ မဖြစ်နိုင်တော့ဘူးလို့ ထင်တယ် ...

ဒါတွေးကြည့်လိုက်ရင် ရိုးရိုးကိစ္စလေးတစ်ခုပါ၊ ငယ်ဘဝမှာ ရင်ခုန်မိခဲ့တဲ့ကိစ္စက ယောက်ျားလေးတိုင်းမှာရှိမှာပဲ၊ ကိုလေးရဲ့ အဲဒီကိစ္စကို ငြိမ့်သိချင်တယ်၊ ငြိမ့် မသိရဖူးသေးဘူး"

"ကျွတ် ... ပြဿနာပါပဲကွာ"

သက်ထင်သည် စိတ်ရှုပ်စိတ်အိုက်ကာ သက်ပြင်းချပြင်းပြင်း မှုတ်ထုတ်လိုက်မိပါသည်။ ရန်ကုန်ကို တစ်ရက်နှစ်ရက် ရသလောက် ပြန်လာပါတယ်၊ နေရင်းထိုင်ရင်း အမှုတွဲနဲ့မှ တိုးနေသည်။

"ဘာမှပြဿနာမရှိဘူး၊ ပြောပြလိုက်ရုံလေးပဲ၊ ကိုလေးရည်းစားထားခဲ့ဖူးတာလည်း မဟုတ်ဘူး၊ မပြောဘဲ အဲဒီလိုဖြစ်နေတာကိုက စဉ်းစားစရာ တွေးစရာ ဖြစ်လာမှာ"

"ဘာမှမှ ရေရေရာရာ မရှိတဲ့ဟာ၊ ဘာကို ပြောရမှာလဲ"

"အဲဒီမရေရာတဲ့ ကိစ္စလေးတွေကိုပဲပြော"

"ဘယ်လိုလုပ်ပြီး မှတ်မိတော့မှာလဲ ငြိမ့်ရာ၊ ဒုက္ခပဲကွာ"

"မမှတ်မိလောက်စရာ ကိစ္စမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိလောက်စရာပဲပေါ်၊ ပေါ့တီးပေါ့ဆတွေဥစ္စာ၊ ဘယ်သူက မှတ်ထားမှာလဲ"

သက်ထင် အသံက စိတ်မရှည်သံ ပေါက်လာပါသည်။ ငြိမ့်က သက်ထင်ကို အသာအယာလေး လှည့်ကြည့်လိုက်ရင်း ...

"အဲဒါက ရှိတယ်ဆိုတာ ကိုလေး ဝန်ခံတာပေါ့နော်"

"ကျွတ် ... အလကားဟာကွာ၊ အဲဒါ ငြိမ့် သက်သက်ကိုယ့်ကို ပြဿနာရှာတာပဲ၊ ငြိမ့် တစ်ခါမှ အဲလိုမလုပ်ဖူးဘူး၊ အဲဒါ ဟိုမိန်းမကြောင့်ပဲ၊ အဲဒီ သစ္စာရှင်ဆိုတဲ့မိန်းမ အာတွေချောင်ပြီး ဆရာမကြီးလုပ်ပြီး လျှာရှည်လို့ လျှောက်ပြောလို့ ငြိမ့်စိတ်တွေလည်း ဇဝေဇဝါနဲ့ နီးပြ လာတာ ...

တောက် ... အဲဒီအမျိုးသမီးတော့ မဟုတ်သေးဘူး ဘာတွေလျှောက်ပြောမှန်း မသိဘူး"

"သူက ဒီလိုပဲ ပြောလိုက်တာပဲလေ၊ ငြိမ့်က ချဲ့ပြီးတွေး ကြည့်လိုက်တာပေါ့"

ငြိမ့်က သစ္စာကို ကိုလေး အပြစ်ဖို့မည်စိုး၍ ကာကွယ်ကွယ် ဖာဖာထေးထေး ပြောလိုက်ပါသည်။

"သူပြောတာနဲ့ပဲ ကိုယ့်မှာ ရင်ခုန်တဲ့သူ ရှိခဲ့ဖူးရောလား"

"ကိုလေး ခုန ဝန်ခံပြီးပြီလေ"





"ဒါက အရေးမပါတာတွေပဲ"

"အရေးပါပါ မပါပါ ဖြစ်ခဲ့ဖူးတာက ဖြစ်ခဲ့ဖူးတာပဲ၊ ဒါပေမဲ့ ကိုလေး ငြိမ့်ကို တစ်ခါမှ ဖွင့်မပြော ဝန်မခံထားဘူး၊ အခု ငြိမ့် အတင်းမေးမှ သိရတာ၊ အဲသလို ယောကျ်ားလေးတွေရဲ့ ရင်ခုန်ဦးတွေဟာ များသောအားဖြင့် သူတို့ထက်ကြီးတဲ့ မိန်းမတွေ ဖြစ်တတ်ကြတယ်တဲ့၊ ကိုလေး ရင်ခုန်ခဲ့တဲ့ သူကရော ကိုလေးထက်ကြီးလား"

"ကျွတ် ... မဟုတ်တော့ဘူး၊ ဒီမိန်းမတော့ မဟုတ်တော့ဘူး"

"သူ့ကိုချည်းပဲ အပြစ်ဖို့မနေနဲ့၊ ကိုယ့်အပြစ်လည်း ကိုယ်မြင်ဦး"

"ကိုယ်က ဘာအပြစ်ရှိလို့လဲ"

"သူ ဘာပဲပြောပြောလေ ငြိမ့်ကတော့ ကိုလေး ပါးစပ်က 'ကိုယ် ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ရင်မခုန်ဘူး မသာယာဖူးပါဘူး၊ ငြိမ့်ကို ပထမဦးဆုံး ရင်ခုန်မိတာပါ'ဆိုတဲ့ စကားမျိုး ကြားချင်တာပေါ့၊ အဲဒီစကားကို ကိုလေး မပြောနိုင်တာဟာ သူ့အပြစ်မှ မဟုတ်တာ၊ သူ့ကြောင့်မှ မဟုတ်တာ၊ ကိုလေးကြောင့်ပဲလေ"

"ကိုယ်က ငြိမ့်ကိုမှ မညာချင်တာ၊ ကိုယ် အမြဲ ငြိမ့်ကို အမှန်တွေချည်း ပြောခဲ့တာ၊ တစ်ခါမှ မလိမ်ခဲ့ဘူး၊ ဒီမိ



www.burmeseclassic.com

www.burmeseclassic.com



တတ် ညာတတ်တဲ့သူ ဆိုရင်တော့ ငြိမ့် ကြားချင်တဲ့စကား
မျိုးကို ပြောလိုက်ပြီပေါ့”

ငြိမ့်သည် စိတ်တွေတိုကာ ...

“ကဲပါ၊ ဝေ့မနေပါနဲ့ ကိုလေးရယ်၊ ငြိမ့်မတိုင်ခင်ကလည်း
ရင်ခုန်ဖူးတယ်ပေါ့၊ ပြီးတာပဲ၊ အဲဒါ ဘယ်သူ့ကိုလဲ”

“အဲဒါကို ပြောတာပေါ့၊ ဘယ်လိုလုပ် မှတ်မိတော့မှာလဲ
ပြီးတော့ တစ်ယောက်တည်းကို သတ်သတ်မှတ်မှတ်
မဟုတ်တာ”

“အများကြီးပဲပေါ့”

“ကျွတ် ... ငြိမ့်ကလည်းကွာ၊ ဒီကိစ္စကြီးကို ရပ်ပစ်လိုက်
စမ်းပါကွာ”

ကိုလေး ဘယ်လိုပင် ညည်းညူ ညည်းညူ ငြိမ့်သည်
ဒီကိစ္စကြီးကို ရပ်လည်းမရပ်နိုင် မေ့လည်းမမေ့နိုင်ပဲ တနုံ့နုံ့
ကာနေသည်။ ငြိမ့်အဖို့ကတော့ ကိုလေးဟာ အချစ်ဦးလည်းအချ
ဦး။ ပထမဆုံး ရင်ခုန်စေတဲ့ ယောကျ်ားလည်း ယောကျ်ား
ကိုလေးထက်အရင် ရှေ့က ဘယ်သူ့ကိုမှ ငြိမ့် စိတ်မဝင်စား
ရင်မခုန်ဖူးခဲ့။ နယ်ကလာတဲ့ ရိုးရိုးအေးအေး ကုပ်ကုပ် မိန်းကလေး
တစ်ယောက်အဖြစ် ငြိမ့်က အင်မတန် ရိုးစင်းခဲ့သည်။

ငြိမ့်ရဲ့ ရုပ်ရည်သဏ္ဌာန်လေးကြောင့် ငြိမ့်ကို ချစ်ကြ
ကြိုက်ကြ စာပေးကြ လိုက်ကြ ယောကျ်ားတွေ အတော်များများ





ကြခဲ့ဖူးသားပင်။ တစ်ယောက်ကိုမှ ရင်လည်းမခုန်။ သာလည်း
သာယာ။ သံဘောကိုမကျ။ ငါ့နောက်ကို ဘာဖြစ်လို့ လိုက်နေ
ရတာတုန်းရယ်လို့ စိတ်တောင် တိုသေးသည်။ မျက်စောင်းတွေ
ထိုးရတာဆိုလည်း အခါခါ။

ဘယ်သူ့ကိုမှ မျက်နှာကြော လျှော့ခဲ့တာမဟုတ်။
ရင်ခုန်ဖို့ နေနေသာသာ မေမေ ဆုံးမလိုက်တဲ့ စကားများကြောင့်
န်ကုန်မှာရှိတဲ့ ယောကျ်ားမှန်သမျှတို့ဟာ ငြိမ့်တို့လို နယ်ကတက်
ာကြတဲ့ အစိမ်းအရိုင်း အရိုးလေးတွေကို ဒုက္ခပေးမယ့်သူချည်း
တ်ကာ အလကားနေရင်း ကြောက်နေတတ်ခဲ့တာ။

ငြိမ့်ဘဝမှာ ကိုလေးဟာ ပထမဦးဆုံး ရည်းစား၊
ချစ်ဦး။ ပထမဆုံး ရင်ခုန်သူ။ ပထမဆုံး စိတ်ဝင်စား စွဲလမ်း
သူ။ ဘယ်ဘက်က လှည့်ပတ်ပြောပြော ကိုလေးသာ ပထမဆုံးက
ထမဆုံးပဲ။ ကိုလေးကကျတော့ ဒီလိုမဟုတ်ခဲ့။ ဒီလိုမဟုတ်တာ
လည်း သစ္စာ တပ်လှန့်နားဖွင့်ပေးလိုက်မှ ငြိမ့် သိရတာ။

ငြိမ့်မျက်နှာသည် မကျေမချမ်း မှုန်နေသည်။

“ကိုယ် ခဏနေရင် ရုံးပြန်ဝင်ရဦးမယ်နော်၊ ဒီလိုပဲ မျက်
နှာကြီး ပုပ်သိုးပြီး ထိုင်နေတော့မှာလား”

“ကိုလေး ပထမဦးဆုံး ရင်ခုန်တဲ့သူဟာ ဘယ်သူလဲ ဆို
တာကို မသိရမချင်းပေါ့”

“မင်း ရူးသွားပြီလား၊ ငြိမ့်”

www.burmeseclassic.com



"ငြိမ့် မရှုးဘူး၊ ကိုလေးသာ ဝေ့နေတာ"

"ကိုယ် ဘာမှမဝေ့ဘူး၊ အဲဒါတွေလည်း မမှတ်မိတော့ဘူး၊ ဆယ်ကျော်သက် ယောကျာ်းလေးတစ်ယောက် ဘဝတုန်းက ရင်ခုန်လိုက်ရတယ်၊ စိတ်လှုပ်ရှားလိုက်ရတယ် ဆိုတာမျိုးတွေ ရှိခဲ့မှာပဲ။ အဲဒီလူကိုပဲ တန်းတန်းစွဲ ဆက်ဖြစ်နေတာ မဟုတ်တော့ ဘယ်လိုလုပ်ပြီးတော့ ရင်ခုန်သံတစ်ချက်ချင်းကို အမှတ်တရ လိုက်ဖြစ်နေရမှာလဲ၊ နှစ်တွေလည်းကြည့်ဦး၊ ဘာဆို ဘာမှမသိတော့ဘူး၊ ဘယ်မိန်းမတစ်ယောက်ကိုမှလဲ မစွဲလမ်းခဲ့ဖူးဘူး၊ အဲဒါ အမှန်ပဲ၊ အဲဒါကို ပထမဆုံး ရင်ခုန်တဲ့မိန်းမ ဆိုပြီး ပြဿနာလိုက်ရှာနေရင်တော့ အဲဒီပြဿနာက တက်ဖို့ပဲရှိတယ်၊ ဖြေလည်မှု မရှိဘူး ငြိမ့် ...

ကိုယ်တို့နှစ်ယောက် အသက်အရွယ်အားဖြင့် သင့်တင့်လျောက်ပတ်တဲ့ အချိန်မှာ တွေ့ကြတယ်၊ ချစ်ကြတယ် နှစ်ဖက်မိဘကိုလည်း အသိပေးထားတော့ တားဆီးကန့်ကွက်သူလည်း မရှိ၊ ပြေပြေလည်လည်ပဲ အသိအမှတ်ပြု ခွင့်ပြုထားကြတယ်၊ မပြေလည်တဲ့ ပြဿနာ ဘာမှမရှိဘူး

ဒီလောက် သာယာပြေပြစ် ချောမွေ့နေတဲ့ ကိုယ်တို့ရဲ့ အချစ်ရေး ရှင်းရှင်းလေးထဲမှာ တစ်ကြိမ်တစ်ခါမှ စကားအခြေအတင် ကတောက်ကဆဆောင် မဖြစ်ဖူးတာ။ ငြိမ့်





ငြိမ့်က သစ္စာရှင်ရဲ့ စကားတွေ အာဘော်တွေ ခေါင်းထဲ အတော်စွဲစွဲမြဲမြဲ ဖြစ်နေလို့ စိတ်ရှုပ်စရာတွေ ပေါ်လာတာ၊ ငြိမ့် ခေါင်းအေးအေးနဲ့ ပြန်စဉ်းစား၊ ငြိမ့် အဆောင်တွေ နေဖူးလှပြီ၊ အခန်းဖော်တွေထဲမှာ ငြိမ့်ကို သူ့လောက်လွှမ်းမိုးနိုင်တဲ့သူ ကိုယ် မတွေ့ဖူးသေးဘူး"

"သူက ငြိမ့်ကို မလွှမ်းမိုးပါဘူး၊ ငြိမ့်ဆန္ဒကို ဦးစားပေးပါတယ်"

"ဆန္ဒကို ဦးစားပေးတာက အဲဒါ ငြိမ့်ကို သူပေါင်းနေတာ၊ လွှမ်းမိုးတယ် ဆိုတာက ဗိုလ်ကျနေမှ အနိုင်ကျင့်နေမှ လွှမ်းမိုးတယ် ခေါ်တာမဟုတ်ဘူး ငြိမ့်၊ ငြိမ့်ခေါင်းထဲ သူ့အတွေးအခေါ်တွေ ဖြည်းဖြည်းချင်း ဝင်လာတာ၊ သူမှန်တယ်ထင်ထင်လာတာ၊ သူ့အပေါ် အထင်တွေ ကြီးကြီးလာတာ၊ အဲဒါ သူ ငြိမ့်ကို လွှမ်းမိုးသွားတာပဲ"

ငြိမ့်သည် သူ့ကို ဒီလိုဝေဖန်တာကို မကြိုက်ပေ။ သူတစ်ပါးရဲ့ လွှမ်းမိုးခံရတယ်ဆိုတော့ ညံ့ရာကျသည်။

"ဟင့်အင်း ... ငြိမ့်ကို သစ္စာက မလွှမ်းမိုးပါဘူး၊ လွှမ်းမိုးချင်း လွှမ်းမိုးရင် ငြိမ့်ကသာ သူ့ကိုလွှမ်းမိုးတာပဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ အရင်က မစားဘဲ ငြိမ့်စားတဲ့ အစားအသောက်တချို့ကို လိုက်စားရင်း သူပါကြိုက်လာတယ်၊ ဥပမာ သူက အစပ်မစားဘူး၊ ငြိမ့်အစပ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တော့ သူက ဟင်းကို ခပ်စပ်စပ် ချက်ပေးပြီး သူပါ လိုက်စားတာ မျက်ရည်တွေ ဘာတွေလည်လို့၊ နောက်တော့ သူပါ အစပ်ကြိုက်သွားတယ်၊ အဲဒါမျိုး ကိုလေးရဲ့ ...

သူက မနက်အစောကြီး ဘယ်တော့မှ မထဘူး အခုတော့ ငြိမ့်က အစောကြီးထ၊ ဘုရားရှိခိုးတော့ သူလည်း နိုးပြီး သူပါလိုက်ရှိခိုးရင်း သူပါ စောစောထတဲ့ အကျင့် ရသွားပြီ"

သက်ထင်က ငြိမ့်ရဲ့မျက်နှာကို စိုက်ကြည့်နေမိပါ သည်။ ငြိမ့်ဟာ ဟိုအမျိုးသမီးကို အတော်ကို ကျနေတာပါလား လို့ သဘောပေါက်လိုက်ရပါသည်။ သစ္စာရှင်ကို အဆောင်လာ တုံးတုန်းကတစ်ခါ၊ ဒီကြားထဲ ငြိမ့်ကို အိမ်ပြန်ပို့ပေးရင်းတစ်ခါ နှစ်ခါသာ တွေ့ဖူးတဲ့ သက်ထင်က သူမဟာ ပါးနပ်ရင့်ကျက်တဲ့ ဆရာမကြီး ဒီဇိုင်းရှိတဲ့ အမျိုးသမီးတစ်ဦးလို့ အကဲတော်မိပါသည်။

အခု ငြိမ့် ပြောသလို ငြိမ့်ငရုတ်သီးစားလို့ လိုက် စားတာ၊ ငြိမ့်အိပ်ရာထသလို လိုက်ထတာတွေဟာ ငြိမ့်က သူ့ အပေါ် လွှမ်းမိုးနိုင်တာ မဟုတ်ဘဲ သစ္စာရှင်ရဲ့ ပေါင်းသင်းဆက် ရေး "နပ်" မှုသာ ဖြစ်သည်လို့ သက်ထင်က ကောက်ချက်ချပေမယ့် ငြိမ့်ကတော့ သူက လွှမ်းမိုးနိုင်တယ်ရယ်လို့ ကျေနပ်နေသည်။

ဤသို့ ထင်မြင်ကျေနပ်နေတာကိုက ငြိမ့် မပါးနပ် သေးတာ။ ငြိမ့် မလည်သေးတာ။ တကယ်တော့ ငြိမ့်က အ





အ,ကလေးသာ ဖြစ်ပါသည်။ အဲသလို အရိုးအ,အကလေးမို့ ည်း သက်ထင် ချစ်ခဲ့တာ။ သက်ထင်ရဲ့အမေတို့ ညီမတို့ဟာ ည်း ငြိမ့်ရဲ့ ရိုးသားအေးချမ်း သိမ်မွေ့မှုကလေးကိုပဲ မေတ္တာ က်ဝင်ကြတာ။

ခုတော့ ထိုအရိုးခံကလေးက သူ့ကိုယ်သူ ဟုတ်လှ ထင်နေသည်။ တောက်လျှောက် အဆောင်နေလာတာ သူ့ ပေါ် အနိုင်ကျင့် ဗိုလ်ကျသူ စီးတဲ့သူချည်းကိုသာ ကြုံခဲ့ရတဲ့ မ့်ဟာ သူ့ကိုရှေ့တင်ပြီး သူလုပ်သလို လိုက်လုပ်နေတဲ့အဖော် တွေ့တဲ့အခါ ဟယ်ဟုတ်တဲ့ငါလို့ ဘဝင်ခိုက်နေပါသည်။

သစ္စာရှင် ဆိုတဲ့ အမျိုးသမီးဟာ တမင်တကာ ငြိမ့် ပါးပါးနပ်နပ် ပေါင်းယူနေတာပဲလား။ ဒါမှမဟုတ် ခင်မင်ရင်း တ်ရင်းနှင့် ရိုးရိုးသားသား ငြိမ့်စိတ်ကြိုက် ငြိမ့်အလိုကိုလိုက် ာလား မပြောတတ်ပါ။ ငြိမ့်ကို ပါးပါးနပ်နပ်နဲ့ တမင်ပေါင်း နေတယ် ထင်ရအောင်ကလည်း ငြိမ့်ကိုပေါင်းလို့ ဘာအကျိုး မိုလဲ။

ငြိမ့်က သူဌေးမကလေးလည်း မဟုတ်။ ကပ်စားလို့ ည်းမရ။ ချူစရာလည်းမရှိ။ ငြိမ့်ထံမှ အကျိုးဖြစ်ထွန်းစရာဆို ဘာမှမျှော်လင့်စရာရှိတာမှ မဟုတ်တာ။ တစ်စုံတစ်ရာအကျိုး မျှော်ကိုး၍ အကြိုက်ဆောင်ကာ ပေါင်းသင်းနေတယ်ရယ်လို့ ခဲ့ဖို့ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ယေဘုယျသဘော တွေးရလျှင် သစ္စာရှ
ဟာ ငြိမ့်ရဲ့ ရိုးအေးပုံကလေးကို (သက်ထင်တို့မိသားစုလိုပဲ)ရိုး
သားသား ချစ်ကိုချစ်လို့ ခင်ကိုခင်လို့ ပေါင်းနေတာသာလျှ
မှတ်ချက်ချရတော့မှာပင်။

"အင်းလေ ... ငြိမ့် သူ့ကို ခင်တယ်မဟုတ်လား။ သူ
နေရတာလဲ စိတ်ချမ်းသာမှု ရှိတယ်မဟုတ်လား"

"ခင်တယ် ... ရှိတယ်"

"ဒါဆိုရင် ပြီးတာပဲ၊ သူကလည်း ငြိမ့်အပေါ် မကောင်း
တာမှ မဟုတ်တာ၊ ကောင်းနေတာပဲ မဟုတ်လား"

"အရမ်းကောင်းတာ၊ သူက သူ့ကုမ္ပဏီမှာ မန်နေ
ရာထူးလည်း ကြီးတယ်၊ လခလည်းကောင်းတယ် ကို
ရဲ့၊ ပြီးတော့ သူတို့က မော်လမြိုင်မှာ ပိုက်ဆံလည်းရှိတ
ပိုက်ဆံသုံးနိုင်တယ်၊ ဝင်ငွေကလည်းကောင်းတော့ ငြိမ့်
အမြဲညာတယ်၊ ဈေးဝယ်ပြီး ဟင်းချက်စားရင် နှစ်ယော
ပြန့်ရှယ်တဲ့အခါ ငြိမ့်ကို သားငါးဖိုးနဲ့ ဆန်ဖိုးပဲ တစ်
ထည့်ခိုင်းတာ"

"တခြား ဘာရှိသေးလို့လဲ"

"ဆီ ဆား ရေတော်ကြက်သွန်တွေ ရှိသေးတာပေါ့၊
တွေက သူ့ဟာသူ ဝယ်ထားပြီး ဒီလိုပဲ ထည့်သုံးနေ
ပေါ့၊ ဟင်းဆိုလည်း သူ နိုင်ခံချက်တာ များတယ်။ ဒီ





ထဲ ငြိမ့် ခေါင်းကိုက်ရင် ဇက်ကြောတက်ရင် နှိပ်ပေးပြီး
ပြုစုသေးတယ်"

"လူမှ ဟုတ်သေးရဲ့လား ငြိမ့်ရယ်"

"ကိုလေးနော်"

"မသိဘူးလေ၊ မိုးပေါ်ကကျလာတဲ့ ကယ်တင်ရှင်နတ်သမီး
လား၊ လမုသီးလေးထဲက ထွက်လာတဲ့ လမုမင်းသမီးလေး
လားလို့လေ"

"ကိုလေးက တမင်ငေါ်ပြီး ပြောနေတာပေမယ့် တကယ်
တမ်းလည်း သစ္စာက အဲသလိုပဲ ဖြစ်နေတာ၊ သစ္စာက သူ
တစ်ပါးအတွက် အောက်ခြေသိမ်း အရမ်းသိတတ်တယ်"

အလွန်ပင် အကောင်းထင် အကောင်းမြင်နေတဲ့
ညီကြောင့် သက်ထင် သက်ပြင်းကိုသာရှိုက်မိရုံကလွဲ၍ ဘာမှ
မပြောနိုင်။ သူ အတော်ကြည်ညိုနေတဲ့ သစ္စာရှင်ဟာ ခုလည်း
သူ့အပေါ် ကောင်းနေသလို နောက်လည်း ကောင်းနိုင်ပြီး မပြောင်း
သွားပါစေနဲ့လို့ပဲ ဆုတောင်းရတော့မလို ရှိတော့သည်။

❀ ○ ❀

www.burmeseclassic.com

www.burmeseclassic.com



"တီ တီ ... တီ တီ"

အတော်စောင့်မျှော်ခဲ့ရတဲ့ ဖုန်းခေါ်သံက ညရှစ်နာ ခွဲမှပဲ ပေါ်လာပါသည်။ သစ္စာရှင်က စိတ်တိုတိုနှင့် ဖုန်းကိုကောက် ကိုင်ဖွင့်ကာ ...

"ဟယ်လို"

"ဟား ... အော်လုချည်လား၊ ဘယ်လိုဖြစ်တာလဲ"

"ကဲ ... ပြော ... ဘာလဲ ညကြီးမင်းကြီး"

သစ္စာရှင်ရဲ့ အသံကျယ်ကျယ်က သုံးထပ်သားအခန်း ကန့်ရဲ့ အပေါ်ဘက် ကြွက်တူရွေးတန်းလေးတွေ ကြားက တစ်ဖက်ခန်းထဲ အတိုင်းသား လိမ့်ဝင်နေပါသည်။ အိပ်ရာဝ လဲပြီး မီးအုပ်ဆောင်းနှင့် မဂ္ဂဇင်းဖတ်နေတဲ့ ငြိမ့်အတွက် တစ် မကျန် ကြားနေရပါသည်။

"ဟာ ... ခင်ဗျားကပဲ ညကြီးမင်းကြီးတွေ ဘာတွေပြော နေရသေးတယ်၊ ညကျရင် ဖုန်းဆက်လိုက်၊ အရေးကြီးတယ် လို့ ပြောတာ ဘယ်သူလဲ"

"အေးပါ၊ ငါ သိပါတယ်"

"ဘာသိဘာလဲ"





"အေးအေးသက်သာ ပြောစမ်းပါ ကျော်စွာညိုရယ်၊ နင့်ဆီကနေ ဘယ်သူကမှ လုမနေပါဘူး"

"ဘာကိုလဲ၊ ခင်ဗျား ဘာတွေပြောနေတာလဲ"

"နင်တစ်ယောက်တည်း လုပြောနေတာကို ပြောနေတာ"

"ဘယ်မှာလုပြောနေလို့လဲ"

"ကဲ ... ပြော၊ နင့်စာအုပ်တွေက ဘာစာအုပ်တွေလဲ"

တစ်ဖက်ခန်းမှ ငြိမ့်သည် သစ္စာရှင်ရဲ့စကားသံတွေ ကို အလိုလို နားစွင့်နေမိရင်းက ဖတ်လက်စမဂ္ဂဇင်းကိုပါ ခဏ ထားလိုက်မိပါသည်။

"ဘာစာအုပ်တွေကို ပြောနေတာလဲ"

"အေးလေ ... ဘာစာအုပ်တွေ ရှိတာလဲလို့ မေးနေတာ"

"ခင်ဗျား ဘာအကွက်တွေ ဖန်နေတာလဲ မသစ္စာ၊ ရိုးကော ရိုးရဲ့လား"

သစ္စာသည် ကျော်စွာညို လက်သုံးစကား ရိုးကော ရဲ့လားကို ရယ်ချင်လာပါသည်။ သူကလည်း ဒါပဲမေးနေကျ။ ... ငါကလည်း ဘယ်တော့မှ မရိုးဘူးဟေ့၊ မှတ်ထား။

"နင် ငြိမ့်ကို ငှားမယ်ဆိုတဲ့ စာအုပ်တွေလေ၊ အဲဒါတွေကို ပြောပေါ့"

"အဲဒါက ကျွန်တော်က ပြောရမှာလား၊ ကျွန်တော်က သူ့ကို ကျွန်တော့်စာအုပ်တွေ ငှားဖတ်ပါခင်ဗျား၊ ငှားဖတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ သိပ်ငှားချင်ပြီး တောင်းတောင်းပန်ပန် ပြောနေရှာ မို့လို့လား၊ သူ ဖတ်ချင်တာကို သူပြောပေါ့၊ ရှိရင်ငှားပါမယ် လို့ ခင်ဗျားကို ကျုပ်ပြောပြီးသားပဲဟာ"

"အေးဟယ်၊ နင် ငြိမ့်နဲ့ပဲ တိုက်ရိုက်ပြောလိုက်၊ ကိုင်ထားဦး"

ထို့နောက် သစ္စာသည် ဟဲန်းဒ်ဖုန်းလေးကို စကား မဝင်အောင် လက်နှင့်အုပ်ကိုင်ပြီး ငြိမ့်အခန်းဘက် ကူးလာကာ

"ငြိမ့်ရေ"

"ရှင်"

"ရော့ပါဟယ်၊ တိုက်ရိုက်သာ ပြောလိုက်စမ်းပါ"

"အာ ... ဘာကိုလဲ ဘာပြောရမှာလဲ"

"သူ့ကို နားငြီးလွန်းလို့ဟ၊ ငြိမ့် ဘာဖတ်ချင်လဲမေးရင် ဦးစံရှားပေါင်းချုပ်လို့သာ ပြောလိုက်တော့၊ အဲလိုမှ မပြော ရင် ငှားမဖတ်ရင် ပြီးမှာမဟုတ်ဘူး၊ တကျီကျီ တကျ နဲ့ စိတ်ရှုပ်လွန်းလို့ပါ"

ငြိမ့်သည် သစ္စာ အတင်းလာထိုးထည့်သွားသော ဖုန်းလေးကို လက်ထဲဆုပ်ကိုင်ကာ ရှုံ့မဲ့လေးနှင့် စိတ်ကျဉ်းကျ နေပြီးမှ ...

"ဟယ်လို"

ငြိမ့်အသံလေးဟာ တိုးတိမ်နေသည်။ တစ်ဖက် ယောကျ်ားလေးတစ်ယောက်က ကိုယ့်အပေါ် အထူးပျူငှာနေ





တနာပိုနေတာတွေဟာ နေ့ရခက်စရာ မဟုတ်လား။ ကျွန်မမှာ သူရှိပါတယ်လို့ ပိတ်ပြောလိုက်ဖို့ရာကလည်း တစ်ဖက်က မှလဲ ပြောတာ မဟုတ်ဘဲနဲ့။ ချစ်ရေးဆိုလာရင်တော့ ငြင်းလို့ ။

ဘာမှလဲ မပြောဘဲ အရိပ်အယောင်လေးသာ မသိ သာ ကျဲပါးပါး စတင်စပြုတဲ့သူကို ကျွန်မမှာ ချစ်သူရှိတယ် ပြောလျှင် "ဘယ်သူက ဘာပြောနေလို့လဲ"ဆိုတာမျိုး ပြန် ပေါ်တူးသွားရင် ဘယ်လိုလုပ်မလဲ။ တစ်ဖက်က ဘာမှမသိသာ ပ်ရှားသေးပဲ ကိုယ်က သိသယောင် ရိပ်မိသယောင် ဖြစ်ရမှာ ရှက်စရာကောင်းတာ။

"အား ... ကြည့်စမ်း၊ ဒီမိန်းမကြီး ငြိမ့်ခင်လေးကို တကယ် ဖုန်းပေးလိုက်တာကိုး"

"ဟုတ်ကဲ့"

"ဆောရီးပါဗျာ၊ ငြိမ့်ကို ခေါ်ပေးဖို့ ကျွန်တော်မပြောပါဘူး၊ ငြိမ့်ဖတ်ချင်တဲ့ စာအုပ်ကို သူကတစ်ဆင့် လှမ်းပြောလိုက် လည်း ရပါတယ်၊ ခုတော့ အားနာစရာကြီး ဖြစ်တာပေါ့"

"ကိစ္စမရှိပါဘူး ကိုကျော်စွာညို"

ကျော်စွာညိုသည် ရှုံးမှာ တတွတ်တွတ် ပြောနေတတ် သစ္စာရှင်ရဲ့ စကားတွေကို ပြန်ကြားယောင်လာပါသည်။ ငြိမ့် သားဟာ သူ့ကို စာအုပ်ငှားဖို့ ကျော်စွာညို့ကို တောင်းဆိုပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့အကြောင်းပဲ သူ့ကို နေ့စဉ်နှင့်အမျှ ပြောနေတာတဲ့။ သူကလည်း ငှားပေးပါမယ်လို့ ကြားကနေ ကတိကဝတ်တွေ ခံထားသတဲ့...

ကျော်စွာညို့ အကြောင်း စကားစပ်ပြီး အိမ်မှာပြော... မိရင် ငြိမ့်ခင်လေးဟာ ပြုံးစိုက်ပြီး မျက်တောင်မခတ် စိတ်ဝင်စား... တာတဲ့။

"ငါက ကောင်မလေးကို သနားလို့ နင့်မကောင်းကြောင်း တွေပြောပြီး အပုပ်ချပေးရတယ်၊ သူက နင့်ရုပ်ကလေး... ကြည့်ပြီး ချွေမင်းသားလေး ထင်နေတာ။ အောက်မှာတိ... ခေါင်းဆိုတာ ပြောထားရတယ်"တဲ့။

"ခင်ဗျား နေရင်းထိုင်ရင်း ကျွန်တော့်မကောင်းကြောင်းတွေ... တခြားမိန်းကလေးကို လျှောက်ပြောစရာ မလိုဘူးနော်"

"နင်မှ မကောင်းတာ၊ ငြိမ့်က အရိုးခံ အတုံးအအေးလေး... နင့်ကိုမှ လာစွဲလမ်းနေတာ ကံဆိုးတာပေါ့၊ ဒါကြောင့် ငါ... က အရှိအတိုင်းသိအောင် လုပ်ပေးရမှာပဲ၊ နင်မကျေနပ်... ရင် နင့်ဘာသာ သူနဲ့စကားပြောခွင့်ရအောင်လုပ်ပြီး ... ရှင်းတော့"တဲ့။

"ငြိမ့်ကို ဒေါ်သစ္စာ ဘာတွေပြောလဲ"

"ဘာကိုပြောတာလဲ ကိုကျော်စွာညို"

"ဪ ... ကျွန်တော့်မကောင်းကြောင်းတွေပြောရင် ... နဲ့လို့"





"အဟင်း ဟင်း"

ငြိမ့်က ရယ်မိသည်။

"သူက ကျွန်တော့်ကိုဆို နေရင်းထိုင်ရင်း သိပ်ဖိနှိပ်ပုတ်ခတ်ချင်တာ၊ သူ့ပြောစကားတွေ အဟုတ်ထင်နေဦးမယ်"

"သစ္စာက ကိုကျော်စွာညို အကြောင်း မကောင်းမပြောပါဘူး"

"မယုံပါဘူးဗျာ"

"တကယ်ပါ၊ အကောင်းပဲ ပြောတာပါ"

"အကောင်းပြောနေရင်လည်း တစ်မျိုးကြောက်ရတယ်၊ သူက စိတ်မှန်တာ မဟုတ်ဘူး၊ ဂေါက်"

"ပြောလိုက်ရမလား"

"ပြောရင်လည်း ပြောဗျာ၊ တစ်ခါတစ်ခါ စိတ်ပျက်လွန်းလို့ အလုပ်တောင် မသွားချင်ဘူး၊ ဦးလေး ဆုမှာစိုးလို့သာ၊ သူနဲ့ ချစ်ချစ်ခင်ခင် ပေါင်းနိုင်တယ်ဆိုရင် ငြိမ့်ကပေါင်းသင်းဆက်ဆံရေး လူမှုရေးမှာ ထူးချွန်လို့ပဲဗျ"

"အဟင်း ဟင်း"

"ငြိမ့် ဘာစာအုပ်ဖတ်ချင်လဲ၊ ကျွန်တော်ကလည်း တအားအများကြီး ရှိလို့တော့ မဟုတ်ပါဘူး၊ စာဖတ်ဝါသနာပါတဲ့လူချင်းဆိုတော့ ငှားချင်ပါတယ်"

"ငြိမ့် ဦးစံရှားပေါင်းချုပ် အရင်ဖတ်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ဒါဖြင့် ကျွန်တော် အဲဒီစာအုပ် မသစ္စာနဲ့ ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့၊ ရပါတယ်"

"တခြားရော ဘာစာအုပ် ဖတ်ချင်သေးလဲ"

"ငြိမ့်က စာဖတ်ဝါသနာပါတာ ဆိုတော့ ဘာစာအုပ်မဆို ရရင်ဖတ်ချင်တာပါပဲ ကိုကျော်စွာညိုရယ်၊ တန်ဖိုးထား စုဆောင်းထားတဲ့သူ အဖို့တော့ ငှားရမှာ နှမြောနေမလား စိုးရိမ်တာ တစ်ခုပါပဲ"

"ကျွန်တော်က ကျွန်တော့်စာအုပ်ကို ငှားပြီး တစ်ခါပျောက် ပစ်ဖူးရင် ဒါမှမဟုတ် တစ်ခါ စုတ်ပြဲပစ်ဖူးရင် နောက် တစ်ခါ မငှားတော့ဘူး၊ ရိုရိုသေသေ ဖတ်ချင်တဲ့သူကိုတော့ အမြဲ ဝဲလ်ကမ်းပါ မနှမြောပါဘူး"

မမျှော်လင့်ဘဲ ထိုညက ကျော်စွာညိုနှင့် ငြိမ့်တို့ နာရီဝက်ကျော်အောင်ကို စကားလက်ဆုံ ကျလိုက်မိပါသည်။ ကိုယ့်အပေါ်ကျတော့ သစ္စာ အပေါ်လို မဟုတ်ဘဲ ယဉ်ယဉ်ကျေး ကျေးရှိတဲ့ ကျော်စွာညိုကိုလည်း ခပ်လန့်လန့်ရှိရာမှ ငြိမ့်က အနည်းငယ် ရဲတင်းရင်းနှီးလာမိပါသည်။

❦ ○ ❦





❦ ၇ ❦

ထိုတစ်ရက်ကတော့ အပြင်မှာ မိုးကနဲ့ခပ်ဖွဲဖွဲရွာ နေပါသည်။ အိုဗာတိုင်ဆင်းရပြီး ပြန်လာတဲ့ ငြိမ့်ဟာ နံဘေးမှာ ...ပ်ဖော်ကိုင်ဖက် ခင်မင်သူ မမကြူနှင့်အတူ။ မမကြူနှင့် ငြိမ့် ... ဘတ်စ်ကား တစ်လိုင်းတည်း စီးရတာဖြစ်ရာ ရုံးနှင့် မနီး ...း ကားမှတ်တိုင်ကို အတူလျှောက်လာကြပါသည်။

ခါတိုင်းဆိုလျှင် အိုဗာတိုင်ရှိတာ ကြိုသိတဲ့ရက်တို့ ...င် အပျိုကြီး မမကြူက သူ့အိမ်ကကားကို သူ့ဟာသူ မောင်း ...ခဲ့တတ်သည်။ အိုဗာတိုင်မရှိရင်တော့ သူတို့နှင့်အတူနေ ဆယ် ...း:တွမရဲ့ ဝိုင်းကျူရှင်ဆရာ,ဆရာမများကို ပတ်ကြို့ရ ပို့ရ ...ှပ်နှင့် သိပ်မအားလပ်တတ်သော ကားနှင့်ဒရိုင်ဘာကို မမကြူ ... မသုံးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ အသွားကြီးရယ်၊ မမကြူရယ်၊ သူတို့ရဲ့ အသည်းကျော် တူမရယ် သုံးယောက်နေကြသော မိသားစုဖြစ်၍ တူမလေးကလည်း လိမ်လည်းလိမ္မာ၊ စာလည်းတော်။ အိမ်အဖော် အမျိုးသမီးတစ်ယောက်ရှိကာ အမေကိုလည်း စိတ်ချရ၍ မမကြူ က ရုံးအလုပ်ကို စိတ်ဝင်တစား အားစိုက်ခွန်စိုက် လုပ်တတ်သည်။ မန်နေဂျာရာထူး ရှိပေမယ့် ရိုးရိုးအေးအေးနှင့် သဘောကောင်းလှ ပါသည်။

"ကြည့်ပါဦးဟယ်၊ ဆေးခန်းကလည်း လူစည်ကားလိုက် တာ"

ငြိမ့်တို့ ရုံးအဆောက်အအုံနှင့် မလှမ်းမကမ်းမှာ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံရှိရာ ထိုရှေ့က ဖြတ်လျှောက်ရင်း စီတန်း ကျပ်ညပ်နေတဲ့ ကားတွေ လူတွေကို မမကြူက ငဲ့ကြည့်ကာဆိုသည်။

"မစည်ကားအပ်တဲ့ နေရာတွေ စည်ကားနေကြတာနော်"

"ဆေးရုံတွေလည်းများလာ၊ မကျန်းမာတဲ့ လူနာတွေလည်း များလာနဲ့နော် မမကြူ။ ဟိုအရင်ကဆိုရင် ငြိမ့်တို့ငယ်ငယ် က ဆေးရုံတွေလည်း အများကြီး မရှိပါဘူး၊ ဒါပေမဲ့ လူနာတွေက သူ့ဟာနဲ့သူ ကုသဖို့ ပြဖို့ လောက်ငရုံပါပဲ ခုတော့ ရောဂါတွေပဲ ထူလာကြတာလား မသိပါဘူး ဒီလောက်ကြီးတဲ့ ပုဂ္ဂလိကဆေးရုံကြီးတွေ တစ်ခုပေါ်ထား လိုက် လူပြည့်လိုက်ပဲနော်"





"အင်း ... လူဦးရေတွေလည်း တိုးတက်လာတာ ပါတာ ပေါ့၊ ရောဂါဆန်းတွေ ထူပြောလာတာလည်း အမှန်ပဲဟဲ့"

"ဒီဆေးရုံကြီးတွေ ကုသစရိတ် ဘယ်လောက်ကြီးကြီး လူတွေကတော့ လာပြနေကြတာပဲနော်"

စကားတပြောပြော လျှောက်လာကြတုန်း ငြိမ့်တို့ ရဲ့ရှေ့နား လျှောက်သွားနေတဲ့ ဂျင်းဘောင်းဘီနှင့် လူတစ်ယောက် ဟာ ဒိုက်စိုက် ဒိုက်စိုက် ယိုင်တိုင် ယိုင်တိုင် ဖြစ်သွားကာ ရှေ့ ကို အရှိန်မထိန်းနိုင်သလို လမ်းမပေါ် လက်ထောက် ဒူးထောက် ကျသွားပါသည်။

"ဟဲ့ ... ဟဲ့ ...၊ အမူးသမားဟဲ့"

မမကြူက ကြောက်သလို ခြေလှမ်းတွေကို ရပ်လိုက် သည်။ နေ့ဝင်ချိန် အလွန်တွေမှာ ကားမှတ်တိုင်တစ်ဝိုက် ဒီလိုပဲ အမူးသမားတချို့ တွေ့ရဖူးတတ်ပြီး မမကြူက အမြဲကြောက် တတ်၍ ငြိမ့်ကို ပြန်ပြီးအားကိုးတကြီး ရှိတတ်သည်။

ငြိမ်နှင့် မမကြူက ထီးကိုယ်စီနှင့်။ ရှေ့က အမူး သမားကတော့ လက်ထောက်ရက်မှ ကြိုးထဖို့ပြင်လိုက် ပြန်ယိုင် သွားလိုက်။ ထီးလည်းမပါ၍ စိုစွတ်စ ပြုလာသည်။ မိုးမှုန်လေးတွေက ဖွဲလေးတွေပေမယ့် အဆောင်းအကာ မပါပဲ ကြာတော့လည်း စိုလာရတော့သည်သာ။

"ဟိုဘက်က ကွေ့လျှောက် ငြိမ့်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"အမှုးသမားမှ ဟုတ်ရဲ့လားလို့ မမကြူ"

"မူးပြီး ယိုင်ကျတာလေဟယ်"

"နေမကောင်းဖြစ်ပြီး မူးတာလားလို့"

"ဟုတ်လား"

ငြိမ့်နှင့် မမကြူ ရှေ့ကို အနည်းငယ်တိုးကပ်သွားကာ အရိပ်အခြည်ကြည့်လျှင် ထိုလူသည် ဝမ်းဗိုက်ကို ဖိနှိပ်ညည်းညူရင်းက ထပ်ပြီး ကုန်းထနေပြန်တာ မြင်လျှင်တော့ နေမကောင်းဖြစ်နေတယ်လို့ သိသာသွားရပါသည်။ ဒီတော့လည်း မမကြူက မကြောက်တော့ပြန်ကာ အနားထိ တိုးကပ်ရင်း ...

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လဲဟင်"

"အား ... ကျွတ် ကျွတ်"

ငြိမ့်သည် ရှုံ့မဲ့ညည်းညူနေတဲ့သူကို မရေမရာလေး ငုံ့ကြည့်မိရင်း အံ့အားတသင့်ဖြစ်ကာ ...

"ကို ... ကိုကျော်စွာညီလားဟင်"

"ဗျာ ... အား၊ ဘယ်သူလဲ"

"ဟယ် ... ကိုကျော်စွာညီ၊ ဘာဖြစ်တာလဲ၊ ကျွန်မ ငြိမ့်ခင်လေးပါ"

"ကျွတ် ... ကျွတ် ... ကျွန်တော် ဗိုက် ... ဗိုက်တအားအောင့်လာလို့"



"အခု ဆေးခန်းထဲ ဝင်မလား၊ ဆရာဝန်ပြလိုက်ရအောင်လေ"

"ပြပြီးပြီ၊ ပြပြီးပြန်လာတာ"

"အခု ဘယ်လဲ"

"အိမ်ပြန်မှာ"

"ကားပါလား ကိုကျော်စွာညီ"

"ပါတယ်ဗျ၊ အား ... ကျွတ် ... ကျွတ် ... ဒါပေမဲ့ ကျွန်တော် မမောင်းနိုင်ဘူး"

မမကြူက ငြိမ့်ကိုကြည့်ရင်း ....

"ငြိမ့် မိတ်ဆွေလား"

"ဟုတ်ကဲ့ မမကြူ၊ ငြိမ့်နဲ့ သိပါတယ်"

"ဒီလောက် ဗိုက်အောင့်နေရင်ကား ဘယ်လိုလုပ်မောင်းမလဲ၊ သူ့ကားကို ငါ မောင်းပြီး ပြန်ပို့ပေးလိုက်မယ်လေ၊ ငါ မောင်းနိုင်နေတာပဲ"

"ဖြစ်ပါ့မလား မမကြူ၊ မမကြူ အိမ်ပြန်တွေ နောက်ကျနေမှာပေါ့"

"ကျပစေလေ ကိစ္စမရှိပါဘူး၊ သူ့ကြည့်ရတာ အတော်ဆိုးနေတာ"

ငြိမ့်သည် ကျော်စွာညီကို ထိန်းမိုးကာ ဆောင့်ကြောင့်ထိုင်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာညို ငြိမ့်တို့ ပြန်ပို့ပေးမယ်လေ၊ ဒီအစ်ကော ကားမောင်းတတ်တယ်၊ ကိုကျော်စွာညို့ကားကို မောင်းပြီး အိမ်ထိလိုက်ပို့ပေးမယ်"

"အေးဗျာ ... အားနာလိုက်တာ၊ ကူညီနိုင်ရင် ကျေးဇူးပါပဲ ကျွန်တော်တော့ ဘယ်လိုမှကားမမောင်းနိုင်တော့တာ သေ ချာတယ်၊ ဒီမှာသော့"

ငြိမ့်က ကားသော့ကို မမကြူကို လှမ်းပေးလိုက် ရင်း ...

"ကိုကျော်စွာညို ငြိမ့်ကို တွဲပြီးထ,လိုက်၊ ဖြည်းဖြည်းနော်"

အဲဒီနောက်တော့ ငြိမ့်ရဲ့ပခုံးကို အားပြုပြီးပါလာသော ကျော်စွာညိုကြောင့် ငြိမ့်ခမျာ ပခုံးတစ်ဖက်လုံး နိမ့်ဆင်းမယ် ယိုင်တိုင်တိုင်နှင့်ပင် ထီးကတစ်ဖက် အစိုစိုအရွှဲရွှဲ။ ကျော်စွာညို ညွှန်ပြတဲ့ကားဆီရောက်လျှင် မမကြူက ကားတံခါးဖွင့် မောင်းသူ နေရာမှာ အရင်ဝင်ထိုင်၊ ငြိမ့်က ကျော်စွာညို့ကို ရှေ့ခန်းဝင်ထိုင်နိုင် အောင် အပြင်ကထိန်းကူ၊ မမကြူက အတွင်းက ထိန်းကူ။

ဒီလိုနှင့် ကျော်စွာညို နေထိုင်ရာ ကွန်ဒိုတိုက်ခန်းသို့ ရောက်လာခဲ့ကြရပါသည်။ လမ်းမှာ ကျော်စွာညို ပြောပြ၍ ... ရောဂါဟာ သည်းခြေကျောက်ဖြစ်ကြောင်း၊ တစ်ခါတစ်ခါ ဆိုး... ဝါးဝါး ထဖြစ်တတ်ကြောင်းသိရပါသည်။ ဗိုက်နာပြီဆိုရင် ...





...ပါ၊ ထိုးအောင့်နာတတ်တော့ကာ အလူးအလဲ ခံရကြောင်းတွေ ...ည်းဖြည်း ပြောပြလာပါသည်။

လောလောဆယ်မှာတော့ ကျော်စွာညိုဟာ ဖျားလည်း ...နေသေးသည်။ သူ့ကို တွဲထူကာ ကားဆီတွဲလာကတည်းက ...ကိုယ်ပူနေတာကို ငြိမ့် သိသည်။ ခေါင်းတွေပါမူးနောက်နေတဲ့ ...ကျော်စွာညိုကို သူ့အခန်းရောက်အောင် မမကြူနှင့်ငြိမ့် ညှပ်တွဲကာ ...ရသည်။ သူတို့ကွန်ဒိုက ဓာတ်လှေကားနှင့်မို့ တော်ပါသေး ...။

"ကိုကျော်စွာညို အဝတ်သွားလဲလိုက်ပါလား၊ မိုးတွေစိုနေ တယ်၊ အဖျားတက်လာဦးမယ်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ၊ ကိုကျော်စွာညို့ အန်ကယ်အိမ် မသွားဘူးလား"

"အန်ကယ်က နိုင်ငံခြား ခဏလေးသွားနေတယ်၊ သူ့မိန်းမနဲ့ တလည်း ကျွန်တော်က စကားပြောအပေါက်လမ်းမတည့်လှ ပါဘူးဗျာ၊ မနက်မှပဲ ရုံးကကောင်လေးတစ်ယောက်ယောက် လှမ်းခေါ်ပါတော့မယ်၊ ညကြီးမင်းကြီးလည်း ခေါ်ရမှာ အားနာတယ်၊ ငြိမ့်ခင်လေးတို့ ပြန်တော့လေ၊ ဟိုအစ်မရော ကျွန်တော် အားနာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလို့ ကြုံကြိုက်လို့ ကူညီရတာဥစ္စာ၊ အားမနာ မောင်လေး၊ တစ်ခုခုတော့ စားသောက်ဦးမှ ထင်တယ် ဆရာဝန် ဘာပြောသေးလဲ"

"ကျွန်တော် ဘာမှမစားချင်တော့ဘူး အစ်မ"

ပြောရင်းဆိုရင်း ကျော်စွာညိုသည် အမှတ်မဲ့ ဝေ့ခနဲ အန်ချလိုက်ပါသည်။ အန်ချလိုက်တာမှ ငြိမ်းရဲ့ကိုယ် ခြမ်းပေါ်။ အုံ့သြကြောင်တက်သွားတဲ့ ငြိမ်းက မလှုပ်မယှက်ရှိ ဆဲ နောက်တစ်ကြိမ် ...။

အဲဒီရဲ့နောက်ထပ်အကြိမ်တွေမှာတော့ ကျော်စွာညို ငြိမ်းနှင့်လွတ်တဲ့ဘက်ကို လှည့်ရှောင်လိုက်နိုင်ပြီ။ အန်နေရင်း လန်း ဖြစ်နာမည် ပလုံးပထွေးခေါ်ကာ ငြိမ်းကို စကားလှည့် ကြိုးစားနေသေးသည်။ အရမ်းအားနာသွားပုံဟာ ဝေဒနာသည် နေသည့် သူ့မျက်နှာပေါ်မှာတောင် ပေါ်လွင်နေပါသေးသည်

ငြိမ်းသည် စွံရှာန်စော်သွားတာ အမှန်ဖြစ်သော်လည် မသက်မသာကြီး ထိုးထိုးအန်နေတဲ့ ကျော်စွာညိုကို အမြင်မှာ စွံတာထက် သူ ခံစားနေရတဲ့ ရောဂါဝေဒနာကို ကိုယ်ချင်း ကရုဏာသက်မိကာ ...

"ကိုကျော်စွာညို အန် ... အန် ... ပေါ့သွားအောင် အန်ပါ ငြိမ်းကို အားတွေနာမနေနဲ့၊ ကိစ္စမရှိဘူး၊ ဘာမှမဖြစ် နေမှမကောင်းတာ"





ကုန်းနေတဲ့ ကျော်စွာညိုရဲ့ကျောပေါ် လက်ဖဝါးလေး ပေးထောက်ပေးရင်း ပြောမိပါသည်။

"ဂေါ်စတုန်းက အဲလိုပဲ အန်တတ်တယ်၊ သိပ်ခံရတာ"

မမကြူကလည်း မသက်မသာကြည့်ကာ စိတ်မ ကောင်းဖြစ်နေပါသည်။ ရေခဲသေတ္တာတွေ့နေရတာမို့ မမကြူက ရေတစ်ဖန်ခွက်ထယူ လက်သုတ်ပဝါရှာယူ မီးဖိုထဲထိဝင်သွားကာ ပုံးတစ်လုံးပါ ရှာယူလာသည်။

"ရော့ ... ရော့ ... ပလုပ်ကျင်းလိုက် မောင်လေး"

"အားနာလိုက်တာ အစ်မရာ၊ အစ်မတို့ ပြန်လိုက်ပါ၊ ပြန် လိုက်ပါ ငြိမ်း၊ ဒီတိုင်းထားပစ်ခဲ့ပါ၊ ကျွန်တော် သက်သာသွား မှာပါ"

"ဒီတိုင်းတော့ ထားခဲ့လို့ ဘယ်ဖြစ်မလဲ ကိုကျော်စွာညို၊ ဖြစ်မှတော့ အားနာမနေနဲ့တော့၊ ဒီဆိုဖာအလွတ်မှာ ခဏ လှဲနေလိုက်၊ ဒီဘက်က ညစ်ပတ်နေတာတွေ ကြည့်ရှင်း ပေးသွားမယ်၊ နို့မို့ရင် တစ်ညလုံး အနံ့တွေဆိုးပြီး ညစ် ပတ်နံဟောင်နေမှာပေါ့၊ စိတ်လျှော့ထားပြီး လှဲသာနေတော့"

ငြိမ်းသည်လည်း မတတ်နိုင်တော့။ ကိုယ့်အိမ်ကိုယ် အလား သဘောထားပြီး ဟိုဝင်ဒီထွက်နှင့် သုတ်သင်ရှင်းလင်း ရာပစ္စည်းတွေ ရှာဖွေရသည်။ အရင်ဆုံး ကိုယ့်ရဲ့ကိုယ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဟာတွေကို အရင်သုတ်သင်။ ရေချိုးခန်းထဲဝင်ကာ ရေမချိုး တမယ် ဆပ်ပြာရည်မွှေးနှင့်သန့်စင်ပစ်။ အင်္ကျီဟောင်းကို ချွတ် ပြီး ရေနှင့်အနည်းငယ်ကျင်းဆေးလိုက်ပြီး ကြွပ်ကြွပ်အိတ်ရှာထည့်။

ကျော်စွာညိုရဲ့ အိပ်ခန်းအဝတ်တန်းစင်ပေါ်မှာ ချိတ် လျှက်ရှိသည့် အင်္ကျီလေးငါးထည်ထဲက တီရှပ်လက်ရှည် အညိုရောင် ဖျော့ကလေးကို ဆွဲယူဝတ်လိုက်ပါသည်။ မဝတ်လို့မဖြစ်တော့ လေ။ ကိုယ်သန့်ရှင်းစင်ကြယ်ကာ အနံ့အသက်ကောင်းပြီ ဆိုတော့ ဧည့်ခန်းမှာ အန်ထားတာတွေကျုံးဖို့ အဝတ်စုတ်ရှာသည်။

ယောကျ်ားလေးလူပျိုတစ်ယောက်တည်း နေတဲ့အိမ် ဆိုတော့ ကြွပ်ကြွပ်အိတ်တောင် မနည်းရှာရတာ။ အဝတ်စုတ်တော့ တွေ့ကိုမတွေ့။ တွေ့တဲ့လက်သုတ်ပဝါနှစ်ထည်သုံးထည်ကလည်း အကောင်းအသန့်လေးတွေဖြစ်နေရာ ငြိမ့်က အဝတ်စင်က နည်း နည်းနွမ်းတဲ့ပုဆိုးတစ်ထည်တည်းလေးကိုပဲ သုတ်စရာအဖြစ်သုံး ဖို့ ယူရတော့သည်။

ဂျာနယ်တွေတော့ အများကြီးမို့ ဂျာနယ်တွေနှင့် အရင်ကျုံးပြီးသန့်၊ ပုဆိုးကိုရေဆွတ်၍ပွတ်တိုက်၊ ပုဆိုးကို ရေချိုး ခန်းမှာ တစ်ခါသွားပြန်လျှော်၊ နောက်တစ်ခါထပ်သုတ်။ အနံ့ အသက်ပါ ကင်းစင်တဲ့အထိ သန့်ရှင်းရေးလုပ်။ မမကြူနှင့် ငြိမ့် ပဲရှိတာ။ ငြိမ့်မှမလုပ်လို့ ဘယ်ဖြစ်တော့မှာလဲ။





လူနာနှင့် အန်ဖတ်တွေနှင့် တစ်ညလုံးပစ်ထားခဲ့ဖို့ ကိုလည်း မစဉ်းစားနိုင်ဘူးလေ။ နှစ်ယောက်ထိုင်ဆိုဖာပေါ် ခွေခွေ လေး ရှုံ့မဲ့လဲလျောင်းနေတဲ့ ကျော်စွာညိုမျော အားလည်းနာ မှုပ်လည်းမလှုပ်နိုင်နှင့် ငြိမ့် လုပ်နေသမျှကို မတတ်မသာလက် လျှော့ထားလိုက်တဲ့ပုံ။

တစ်ချက်တစ်ချက်တော့ မျက်စိကိုမှေးမှေးကလေး ဖွင့်ပြီးဖွင့်ကာ ငြိမ့်ကို လိုက်ကြည့်နေတတ်ပါသည်။ အားနာလွန်း လို့လည်း စိတ်ပျက်နေပုံရပါသည်။

မမကြူနဲ့ ငြိမ့် အထူးသဖြင့်တော့ ညစ်ညစ်ပတ်ပတ် အောက်ခြေသိမ်းအလုပ်တွေကို ငြိမ့် အားလုံးလုပ်ကိုင်သန့်ရှင်းပေး သွား၍ ကျော်စွာညို့အခန်းဟာ သန့်ရှင်းပြီး ကျန်ရစ်ခဲ့ပါသည်။

"တစ်ယောက်တည်း ဖြစ်ပါ့မလား ကိုကျော်စွာ"

"ဖြစ်ပါတယ် ငြိမ့်၊ မနေ့ကလည်း ဒီလိုပဲ အောင့်နေတာပါ၊ ကိစ္စမရှိဘူး၊ ကျွန်တော် အိပ်ပျော်အောင် အိပ်လိုက်မယ်၊ ခဏနေမှ တစ်ရေးနိုးဗိုက်ဆာရင် ခေါက်ဆွဲထပြုတ်ပြီး သောက်လိုက်မယ်"

"ပြုတ်ပေးခဲ့ရမလား"

"ရတယ်၊ နေပါစေ၊ ကျေးဇူးတင်ပါတယ် ငြိမ့်ရာ"

"ကိုကျော်စွာညို့အင်္ကျီ ခဏယူဝတ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောနေစရာမလိုပါဘူးဗျာ၊ ငြိမ့်ရော ဒီအစ်မရော အတော်နောက်ကျနေပြီ ပြန်ပါ၊ ကျွန်တော့်ကို စိတ်ချပါ"

ထို့နောက်တော့ ကျော့်စွာညိုကို နှုတ်ဆက်ကာ ငြိမ့်တို့ ပြန်ခဲ့ကြသည်။ နေမကောင်းကြီးနှင့် တစ်ယောက်တည်း ဖြစ်နေသော်လည်း ကာယကံရှင်က ဘာမှမဖြစ်ဘူး ရတယ်ဆိုတော့လည်း ရတယ်ပဲပေါ့။ ကိုယ်လည်းတတ်နိုင်တဲ့ကိစ္စမှ မဟုတ်တာ။

"ငါ့နှယ် ငါ့မောင်လေးဆိုရင်ဆိုပြီး စိတ်ပူလိုက်တာ၊ ဘာဖြစ်လို့သူက တစ်ယောက်တည်း နေရတာလဲ"

"သူ့အဖေက နိုင်ငံခြားမှာ နောက်အိမ်ထောင်နဲ့တဲ့၊ သူ ဦးလေးကုမ္ပဏီမှာလုပ်ပြီး ဦးလေးအိမ် နေတဲ့အခါနေ၊ ကိုယ့်ဟာကိုယ်နေတဲ့အခါနေတာ၊ ငြိမ့်နဲ့ အခန်းတူတူငှားပြီးနေနေတဲ့အစ်မကြီးရဲ့ လက်အောက်မှာလုပ်တာမို့ ငြိမ့်နဲ့လည်း သိနေတာ"

"တစ်ယောက်တည်းဆိုတော့ ခုလိုဖြစ်နေချိန် စိတ်ပူစရာပေါ့၊ ဦးလေးအိမ်ကို ပြန်တာမဟုတ်ဘူး"

"သူ ပြောပုံအရ ဦးလေး မိန်းမနဲ့ မတည့်ဘူးလားမှ မသိတာ၊ သူကလည်း ဂျစ်ကန်ကန်ရယ်၊ ငြိမ့်နဲ့တူတူနေတဲ့ အစ်မဆိုရင် သူ့ရဲ့အထက်ကရာထူးနဲ့လူကြီးပဲလေ၊ အဲဒီအစ်မကိုဆိုလည်း ဂျစ်တစ်တစ် ဆက်ဆံတာ"

"လူတစ်မျိုးပေါ့"





"ဟုတ်တယ် မမကြျူရဲ့"

"နေမကောင်း ဖြစ်နေတော့လည်း ဂျစ်ကန်ကန်စရိုက်တွေ မမြင်ရဘဲ သနားစရာဗေ"

သနားတယ်တဲ့ မမကြျူကတော့ လမ်းမခွဲကြခင်အထိ တွတ်တွတ် သနားကရုဏာ စကားတွေ ဆိုမဆုံးတော့ပေ။ ငြိမ့်သည် အိမ်ကိုညရှစ်နာရီခွဲမှ အ၀တ်စိုအိတ်တစ်ဖက်ဆွဲ၍ ပြန်ထွက်လာသည်။ တံခါးခေါက်လိုက်လျှင် လာဖွင့်တဲ့ သစ္စာရှင်သည် တံခါးမဖွင့်သေးခင်ကပင် ...

"စိတ်ပူနေတာ ငြိမ့်ရယ်၊ အိုဗာတိုင်ဆိုလည်း ဒီလောက်ထိ တစ်ခါမှ နောက်မကျဖူးပါဘူးလို့ စဉ်းစားနေတာ"

"ဟုတ်တယ် သစ္စာရေ၊ ကြားရင်အံ့သြသွားမယ်"

"ဟင် ..."

မကြားရခင်ကတည်းက အံ့သြသွားတဲ့ သစ္စာက ငြိမ့်ကို စေ့စေ့ကြည့်ကာ ...

"ငြိမ့် ... ဒါ ကျော့်စွာညို့ အကျႌမို့လား"

ငြိမ့်က သစ္စာကို အံ့သြပြီး ကြည့်နေမိသည်။ တန်းနဲ့ မေးပုံက အသေးစိတ် သိမှတ်ထားသည့်နှယ်။ ကမ္ဘာပေါ်မှာ ဘယ်ရှပ်လက်ရှည်အညိုဖျော့ ဒီလိုပုံရိုးရိုးကလေးမျိုးဟာ ဒီတစ်ထည်တည်းရှိတာလိုက်လို့။ ကျော့်စွာညို့အကျႌပါလို့ ဘာကြောင့် တန်းပြောနိုင်ရပါလိမ့်။ တော်လှချည်လား။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်က ပြုံးစိစိလေးဖြစ်ကာ ...

"တော်လှချည်လား သစ္စာရယ်"

"ကျော်စွာညိုအကျီကို ငြိမ်က ဘယ်လိုက ဘယ်လို ဝတ်ပြီး ... !"

သစ္စာဟာ စကားတောင်ရှေ့မဆက်နိုင်သလို ပါးစပ်ဟဟနှင့် လက်ညှိုးညွှန်မပျက် ကြက်သေသေနေပါသည်။

"သူ့တိုက်ခန်းကိုပါ ရောက်သွားတာ သစ္စာရေ"

"သူ့တိုက်ခန်းကို ... !၊ ဘယ်လိုဖြစ်လို့လဲ"

"သူ နေမကောင်းဘူး သစ္စာရဲ့"

"ဟုတ်တယ်လေ၊ ဒီနေ့လည်း ရုံးကိုမလာဘူး၊ ဗိုက်အောင့်တယ်လို့ခွင့်တိုင်ထားတာ၊ သူက သည်းခြေကျောက်ရှိတယ်လေ၊ တစ်ခါတစ်ခါ ခုလိုထဖြစ်တတ်တယ်ဆိုတာ အစကတည်းကသိတယ်၊ အခု ဘယ်လိုတွေ့ကြတာလဲ"

အံ့အားအသင့်ကြီးသင့်နေတဲ့ သစ္စာရင်ကို ငြိမ်က သူနှင့် မကြုံ ကျော်စွာညို့ကို ဆုံတွေ့ရပုံအကြောင်း အသေးစိတ်ရှင်းပြပြောပြရပါသည်။ တဖြည်းဖြည်း သဘောပေါက်လာတဲ့ သစ္စာရင်ရဲ့မျက်နှာဟာ ပြုံးယောင်သမ်းသမ်းလာခဲ့ပြီး ...

"သြော် ... ဒီလိုကိုး၊ ငြိမ်က ကျော်စွာညို့ကို ကယ်တင်ရှင် လုပ်ခဲ့တာပေါ့လေ"





"ငြိမ်နဲ့သာ လမ်းမှာမဆုံရင် ခုလောက်ဆိုရင် သစ္စာရဲ့ ကျော်စွာညိုတော့ အန်ဖတ်တွေနဲ့ လူးနေလောက်ပြီ"

"အောင်မယ်၊ တို့ရဲ့ကျော်စွာညို မဟုတ်ပေါင်၊ ဒီကောင်လေးဟာ ကျန်းမာရေးလည်း ဂရုမစိုက် အတောအပေနေတာကိုး၊ အအစည်းအသန်ဖြစ်တော့မှ ဆေးခန်းသွားတတ်တဲ့လူစား၊ ဒီတော့ ခံရတာပေါ့"

ငြိမ်က ကြွပ်ကြွပ်အိတ်နှင့် ထည့်လာရတဲ့ အကျီရေစိုရေချိုးခန်းထဲယူကာ ထပ်လျှော်ရင်း ...

"ရေနဲ့ အကြမ်းပဲလျှော်ခဲ့ရတာ၊ ခုထိ ချဉ်နံ့နံ့တွေ့လား၊ လူပေါ်ကို အန်ချလိုက်တာလေ"

သစ္စာက ရင်ဖိရင်း ...

"အမလေးလေး ... ကိုယ်တောင် ပျို့လာပြီ၊ ငြိမ်က မရွံတတ်ဘူးလား"

"လူပဲ ရွံတတ်တာပေါ့၊ သိပ်မရွံတတ်တဲ့လူတောင် ကိုယ့်အပေါ် အန်ချလာရင်တော့ မရွံပဲနေမလား၊ အနံ့အသက်ကိုက ဆိုးဝါးတဲ့ဟာကို၊ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ သစ္စာရယ်၊ နေမကောင်းလို့ ဖြစ်ရတဲ့ကိစ္စပဲ၊ သည်းခံရတာပေါ့၊ ကိုယ်ချင်းစာကြည့်ရတာပေါ့၊ ကျော်စွာညိုလည်း အားနာလွန်းလို့ အသံတောင်မထွက်ရှာဘူး၊ သနားပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

သစ္စာက ငြိမ့်ကို ပါးချိုင့်ကြီးပေါ်အောင် ပြုံး၍ စူးစိုက်ကြည့်ကာ ...

"ငြိမ့်ရဲ့ကိုလေးကိုတောင်မှ ငြိမ့် ခုလို တွဲပို့ဖူးရဲ့လား၊ ပြုစုဖူးရဲ့လားဟင်"

"ဘယ်ပြုစုဖူးပါ့မလဲ၊ သူ နေမကောင်းရင် သူ့ဟာသူ သူ့အိမ်မှာ သူ့အမေတို့ သူ့ညီမတို့ပဲ ပြုစုကြမှာပေါ့ သစ္စာရဲ့၊ သူက နေမကောင်းလည်း ဖြစ်ခဲတော့ သတင်းမေးတောင်မှ မသွားဖူးပါဘူး"

"အနှစ်နှစ်အလလချစ်လာတဲ့ ချစ်သူကို တစ်ချက်ကလေးတောင် မပြုစုဖူးပဲ ဒီလူတစ်ယောက်ကို မမျှော်လင့်ဘဲပြုစုခဲ့ရတယ် သနားခဲ့ရတယ်ဆိုတော့ မမြင်ရတဲ့ ရေစက်တစ်ခုခုများ ငြိမ့်တို့နှစ်ယောက်ကြားမှာ ..."

"အို ... ဘာဆိုင်လို့လဲ၊ သစ္စာနော် ... မစနဲ့"

ငြိမ့်က ခပ်စူးစူးလေးအော်လိုက်၍ သစ္စာက ပခုံးတွန့်ပြီး ပါးစပ်ပိတ်လိုက်ပါသည်။



၈

"အချစ်ကလေး ငြိမ့်ရေ ... သွားတိုက်ဆေး နည်းနည်းချေးနော်"

ငြိမ့် အိပ်ခန်းထဲဝင်လာကာ ခေါင်းဖြီးနေတဲ့ ငြိမ့်ရဲ့ ...ကို ရှုတ်ခနဲ နမ်းမွှေးလိုက်ရင်းပြောလိုက်တဲ့ သစ္စာက အိပ်ရာမှ ...လာကာစ ဆံပင်စုတ်ဖွားဖွားလေးနှင့် ...

"သြော် ... ပြောနေရသေးလား သစ္စာရယ်၊ ရေချိုးခန်းထဲမှာပဲဟာ၊ ဒီတိုင်းယူသုံးလိုက်တာမဟုတ်ဘူး၊ ချေးနော်ရယ်လို့ပဲ"

"ကိုယ့်သွားတိုက်ဆေး ဘယ်တုန်းက ကုန်သွားပါလိမ့်၊ ချေးနော်လို့ ပြောရတယ် ငြိမ့်ရေ၊ အရိုးထဲအထိ အမှတ်သညာ စွဲနေလို့ပါကွယ်"

"ဘာကိုလဲ သစ္စာရဲ့"

www.burmeseclassic.com

"ငယ်ငယ်ကပေါ့လေ၊ အတူလာနေတဲ့အိမ်က ကြီးကြီးက သိပ်စကားပြောရက်စက်တာပဲကွယ်၊ တို့သွားတိုက်ဆေးကုန်လို့ သူ့ရဲ့သွားတိုက်ဆေးကို ကိုယ့်ကြီးတော်ဟာပဲလေ ဆိုပြီး မပြောမဆို ယူသုံးလိုက်မိလို့ အပြောခံလိုက်ရတာတွေ အသည်းထဲမှာကျင်နေအောင် တစ်သက်လုံး မှတ်မိနေတော့တာ"

ငြိမ့်က ညအိပ်ဂါဝန်ရှည်ကြီးနှင့် ခါးလေးတောက်ကာ ခုပဲ အဖြစ်အပျက်ကို မြင်ယောင်လာသယောင် ခပ်ဆွေးဆွေးမဲ့လေး ပြောနေတဲ့ သစ္စာကို လှည့်ငေးနေမိသည်။

"နင် ကျောင်းလာတက်ဖို့ ပညာလာသင်ဖို့ ဆွေမျိုးအိမ်ခိုရလို့ အားကိုးပြီးအတူလာနေချင်ပါတယ်ဆိုလို့ အိမ်မှာ နေခွင့်ပြုထားတာတဲ့၊ တွေ့ကရာပစ္စည်းအသေးအဖွဲကအစ ကပ်သုံးမနေနဲ့တဲ့၊ တစ်ခုခု မကျေနပ်တာရှိတိုင်း လုပ်မိတာနဲ့မတန်မမျှ အပြောဆိုခံရတာ၊ သားရေပေါ်အိပ် သားရေနားစားဆိုတာက ပါသေးတယ်"

"ဟင် ... ဒီစကားပုံနဲ့က ဘာဆိုင်လို့လဲ"

သစ္စာ မျက်နှာလေးက မဲ့ပြုံးကလေးနှင့် မျက်လုံးမှောင်မှောင်တွေ အရောင်တောက်လာသည်။ အဟင်း ...။ မောင်ဆို သတိမရပါဘူး။ လုံးဝ သတိမရဘူး။ အဖြစ်အပျက်တွေကိုသာ သတိရတာပါနော်။





"ငြိမ့်ရေ တူမရင်းတော့တူမရင်းပေါ့လေ၊ ဒါပေမဲ့ ကုသိုလ်ကံက ကောင်းတယ်ဆိုရမှာလား၊ ဆိုးတယ်ဆိုရမှာလား၊ ကိုယ့်အစ်မဝမ်းကွဲနဲ့ ကြီးတော်က ရည်မှန်းထားတဲ့ ကိုကိုမောင်ဆိုတဲ့ သမက်လောင်းလျာအကောင်းစားကြီးက တို့ကိုမှပဲ တန်းတန်းစွဲ အရူးအမူး ဖြစ်တော်မူတယ်"

"ဪ ... ဒီလိုကိုး"

"သူ့ဟာနဲ့သူ အရူးအမူးလာစွဲလမ်းနေတာ ကိုယ်က ဘာမှ မြူဆွယ်တာမျိုးလဲမရှိတာ သူတို့လည်း မြင်နေတော့ တို့ကို တည့်တည့်အပြစ်ပြောလို့မရဘူးပေါ့ကွယ်၊ အဲဒီတော့ တခြားကိစ္စဝိစ္စတွေအပေါ်ပဲ အမြဲအပြစ်ကို အကြီးကြီးပုံချပြီး ဖိနှိပ်ပြောဆိုတော့တာပေါ့"

"အဲဒါများ သစ္စာရယ်၊ အဲဒီကတည်းက ကိုယ့်ဟာကိုယ် အဆောင်မှာပဲသွားနေရောပေါ့"

"အမေကလည်း သူ့အစ်မအိမ်ကလွဲရင် စိတ်မချဘူး၊ အဲဒီတုန်းကပေါ့လေ၊ အ မက ရိုးအေးတယ် မဟုတ်လား၊ အဆောင်နေတဲ့ မိန်းမပျိုဆိုရင် ခပ်ကဲကဲ ခပ်ရဲရဲအလားထင်နေတာ၊ မပြောချင်တော့ပါဘူး ငြိမ့်ရယ်။ ကြီးတော်အရင်း အိမ်ဆိုပေမယ့် ငှက်ပျောသီးတစ်လုံးလောက် ဖြုတ်စားမိရင်တောင် အငတ်ဘဝရောက်ရတော့ အသည်းနာခဲ့တာတွေက ကြီးလာတဲ့အထိ ထပ်အပြောဆိုမခံချင်တော့တာ


www.burmeseclassic.com

www.burmeseclassic.com



ချိုး၊ ကိုယ့်ထဲကသာ ပေးရင်ပေးလိုက်မယ်၊ သူများထဲ ဘာမှ တစ်ဖွဲ့တစ်စွဲ့တောင် မနိုက်ရဲဘူး၊ အပြောခံခဲ့ရ တွေကို နာခဲ့ရတာများလွန်းခဲ့လို့”

ဒါကြောင့်လည်း သစ္စာဟာ ဘာကိစ္စကိုမဆို သူ့ဘ က အနွံတာခံ အနာခံပြီး တွက်ချက်ခွဲခြမ်းတာ။ ဈေးဖိုးကအ မိတာခကအစ။

သစ္စာသည် ခေါင်းတစ်ချက် ကုတ်ဖွလိုက်ပြီး ...

“အိပ်ရာနိုးလို့ သွားတောင်မတိုက်ရသေးဘူး သူများအတ ပြောနေတာ မနည်းတော့ဘူး၊ ကိုယ်စောင့်နတ်ကထော အတော်အမြင်ကတ်ရှာမယ်”

ထို့နောက်တော့ သစ္စာက နောက်ဘက်ရေချိုးခ ဆီ ထွက်သွားတော့ပြီး သွားတိုက်သံ ရေသံတွေ ထွက်လာနေ သည်။ အဲဒီအသံတွေကြားထဲကကိုပဲ ဘယ်လိုမှန်းမသိ ဖျစ်ညှစ် ဟားလှောင် ရယ်လိုက်တဲ့ အသံကလည်း ထွက်လာသေးသည် လောကကြီးရဲ့ ဘယ်အကွက် ဘယ်အချက်ကိုများ သရော်ပြော လှောင်ချင်တာပါလိမ့်။

“ငြိမ့်ရေ ကိုယ်ကလည်း အပေါက်ဆိုးခဲ့တာ အမှန်ပဲ”

ရုတ်တရက် အခန်းဝက အသံပေါ်လာ၍ ငြိမ့် လန့်သွားပြီး လှည့်ကြည့်မိလျှင် သစ္စာသည် မျက်နှာတွင် ရေ လက်နှင့် စပ်ဖြည်းဖြည်းလုပ်နေကာ ...





“ကိုယ့်ကို နှိပ်နှိပ်ကွပ်ကွပ် လာပြောနေတာကို ငံ့ခံရတာ လောက် သည်းမခံနိုင်တာ မရှိတော့ဘူး၊ ကိုယ်က ပက်ခနဲ ပိဿာလေးနဲ့အေးထု သာသာနဲ့နာနာ ပြန်နှက်ပစ်တာပဲ၊ နောက်ဆုံးတော့ ငြိမ့်ရယ် ဟောဒီပါးစပ်တစ်ပေါက်ကြောင့် ပဲ ဆွေရင်းမျိုးရင်းတွေရဲ့အမုန်းကိုလည်းရ၊ နောက်ပြီး အင်း ... သူများနဲ့ပြဿနာဖြစ်လာတာတောင်မှ ကိုယ့်ဆွေ မျိုးရင်းက ကိုယ့်ဘက်က မပါတော့ဘူး ဖြစ်သွားတာ ...

တခြားဘက်ကလည်း ဝင်နာတာ၊ အမျိုးစကားထက် သူစိမ်းစကားကို သူတို့က ပိုအရေးတယူ ထားကြတာ၊ လောကမှာ ကိုယ်ယုံကြည်မျှော်လင့်ထားတာတွေ ပြောင်း ပြန်တလွဲဖြစ်ကုန်တာလောက် အသည်းတွေကြေမွရတာမရှိ တော့ဘူးနော်”

ငြိမ့်သည်ဘာမှ မပြောနိုင်ဘဲ သစ္စာရှင်ရဲ့စကားတွေ ကိုသာ စိတ်ဝင်တစား နားထောင်နေမိသည်။ သူက မျက်နှာသွား မသုတ်သေးဘဲ ငြိမ့်နောက် လာရပ်ပြန်ကာ ငြိမ့်လက်ထဲကဘီးကို ဆွဲယူ၍ ဆံပင်ကို ဖြီးသင်ပေးနေပြန်သည်။

“တို့ကိုကလည်း မကောင်းတာပါ၊ တို့က ဘယ်တော့မှ မကောင်းဘူး၊ ကိုယ်အဆင်မပြေတဲ့ကိစ္စ သူများအဆင်ပြေနေ ရင်လည်း မကြိုက်ဘူး၊ စိတ်ပုပ်ဝင်လာတတ်တယ်”

“သစ္စာရဲ့ စကားတွေက ပဟေဠိတွေလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



“ငယ်ငယ်တုန်းက တို့က ဆံပင်ရှည် သိပ်ထားချင်တာ အိမ်က အလုပ်သမားအစ်မကြီးရဲ့ဆံပင်က တအုံတခဲကြီးနဲ့ သိပ်ကောင်းတာလေ၊ သူ့ကို အတုခိုးပြီး အရှည်ထားချင် တာ ကျောပေါ်တင်တယ်ရှိသေးတယ်၊ ကျောင်းကနေ သန်း ကူးလာလို့ ဆိုပြီး အမေက တို့ကို ဆံပင်တို ခေါင်းတုံး ဆံတောက်သာသာ ညှပ်ပစ်လိုက်တာ ...

အဲဒါကိုလေ တို့ဆိုတဲ့တို့က မဆီမဆိုင် ဟိုအစ်မကြီး ကို မနာလိုမရှုစိမ့်တွေဖြစ်ပြီးတော့ ကတ်ကြေးကြီးကိုင်ပြီး သူ့ဆံပင်ကို အလစ်ချောင်းဖြတ်ပစ်တာ”

“ဟယ် ... သစ္စာကလည်း ...”

“တစ်ဝက်လောက်ဟာ ကြမ်းပေါ် ရှိနေကျပြန့်ကျကုန်တာ အဲဒီ အစ်မကြီးက ငိုလိုက်တာ၊ အမေကလည်း တို့ကိုရိုက် တယ်၊ အဲဒါ အဖေ့စိတ်တဲ့၊ အဖေ့အမူအကျင့်တဲ့၊ အဟား ဟား ... အမေက အဖေနဲ့မတည့်တော့ တို့မှာရှိတဲ့ မကောင်း တဲ့အကျင့်ကိုဆိုရင် အဖေတူပေါ့”

သစ္စာ စကားတွေက ဟိုရောက်ဒီရောက်နှင့်။ သို့သော် ခံစားချက်နှင့် သတိတရ အမှတ်တရ ပြောနေတာမျိုးဖြစ်သည်။

“ပြောရင်း ပြောရင်း စိတ်ဖောက်လာပြီး ငြိမ့်ဆံပင်တွေကို လည်း ညှပ်ချမပစ်လိုက်နဲ့ဦးနော်”

“ဟား ဟား ...”



“ခေါက် ... ခေါက်”

“ဟော ...”

“ခေါက် ... ခေါက် ... ခေါက်”

“တံခါးခေါက်နေတယ် သစ္စာ”

“ခေါက်ပစေ”

“ဘယ်သူလဲ မသိဘူး”

“ကျွတ် ... မနက်စောစောစီးစီး ဘယ်လိုညှော်သည့်မျိုးလဲ ကွာ၊ သိပ်ရှုပ်တာပဲ တကယ်ပဲ”

သစ္စာက ခပ်ညည်းညည်း ရေရွတ်ပြောဆိုပြီး ငြိမ့်ပခုံး လွှတ်ကာ အိမ်ရှေ့သို့ပြန်ထွက်သွားပါသည်။ ငြိမ့်သည် နာကျင် ရစ်သော ပခုံးနှစ်ဖက်ကို ဆုပ်နယ်ကာ စိတ်ထဲမှာ တစ်မျိုး မအီမလည် ဖြစ်နေမိသည်။

အိမ်ရှေ့မှ တံခါးဖွင့်သံ ကြားရပြီးသည်နှင့် ...

“ဟင် ... ဘာလာလုပ်တာလဲ”

သစ္စာရဲ့အသံက အံ့ဩတကြီး။

သစ္စာသည် သံတံခါးရဲ့အပြင်ဘက်မှာ ရပ်နေသော စ္စာညိုကို တကယ့်ကို အံ့အားတသင့်ကြည့်မိသည်။ လက်တစ် ထဲမှာ လှပသော ဆန်းကြယ်သော ပန်းစည်းကြီးတစ်စည်းနှင့်။ ကို ဟိုဖွက်တော့မလို ဒီဖွက်တော့မလို။ ကရော်ကမယ်နှင့် တစ်ခါမှ မမြင်ဖူးခဲ့တဲ့မျက်နှာမျိုးဖြစ်သည်။ ဤမျက်နှာက

www.burmeseclassic.com



သစ္စာကိုလည်း ရှက်တက်တက်ရှိနေတာကို ဘာမှ မဟုတ်သလ အာက်ကန်ထားတဲ့ရုပ်ကိုပါ ဖမ်းသေးသည်။

"ဟဲ့ ... ဘာလဲဆို"

"တံခါးဖွင့်လေဗျာ"

ကျော်စွာညို့အသံမှန်း ငြိမ့်က မှတ်မိလိုက်ပါသည် ရုံးဖွင့်ရက် မနက်ခပ်စောစောကြီးတစ်ရက်မှာ ဘာလာလုပ်ပါလ လို့ အထဲကပဲ နားစွင့်နေလိုက်မိပါသည်။

"ဘာဖြစ်လို့ ဖွင့်ရမှာလဲ"

"ဟာ ... ကိုယ့်အိမ်လာတဲ့ လူတစ်ယောက်ကို၊ ကျွတ် ခင်ဗျားနဲ့တော့ ဘယ်တော့မှ ငြိမ်းချမ်းရေးရမယ့်ပုံ မပေ ဘူး"

"အောင်မာ ... ငြိမ်းချမ်းရေးလုပ်မရမှာက ကိုယ်မဟုတ်ဘူ မင်းပါ ကျော်စွာညိုရယ်၊ ပန်းစည်းကြီး တစ်စည်းပိုက်ပြီ စောစောစီးစီး ယတြာချေတဲ့ သဘောလား"

"ဘာလို့ ယတြာချေရမှာလဲ၊ ကျွန်တော် ငြိမ့်ခင်လေး လာတာ"

သစ္စာက လက်ကိုပိုက်၍ ကျော်စွာညို့မျက်နှာ အကဲခတ် ဖတ်ရှုနေပါသည်။

"ခင်ဗျား တံခါးဖွင့်ပေးမှာလား မဖွင့်ပေးဘူးလား"

"ဖွင့်မှာပါ"





"ဒါဆိုလည်း ဖွင့်လေဗျာ"

"ပန်းစည်းရဲ့သဘောက ' !! ..."

"အဲဒါ ခင်ဗျားကို ရှင်းပြနေစရာ လိုအပ်လို့လား၊ ခင်ဗျားက ငြိမ့်ခင်လေးရဲ့ ပါစင်နယ်လ်အစစ်စစ်တဲ့နဲ့တ်လား"

သစ္စာက ကျော်စွာညို့ကို မျက်စောင်းတစ်ချက်ထိုး လိုက်ရင်း သော့လှမ်းယူ၍ တံခါးကိုဖွင့်ပေးလိုက်ပါသည်။

"ထိုင်"

"ထိုင်မှာပေါ့၊ ဘယ်သူက မတ်တတ်ကြီးနေမှာလဲ"

ငြိမ့်သည် အခန်းထဲကနေ ပြုံးလိုက်မိပြန်သေးသည်။ ဒီတို့နှစ်ယောက်ဟာ တကယ့်ကို ခွေးနဲ့ကြောင်။ တွေ့တာနဲ့ မာန် ကြတာပင်။

"ငြိမ့်ရေ"

သစ္စာက အိမ်ရှေ့ကပဲ လှမ်းခေါ်သည်။

"ငြိမ့် ... လာဦးဟေ့၊ ဟောဒီမှာ လူတစ်ယောက်တော့ အကြံအစည်တစ်ခုနဲ့ ရောက်လာချေရဲ့"

ရိသဲ့သဲ့ပြောတဲ့ သစ္စာကို ကျော်စွာညိုက စူပုပ်ပုပ်နှင့် ကြည့်နေပါသည်။ အတော်အံ့အားတသင့်ဖြစ်နေတာကို ကျော်စွာညို သိသည်။ သူ့အခန်းဖော် ချစ်စရာအမျိုးကောင်းသမီးလေးတွေနှင့် ဒီအရင်ကတစ်ယောက်နဲ့တစ်ကြိမ်) (အခုတစ်ကြိမ်)ကျော်စွာညိုတို့ တင်သွယ်ချင်တဲ့ သစ္စာရှင်ဟာ ခုတော့ သူ့ ဘာမှ မလှုပ်ရဲလွန်း



www.burmeseclassic.com

www.burmeseclassic.com



ရာဲ ကျော်စွာညို ခုလိုဖြစ်လာတာကို အတော်အံ့အားသင့်စိတ်လှု
ရှားနေပုံရပါသည်။

"ဟော့ ... ငြိမ့်"

"လာပြီ သစ္စာရေ"

ငြိမ့်က ညှော်ခန်းဆီထွက်လာလျှင် ခုလေးတင်
ထိုင်လိုက်တဲ့ ကျော်စွာညိုက ချက်ချင်း မတ်တတ်ပြန်ရပ်လိုက်
ငြိမ့်ထံ ပန်းစည်းကြီးကို လက်ကမ်းလိုက်ပါသည်။ ငြိမ့်က လ
ဖျပ်အံ့အားသင့်သွားပြီး ...

"ဘာလဲ ကိုကျော်စွာညို"

"ဘာရယ်မဟုတ်ပါဘူး။ ဟိုတစ်နေ့က ငြိမ့်ခင်လေး
အားလည်းနာ ကျေးဇူးလည်းအရမ်းတင်လို့ပါ၊ ဟို ...
တုန်းက ငြိမ့် ကျွန်တော့်ကို မရွံမရှာ တရင်းတနီး
ကူညီပေးတာတွေကို ဘယ်လိုမှ မေ့လို့မရဘူး ဖြစ်နေတယ်"

"အို ... ကိုကျော်စွာကလဲ၊ မိတ်ဆွေတွေချင်းပဲ"

"ငြိမ့်နဲ့ ကျွန်တော် သေသေချာချာကြီး မိတ်ဆွေမဖြစ်
သေးဘူးထင်ပါတယ်"

"သီးသန့်မိတ်ဆွေမဟုတ်ပေမယ့်လည်း သစ္စာကို အလ
မှာထားပြီး ဟိုဘက်ဒီဘက် သိပ်ခင်ကြတဲ့ သူချင်း
အရေးကြုံရင် ကူညီရမှာပေါ့၊ ဒီလောက်ကြီး အလေးအ
ကြီး ကျေးဇူးတင်နေဖို့ မလိုပါဘူး"



ကျော်စွာညိုက သူ့ကို လက်ပိုက်၍ အေးအေးဆေး
ဆေး အကဲခတ်ကြည့်နေတဲ့ သစ္စာရှင်ထံ ရှက်တက်တက်တစ်ချက်
သိမ်းကြည့်လိုက်ကာ ...

"ခင်ဗျားက ဘယ်လိုကြည့်နေတာလဲ၊ တစ်ဆိတ် အိမ်ထဲ
လှည့်ဝင်သွားလို့ မဖြစ်ဘူးလား မသစ္စာ"

"အလိုတော် ... ကျုပ်ကပဲ အိမ်ထဲလှည့်ဝင်သွားရဦးမယ်၊
အစိမ့်ပွာယ်မရှိ၊ အခု ငါက နင့်ကို ကောင်းကောင်းအကဲခတ်
နေတာ ကျော်စွာညိုရဲ့ နားလည်လား"

"နားလည်တယ်၊ ဒါကြောင့် နေရထိုင်ရခက်တယ်၊ အဲဒါ
ကြောင့်ပြောနေတာ၊ ခင်ဗျား နားလည်မှုနဲ့ ယဉ်ကျေးမှုရှိရဲ့
လား"

"နေစမ်းပါဦး၊ နင့်လက်သုံးစကားကို ခဏချေးသုံးပါရစေ
လား၊ နင် ရိုးမှရိုးရဲ့လား ကျော်စွာညို"

ကျော်စွာညို့မျက်နှာသည် နီမြန်းလာပြီး ...

"အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"ဆိုင်တယ်၊ ငြိမ့်က ငါနဲ့အတူနေအဖော်ပဲ၊ ပြီးတော့ မင်း
က ငါ့ကြောင့် သူ့ကိုသိကျွမ်းရတာ၊ ငါ့မှာ တာဝန်အများ
ကြီးရှိနေတယ်"

"ကျေးဇူးပြုပြီး ဘာတာဝန်မှမယူဘဲ ငြိမ်ငြိမ်နေလိုက်စမ်းပါ၊
ခပ်လှမ်းလှမ်းကလေးမှာပေါ့၊ ကျွန်တော် ငြိမ့်ကို ပြောစရာ
ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခပ်လှမ်းလှမ်းလေးသွားမနေနိုင်ပေါင်၊ နင့်ကို ဟောသ
စိုက်ကြည့်နေမှာ"

"ကျွတ်"

ကျော်စွာညိုက စိတ်ပျက်လက်ပျက် မျက်ခုံး
ရှုံ့တွန့်ရင်း ...

"ရော့ဗျာ ... ငြိမ့်ခင်လေး၊ ယူလိုက်ပါ၊ ဗီလင်တွေအော
လိုက်တာဗျာ"

ငြိမ့်သည် ရယ်ချင်လာကာ နှုတ်ခမ်းလေးကိုက်ရင်း

"ပန်းစည်းက ဘာအတွက်လဲ ကိုကျော်စွာညိုရယ်၊ ပိုက်
ကုန်လိုက်တာ"

ငြိမ့်က လက်ကမ်းနေတဲ့ ကျော်စွာညိုကို အားန
ညာကာ ပန်းစည်းကြီးကို လှမ်းယူလိုက်ပါသည်။ ခရမ်းဖျော့
အော်လ်ပံ့ပန်းကြီးတွေနှင့် စည်းထားတဲ့ပန်းစည်းကြီးဟာ လှပ
ရွားကာ ခပ်သင်းသင်းလည်း မွှေးနေပါသေးသည်။

"ဘာအတွက်တော့မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်
လက်ဆောင်တစ်ခု ပေးချင်စိတ်ပေါက်လာတဲ့အခါမှာ
ပေးတာက အပြစ်ကင်းမယ်လို့ထင်လို့ပါ၊ ဒါပါပဲ"

"ငြိမ့်က ပန်းကြိုက်ပါတယ်၊ ဒါပေမဲ့ ဒါကြီးက ဈေးကြီး
ကိုကျော်စွာညိုရဲ့၊ ဟိုနေ့ကကိစ္စကို ကျေးဇူးတင်ချင်လ
ပါးစပ်ကနေ ဒီတိုင်းပဲကျေးဇူးတင်စကားပြောလိုက်ရင်
တယ်"



ကျော်စွာညိုက ခုံမှာ ဖြည်းဖြည်းပြန်ထိုင်လိုက်ရင်း ...

"ကျွန်တော်ငယ်ငယ်က တစ်ခါမှာ တအားအဖျားတွေကြီး
တာ၊ ကျွန်တော်တိုက်ဖွိုက်ဖြစ်တာဗျ၊ အဲဒီတုန်းက ကျွန်တော့်
အမေက ကျွန်တော့်ကို ပွေ့ထားတယ်၊ ကျွန်တော် ကောင်း
ကောင်း မှတ်မိတယ်၊ ပွေ့ထားတယ်ဆိုပေမဲ့ ကျွန်တော်က
ရှစ်နှစ် ကိုးနှစ်လောက်ရှိနေပါပြီ၊ မေမေ ပွေ့ထားတုန်း
ကျွန်တော် မေမေ့ပေါ် အန်ချလိုက်မိတယ်"

ညှော်ခန်းလေးက ခဏတိတ်ဆိတ်နေပါသည်။ ကျော်
ညိုက သူ့ရဲ့လက်ချောင်းလေးတွေ ထိပ်ချင်းထိဆက်နေရင်း ...

"အဲဒီနေ့ညတုန်းက ငြိမ့်ခင်လေးပေါ် ကျွန်တော် အန်ချလိုက်
မိပြီးတော့ ကျွန်တော် မေမေ့ကို အရမ်းသတိရတာပဲ၊ ငြိမ့်
ခင်လေးတို့ ပြန်သွားတော့ ကျွန်တော် တစ်ယောက်တည်း
ငိုပြီးကျန်ရစ်ခဲ့တာ"

ငြိမ့်ရော သစ္စာပါ တိတ်နေပါသည်။ သစ္စာထံမှလည်း
လှောင်ပြောင် ရိသဲ့ထေ့ငေါ့စကားမျိုး လုံးဝထွက်မလာပါ။ ငြိမ့်
သည် ကျော်စွာညို့ကို သနားသွားကာ သစ္စာကိုလည်း လှမ်းကြည့်
လိုက်မိသည်။ သစ္စာကတော့ ငြိမ့်ကိုကြည့်မနေ။ ကျော်စွာညိုကို
သာ လှမ်း၍ စိုက်ကြည့်နေသည်။

"ခင်ဗျား မသွားလည်းနေတော့ဗျာ၊ နားသာထောင်နေပေ
တော့၊ ခင်ဗျား လှောင်ပြောင်မှာလည်း ကျွန်တော်က မရှက်
ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသို့က သစ္စာထံ လှမ်းပြောလိုက်ပြီးမှ ...

...ဘတ်လှည့်ကာ ...

"ငြိမ့်ခင်လေး၊ ခင်ဗျားကို အဲဒီညကတည်းကနေ ဒီနေ့... ကျွန်တော် သတိတရ ဖြစ်နေမိတယ်၊ ဒါကြောင့် ဒီမနေ့... ပန်းစည်းသွားဝယ်ပြီး လာခဲ့မိတာ၊ ကျွန်တော်လည်း ... ကောင်းပြီလေ၊ဒါပေမဲ့ ဆေးရုံတော့တက်ရမယ်၊အဲဒါကြော... ခင်ဗျားကိုလည်း တွေ့ချင်စိတ် ဖြစ်လာမိလို့ပါ"

ငြိမ့်ခင်လေး မျက်နှာလေးက ရဲစွေးစွေးလေး ... သွားရပါသည်။

"ကျွတ် ... ကျွတ် ... ကျွတ်"

သစ္စာရှင်က ရုတ်တရက် ခေါင်းတယမ်းယမ်းနှ... တကျွတ်ကျွတ် စုတ်သတ်လိုက်ကာ ...

"သိပ်ကို သနားစရာကောင်းနေပါလား၊ ဒါပေမဲ့နော် ကျော်... စွာသို့ မင်းရုံးမတက်ဘဲ ပျက်နေတာကြာပြီ၊ ဒီနေ့ ... မင်း သတိရတဲ့မိန်းမတစ်ယောက်ဆီကိုတောင် အရော... လာနိုင်တယ်ဆိုရင် ရုံးကိုလည်း လာနိုင်ရလိမ့်မယ်"

"ရုံးတက်မှာပါဗျ"

"ပြီးတာပဲ"

"ရုံးလာတက်မှာက ခွင့်လည်းလာယူမလို့"

"ဘာလုပ်ဖို့လဲ"





"ကျွန်တော် ဗိုက်ခွဲရမယ်၊ သည်းခြေကျောက်တွေထုတ်ရမယ်၊ လိုအပ်ရင် သည်းခြေပါ ထုတ်ရမယ်၊ အဲဒီအတွက် ခွင့်ယူမှာ"

သစ္စာက ရုတ်တရက် အံ့ဩသွားသလို ငိုင်ငေးသွား...ပါသည်။

"ပြီးတော့ ခင်ဗျားကို မှာထားရဦးမယ်၊ ကျွန်တော်နဲ့ ပတ်သက်ပြီး ငြိမ့်ခင်လေးကို ကဖျက်ယဖျက် မဟုတ်ကဟုတ်က လုံးဝမပြောပါနဲ့"

"အောင်မာ ... ဒီအမိန့်မျိုးပေးရအောင် မင်းက ဘာမို့လဲ"

သူတို့နှစ်ယောက် နီးစပ်သွားအောင် လှော်ဖို့သာ ...စိတ်ကူးရှိတဲ့ သစ္စာက ဒီလိုအပြောကိုဖြင့် မခံချင်ပြန်ပါ။

"မကောင်းကြောင်းတွေပြောပြီး သွေးမခွဲနဲ့လို့ပြောတာ"

"ဆိုလိုတာက ဘာလဲ၊ မင်းက ငြိမ့်ခင်လေးကို စိတ်ဝင်စားတယ်ဆိုတဲ့ သဘောလား"

"အို ... သစ္စာကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး"

"ဟုတ်တယ်လေ၊ သူဖြစ်နေပုံကို ကြည့်ဦးလေ"

"ဟုတ်တယ်၊ ခင်ဗျားကြီးကို သိပ်မသက်ာဘူး၊ ဟိုအရင်တုန်းကလည်း ခင်ဗျား အခန်းဖော် မယုယကို ယုယ ...



www.burmeseclassic.com

www.burmeseclassic.com



ယုယနဲ့ အရေးတွေ ပေးလိုက်တာ၊ အခုလည်း တစ်ခါ တငြိမ့်ငြိမ့်နဲ့ ဖြစ်နေပြန်ပြီ”

အိမ်မှာ ယုယရဲ့မျက်နှာပုံပန်းချီကားတွေ တစ်ချပ်နှစ်ချပ်မက မြင်ဖူးထားတဲ့ ငြိမ့်က သစ္စာကို အံ့အားတသင့်လှည့်ကြည့်မိသည်။ ခုလည်း အားရက်တွေမှာ ငြိမ့်ရဲ့မျက်နှာပုံတူတွေကို ဆွဲနေတာ တတိယမြောက်ပုံ ဖြစ်နေပြီ။

ကိုလေးနဲ့ပတ်သက်ပြီး စကားစပ်အောင် ကြားဖြတ်ပြောပြဖို့ စိတ်ကူးမိတဲ့ ငြိမ့်မှာ ကိုယ့်စိတ်ကူးတောင် ပျောက်ပြီး သစ္စာကို အကဲခတ်ကြည့်နေမိသည်။

“နင် ငါ့ကို ပုန်ကန်ဖို့ လုံးဝစိတ်မကူးနဲ့ ကျော်စွာညို၊ နင် သိထားဖို့က ငြိမ့်ဟာ ငါက‘နိုး’လို့ ကန့်ကွက်ရင် နင့်ကို လုံးဝမစဉ်းစားတော့ဘူးဆိုတာ သဘောပေါက်”

“အာ … တော်ပြီကွာ၊ သစ္စာတို့က ဘာတွေလျှောက်ပြောနေကြမှန်းမသိဘူး၊ စိတ်ရှုပ်လာပြီ၊ ငြိမ့်ကို ရှေ့ထားပြီး အရပ်ကျနေတာပဲ ပြောနေလိုက်တာ”

“မဟုတ်ပါဘူး ငြိမ့်လေးရယ်၊ ဒီကောင်ကို ဒီလိုပဲပြောထားမှ၊ မဟုတ်ရင် သူက တို့ကို သိပ်ကျောချင်တယ်၊ ငြိမ့်ရဲ့ ဆင်ပသီကိုလိုချင်ရင် ငါ့ကိုထည့်မစဉ်းစားဘဲ နင် ဘာမှ လုပ်လို့မရဘူးဆိုတာ ခေါင်းထဲထည့်ထား ကျေးဇူးရှင်ရဲ့”





ငြိမ့်သည် သူတို့နှစ်ယောက် စကားနိုင်လုတဲ့ကြားမှာ ကိုယ်က နှုတ်ပိတ်ကြီးနဲ့ အလိုတူအလိုပါ ပါရသလို ဖြစ်နေရာ စိတ်တိုစိတ်ရှုပ် ဖြစ်လာရင်း မျက်နှာလေး မှုန်တေနေပါသည်။ ကျော်စွာညိုက ဘာရယ်လဲ တိတိကျကျ ပြောတာမဟုတ်ရာ ဘာင်ပြောရမှန်းလဲမသိ။ နောက်ဆုံးတော့ …

“တော်ကြတော့နော်၊ ငြိမ့် စိတ်ညစ်လာပြီ၊ ငြိမ့် ဘာမှ စိတ်မဝင်စားဘူး”

ဆူအောင့်အောင့်သာ ပြောလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

ငြိမ့်သည် လပြည့်နေ့တိုင်း ရွှေတိဂုံဘုရားတက်တတ်သူဖြစ်ရာ မနက်ပဲဖြစ်ဖြစ် ညပဲဖြစ်သွားသွား မပျက်မကွက် တက်ဖြစ်အောင်တော့ တက်ပါသည်။ ထိုနေ့ကတော့ ဘုရားရှိခိုး ပုတီးစိပ်ပြီး မျက်လုံးဖွင့်လိုက်သည်နှင့် ရှေ့နားခပ်စောင်းစောင်း ကျကျလေးမှာ ကျုံ့ကျုံ့လေးထိုင်ပြီး ပုတီးစိပ်နေတဲ့ ယုယကို လှမ်းတွေ့လိုက်ရပါသည်။

ယုယကိုမြင်မြင်ချင်း ငြိမ့်စိတ်ထဲဖြစ်မိတဲ့ဆန္ဒတစ်ခုက မေးခွန်းတစ်ခုလောက် မေးလိုခြင်းပင်။ ထို့ကြောင့် ကိုယ်ရှိခိုးလို့ပြီးသွားပေမယ့် နေရာက မထသေးဘဲ ကျုံ့ကျုံ့ဆက်ထိုင်ကာ ယုယကို စောင့်နေပါသည်။ ယုယကို ကြည့်ရတာလည်း အဖော်ပါပုံမရ။ ငြိမ့်မှာလည်း အဖော်မပါပါ။





လတိုင်း လပြည့်နေ့ ဘုရားတက်တဲ့အခါ မေမေ့မွေးနံ့ထောင့်မှာ ပုတီးစိပ်၍ မေမေ့ကို အမျှဝေကာ မေမေ့အတွက်သည်း ဆုတောင်းနေကျ။ ဒါကြောင့် သူ့မွေးနံ့ထောင့် သူလာပုံရသော ယုယနှင့် လာဆုံနေတာ။ ငြိမ့်သာ ငြိမ့်ရဲ့မွေးနံ့ထောင့်မှာ ရှိခိုးဖြစ်လျှင် ယုယနှင့် တွေ့ဆုံဖြစ်မှာမဟုတ်။

အတန်ကြာလျှင်တော့ ယုယ တစ်ယောက် ပုတီးစိပ်လို့ ပြီးစီးသွားပါသည်။ ထိုင်ရာက ထ,သွားပြီး ရေသပ္ပာယ်နေသာကို ငြိမ့်က ထိုင်စောင့်နေလိုက်ပါသည်။ ရေသပ္ပာယ်ရာ နေရာမှ ပြန်ထွက်လာသော ယုယက ငြိမ့်ထင်တဲ့အတိုင်း တစ်ယောက်တည်း ထွက်ခွာသွားဖို့ ပြင်သည်။ ငြိမ့်က ကမန်းကတန်း ထ,လိုက်ကာ ...

"မယုယ"

"... ... ..."

"မယုယ၊ မယုယ"

ဆင့်ကာ ဆင့်ကာ ခေါ်တော့မှ ယုယက ခြေလှမ်းတို့ကာ ငဲ့ကြည့်လာသည်။ ငြိမ့်ကိုမြင်မြင်ချင်းပင် အံ့ဩသွားပုံနှင့် ...

"ဩော်"

"ငြိမ့်ခင်လေးပါ မယုယ"

"အင်း ... မှတ်မိပါတယ်၊ ဘုရားလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ငြိမ့်က လပြည့်နေ့တိုင်း ဘုရားတက်နေကျပါ"

"ဪ ... တို့ကတော့ တို့မွေးရက်နေ့မို့လို့လေ၊ တစ်

ယောက်တည်းလား"

"ဟုတ်ကဲ့ တစ်ယောက်တည်း၊ မယုယကိုတွေ့လို့ လှမ်း

ခေါ်လိုက်တာ"

ယုယက လက်ပတ်နာရီလေး တစ်ချက်ငုံ့ကြည့်လိုက်ရင်း ...

"ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ ... မေးချင်တာလေး ရှိလို့ပါ"

"ဘာမေးမှာလဲ၊ တို့က ဒီနေ့ ရုံးတက်ရမှာ အချိန်သိပ်

မရဘူး"

"ငြိမ့်လည်း အချိန်မရပါဘူး၊ ငြိမ့်လည်း ဒီနေ့ ရုံးရှိပါ

တယ်"

"ဒါဖြင့် မြန်မြန်ပြောလေ၊ ဘာပြောမလို့လဲ"

ငြိမ့်က ရုတ်တရက် စကားစဖို့ရာ ခက်သလို တုံ့နှေးနေပါသည်။ ယုယကတော့ ငြိမ့်ကို အားနာလို့သာ ရပ်စောင့်နေရပုံရပြီး သိပ်စိတ်ဝင်တစား ရှိပုံမရ။ ငြိမ့်သည် မေးမယ် ပြင်လိုက် ဘာစကားလုံး သုံးရမလဲတွေးလိုက်၊ မေးလို့ကောင်းပါ့မလား ချီတုံချတုံဖြစ်လိုက် အချိန်ဖင့်နေပါသည်။





"အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ပြေတာကတော့ ပြေပါတယ်"

"ယုံ့ကိုကြည့်ရတာ တစ်ခုခု မတင်မကျ ဖြစ်နေတာ သိသာပါတယ်၊ မြန်မြန်မေးလေ တို့ ရုံးနောက်ကျလို့ မဖြစ်လို့ပါ"

"ဟုတ်ကဲ့၊ ဒါဖြင့် ဟို ... ဟိုလေ၊ ဘာရယ်ကြောင့်တော့ မဟုတ်ပါဘူး၊ စိတ်ထဲမှာ တစ်မျိုးလေး ဖြစ်မိလို့ မေးရတာပါ"

"အင်းပါ၊ ဘာပဲဖြစ်ဖြစ်ပါ၊ မေးပါ ရပါတယ်"

"ဟို ... သစ် ... သစ္စာက ဟို ... မိန်းမ မဆန်ဘူး၊ ယောကျ်ားဆန်တယ်နော်"

ယုယရဲ့ မျက်ခုံးများက မြင့်တက်သွားပြီး ကိုယ်ကသေးလှုပ်အောင် ရယ်သွမ်းသွေးနေပါသည်။ သူ့ရယ်ပုံကြောင့် ငြိမ့်မှာ မေးမိတာ မှားသွားပြီလား အောက်သွားပြီလားလို့ စနောင့်စနင်း ဖြစ်ရသည်။

"သူ့ရဲ့စိတ်ဓာတ် ပြတ်သားပုံရယ်၊ နေပုံထိုင်ပုံ ပြုမူဆက်ဆံပုံတွေက မနူးနွဲ့တော့ မိန်းမ မဆန်ဘဲ တစ်ခါတစ်ခါ ယောကျ်ားဆန်နေသလိုပဲ"

"သစ္စာက ယောကျ်ားဆန်ပေမယ့် သူဟာ ယောကျ်ားတစ်ယောက်ကို သိပ်ချစ်ဖူးတဲ့ မိန်းမပါ"



www.burmeseclassic.com

www.burmeseclassic.com



ယုယစကားက ငြိမ့်ကို အံ့အားသင့်စေပြန်သည်။

"ငြိမ့် ခုလိုထင်တာလည်း မထူးဆန်းပါဘူး၊ တို့လည်း အစက အဲ့သလိုများလား ထင်တာပဲ၊ သူ့ပုံစံက မိန်းမချော ပဲ အချစ်တော် ထားချင်တဲ့ ပုံစံလားလို့ တွေးဖူးတယ်"

"ငြိမ့်လည်း အဲလိုများလား ထင်မိလို့ပါ၊ သစ္စာက စိတ် ရင်းကတော့ ကောင်းပါတယ်၊ သူနဲ့နေရတာလည်း အစစ အဆင်ပြေပါတယ်"

"ပေါင်းသင်းဆက်ဆံရေးမှာ ပြေလည်အဆင်ပြေနေရုံနဲ့ စိတ်ရင်းကောင်းတယ်လို့တော့ ပြောလို့မရဘူး၊ အင်း — သူ့ကိုစိတ်ရင်းမကောင်းဘူးလို့ ပြောပြန်ရင်လည်း မမှန် ဘူးလေ၊ တို့ ပြောင်းသွားတဲ့ အချိန်တလောတုန်းကတော့ သူ့ကို အရမ်းစိတ်တိုနေတာနဲ့ ပစ်ပစ်ခါခါပဲ စိတ်ကောင်း မရှိတဲ့မိန်းမ၊ ရူးနေတဲ့မိန်းမလို့ မှတ်ချက်ချပစ်လိုက်တာ —

ခုဆိုရင် သွေးလည်းနည်းနည်းအေးလာပြီဖြစ်တော့ သူ့ကို ခွင့်လွှတ်တဲ့အမြင်နဲ့ မြင်ကြည့်ဖို့ ကြိုးစားနေပါ တယ်၊ အဲဒီလို ကြိုးစားကြည့်တော့လည်း သူ့ဘဝမှာအဆင် မပြေခဲ့တဲ့ နာကြည်းချက်နဲ့ယှဉ်ပြီး အားပတ်ဝန်းကျင်အပေါ် စိတ္တဇဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို ကိုယ်ချင်းစာကြည့် လို့ ရပါတယ်လေ ...





ကဲ ... တို့သွားလိုက်ဦးမယ်၊ နောက်ကျနေပြီ"

လှည့်ထွက်တော့မည့် ယုယကို ငြိမ့်က လက်ဖျားလေး ...

"ယုယ ... ခဏ"

ယုယက လှည့်ကြည့်လျှင် ...

"ယုယကို ဆက်သွယ်လို့ရတဲ့ လိပ်စာလေး ပေးခဲ့ပါ၊ ကိစ္စတစ်ခုခုရှိရင် ငြိမ့် ဆက်သွယ်လို့ရအောင်၊ ခုလိုအပြင် မှာ တစ်ခါဆုံဖို့ဆိုတာက မလွယ်လို့ပါ"

ယုယကတုံ့နေးနေပြီးမှ ...

"တို့လိပ်စာကို မသစ္စာ မသိစေရပါဘူးလို့ ကတိပေးမ လား"

ခုချိန်ထိ သစ္စာရှင် အပေါ် အယုံအကြည်မရှိတဲ့ ...ရဲ့သဘောကို အံ့အားသင့်ရသည်။ ဘာဖြစ်လို့ ဒီလောက် ...င် ကင်းကင်းရှိချင်ရတာပါလိမ့်။ လိပ်စာသိသွားရင်ပဲ သူ့ ...က် မလုံခြုံတော့မလိုတောင် ယူဆပုံရသည်။

"ယုယက မသိစေချင်ရင် လုံးဝမသိစေရပါဘူး"

ယုယက သူနေနေတဲ့ အဆောင်လိပ်စာကို ရွတ်ပြ ...ပါသည်။ ငြိမ့်က အိတ်ထဲက စာရွက်လေး ရှာဖွေထုတ်ယူ ...တော်နေဆဲ ...



www.burmeseclassic.com

www.burmeseclassic.com



"သီတင်းကျွတ်နောက်ပိုင်း နှစ်ကုန်နားကျရင်တော့ မင်္ဂလာဆောင်တော့မယ်၊ အဲဒီကျရင်တော့ ဒီအဆောင်မှာ မရှိတော့ဘူးပေါ့"

ငြိမ့်က ခေါင်းညိတ်လိုက်ပါသည်။ ဟိုးတစ်ခါ တီးမှာထိထဲမှာ ဆုံတုန်းက ကိုလေးက သူ့သူငယ်ချင်း ကိုမျိုး ထွန်းနှင့် တစ်နေရာရပ် စကားပြောနေ၊ ငြိမ့်က တခြားတစ်နေ ရာမှာ ယုယနှင့် ဆုံနေပေမယ့် ယုယ ပြန်ထွက်သွားတော့ တိုက် တိုက်ဆိုင်ဆိုင် သူတွဲပြန်သွားတဲ့သူဟာ ကိုမျိုးထွန်း ဆိုတာ ငြိမ့် လှမ်းမြင်ခဲ့ပါသည်။

ယုယရဲ့လိပ်စာကို ကိုလေးကတစ်ဆင့် ကိုမျိုးထွန်း ကို မေးခိုင်းရင်လည်း ရပေမယ့် အဲသလို အဆင့်ဆင့် ဖြတ်ပြေး စုံစမ်းမနေချင်လို့ပါ။ သစ္စာရှင်အပေါ် ခါးသီးမှုရှိတဲ့ ယုယရဲ့ မှန်းမသိတဲ့ မပြေမလည် ဇာတ်လမ်းတို့ကိုလည်း ကိုလေး စေချင်ပါ။

တော်ကြာ ငြိမ့်ကို ဒီမှာမနေနဲ့ ပြောင်း၊ပြောင်း လုပ်နေဦးမည်။ ငြိမ့်က ဘာပဲဖြစ်ဖြစ် သစ္စာကို ခင်မင်သည် ထူးခြားတဲ့ သူ့ပုံစံကလေးကိုလည်း သဘောကျသည်။ ဘယ်သူ့ အပေါ် ဘယ်လိုပဲ မကောင်းဘူးဖြစ်ပါစေ၊ ကိုယ့်အပေါ်ကော ကောင်းနေတဲ့သူ တစ်ယောက်ကို ကိုယ်က ပစ်ပစ်ခါခါလုပ် လည်း ဘယ်ဖြစ်နိုင်ပါ့မလဲ။





"တို့ကို မနှောင့်ယှက်ဘူး ဆိုရင် တို့က သူ့ကိုသနားတောင် သနားမိပါသေးတယ်"

ယုယက ဒီစကားကိုတော့ ခပ်နူးနူးညံ့ညံ့လေး ပြောသွားပါသည်။

❦ ○ ❦

ငြိမ့်တို့ကုမ္ပဏီရဲ့ အမ်ဒီဟာ တိုက်တိုက်ဆိုင်ဆိုင် သူ့ရဲ့အခန်းတစ်ခန်းကို သစ္စာတို့ရဲ့ ဒက်ကရေးရှင်းကုမ္ပဏီမှာ အပ်နှံ၍ ပြင်ဆင်ပါသည်။ အဲဒီလုပ်ငန်းအတွက် သစ္စာက ကျော် စွာညိုကို တာဝန်ပေးလိုက်ရာက ကျော်စွာညိုဟာ ငြိမ့်တို့ရုံးကို ကြာမကြာ ဝင်ထွက်ဖို့ ဖြစ်လာတော့တာပင်။

အမ်ဒီကလည်း ဒီအခန်းရဲ့ ကိစ္စဝိစ္စတွေ အတွက် အခါပဲ လက်ခံပြောဆို ဆွေးနွေးသည်။ မိုးလင်းက မိုးချုပ် ရုံး ထဲ ရှိတတ်တဲ့ အမ်ဒီအဖို့ အိမ်မှာလက်ခံတွေ့ဖို့လည်း အချိန် ။ ရုံးကို နှစ်ရက်တစ်ကြိမ်လောက် ရောက်လာတဲ့ ကျော်စွာညို လာတိုင်း ငြိမ့်အတွက် မမကြူအတွက်လို့ နှစ်ယောက်စာ သည်တပ်ကာ စားစရာတစ်ခုခု ပါလာတတ်ပါသည်။

"အမြဲ ယူယူမလာစမ်းပါနဲ့ဟယ်၊ အားနာစရာကောင်း လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အားနာရမှာလဲ မမကြူကလည်း၊ ခင်မင်လို့ ဝယ်လာတာပဲ၊ တန်ဖိုးကြီးမားတာလည်း တစ်ခုမှမပါဘူး"

"ဒါပေမဲ့ နေ့စဉ်ရက်ဆက်"

"ဒါ ခင်မင်မှုပဲလေ၊ မမြင်ရတဲ့ ရေစက်တွေ ရှိလို့ပေါ့ မမကြူတောင်မှ ကျွန်တော့်ကို ပထမဆုံး စတွေ့ဖူးတဲ့ အချိန်မှာ ကိုယ်ဖိရင်ဖိ ဝင်ကူညီရသေးတာပဲ မဟုတ်လား ငြိမ့်ကမှ သိနိုင်ပြီးလို့ ထားပါတော့"

"ဩော် ... အဲဒီသည်းခြေခွဲရမယ် ဆိုတာရော"

"ကျွန်တော် ပန်းလှိုင်မှာခွဲမှာ၊ နိုင်ငံခြားက ခွဲစိတ်ကုဆရာဝန်ကြီး လာဖို့ရှိတယ်လေ၊ နောက်လကုန်ခါနီး ရက်များမှာလာမယ်၊ ဒီလက ကုန်နေပြီလေ၊ သူ့ကိုပဲ စောင့်ခွဲလိုက်တော့မယ်"

"စောင့်လို့ရလား"

"ရတယ် အစ်မ၊ ကျွန်တော့်ကျောက်က ကြီးတော့ကြီးနေပြီ၊ ဒါပေမဲ့ ပြည်တွေဘာတွေ တည်နေတာ မဟုတ်တော့ စောင့်ပြီးခွဲလိုက်မယ်"

"အင်း ... ခွဲရင်ပြောဦးလေ၊ သတင်းမေးလေး ဘာလေး လာရမယ်"

ကျော်စွာညိုဟာ မမကြူနှင့်လည်း ရင်းနှီးနေပေပြီ။ မမကြူကတော့ သူနဲ့ အသက်ကွာတဲ့ ကျော်စွာညိုကို မောင်ငယ်လေးတစ်ယောက်လို တရင်းတနှီး ဆက်ဆံလေရာ ခဏတွင်းချင်းမှာ ငြိမ့်နဲ့ထက်တောင် ပိုရင်းနှီးလာသယောင်။ ငြိမ့်ကတော့ ကိုယ်နဲ့မတိမ်းမယိမ်းဖြစ်တဲ့ ကျော်စွာညိုကို စိတ်ထဲက ခင်မင်ပေမယ့် မမကြူလောက်တော့ တရင်းတနှီး မပြောဆိုရဲ။

သူက နောက်ပိုင်းမှာ ကိုယ့်အပေါ် အရေးထားတဲ့ အပြုအမူတွေလည်း ပြလာတာလေ။ သူဝယ်ဝယ်လာတဲ့ မုန့်တွေဟာလည်း ငြိမ့် အင်မတန်ကြိုက်တဲ့ မုန့်တွေချည်း၊ သစ္စာလက်ရှုက်ပဲလို့ ငြိမ့် အတတ်သိပါသည်။ သစ္စာကိုလည်း ဖွင့်မေးပြီးပြီ။

"ဟုတ်တယ်လေ၊ ကျော်စွာညိုက ငြိမ့် ဘာကြိုက်တတ်လဲ၊ ဘာတွေ သဘောကျလဲ မေးတော့ ကိုယ်လည်း ပြောပြရတာပေါ့၊ လုံးဝမသိဘူး ဆိုရင်လည်း ယုံပါ့မလား၊ ဘာဖြစ်လဲ သူ ဝယ်လာပေးရင် စားလိုက်ရုံပေါ့၊ အစားအသောက်လေးပဲဟာ"

"ကိုကျော်စွာညိုက ငြိမ့်အပေါ် စိတ်ထားနည်းနည်းပြောင်းလာသလိုပဲ၊ ငြိမ့်မှာ ချစ်သူရှိတယ်လို့ သစ္စာ ပြောပြပြီးကြိုတားပေးပါလား"

"မပြောချင်ပါဘူး၊ ငြိမ့်ဟာငြိမ့် ပြောချင်ပြောပေါ့"

"သူကလည်း ဘာမှပြောတာ မဟုတ်ဘဲနဲ့ ငြိမ့်က ကိုယ့်မှာချစ်သူရှိတယ်လို့ သူ့ကိုသွားပြောတော့ ကောင်းပါ့မလား"







www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မပြောနဲ့ပေါ့"

"သူ သိထားနှင့်စေချင်တယ်လေ၊ အဲဒါကြောင့် သ

ပြောခိုင်းတာ၊ သစ္စာက ဘေးလူမဟုတ်လား"

"ဘေးလူမို့ ပိုတောင်မပြောချင်သေးတယ်၊ တော်ကြ

ကောင်က တို့ကို မလိုတဲ့ စိတ်ထားနဲ့ ကဖျက်ယဖျက်

ကားတယ် ထင်နေမှာ၊ စိတ်ပုပ်ပြီး ကြားထဲက လိုက်

တယ် ထင်နေမှာ"

"မဟုတ်မှ မဟုတ်ဘဲ သစ္စာရယ်"

"ဟာ ... မပြောချင်ပါဘူးကွာ၊ သူက ငြိမ့်ကိုချစ်

တို့၊ ငြိမ့်ကို ပြောပေးပါတို့ စသဖြင့် တို့ကို ပြောလာ

ပြောပေးမယ်၊ သူ ဘာမှမပြောရင် ကိုယ်လည်း ဘာ

ပြောချင်ဘူး၊ နောက်မှပဲ သူပြောမှ ကြည့်ရှင်းပေါ့၊ သူ

ဖွင့်ပြောလာရင်တော့ ငြိမ့်ကိုယ်တိုင်လည်း ဒီလိုပဲပြော

ပြီး ငြင်းရမှာပဲလေ၊ ဘာမှ ကြိုတွေးပူမနေနဲ့"

ခုတော့ ကျော်စွာညိုဟာ မသိမသာလေး

တဖြည်းဖြည်းတိုးပြီး သိသာလာတဲ့ အရိပ်အယောင် တစ်မျိုး

တွေ ပြလာပြီ။ ငြိမ့်ကိုကြည့်တဲ့ မျက်လုံးတွေကအစ ကြင်

နာနာ နူးနူးညံ့ညံ့ ရှိလာသည်။ နှုတ်ကသာ ဘာမှမပြော

အမ်ဒီ့ဆီအလာ ငြိမ့်တို့ရွှေက ဖြတ်ဝင်အသွားမှာ ဖျတ်ခနဲ





ချော်ချော် မျက်စိတစ်ဖက် မှိတ်ပြသွားတဲ့ တရင်းတနှီး အပြုအမူ

က ရုံးခန်းထဲက ဘေးလူတွေ သို့လော သို့လော အကဲခတ်

ဖြစ်ခဲ့ပြီပေါ့။

"ငြိမ့်ရေ ... ရှင့်ကောင်လေးက ဘယ့်နှယ်တုန်း"

"ဟာ ... မမကြူနော်၊ မမကြူ ကိုယ်တိုင်က ဒီလိုမထိ

ခလုတ်စ,နေရင် ရုံးခန်းထဲက တခြားလူတွေဆို ဘယ်လို

နေမလဲ"

"ငါ ဘယ်မှာစ,လို့တုန်း"

"ရှင့်ကောင်လေးလို့ သုံးနှုန်းတာကို ပြောတာ"

"သြော် ... ဒါက အလွယ်သုံးလိုက်မိတာပါဟယ်၊ မစ,ရ

ပါဘူး၊ နင့်မှာ ကိုသက်ထင် ရှိတာ ကျော်စွာညိုမသိဘူး

လား"

"သူ့ကိုသိတာကိုက ငြိမ့်အခန်းဖော် မသစ္စာနဲ့ တစ်ရုံးတည်း

ချင်းမို့ နည်းနည်းပါးပါးလေးသိတာ မမကြူရဲ့၊ ကျွန်မမှာ

ကိုသက်ထင် ဆိုတဲ့ ချစ်သူရှိပါတယ် ဆိုတာမျိုး ပြောရ

လောက်အောင် ရင်းနှီးတာမျိုးကို မဟုတ်ဘူး။ သူ နေမ

ကောင်းတာကို ကူညီမိပြီးတဲ့ နေ့ကျမှ သူကလည်း

ကျေးဇူးတွေ လိုက်လိုက်လဲ့လဲ့တင်ကုန်ပြီးတော့ ခုလောက်

တရင်းတနှီးတွေ ဖြစ်လာတာ ...



www.burmeseclassic.com

www.burmeseclassic.com



အမ်ဒီကလည်း တိုက်တိုက်ဆိုင်ဆိုင် အခန်းပြ
အပ်ဖြစ်ပြီး ရောက်ရောက်နေတော့ ပိုဆိုးသွားတာ
ငြိမ့်ဆီချည်း လာနေတာမှ မဟုတ်တာ၊ အမ်မီ့ဆီလာတာ
ဟာ၊ ငြိမ့်ကကော တားလို့ရမလား"

"မနေ့ကတောင် ဦးလှမြင့်က မေးနေတယ်၊ ဒက်ကရေ
ကုမ္ပဏီက အင်ဂျင်နီယာလေးက ငြိမ့်ခင်လေးရဲ့ အမျိုး
လေးဆိုတာ ဟုတ်လားတဲ့၊ ငါက မဟုတ်ပါဘူး မိတ်
ပါလို့ ပြောရတယ်"

ငြိမ့်သည် ထိုအဖြစ်အပျက်တို့ကို စိတ်ရှုပ်ရှုပ်နှင့်
ဘယ်လိုကျော်လွှား လွန်ဆန်ရမလဲမသိ ဖြစ်ရသည်။ တစ်နေ့
အခါမှာတော့ ရုံးမှာ နေ့လယ်ဘက် ငြိမ့် ခေါင်းတွေအရမ်းကိုက်
နေတုန်း ကျော်စွာညိုု ရောက်လာပါသည်။ ခေါင်းတစ်
မကြာခဏ ကိုက်တတ်တဲ့ ငြိမ့်ဟာ ကိုက်ပြီဆိုရင် ဆိုးဆိုးဝါး
မထူနိုင် မမတ်နိုင်အောင်ဖြစ်သည်။

သောက်နေကျဆေးကိုသောက်ပြီး အိပ်လိုက်
ထိုနေ့အဖို့ ရုံးကိုဆေးကလည်း ပါမလာပါ။ လွယ်လွယ်ကူ
နီးနီးနားနားမှာလည်း ဆေးသွားဝယ်ဖို့ရာ ဆေးဆိုင်မရှိပါ။
သာထိုင်သာရှိအောင် လုပ်နေကျအတိုင်း ပရပ်ဆီတွေကို
မျက်နှာတစ်ခြမ်းနီးပါး ထူပူအောင် ပွတ်လူးပြီး စားပွဲမှာမှော
အိပ်နေဆဲ ကျော်စွာညိုက ရောက်လာခဲ့တာဖြစ်သည်။





စားပွဲမှာ မှောက်အိပ်နေတဲ့ ငြိမ့်စားပွဲရှေ့က ဖြတ်
ရင်း ...

"လုပ်ငန်းခွင်ထူးချွန်ဆုကြီး ချိန်နေတာလားဗျို့"

မလှမ်းမကမ်းမှ မကြူကြူက လှမ်း၍ ...

"ခေါင်းကိုက်လို့တဲ့"

ထိုအခါကျမှ "ဟုတ်လား"ဟု အံ့အားသင့်သွားပုံ
ရကာ ပရပ်ဆီနံ့ တထောင်းထောင်းကိုလည်း ကျော်စွာညို ဂရု
ပြုမိသွားပါသည်။

"အမ်ဒီလည်း မရှိဘူး ကျော်စွာညို၊ အပြင်သွားတယ်၊
ညနေမှ ပြန်ရောက်လိမ့်မယ်"

"ဟုတ်လား အစ်မ၊ ဒါဖြင့် ညနေမှ ပြန်လာလိုက်တော့
မယ်၊ ဒီနေ့ သုတ်ဆေးသမားတွေ စဝင်ပြီ၊ ပိုက်ဆံတစ်ရစ်
ထပ်ထုတ်ဖို့ရှိတယ်"

"လေးနာရီလောက်မှ လာလိုက်"

"ဟုတ်ကဲ့"

ကျော်စွာညိုက ငြိမ့် စားပွဲနားရပ်ကာ ငြိမ့်ကို အကဲ
ခတ်ရင်း ...

"သူ့ကော ဘယ်လိုလုပ်မှာလဲ"

အိပ်ပျော်နေတာ မဟုတ်ပေမယ့် အချီအချစကားသွ
မပြောချင် မပြောနိုင်တဲ့ ငြိမ့်က မျက်စိလည်းမဖွင့် ကြည့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကြည့် နှုတ်လည်းမဆက်ပါ။ ကျော်စွာညိုရဲ့ စိုးရိမ်မကင်းသော စကားနောက်တွင် မမကြူက ဆိုင်ရာမှ ထ,လာခဲ့ပြီး ငြိမ့်အနား ရောက်လာသည်။

"ဟဲ့ ကောင်မလေး၊ ညည်းပြန်ရင် ပြန်လိုက်ပါလား"

ငြိမ့်ပခုံးကိုကိုင်ကာ ပြောပါသည်။

"ဟင့်အင်း"

"ဒီလောက်ကြီး ကိုက်ခဲနေတာ ရုံးမှာလဲ ဘာမှမလုပ်နိုင်တဲ့တူတူ သက်သောင့်သက်သာ မရှိဘဲပေပြီး ဘာလို့နေမလဲ၊ အိမ်ပြန်နားလိုက်တော့၊ သောက်ရမယ့်ဆေးကလည်း အိမ်မှာရှိတယ်ဆို"

တကယ်တော့ ငြိမ့်သည် ဆေးသောက်၍ အိပ်ပစ်ချင်လှတာ အမှန်။ ရုံးမှာကျတော့ ဘယ်လောက် မှောက်အိပ်နေနေ အိပ်ပျော်နိုင်တာလည်း မဟုတ်။ တကယ်ကို မသက်မသာ ရှိလှသည်။ ခုနကပဲ ကားငှားပြန်သွားရင် ကောင်းမလား စဉ်းစားနေခဲ့သည်။ လမ်းမှာ အဖော်မပါ တစ်ယောက်တည်း ဖြစ်နေမှာစိုး၍ ဘယ်သူ့အကူအညီတောင်း အဖော်ခေါ်သွားရမလဲ စဉ်းစားရင်း အဖြေပေါ်မလာဘဲ မပြန်ဖြစ်တာဖြစ်သည်။

"ဟင် ... ပြန်လိုက်ပါလား"

"ဟုတ်တယ်လေ ငြိမ့်ခင်လေး၊ အိမ်ပြန်နားလိုက်ပါလား"

"ရပါတယ်"





"ရပါတယ် မလုပ်နဲ့၊ ညည်းကြည့်ရတာ ဘေးကနေတောင် ခေါင်းလိုက်ကိုက်ချင်လာတယ် ငြိမ့်ရယ်၊ ကျော်စွာညိုရောက်လာတာ အတော်ပဲ"

"ဟုတ်တယ်၊ လာပါ ငြိမ့်၊ ကျွန်တော် ပြန်ပို့ပေးခဲ့မယ်"

ငြိမ့်က မှောက်နေရာမှ ခေါင်းထူကာ ...

"လိုက်ပို့ရမှာ တကူးတကနဲ့"

"အာ ... ဘာမှ တကူးတကက မရှိဘူး၊ အပန်းလည်းမကြီးဘူး၊ ကဲ ... ထ ... ထ ... ကျွန်တော် လိုက်ပို့မယ်"

ငြိမ့်က မမကြူကို ဝေခွဲမရသလို ကြည့်သည်။ ငြိမ့်အကြည့်ကိုလည်း မမကြူက နားလည်သည်။ ပြန်လည်းပြန်ချင်သည်။ ဝန်လည်းလေးနေသည်။

"ဘာမှစဉ်းစားမနေနဲ့ ငြိမ့်၊ ပြန်လိုက် ညီမလေး၊ နေမှမကောင်းတာ၊ အခုနားလိုက်ရမှ နောက်နေ့ နေကောင်းသွားမှာပေါ့၊ ကဲ ... ကဲ ... ရော့ ... ကျော်စွာညိုရေ၊ ဒါသူ့အိတ်"

အိတ်ကလွဲလို့ ရေဘူး ထမင်းဘူး ခြင်းတောင်း ဘာမှမပါတဲ့ အခြေအနေကိုကြည့်ရင်း အချိန်ကိုလည်း သတိပြုမိကာ ...

"သူ ထမင်းရော စားပြီးရဲ့လား မမကြူ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်စားရဦးမလဲ၊ ခုနက ထွက်စားမယ်လုပ်တော့ ခေါင်းမှ မထူနိုင်တာ၊ ဗိုက်ထဲလည်း ဟာနေမှာ"

"ကိစ္စမရှိဘူး၊ ကျွန်တော် လမ်းကဝင်ဝယ်သွားလိုက်မယ်"

ဤသို့ဖြင့် ငြိမ့်၊ ကျော်စွာညိုတို့ကားနှင့် လိုက်ပါလာ ဖြစ်ခဲ့ပါသည်။ ကျော်စွာညိုက လမ်းခုလတ် တစ်နေရာမှာ ကား ရပ်ကာ ငြိမ့်အတွက် ကြေးအိုးတစ်ပွဲမှာသည်။ သူ့အစီအစဉ်နှင့် သူ။ ဘာစားမလဲလည်း ငြိမ့်ကိုမမေး။ သို့သော် ငြိမ့်စိတ်ကူးနှင့် တစ်ထပ်တည်း။ ငြိမ့်သည် လောလောဆယ်တွင် ခမ်နွေးနွေး သော ခေါင်ဆွဲပြုတ် မြူဆွမ်ပြုတ် ကြေးအိုးပြုတ် တစ်ခုခုကို ပြီး ဗိုက်ဖြည့်ချင်နေတာ။

"ညနေကျ ဆေးခန်းပြလိုက်ပါလား၊ ကျွန်တော် လာခေါ် မယ်"

"ရတယ် ကိုကျော်စွာညို၊ ဆေးရှိတယ်၊ ဆေးပဲသောက် လိုက်မယ်"

"ခုလောလောဆယ်ကတော့ ရှိတဲ့ဆေး သောက်ထားလို့ ပေါ့၊ ဒါပေမဲ့ ဆရာဝန်ပြလိုက်တာလည်း ကောင်းပါတယ် ဒီလိုပဲ အမြဲတမ်း ဒီဆေးချည်းပဲ သောက်နေရမှာလား တာလည်း မေးလို့ရတာပေါ့၊ ကိုယ့်ဟာကိုယ် မှန်းသော နေတာထက်စာရင် ဆရာဝန် ပြလိုက်ပါ"





"ပြဖြစ်ရင်လည်း သစ္စာကိုဖြစ်ဖြစ် အဖော်ခေါ်ပြီး သွားလိုက် ပါ့မယ်၊ ရုံးပြန်ရောက်ရင် ကိုကျော်စွာညို သူ့ကိုပြောပြ လိုက်ပါ၊ ညနေ ဆေးခန်းကို အဖော်လိုက်ပေးဖို့ နည်းနည်း စောပြန်ခဲ့ပေးပါလို့"

"သစ္စာကို အဖော်ခေါ်ရင် ခေါ်ပေါ့၊ ကျွန်တော်တော့ လာ ခဲ့မယ်လေ၊ ကားနဲ့ လိုက်ပို့မယ်"

"လိုက်ပို့ရမှာ အားနာလို့ပါ"

"အဲဒီ အားနာတဲ့စကားကြီးကို မပြောစမ်းပါနဲ့ဗျာ"

"တကူးတကကြီး အလုပ်ပိုလို့ပါ"

"ပိုပစေဗျာ"

"သစ္စာကို ပြောပေးနော်"

"ပြောပေးပါ့မယ်၊ စိတ်ချပါ၊ ကျွန်တော်လည်း လာခဲ့မှာ"

ငြိမ့်သည် ဘယ်လိုတားတား သူလာမှာပဲကို သိနေ ပါသည်။ လာမယ် မလာနဲ့ အတုံ့အပြန် တားမြစ်နေလို့လည်း အမှုမထူးနိုင်။ မှာထားတဲ့ ကြေးအိုးရလျှင် ကျော်စွာညိုပဲ ငွေရှင်း လိုက်ပြီး အိမ်ကို ဆက်မောင်းလာသည်။ တိုက်အောက်ရောက် လျှင် ...

"ဒါတွေသယ်ပြီး တိုက်ခန်းတံခါးဝအထိ လိုက်ပို့မယ်နော်"

"ရပါတယ်၊ ငြိမ့် သယ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သယ်မနေပါနဲ့၊ သက်သက်သာသာ ရှေ့ကတက်သွားပါ။ ကျွန်တော် အခန်းထဲ မဝင်ပါဘူး၊ တံခါးဖွင့်ပြီးမှ ဒါတွေ ယူတော့"

သူ့ပြောစကားအတိုင်း ငြိမ့်က ရှေ့ကတက် တံခါးဖွင့်။ နောက်ကပါလာတဲ့ သူ့ထံက အိတ်နှင့် ကြေးအိုးထုပ်ကို ယူပြီး အထဲဝင်။

"အစာစားပြီးမှ ဆေးသောက်အိပ်နေလိုက်နော်"

"ဟုတ်ကဲ့"

"ညနေလာခဲ့မယ်နော်"

"ကျေးဇူးတင်ပါတယ် ကိုကျော်စွာညို"

အစားနွေးနွေးကလေးဝင်၍ ဆေးသောက်ကာ တရေးတမော အိပ်စက်အနားယူလိုက်ရတဲ့ ငြိမ့်သည် ညနေလေးနာရီ ထိုးခါနီးတွင် ရေထချိုးနိုင်ကာ အနည်းငယ် ထူထူထောင်ထောင် ရှိလာသည်။ ဝေဒနာလျော့ပါးသက်သာ၍ လူလည်း အနည်းငယ် လန်းဆန်းလာပါသည်။ အဆင်သင့် အဝတ်အစားလဲထား၍ ပြန်လာမည့် သစ္စာကို မျှော်နေမိပါသည်။ ခါတိုင်း ငါးနာရီကျော် ပြန်ရောက်တဲ့ သစ္စာ၊ ဒီနေ့ ကျော်စွာညို့ထံက အကျိုးအကြောင်း သိရင်ဖြင့် လေးနာရီခွဲလောက် ပြန်ရောက်လာကောင်းရဲ့လို့ထင်သည်။





လေးနာရီခွဲကျော်ကျော်တွင် ပြန်ရောက်လာသူကား ကျော်စွာညို တစ်ယောက်တည်း။ တံခါးခေါက်၍ ဖွင့်ကြည့်လိုက်လျှင် သစ္စာကို မတွေ့သောအခါ ...

"သစ္စာရော ... ကိုကျော်စွာညို"

"သူက တောင်းပန်လိုက်တယ်ဗျ၊ သူတို့ ပန်းချီပြပွဲတစ်ခု လုပ်ဖို့ ရက်အတော်နီးကပ်နေတာနဲ့ သူ့ပန်းချီဆော်ဒါတွေနဲ့တွေ့ဖို့ ဆွေးနွေးဖို့လေးတွေ ရှိလို့တဲ့"

ငြိမ့်သည် ကျော်စွာညိုနှင့် နှစ်ယောက်တည်း သွားမှာကို စိတ်ပျက်တယ် မဟုတ်ဘြား တစ်မျိုးကြီးတော့ ဖြစ်မိသည်။

"သူက တောင်းပန်လိုက်တယ်၊ သူ ချိန်းပြီးသားလည်း ဖြစ်နေလို့တဲ့၊ ကျွန်တော်သာ မပါဘူးဆိုရင်လည်း ချိန်းပြီးရင်တောင် ရအောင်ဖျက်ပြီး သူလာမှာပါတဲ့။ ခုတော့ ကျွန်တော်လိုက်ပို့မှာလည်း သူသိတော့ အဖော်ရှိလို့ သူ့ကိစ္စမဖျက်တော့တာပါတဲ့"

အင်းလေ ...။

ငြိမ့်က ဘာပြောလို့ ရမှာလဲ။ သူလည်း သူ့ကိစ္စနဲ့သူပေါ့။ ချိန်းထားတဲ့ကိစ္စ ရှိနေတယ် ဆိုတော့လည်း မပါလာလေခြင်းလို့ ငြိမ့် အပြစ်တင်နေဖို့ မသင့်ပါ။ ငြိမ့် တစ်ယောက်တည်းသာ ကျော်စွာညိုနှင့် ဆေးခန်းကို လိုက်ခဲ့ပါသည်။ ငြိမ့်မှာရောင်



www.burmeseclassic.com

www.burmeseclassic.com



က ခုလို အပြင်မှာ ခင်မင်တဲ့ အမျိုးသားမိတ်ဆွေလည်း မရှိဖူး ကာ ဘယ်သူနဲ့မှလဲ ဘယ်မှသွားစရာ အကြောင်းမရှိခဲ့။

ငြိမ့်သိကျွမ်းသမျှ အမျိုးသား အသိမိတ်ဆွေတို့ဟာ မေးထူးခေါ်ပြောလောက်ထက် ပိုကြတဲ့သူတွေ မဟုတ်။ ရုံးက ဝန်ထမ်းချင်းတွေလောက်နှင့် ကျောင်းတက်တုန်းက မျက်မှန်းတန်း သိကျွမ်းသူလောက်။ ငြိမ့်မှာ ကိုလေးကလွဲပြီး ရင်းနှီးခဲ့ဖူးသူမရှိ။ အခု ကျော်စွာညိုကိုတော့ သစ္စာကတစ်ဆင့် အကြောင်းတိုက်ဆိုင် သိကျွမ်းရတာလည်းဖြစ်ရာ မမျှော်လင့်ဘဲ ခုလောက်ထိ ရင်းနှီးဖို့ ဖြစ်လာပါသည်။

စိတ်ထဲကတော့ သူနဲ့နှစ်ယောက်တည်း တစ်နေရာရာကို လာရတာ စနိုးစနောင့် မလုံမခြုံလေးနှင့် ရှိုးတိုးရှန့်တန့် ဖြစ်တာအမှန်ပင်။ သို့သော်လည်း ဒါကို ကျော်စွာညို သိမှာကိုလည်း အားနာမိပြန်သည်။ ကျော်စွာညိုဟာ စိတ်ထဲမှာ ငြိမ့်အပေါ် ဘယ်လိုရှိရှိ အပြင်မှာ အမူအရာက ကလိုးကလက် မရှိပါ။

ကျော်စွာညို ခေါ်လာတဲ့ ဆေးခန်းကြီးမှာ သူ မေးမြန်းစီစဉ် ဘွတ်ကင်လုပ်လိုက်တဲ့ ဆရာဝန်မကြီးနှင့်ပဲပြဖို့ ထိုင်စောင့်နေကြရင်း ...

"ဒီနေ့ရော သစ္စာနဲ့ ရန်ဖြစ်တာ ရှိသေးလား"

ငြိမ့်က ပြုံးစိစိလေး မေးမိသည်။





"သူနဲ့လား၊ မဖြစ်တဲ့နေ့ မရှိဘူး"

"ဒီနေ့ ဘာဖြစ်လဲ"

"ဒီနေ့ သူ့ကို ငြိမ့်နေမကောင်းတာပြောရင်း သူကမလိုက်နိုင်ဘူးဆိုတော့ ကျွန်တော်က အပြစ်တင်ရင်း ဖြစ်တာပေါ့"

"သူမှမအားတာ အပြစ်တင်နေလို့ အပိုပေါ့ ကိုကျော်စွာညိုကလည်း"

"ကျွန်တော်က သူ တမင်တကာ ကောက်ကာငင်ကာ မအားဘူး လုပ်လိုက်သလားလို့တောင် ထင်တာ"

ငြိမ့်က မျက်ခုံးလေးပင့်ရင်း ...

"ဘာဖြစ်လို့လဲ"

"ကျွန်တော် လာခေါ်ပေး ပို့ပေးမယ် ဆိုတာလည်းသိတော့လေ၊ ငြိမ့်မှာ အဖော်ရှိတာပဲဆိုပြီး တမင် ရှောင်ခိုလိုက်လားလို့ပေါ့၊ အင်းလေ ... သူလည်း ငြိမ့်ကိုချစ်တာပဲဟာ၊ ကိစ္စမရှိဘဲ ရှိတယ်တော့ ညာပြီး လိုက်ဖို့ငြင်းမယ် မထင်ပါဘူး၊ ကျွန်တော် ဆိုလိုတာက သူက ကျွန်တော့်ကို ငြိမ့်နဲ့လည်း ရင်းနှီးစေချင်တယ်၊ ငြိမ့်နဲ့ ကျွန်တော် ရင်းနှီးခင်မင်ဖို့အတွက်ရာကို သူ့မှာ တည့်တည့်ရော သွယ်ဝိုက်ပြီးတော့ရော တိုက်တွန်းရ ဆွဲဆောင်ရတွေ ရှိတယ်"

"ဟုတ်လား၊ အဲဒါ ဘာဖြစ်လို့လဲ ကိုကျော်စွာညို"

ငြိမ့်သည် မမျှော်လင့်တာ သိရ၍ အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်တော် ထင်တာတော့ သူက ငြိမ့်ကိုလည်း ချစ်ခင်ရင်းနှီးတယ်၊ ကျွန်တော်ကိုလည်း ...၊ အင်း ... ကျွန်တော့်ကိုလည်း ချစ်ခင်ရင်းနှီးတယ်၊ အဲဒါကြောင့် သူချစ်တဲ့ခင်တဲ့ သူချင်းကိုလည်း ရင်းနှီးနှီးစပ်စေချင်တယ် အဲသလိုလား မသိဘူးဗျ"

ငြိမ့်က ကျော်စွာညို့ကို တအံ့တသြ ငေးကြည့်နေသည်။

"ငြိမ့် အံ့သြလား မသိဘူး၊ သူနဲ့ ကျွန်တော် အရမ်း မတည့်ကြပေမယ့် အဲသလောက် ရန်ဖြစ်ကြရလွန်းလို့ တစ်မျိုးရင်းနှီးမှု ရှိနေတာပဲဗျ၊ ကျွန်တော်လည်း သူ့ အမြင်ကတ်သလောက် စိတ်ထဲက ရင်းနှီးတဲ့ သံယော ရှိပါတယ်၊ သူလည်း ဒီလိုပဲနေမယ်ဗျ ...

အင်းလေ ... သူ့အာ ဒီလိုမဟုတ်ဘူး ဆိုရင်တော့ ကျွန်တော်ကတော့ သူ့ကို အကျင့်ပါပြီး ရန်သာဖြစ်နေ ဖွေလည်းမယူပါဘူး၊ အစ်မကြီးတစ်ယောက်လို ချစ် သံယောဇဉ်ရှိပါတယ်၊ သူကလည်း ကျွန်တော့်ကို စေတ တော့ ရှိတယ်လို့ ထင်တယ်၊ ဥပမာဗျာ ... သူက ကျွ တော့်ကို မောင်တစ်ယောက်လိုပဲ သူ့ပတ်ဝန်းကျင် ကောင်းနိုးရာရာ ဆင့်တော်ရာရာ မိကောင်းဖခင် သမီး လေးတွေနဲ့ လျှောက်သဘောတူတတ်တယ်၊ တိုက်တွန်း တတ်တယ်"





"ဟုတ်လား ! "

"ဥပမာပေါ့ဗျာ၊ ငြိမ့်နဲ့ဆိုရင်လည်း ကျွန်တော့်ကို သူက သဘောတူတယ်၊ စကားကြုံရင် ကြုံသလို နည်းနည်းတွန်း ပို့ချင်တယ်၊ ဟို ... ယုယနဲ့တုန်းကလည်း အဲလိုပဲ၊ ကျွန် တော့်ကို တိုက်တွန်းခဲ့ဖူးတယ်"

ငြိမ့်သည် ပါးစပ်လေးပင်ဟကာ အံ့အားသင့်နေသည်။ ငြိမ့်နဲ့ ကျော်စွာညိုကို သဘောတူ တိုက်တွန်းသတဲ့။ ယုယနဲ့တုန်းကရောပဲတဲ့။

"မယုယနဲ့လည်း ကိုကျော်စွာညို ခုလို ရင်းနှီးခဲ့တာပေါ့"

"ဟင့်အင်း ... မရင်းနှီးခဲ့ပါဘူး၊ မြင်ဖူးကြရုံလောက်ပါပဲ၊ ကျွန်တော် သိပ်လည်းစိတ်မဝင်စားလို့ ခင်မင်တဲ့အဆင့် မရောက်ဖြစ်ခဲ့ပါဘူး၊ ငြိမ့်နဲ့ကျမှသာ၊ ဒါလည်း သူတိုက် တွန်းလို့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် နေမကောင်းတုန်း ငြိမ့် ကူညီပေးခဲ့တာက မေမေ့ကို သတိရမိအောင် တမ်း တမိအောင် ရင်ကိုထိခဲ့တယ်၊ ငြိမ့်မှာ မိခင်ဆန်တဲ့စိတ် ရှိတယ်၊ အဲဒါကို ကျွန်တော် လေးစားမြတ်နိုးပြီး ငြိမ့်ကို အလိုအလျှောက် ခင်မင်သွားတာပါ"

"ဒါပေမဲ့ သစ္စာကတော့ ကိုကျော်စွာညို့ကို ငြိမ့်နဲ့သဘော တူတဲ့အနေမျိုး တိုက်တွန်းတဲ့ နောက်ပြောင်တဲ့ သဘော မျိုးတွေ မပြောသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူ ခင်မင်ရင်းနှီးတဲ့ ..."

"သူ ဘယ်လိုပဲ ခင်မင်ရင်းနှီးပါစေ စ,ရင်း တိုက် ရင်းက မတော်တဆ တစ်ယောက်ယောက်က စိတ် ရင် ဘယ်ကောင်းပါ့မလဲ ကိုကျော်စွာညို၊ ကျွန်မမှာ ရှိတာ သူ သိနေတာပဲဟာ၊ မတိုက်တွန်းရဘူးပေါ့"

ကျော်စွာညိုက ငြိမ့်ကို တအံ့တသြ လှည့်ကြည့်

"ငြိမ့်ခင်လေးမှာ ချစ်သူရှိတယ် ! ဟုတ်လား"

"ဟုတ်ကဲ့"

"တစ်ခါမှ တွဲသွားတွဲလာ မတွေ့ပါလား"

"သူက နေပြည်တော်မှာပါ၊ နှစ်ကုန်လောက် ရန် ကို ပြန်လာရမယ်လို့ မှန်းထားတော့ သူ ရန်ကုန်ပြန် ရင် လက်ထပ်ကြဖို့ ရည်ရွယ်ထားပါတယ်၊ ခုတော့ တစ်ကြိမ်လောက် သူ ရန်ကုန်လာပါတယ်။ လာရင် နှစ်ရက်သုံးရက်ဆိုတော့ ကိုကျော်စွာညိုနဲ့ကလည်း ဒီ ကြီး ခပ်စိပ်စိပ် ဆုံနေကြတာ မဟုတ်တော့ ဘယ်တွေ့ မလဲ"

"ဪ ... ရန်ကုန်မှာ မရှိဘူးကိုး၊ မသစ္စာက အဲဒါ လား"

"သိတာပေါ့ ကိုကျော်စွာညိုရယ်၊ သူနဲ့လည်း ဆုံဖူး ပဲ"





ကျော်စွာညိုက ဘာမှဆက်မပြောတော့သော်လည်း ထဲမှာတော့ တစ်မျိုးကြီး ဖြစ်နေပါသည်။ ငြိမ့်မှာ ချစ်သူရှိ ယ်လို့ သိလိုက်ရတော့ အနည်းငယ်ပျိုးဖို့ ရည်ရွယ်နေသူမို့ ပ်ငုပ် ခံစားလိုက်ရသော်လည်း ဘာမှဒီလောက်ကြီး မဖြစ်ပါ။ ကြောင့်လဲဆိုတော့ သူ ငြိမ့်ခင်လေးကို စိတ်ဝင်စားစပြုခြင်း တကယ်ပဲ သူ နေမကောင်းစဉ်က ကူညီပြုစုမှုတို့ကြောင့် ကို လွမ်းဆွတ်သွားတဲ့ ခံစားချက်ပြင်းပြင်းက ရိုက်ပုတ် န်းပို့လိုက်ရင်း ဆင့်ပွားလာတဲ့ စိတ်ဝင်စားမှုမို့ပင်။

အရူးအမူး ချစ်နေတာမျိုး မဟုတ်သေး၍ အသည်း ည်းမကွဲ ရင်လည်းမနာ။ ဘာမှ ဒီလောက်မဖြစ်။ သို့သော် ထဲအင့်သွားသည်မှာ မသစ္စာကြောင့်။ သူ့ခံစားချက်နှင့်သူ့ရော သစ္စာက မကြာမကြာ ယှဉ်တွဲတိုက်တွန်းတာကြောင့်ရော ငြိမ့် င်လေးကို စိတ်ဝင်စားသလိုလို ရှိလာတဲ့ ကျော်စွာညိုဟာ လွန် တဲ့ တစ်ပတ်လောက်ကပဲ မသစ္စာကို အသေအချာ အတိအကျ ခဲ့ပါသေးသည်။

ငြိမ့်မှာ ချစ်သူရှိသလားလို့။

"မရှိပါဘူး၊ ရှိရင်တွဲနေမှာပေါ့ ကျော်စွာညိုရယ်၊ သူက ရိုးရိုးအေးအေးလေးပါ၊ ဘာအတွေ့အကြုံမှ ရှိတာမဟုတ်ဘူး၊ နင် စိတ်ကူးမလွဲနဲ့၊ ငါ ဘာပြောပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပေးပါနဲ့၊ ခင်ဗျားဝင်ပြောမှ အပေါက်လမ်း မတည့်
တွေ ဖြစ်နေပါဦးမယ်၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ ပြော
ချင်တာရှိရင် ပြောမယ်၊ မပြောချင်ရင်လည်း မပြောဘူး"

"နင် ငြိမ့်ကို ချစ်သွားပြီပေါ့"

"ခင်ဗျားအပူ မပါပါဘူး"

သူဘုမှတ်လိုက်တော့ မျက်နှာခပ်အိုအိုနှင့် နှုတ်ဆိတ်သွားသော်လည်း သူ့ကို တစ်သိန်းနဲ့ ဆယ့်ရှစ်ကြိမ်လောက် မျက်စောင်းထိုးနေတဲ့ သစ္စာရှင်ကို သူက ရယ်ချင်နေခဲ့ပါသေးသည်။ ဒီအပျိုကြီး ဆေးဝန်းကျင်ကသူတွေရဲ့ ချစ်ရေးချစ်ရာကို အထော စိတ်ဝင်စားတာပဲရယ်လို့လည်း ရင်ထဲက ကျိတ်တွေးမိပါသေးသည်။

ခု ကြည့်စမ်း။

သူ အပိုင်သိသယောင် မရှိပါဘူး အာမခံထား ငြိမ့်မှာ ချစ်သူရှိနေတယ်။ တော်သေးတာပေါ့။ သူ ဘာမှစကား အလွန်အကျွံ မစူးသေးလို့ ပြန်နှုတ်နေဖို့မလို။ တစ်ခုခုသာပြော သွားရင် ဒီမျက်နှာကြီး ဘယ်လိုလုပ် ဖွက်ရပါ့။ သူက ငြိမ့်ခင် လေးကို ခင်မင်နှစ်လိုမှုလည်းရှိရာ ချစ်သူလိုမဟုတ်လည်း မိတ်ဆွေ သူငယ်ချင်းလို ပေါင်းသွားချင်ပါသည်။

ခုလို ဘာစကားမှ မကျွံသေးတော့ ဆက်လက်ခင် မင် ပေါင်းသင်းသွားဖို့ မျက်နှာပူစရာ မရှိတော့ဘူးပေါ့။ ငြိမ့်





မိန်းကလေးမျိုးဟာ သူ့မှာချစ်သူရှိရက်နဲ့ တခြားတစ်ယောက် ချဉ်းကပ်လာတာကို မှိန်းပြီး အပျော်ပြန်ရောနေမယ့် အမျိုးအစား ထဲကလည်း မဟုတ်။

အင်း ... ဒေါ်သစ္စာရှင်။ လူကို တမင်တကာ ချွန် တွန်းလုပ်တာပဲ ထင်တယ်။

ကျော်စွာညိုက သစ္စာရှင်ရဲ့သဘောကို မဆန်းစစ် တတ်တော့ပါ။ တခြား ဘာကြောင့်များ ငြိမ့်မှာ ချစ်သူမရှိဘူးလို့ ညာဖို့လိုလဲ။ ကျော်စွာညို ငွတီးငွကျ ကသိကအောက်ဖြစ်အောင် ချွန်တွန်းလုပ်လိုက်တာကလွဲပြီး ဘာမှတွေးမရပါဘူး။

ဒါကို ငြိမ့်ခင်လေးကိုတော့ ပြောပြမနေတော့ပါ။ ထိုသို့ ကျော်စွာညိုက ဘာမှမပြောတဲ့အတွက် ငြိမ့်ကလည်း ငြိမ့် မှာ ချစ်သူမရှိဘူးလို့ သစ္စာပြောထားတယ်ဆိုတာ မသိတော့ပါ။ သို့သော် ကျော်စွာညို့ကို ဘာကြောင့် စသလို နောက်သလို သဘောတူသလို စကားတွေနဲ့ တွန်းပို့ရတယ် ဆိုတာကိုတော့ တွေးမရ။ ယုယနဲ့တုန်းကလည်း ဒီလိုပဲဆို၍ ပိုပြီးအံ့သြရသည်။

ကျော်စွာညို့ အမြင်အထင်ကတော့ သူ့ကို မောင် လေးတစ်ယောက်လို ချစ်ချင်လို့ သူ့ပတ်ဝန်းကျင်က မိန်းမကောင်း လေးတွေနဲ့ သဘောတူတတ်တယ်လို့ ထင်နေသည်။ ငြိမ့်ကတော့ ဒီထက်ပိုတာ တစ်ခုခု ရှိလိမ့်မယ်လို့ ထင်လာပါသည်။ ဘာဖြစ် လို့လဲဆိုတော့ ယုယပါ ပါနေလို့ပင်။ ဒါပေမဲ့ ငြိမ့်နှင့်ကျော်စွာညို



www.burmeseclassic.com

www.burmeseclassic.com



အခု ရင်းနှီးပုံ အပေါ်မှာတော့ သစ္စာကို တရားခံတပ်လို့မရ။ ငြိမ့်တို့ချင်း အကြောင်းတိုက်ဆိုင်ပြီး ကျော်စွာညို နေမကောင်းရာကမှ စတင်ရင်းနှီးသွားသလို ပြောလို့ရသည်။

သစ္စာဖန်တီးတာ မဟုတ်ဘူးလို့ ငြင်းလို့ရသည်။

"ကိုကျော်စွာညို မယုယနဲ့ ဘယ်နှခါလောက် ဆုံဖူးလဲ"

"နှစ်ခါ"

"အပြင်မှာ ဆုံတာလား"

"ဟုတ်တယ်ဗျ၊ နှစ်ကြိမ်စလုံးက ခင်ဗျားရဲ့ ဒေါ်သစ္စာ တမင်ဖန်တီးတာချည်းပဲပေါ့၊ ယုယပါ ရှိနေတုန်းမှာ ကျွန်တော့်ကို ကိစ္စတစ်ခုခုနဲ့ လှမ်းခေါ်လိုက်တာမျိုးပေါ့၊ အဲဒီတုန်းက သိသိသာသာကြီးဖြစ်တော့ ကျွန်တော်ကလည်း သဘောမကျ၊ မယုယလည်း ရှိုးတိုးရှန့်တန့်တွေ ဖြစ်ရတာပေါ့၊ နောက်တော့ သူ့ကို သိပ်အယုံအကြည်မရှိလို့ သူအဲသလို ထူးထူးခြားခြားခေါ်ရင် ချိန်းရင် မသွားတော့ဘူး"

ငြိမ့်က ကျော်စွာညို့ မျက်နှာကို စိတ်ဝင်တစားစိုက်ကြည့်၍ သူ့စကားတွေ နားထောင်နေမိပါသည်။ အဲဒီအချိန်မှာ အဲဒီဆေးခန်းကြီးအတွင်းမှာ ကိုလေးရဲ့ညီမလေး မိုးမိုး ရှိနေတာကို ငြိမ့် လုံးလုံးမမြင်ခဲ့မိ။ ဆေးပတ်ဝန်းကျင်ကို အာရုံမဝင်စားတာ။ ကျော်စွာညိုရဲ့ စကားတွေကို နားထောင်ရင်း သစ္စာရဲ့အကြောင်းကို နက်နက်နဲနဲ တွေးနေမိရင်း ကိုယ့်အာရုံနှင့်ကိုယ်ပင်။





မိုးမိုးက အစ်မတစ်ဝမ်းကွဲ အိုဂျီဆရာဝန်မနှင့်ကာလာအပ်ရာကို အဖော်လိုက်လာပေးတာ ဖြစ်ပါသည်။ ငြိမ့်ကိုအံ့တသြ ကြည့်လို့သာ ဓနေခဲ့မိသည်။ ဝေးလှမ်းနေ၍ သွားလည်းတ်ဆက်ဖြစ်။ ငြိမ့်ကလည်း လုံးဝမှ သူ့ကိုမြင်ပုံမပေါ်ကာအားက အမျိုးသားကိုပဲ စေ့စေ့ကြည့်ပြီး ထိုအမျိုးသားရဲ့စကားတွေကိုသာ အလွန်စိတ်ဝင်စားနေတာလေ။ ထိုအမျိုးသားရဲ့ ငြိမ့်ပေါ် နှစ်လိုမှုအပြည့်ရှိသောအကြည့်၊ ငြိမ့်ရဲ့ ရင်းနှီးသောအကြည့်ကိုလည်း မိုးမိုးက စေ့စေ့ငုငု ခွဲခြမ်းစိတ်ဖြာနေခဲ့ပါသည်။

"အဲဒါကြောင့် အခု ငြိမ့်နဲ့ပတ်သက်ပြီးတော့လည်း တချို့ဟာတွေကို သူ တမင်ဖန်တီးတာလားလို့ ကျွန်တော် တွေးတွေးမိနေတာ၊ ကျွန်တော် သူ့ကို ရိုးမှရိုးရဲ့လား၊ ရိုးမှရိုးရဲ့လားနဲ့ မေးနေတာတွေဟာ အဲဒါတွေကို အများဆုံးရည်ရွယ်တာပါ"

"ဘယ်ဟာတွေလဲဟင်"

"ဥပမာဗျာ၊ ကျွန်တော့်ကို အိမ်ကိုဖိုင်လ်တစ်ခုရှာပြီး ယူခဲ့ခိုင်းတာ၊ ငြိမ့် အိမ်မှာရှိနေတဲ့ ရုံးပိတ်ရက်လေ၊ ရောက်လည်းလာရော သူက ရေသွားချိုးနေတယ်"

"အင်း"

"ငြိမ့်နဲ့ပဲ စကားစမြည်ပြော စောင့်နေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အဲဒါကတော့ သစ္စာက ကိုကျော်စွာညို မလာခင် သူ့ဟာသူ ရေဝင်ချိုးနေနှင့်တာပါ"

"အဲဒီတုန်းက သူ ဝရန်တာမှာ ပန်းချီဆွဲတဲ့ပုံစံမျိုး ထိုင်နေတာလေ၊ ကျွန်တော့်ကား လမ်းထိပ်ကနေ ကွေ့ဝင်လာကတည်းက သူ မြင်ကိုမြင်ရပါတယ်၊ ကျွန်တော်တောင် သူ ဝရန်တာမှာ ထိုင်နေတာ မြင်လိုက်ရသေးတာပဲဟာ၊ ကျွန်တော့်ကားမြင်မှ ရေချိုးဖို့ ထဝင်သွားတာလို့ ထင်တာပဲ"

ဖြစ်ရင်လည်းဖြစ်မှာ၊ သစ္စာ ဝင်သွားပြီး ဘယ်နှ မိနစ်မှ မရှိသေးခင် ကျော်စွာညို တံခါးလာခေါက်တာကို ငြိမ်း ပြန်မှတ်မိပါသည်။

"အထင်တွေပေါ့နော်၊ ကျွန်တော်ကလည်း မသစ္စာကို အမြဲသံသယနဲ့ ကြည့်မြင်ဖြစ်တယ်၊ သူဟာ ပုံမှန်မဟုတ်ဘဲ အပေါ်ယံမှာ မျက်နှာဖုံးတစ်ထပ် အမြဲရှိတယ် ထင်နေမိလို့ပါ"

"ကိုကျော်စွာညိုလည်း သစ္စာကို အတော်တော့ သတိပြုဂရု စိုက်တယ်နော်"

"ဟုတ်တယ်ဗျ၊ သူ့ကို အမြင်လည်းကတ်၊ ကြောက်လည်း ကြောက်၊ ခင်လည်းခင်တယ်"





ငြိမ်းသည် ကျော်စွာညို့ မျက်ဝန်းထဲတွင် သံယောဇဉ်ကို မြင်နေရပါသည်။ ဤလူဟာ ဂျစ်ကန်ကန် ဘုကျကျ အပြုအမူတို့ကို သစ္စာတစ်ယောက်တည်းကိုသာ ပြုမူတာ။ ကျန်တဲ့ပတ်ဝန်းကျင်ကို ပုံမှန်သာ ဆက်ဆံတာ။ စကားခပ်များများ ပြောကြည့်လိုက်တော့ သူ့တွင် သစ္စာအပေါ် သံယောဇဉ်ရှိနေသည်။

"နောက်တစ်ခါက ရုပ်ရှင်လာကြည့်ရင်း ဆုံကြတုန်းက"

"ဪ … အင်း"

"ကျွန်တော် ညဘက် ရုပ်ရှင်ကြည့်မှာ ဘွတ်ကင်လုပ်ထားပြီးတာကို သူ့ရှေ့မှာထိုင်ပြီး သူငယ်ချင်းဆီ ဖုန်းဆက်ပြောနေတာဗျ၊ သူ အားလုံး ကောင်းကောင်းကြားတယ်၊ ပြီးတော့ ငြိမ်း စဉ်းစားကြည့်ဦးဗျာ၊ ထိုင်ခုံချင်းကအစ ကပ်ရက်ကျနေတယ်"

ငြိမ်းနှင့် ကျော်စွာညို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခပ်ဟားဟား ရယ်လိုက်မိကြပါသည်။ ကျော်စွာညိုက ရယ်ချင်တဲ့ရုပ်နှင့် ခေါင်းယမ်းရင်း …

"မရှိဘူးဗျ၊ ဟိုးတစ်ခါ ဒဂုံစင်တာက ဂျေဒိုးနတ်ဆိုင်မှာ ဆုံတုန်းကလည်းလေ"

"အင်း"

"ခင်ဗျားတို့နှစ်ယောက်ဘာသာ ထိုင်နေကြရင်း ကျွန်တော် ဝင်လာတာ မြင်တာနဲ့ လှမ်းခေါ်၊ အတူထိုင်နိုင်း၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူက ခုနဆစ်ထားတဲ့အကျီလေး ဆစ်မရတဲ့ဟာကို ပြန်သွားယူလိုက်ဦးမယ်ဆိုပြီး ကောက်ကာငင်ကာ ထ,လစ်သွားလိုက်တာ တစ်နာရီလောက် ပေါ်မလာတော့တာလေ"

"အင်း ... ဟုတ်တယ်"

"စစ်တီးမှာထိအထိ အေးအေးဆေးဆေး ဈေးဆင်းဝယ်နေလိုက်သေးတယ် သူက၊ ကျွန်တော်တို့ကို ထားခဲ့တယ်၊ လိုက်ရှာရင်လည်း ပတ်လွဲမှာစိုးပြီး ထိုင်စောင့်နေကြရတာလေ"

"အဲဒါ ဘာအတွက် လုပ်တာလဲ"

"ခင်ဗျားနဲ့ ကျွန်တော်ဆုံဖြစ်အောင်ပဲ နေမှာပေါ့ ငြိမ့်ရဲ့"

"ဆုံတော့ ဘာဖြစ်မှာမို့လဲ"

"ဘာကြောင့်မှန်းတော့ မသိပေမယ့် ကျွန်တော်နဲ့ ငြိမ့်ကို သူက ငြိသွားစေချင်တဲ့ သဘောတော့ အမှန်ရှိနေတယ်"

"အမိပ္ပာယ်မရှိတာ ကိုကျော်စွာညိုရယ်၊ မကြာမကြာဆုံတိုင်းရော ကိုကျော်စွာညိုက ငြိမ့်ကို စွဲလမ်းရောလား၊ ငြိမ့်ကကော ချစ်သူလက်ရှိကြီးနဲ့ကို၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို သူ ဘာဖြစ်လို့ ဒီသဘောမျိုး ရှိနေရတာလဲ"

"မသိဘူးလေဗျာ"

"အကြောင်းတစ်ခုတော့ ရှိရမှာပေါ့"

"ရှိမှာပေါ့"





"မယုယနဲ့လည်း ဖြစ်စေချင်၊ ငြိမ့်နဲ့လည်း ဖြစ်စေချင်၊ အဲဒါဘာသဘောလဲ"

"နောက်တော့ မယုယက သူ့မောင်ဝမ်းကွဲနဲ့ ချိတ်မိသွားတယ် ထင်တယ်"

"ဟင် ! ... သူ့မောင်ဝမ်းကွဲ ! "

"ဟုတ်တယ်၊ ကျွန်တော် ရှောင်ဖယ်ဖယ်လုပ်တဲ့ နောက်ပိုင်းမှာ မသစ္စာနဲ့ မယုယ သွားကြလာကြရင် အဲဒီလူတစ်ယောက် ပါပါနေတာ တွေ့ရတယ်၊ မသစ္စာနဲ့ အမျိုးမကင်းဘူးလို့ သိရတယ်"

"ကိုမျိုးထွန်း ဆိုတာလား"

"နာမည်တော့ ကျွန်တော် မသိဘူး၊ ငြိမ့် ဘယ်လိုလုပ်သိလဲ"

"မယုယနဲ့ လက်ထပ်တော့မယ့် သူ့အမျိုးသား ကိုမျိုးထွန်းဆိုတာ ငြိမ့်ရဲ့ချစ်သူ ကိုလေးရဲ့သူငယ်ချင်းပါ"

"သြော် ... ဒီလူက ကားတို့ ဖုန်းတို့ တိုက်ခန်းတို့ခြံတို့ ပွဲစားလုပ်တာလေ၊ ပွဲစားဆိုပေမယ့် လမ်းလျှောက်ပွဲစား မဟုတ်ဘူးဗျ၊ အဆင့်မြင့်တယ် အကျိုးဆောင်ကုမ္ပဏီဖွင့်ထားတယ် လူရည်သန့်ပါ"

"ဟင် ... မဟုတ်ဘူး၊ ကိုမျိုးထွန်းက သဘောသားပါ"

"ဟင် ... ဘာတွေလွဲနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ … လွဲနေပြီ၊ ငြိမ့် သိထားတဲ့ သူ့အမျိုးသား သင်္ဘောသားဆိုတဲ့ အချက်ကတော့ မမှားဘူး ကိုကျော်စွာညိုရဲ့၊ သေချာပါတယ်"

"ဒါဖြင့် တစ်ယောက်တည်း မဟုတ်ဘူးထင်တယ်၊ မယုယ အမျိုးသားနဲ့ မယုယက ကြာပြီလား"

"ကိုလေး ပြောပြတာတော့ နှစ်နှစ်နီးပါးလောက်ရှိပြီတဲ့"

"ကျွန်တော် ပြောတဲ့လူနဲ့ သူတို့သုံးယောက် ပူးတွဲ ပူးတွဲ တွေ့ရတာတော့ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ၊ ဒါဖြင့် ခင်ဗျားလူနဲ့က ပြီးသွားပြီပေါ့"

"ဟင် … အဲသလို မဟုတ်ဘူး၊ သူတို့စုံတွဲနဲ့ တွေ့တာ တစ်လခွဲလောက်ပဲ ရှိသေးတာ၊ ပြီးတော့ ဒီနှစ်ကုန်ရင် သူတို့က ယူမှာ"

"ဩော် …၊ ဒါဖြင့် ဒီကြားထဲမှာ …"

ကျော်စွာညိုက စိတ်ရှုပ်သွားသလိုနှင့် …

"ကျွန်တော်ပြောတဲ့ တစ်ယောက်နဲ့က မယုယနဲ့ ပတ်သက်ချင်မှလည်း ပတ်သက်မှာပေါ့လေ၊ ကျွန်တော် ဂဃနဏမသိတာ အမှန်ပါ၊ သူတို့သုံးယောက်ကို တတွဲတွဲ အမြဲတွေ့ရပြီး ဟိုလူနဲ့ မယုယကိုတော့ နှစ်ခါ သုံးခါလောက်ပဲ တွေ့ဖူးတာပါ"





သို့သော် ပတ်သက်နေကြတယ်လို့ ကျော်စွာညို ထင်မိရလောက်အောင် နှစ်ယောက်တည်းတွေ့ရသည့် နေရာလေးတွေက တစ်ကြိမ်က စားသောက်ဆိုင်မှာ၊ တစ်ကြိမ်က ရုပ်ရှင်ရုံမှာဖြစ်ပြီး တစ်ကြိမ်ကတော့ မနက်စောစောကြီး ဘုရားပေါ်မှာဖြစ်သည်။ မှတ်မှတ်ရရ … အဲဒီနေ့က ဗုဒ္ဓဟူးနေ့။ ကျော်စွာညို့ အမေဆုံးတာ အနှစ်နှစ်ဆယ်ပြည့်တဲ့နေ့မို့ သေချာမှတ်မိနေတာ။

ကျော်စွာညိုက ရွှေတိဂုံဘုရားပေါ်မှာ နှစ်စဉ်လှူဒါန်းနေကျတွေပတ်ပြီးလှူဆဲ၊ သူတို့နှစ်ဦး ဘုရားအတူရှိခိုးနေတာနှင့် ဆုံတာ။ နံနက်စောစောစီးစီးကြီး။ တမင်ချိန်းမထွက်ဘဲ အတူတူ ဖြစ်နေပါ့မလား။ သို့ပေမယ့် လျှော့ချလိုက်ပါသည်။ ကျော်စွာညိုက လျှော့ချလိုသော်လည်း ငြိမ့်က ဆွဲကိုင်မိတဲ့အစကို လက်မလွှတ်ချင်ပုံနှင့် …

"တွေ့တဲ့ နှစ်ခါ သုံးခါက ဘယ်လိုမျိုးလဲ၊ ဘယ်လိုပတ်သက်ပုံလဲဆိုတာ အကြမ်းဖျဉ်း မှန်းဆလို့ ရတတ်ပါတယ်"

"သူများအကြောင်း မပြောပါစို့နဲ့လားဗျာ၊ ကျွန်တော် ဒီလောက်ထိ ပြောမိတာတောင် မှားသွားလား မသိဘူး၊ သူ့အမျိုးသားက ငြိမ့်တို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း သိနေတယ်ဆိုတော့ မကောင်းဘူး ထင်တယ်"

ကျော်စွာညို မပြောချင်ဘဲ ငြင်းတယ်ဆိုကတည်းက ရိုးရိုးကလေး မဟုတ်လို့ပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ့်ဆီကနေ ဘယ်သူ့ဆီကိုမှ ဆက်သတင်းပို့နိုင်မှာ မရှိပါဘူး၊ ငြိမ့်အတွက်သာ စဉ်းစားစရာ အံ့သြစရာ ရှိလို့ မေးကြည့်တာပါ"

ကျော်စွာညိုက ပခုံးတစ်ချက်တွန့်ရင်း ...

"ကျွန်တော်ကတော့ သူတို့ကို အတွဲလို့ ထင်ခဲ့မိတာ နှစ်ယောက်အတူတူ တမင်တကာ ချိန်းထွက်မှဖြစ် ပုံစံမျိုးတွေလို့ ထင်မိတယ်၊ ဒါပေမဲ့ ဒါတွေက စကား မိလို့သာ မတော်တဆ ပြောဖြစ်တာ၊ ငြိမ့်အတွက် စဉ်း စရာ အံ့သြစရာ ဖြစ်နေပေမယ့် ကျွန်တော့်အတွက် ဘာမှ သိပ်ထူးခြားမှုမရှိပါဘူး၊ မြင်လိုက်တာနဲ့ မသစ္စာ ဒီနှစ်ယောက်ကြားထဲမှာလည်း အောင်သွယ်ပဲလို့ တန်းယူ နိုင်ပြီး ဘာမှအံ့သြစရာ မရှိဘူး"

ငြိမ့်အတွက်တော့ အဲဒါကိုက အံ့သြစရာဖြစ် တာ။

❦ ○ ❦





## ၁၀

တံခါးခေါက်သံကြောင့် ဖွင့်လိုက်လျှင် တံခါးဝမှာ သက်ထင်ကို မြင်လိုက်ရတဲ့အခါ သစ္စာရှင် ရင်ထဲ ဒုန်းခနဲမြည် အောင် အံ့လည်းသြ၊ ကျေလည်းနပ်သွားရပါသည်။ အခုလိုအချိန် ... တိုက်တိုက်ဆိုင်ဆိုင် ရောက်လာဖို့ တမင်တကာ ဖန်တီး တွေ့ဆုံဖို့ဆိုရင် အတော်ခက်မှာ။

ရန်ကုန်မှာမရှိတဲ့ သူတစ်ယောက်ကို အချိန်ကိုက် ... ရောက်လာအောင်လုပ်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်တာ။

"သြော်"

"ဟုတ်ကဲ့ ... နေကောင်းလား ခင်ဗျ"

သက်ထင်က ငြိမ့်ခင်လေး ရှိလားတောင် မေးမနေ ...ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူလာတဲ့အချိန်ဟာ ညရှစ်နာရီ ... ဘာမှမလိုတော့တဲ့အချိန်။ ဒီအချိန်မှာ သစ္စာရှင်တော



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာရှိနေရင် ငြိမ့်ခင်လေးဟာလည်း ရှိကိုရှိနေမှာဆိုတဲ့ သေချာတဲ့ စိတ်ချမှုမျိုးနဲ့ပင်။

သစ္စာရှင်ကလည်း ဘာမှမပြောဘဲ တံခါးဖွင့်ပေးလိုက်သည်ဆိုတော့ သက်ထင်က ဧည့်ခန်းကခုံတွေမှာ ဝင်ထိုင်လိုက်ပါသည်။ ထိုင်ပြီးတော့မှပင် အတွင်းခန်းထဲ ငြိမ့်ကိုခေါ်ခေါ်ဘဲ (သို့မဟုတ်)လှမ်းမခေါ်ဘဲ သူ့ပါ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တဲ့ သစ္စာရှင်ကို နားမလည်သလို ကြည့်မိပါသည်။

"ဘယ်တုန်းက ရောက်ပါလဲ"

"ညနေက ရောက်ပါတယ်၊ တာဝန်နဲ့ဆိုတော့ သန်ဘက်ခါ ပြန်ရမှာပါ"

"ဪ"

"ငြိမ့် မရှိဘူး ထင်တယ်"

သက်ထင်က မေးလည်းမေး မရှိရင် ပြန်သွားတယ်လည်း ယူဆ၍ ကိုယ်ကို အနည်းငယ် ခပ်ကြွကြွပြုကာ မေးသည်။

"ဟုတ်ကဲ့ ... မရှိဘူး"

ဖြေလိုက်တဲ့ သစ္စာရှင်ရဲ့ မျက်နှာပျက်ပျက်ကြောင့် သက်ထင်က ဇဝေဇဝါနိုင်ပင်။

"အိုဗာတိုင်မ်များလား၊ ဒါပေမဲ့ အိုဗာတိုင်မ်ရှိရင်လည်း ဒီလောက်ကြီး မိုးမချုပ်တတ်ပါဘူး"





"အိုဗာတိုင်မ် မဟုတ်ပါဘူး၊ သူတို့ဆေးခန်းသွားကြမှာလို့တော့ ပြောတာပဲ၊ ဒါပေမဲ့ ဆေးခန်းကတော့ ပြန်ရောက်ဖို့သင့်ပြီ"

မျက်နှာခပ်လွှဲလွှဲပြုနေတဲ့ သစ္စာရှင်ကို သက်ထင်က အကဲခတ်ရင်း ...

"ဘယ်သူနဲ့ သွားတာလဲခင်ဗျ"

"ဟိုဟာလေ၊ ကျော်စွာညိုနဲ့ပါ"

"ကျော်စွာညို ဆိုတာက !"

"ဟိုလေ၊ ဒီလိုပါ၊ ကျော်စွာညိုက ကျွန်မတို့ရုံးက အင်ဂျင်နီယာကောင်လေးပါ။ ဝင်ထွက်သွားလာနေကျဖြစ်တော့ ဒီလိုပဲ သူတို့ ရင်းနှီးသွားကြတယ်ပေါ့"

"ဆေးခန်းသွားရတာက ဘယ်သူ ဘာဖြစ်လို့လဲ"

"နေ့လည်ကတည်းကတော့ ငြိမ့် ခေါင်းကိုက်တယ်လို့ ကျော်စွာညို ပြောတာပဲ၊ ငြိမ့်က ခေါင်းတစ်ခြမ်းကိုက်တတ်တာ ရှင်လည်း အသိပဲ ဖြစ်မှာပေါ့"

"ဟုတ်ကဲ့"

"နေ့လယ်ကတည်းက ငြိမ့်ကို သူ့ရုံးမှာ သွားခေါ်ပြီး ကျော်စွာညိုပဲ အိမ်ပြန်ပို့ထားတာ၊ ကျွန်မလည်း ဒီနေ့မှပဲ ကိစ္စလေးတစ်ခုနဲ့ အိမ်ပြန်နောက်ကျတယ်၊ ကျွန်မရောက်တော့ ငြိမ့်လည်း မရှိဘူး၊ အောက်ထပ်က အန်တီကိုမေး

www.burmeseclassic.com



တော့ ကျော်စွာညို့ကားနဲ့ ထွက်သွားကြတယ်လို့ ပြောတာ ပဲ ဆေးခန်းပဲ ဖြစ်မှာပါ”

သက်ထင်သည် သစ္စာရှင်ရဲ့ စကားပြောပုံကို စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေမိပါသည်။ တစ်ခုခုကို သတိထား ချိန်ရစ်ပြီး ပြောနေသလိုပင်။ စိတ်မပါသလိုလို မပြောချင်သလိုလို မပွင့်တပွင့်ဟန်ပန်မျိုးလည်း ပေါက်နေတဲ့အပြင် မျက်နှာပြင်ပေါ်မှာ စိတ်အနှောင့်အယှက် ဖြစ်နေတဲ့ အရိပ်အယောင်ကို ဆင်ယင်ထားပါသည်။

ငြိမ့် ခေါင်းကိုက်တာကို ကျော်စွာညို ပြောလို့ မသစ္စာရှင်က သိရတယ်ဆိုတာ။ ငြိမ့်ရုံးကို သွားခေါ်ပြီး အိမ်ပြန်ပို့ထားတယ်ဆိုတာ။ ဆေးခန်းသွားတယ်လို့ ယူဆရတယ်ဆိုတာ ဒါတွေဟာ အခြေအနေတစ်ခုကို မသိမသာကလေး ဖော်ပြနေသလိုလို။

“ကိုကျော်စွာညို ဆိုတာ မသစ္စာ မိတ်ဆွေပေါ့”

“ဟုတ်ကဲ့၊ တစ်ကုမ္ပဏီထဲပါ၊ လူကောင်းလေးပါပဲ ကိုသက်ထင်၊ ရည်ရည်မွန်မွန်နဲ့ ခင်ဖို့လည်းကောင်းတော့ သူနဲ့ မြန်မြန်ဆန်ဆန်ပဲ ရင်းနှီးသွားကြတာပါ”

“သူက နေ့လယ်က ငြိမ့်ကို ရုံးကကြိုတယ်၊ အိမ်ပြန်တယ်ဆိုတော့ သူကလည်း ဒီနေ့ ရုံးမတက်တဲ့ သဘောလား”





“သူက ကျွန်မတို့ ကုမ္ပဏီပိုင်ရှင်ရဲ့တူပါ၊ ရုံးမှာ အလုပ်ဝင်ထားတယ် ဆိုပေမယ့်လည်း ဝါသနာအရ အပျင်းပြေသဘောလောက်ပေါ့၊ ဝင်ဝင်ထွက်ထွက်ပါပဲ”

သက်ထင်က သစ္စာရှင်ကို စိုက်ကြည့်နေမိသည်။ သစ္စာရှင် မျက်နှာက စိတ်ရှုပ်ထွေးနေတဲ့ပုံ။ ဒီအမျိုးသမီးဟာ ဆရာမကြီး လုပ်တတ်မယ့်ပုံ။ စွက်စွက်ဖက်ဖက် ပါတတ်မယ့်ပုံလို့ မှတ်ချက်ချထားဖူးတဲ့အတွက် ငြိမ့်ကတောင် သူ့ကိုသိပ်မကြည်လင်တာ။ သက်ထင်ဟာ သစ္စာရှင်ကို သိပ်သဘောအကျကြီး မဟုတ်လှပါ။

အခုပြောပုံဆိုပုံဟာလည်း တစ်မျိုးကြီးပဲလို့ သက်ထင် ဘဝင်မကျ ဖြစ်နေသည်။ ဘယ်လိုတစ်မျိုးကြီးလဲ ဆိုရင်တော့ မပြောတတ်ပါ။ သူ ပြောနေတာတွေကို သဘောမကျတာ မယုံကြည်တာမျိုးတော့လည်း မဟုတ်။ သက်ထင် စိတ်ထဲ ထင်မြင်ကောက်ချက်ချမိသည်မှာ ...

သစ္စာရှင်ဟာ ငြိမ့်နှင့် ကျော်စွာညိုကို သူပဲ ကြားကမိတ်ဆက်ပေး၊ လိုတာထက်ပိုပြီး သူထင်တာထက်ပိုပြီး ရင်းနှီးခင်မင် တွဲသွားတွဲလာ ဖြစ်လာခဲ့တာအပေါ်ကို ပြန်ပြီး သဘောတွေ့နိုင်ဘဲ ဖြစ်နေ။

အခုဖြစ်နေတဲ့ အနေအထားက ထိုအနေအထားမျိုး ဖြစ်သည်။ သက်ထင် မျက်နှာကို စေ့စေ့မကြည့်ဝံ့ဘဲ ခပ်လွှဲလွှဲ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေပုံအရ ဤကိစ္စတွင် သူ့ပယောဂမကင်းတဲ့ အဓိပ္ပာယ်
ကိုဆောင်သည်။ သူ့ပယောဂမကင်းတဲ့အတွက် စိတ်ညစ် မျက်နှာ
ပူပြီး သက်ထင်ကို ရင်မဆိုင်ချင်တဲ့ အရိပ်အယောင်မျိုး ရှိနေ
သည်။

သက်ထင် ခေါင်းထဲ ရှုပ်ထွေးလာပါသည်။ ငြိမ့်
ရိုးရိုးအေးအေး မိန်းကလေးမျိုးဖြစ်ရာ သူ့ကွယ်ရာမှာ ဟိုလူ
ဒီလူနဲ့ တွဲတတ်မယ့် သူမျိုးထဲကတော့ မဟုတ်ဘူးလို့ သက်ထင်
ယုံစားထားပါသည်။

"တစ်ခုတော့ရှိတယ်၊ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေး
လိုက်တာက ကျွန်မပါ"

သက်ထင်က ထိုစကားကို မနှစ်မြို့နိုင်၍ မျက်မှောင်
ကုတ်ရင်း ...

"မသစ္စာရှင် ဘာကိုဆိုလိုတာပါလဲ"

"ကျွန်မ မိတ်ဆက်ပေးလို့ ရင်းနှီးခင်မင်သွားကြတယ်
ခုလို သွားကြလာကြတဲ့ အဆင့်မျိုး ရှိတယ်ဆိုတာ
ကိုသက်ထင် ကျွန်မကို အပြစ်တင်ရင်လည်း တင်ဖို့
ဆိုလိုတာပါ"

"အပြစ်တင်ရအောင် သူတို့က ဘာဖြစ်နေကြပြီလဲ"

သက်ထင် အသံက မသိမသာ ပြတ်တောက်
သည်။





"ဘာဖြစ်တယ်လို့မှ ကျွန်မ မဆိုလိုဘူး၊ ဒါပေမဲ့ ကျွန်မ
မပါဘဲ သွားလာနေကြတယ် ဆိုတာမျိုးတော့ ကျွန်မက
လည်း သဘောမကျဘူး၊ သဘောမကျဘူး ဆိုတာကလည်း
ရှင့်ကြောင့်ပဲ၊ ငြိမ့်မှာ ရှင်မရှိဘူးဆိုရင် ကျွန်မဘာမှပြော
နေစရာ အကြောင်းမရှိဘူး၊ ဘယ်သူနဲ့သွားသွား၊ ဘယ်ကို
သွားသွား၊ ဘယ်အချိန်သွားသွားပေါ့၊ တစ်ခုခုဆိုရင် ကျွန်မ
က မိတ်ဆက်ပေးထားတော့ တာဝန်မကင်းမှုဟာ ကျွန်မ
ခေါင်းပေါ်မှာ ရှိနေတယ် ...

ဒါကြောင့် ကျွန်မ မကြိုက်ဘူး၊ ကျွန်မပါရင်တော့
ဘယ်သူ့ပြောစရာမှ မဖြစ်ဘူး၊ ကဲ ... ဥပမာဆိုရင် ရုပ်ရှင်
ကြည့်ကြမယ်၊ ကျွန်မပါ ပါတယ်၊ ကျွန်မပါ အတူကြည့်
လိုက်တယ်၊ အဲဒီကျ သူတို့လူပြောစရာ မဖြစ်တော့ဘူးပေါ့၊
ခုတော့ ဒီအချိန်ထိ ပြန်မရောက်လာကြသေးလို့ ကျွန်မ
စိတ်ပူနေတုန်း ရှင်ရောက်လာတော့ ပိုဆိုးတယ်၊ ကျွန်မ
တာဝန်မကင်းသလို ခံစားရတယ်"

"မသစ္စာရှင်နဲ့ ဘာမှမဆိုင်ပါဘူး"

"ဟုတ်ပါတယ်၊ မဆိုင်တာကို သိတယ်၊ ဒါပေမဲ့ ... အင်း
လေ ထားပါတော့၊ ရှင် အခု သူ့ကိုဆက်စောင့်မှာလား"

"မစောင့်တော့ပါဘူး၊ အိမ်မှာလည်း မသစ္စာရှင် တစ်
ယောက်ပဲရှိတော့ ကျွန်တော် ပြန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြန်တာကောင်းတယ်၊ အဲဒါအပြင် ကျွန်မ
တစ်ခုတော့ တောင်းပန်ချင်တယ်"

"ပြောပါ"

"ဒီညနေ ငြိမ့်ဟာ ကျော်စွာညိုနဲ့ အတူသွားတယ်ဆိုတာ
ကျွန်မပြောလို့ သိရတယ်လို့ ရှင် ငြိမ့်ကိုမပြောပါနဲ့"

သက်ထင်က မျက်မှောင်ကုတ်ရင်း ...

"ဘာဖြစ်လို့လဲ"

"အမှန်ပြောရရင် ငြိမ့် အမုန်းမခံချင်လို့"

သက်ထင်က သစ္စာရှင်ကို မျက်မှောင်ကုတ်၍ စူးစိုက်
ကြည့်နေပါသည်။

"နောက်နေ့မှ ရှင့်ဟာရှင်မေးပေါ့၊ ရှင်သူ့ကို တိုက်ရိုက်မေး
ပေါ့၊ အဲဒီကျလည်း သိရမှာပဲဟာ၊ ငြိမ့်က ညာပြော
လည်း မဟုတ်ဘူး၊ ကျွန်မပြောလို့ သိရပြီးပြီ ဆိုတာမျိုး
ပြောဖို့မလိုအပ်ပါဘူး"

"ကျွန်တော်က ဒီည ဒီကိုရောက်တယ်၊ ခင်ဗျားနဲ့တွေ့တယ်
ဆိုတာကိုပါ ဖုံးထားရမယ် သဘောလား"

သစ္စာရှင်က သက်ပြင်းတစ်ချက်ချရင်း ...

"အင်းလေ၊ ရှင့်ဘောပါ၊ ရှင်တိတိကျကျ ပြောရမှ ကျေ
နပ်ပါမယ် ဆိုရင်လည်း ပြောပေါ့၊ ပြောခြင်း မပြောခြင်း
ဟာ ရှင့်အတွက်တော့ ဘာမှ သိပ်မထူးပါဘူး၊ ကျွန်မ





အတွက်သာ ထူးတာပါ၊ ရှင်နဲ့သိပ်ကြီး ရင်းနှီးတာလည်း
မဟုတ်ဘဲနဲ့ ကျွန်မက ပြောလိုက်တယ် ဆိုတာကို ငြိမ့်
စိတ်ဆိုးမှာ သေချာတယ်၊ ကျွန်မကလည်း သူ စိတ်ဆိုးမှာ
သာ မခံချင်တာ၊ ရှင့်ကို ပြောကိုပြောပြရမယ်လို့ ခံယူ
ထားတယ်"

"ခင်ဗျား ဆိုလိုတာက ငြိမ့်နဲ့ အဲဒီ ကျော်စွာညိုဆိုတဲ့ သူ့
ရဲ့ ဆက်ဆံရေးဟာ မဖြစ်သင့်တဲ့ ပုံစံမျိုး ဖြစ်နေတယ်လို့
ဆိုလိုတာပေါ့ ... ဟုတ်လား"

"မဖြစ်သင့်တဲ့ပုံစံ ဆိုတာထက် ကျွန်မကတော့ မဖြစ်စေ
ချင်ဘူး"

"ငြိမ့် အမှားတစ်ခု ကျူးလွန်နေတယ်လို့ ကျွန်တော့်ကို
အသိပေးနေတာလား"

"ရှင့်ဟာရှင် မေးကြည့်တာ ကောင်းပါတယ်"

သက်ထင်သည် သစ္စာရှင်ကိုလည်း မကျေနပ်၊ ငြိမ့်
ကိုလည်း မကျေနပ်ဘဲ ဒေါသထွက်လာပါသည်။ သူ ဘယ်တုန်း
ကမှ မမျှော်လင့်တဲ့ ဒီလိုစကားမျိုးတွေ ဘာကြောင့် ကြားရတာလဲ။
ယုံလည်းမယုံချင်၊ မယုံဘူးလည်း ခေါင်းမာလို့မရ။ အောင့်သက်
သက်နှင့် ဆက်ထိုင်နေဖို့လည်း အောက်လာတာမို့ ထိုင်ရာမှ
ထရပ်လိုက်ပါသည်။

"ကျွန်တော် ပြန်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြန်တော့ ရောက်ကြတော့မှာပါ၊ ရှစ်နာရီတောင် ခွဲကာနီးပြီပဲ၊ ရှင်မစောင့်ချင်ရင်တော့ ရတယ်နော်၊ ကျွန်မ တစ်ယောက်တည်းမို့ အားနာရင် ကျွန်မ အောက်ထပ်က အိမ်ရှင်အန်တီဆီ ဆင်းလိုင်နေလည်း ဖြစ်တယ်"

"ကျွန်တော် မစောင့်တော့ပါဘူး"

"ဒါဖြင့် ငြိမ့်ပြန်လာရင် ကျွန်မ ဘယ်လိုပြောလိုက်ရမလဲ"

"ကျွန်တော် လာသွားတယ်ပေါ့၊ တခြား ဘာမှမှာမသွား ဘူးပေါ့"

"သူ အပြင်သွားတယ်လို့ ကျွန်မ ဖြေလိုက်တယ်လို့ပဲ ပြောလိုက်မယ်"

"ရပါတယ်၊ အဲသလိုပဲ ပြောလိုက်ပါ"

သက်ထင်သည် စိတ်ထဲ အင့်တင့်တင့် နင်တင်တင် နှင့် ကားကိုမောင်းကာ ပြန်လာပါသည်။ ငြိမ့်ဟာ ရိုးသားအေး ချမ်းသူလေးမို့ ဒီလိုမဖြစ်နိုင်လို့လည်း တရားသေတွက်လို့မရ။ ရိုးပြီးထုံနေရင်းကပဲ မသိတတ် နားမလည်တတ်နှင့် အရောဝင် လာတဲ့ ယောက်ျားသားတွေကို မရှောင်ရှားတတ်လည်း ရှိနိုင် သည်။

အရင်ကဒါမျိုး မကြုံခဲ့ မကြားခဲ့ရဖူးပေမယ့် မိန်းမ ဆိုတဲ့ အမျိုးအစားကလည်း တရားသေပြောလို့မှ မရတာ။ သို့သော် လုံးဝမျှော်လင့်မထားသော သတင်းစကားတွေဖြစ်၍ သက်ထင်ကို





အတော်ထိခိုက်ပါသည်။ သိပ်မသာယာ မကြည်လင်နိုင်တဲ့ မျက်နှာ ကို ပြင်ဆင်ပြီး အိမ်ထဲဝင်လာတဲ့ သက်ထင်ကို မေမေက ...

"သား ... လာလေ၊ တစ်ခါတည်း ထမင်းဝင်စားလိုက် ပါလား၊ ညီမလေးလည်း ခုပဲစားရတယ်၊ ခုလေးတင်မှ ပြန်ရောက်တာ"

သက်ထင်က အဝတ်အစားပင် ဝင်မလဲတော့ဘဲ ထမင်းစားပွဲကို တန်းဝင်လိုက်ပါသည်။ စားပွဲမှာ ညီမငယ် မိုးမိုး တစ်ယောက်ပဲထိုင်ကာ ထမင်းစားနေသည်။

"မေမေတို့ စားပြီးပြီလား"

"ပြီးပြီ သား၊ သား အပြင်မှာ ဘာစားလာသေးလဲ"

"ဘာမှမစားလာဘူး မေမေ"

"ဒါဖြင့် ထမင်းစားလိုက်တော့ပေါ့"

"ဟုတ်ကဲ့"

"ငြိမ့်ဆီ ရောက်နေတာလား"

"မဟုတ်ဘူး မေမေ၊ စောစောပိုင်းက တစ်ချိန်လုံး ရုံးမှာ၊ ရုံးကနေ ကိုကိုးအောင်ကို သူ့အိမ်ပြန်ဝင်ပို့ပြီး အခုပြန်လာ တာ၊ ငြိမ့်ဆီ မရောက်ဘူး"

ငြိမ့်တို့အိမ်ဘက် အပြန်ဝင်၍ သစ္စာရှင်နှင့် တွေ့ခဲ့ ဒဲ့တစ်ကွက်ကို ချန်လှပ်ထားခဲ့ပါသည်။ ခရေစေ့တွင်းကျ အအေး ဝိတ်စိတ်တော့ အိမ်ကိုပေးမသိချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အေး ... အေး ...၊ နောက်နေ့မှပဲသွားပေါ့ကွဲ ... သွားစား၊ မေမေ ဘုရားသွားရှိခိုးတော့မယ်၊ ကိုးနာရီ တောင် ထိုးတော့မယ်"

မေမေ ထွက်သွားလျှင် သက်ထင်က ထမင်းအုပ်ထဲမှ ထမင်းနည်းနည်းသာ ပန်းကန်ထဲ ခူးထည့်လိုက်သည်။ သိပ်ပြီးတော့လည်း စားချင်စိတ် မရှိလှပဲ ဖြစ်နေသည်။

"ညီမလေး ဘယ်ကပြန်လာလဲ"

သူ့လိုပဲ စိတ်မပါ လက်မပါလှဟန်နှင့် ထမင်းကိုခပ်ပျင်းပျင်း စားနေတဲ့ ညီမငယ် မိုးမိုးကို မေးလိုက်ပါသည်။ မိုးမိုးက ထမင်းကိုပဲ ငုံ့ကြည့်ကာ မော့မလာပဲ ...

"မမရွှေစင် သူ့အိုဂျီဆီသွားတာ အဖော်လိုက်သွားပေးတာ မမရွှေစင် လာဝင်ခေါ်သွားတာ၊ အပြန်ကျတော့ ဒီကိုအရောက် ဝင်ချပေးပြီးမှ ပြန်သွားတာ"

သက်ထင်တို့နှင့် တစ်ဝမ်းကွဲမောင်နှမ တော်စပ်သော ရွှေစင်ဟာ ခင်ပွန်းဖြစ်သူ သဘော်ပြန်တက်သွားချိန်ဖြစ်၍ အဖေ အိမ်ပြန်နေနေပါသည်။ ကိုယ်ဝန်နှင့်မို့ သူ ဆေးခန်းသွားတိုင်း မိုးမိုးကို အဖော်ခေါ်လေ့ ရှိတတ်သည်။ ဈေးဝယ်ထွက်တာမျိုးလည်း ခေါ်လေ့ရှိပါသည်။

"သူတို့လည်း နေကောင်းကြတယ် မဟုတ်လား"

"ကောင်းပါတယ်"





"ညီမလေးရော နေကောင်းရဲ့လား၊ ဘာဖြစ်နေလဲ၊ တစ်မျိုးကြီး ဖြစ်နေပါလား"

"နေကောင်းပါတယ်"

မိုးမိုးက အစ်ကိုဖြစ်သူ မျက်နှာကို တစ်ချက်အကဲခတ်လိုက်ပါသည်။ သူ့မျက်နှာမှာလည်း စိတ်ရှုပ်ထွေးတာ စိတ်ပင်ပန်းတာတွေနှင့် သိပ်သာယာတယ် မဟုတ်တာ တွေ့ရသည်။

"ကိုလေး"

ငယ်ငယ်က ဝမ်းကွဲတွေ အဘွားအိမ်မှာ တစ်စုတစ်စည်း နေခဲ့ကြဖူး၍ မမရွှေစင် အထက်က အစ်ကိုက ကိုကိုကြီးဖြစ်ကာ သက်ထင်က ကိုကိုလေး ဖြစ်ခဲ့ရာမှ မောင်နှမနှစ်ယောက်တည်းရှိသော်လည်း သက်ထင်ကို မိုးမိုးက "ကိုလေး"ပဲ နှုတ်ကျိုးသွားခဲ့တာပင်။

"အေး"

"ကိုလေးရော နေကောင်းရဲ့လား"

"ကောင်းပါတယ် ညီမလေးရဲ့၊ အလုပ်တွေရှုပ်လို့ပါ"

"စိတ်ကြည်ကြည်သာသာ ရှိရဲ့လား"

"အင်း ... ရှိပါတယ်၊ ဘာဖြစ်လို့"

"စကားတစ်ခု ပြောမလားလို့"

"ဘာစကားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမငြိမ့်နဲ့ ပတ်သက်တယ်"

သက်ထင် ရင်ထဲ ဒိန်းခနဲ မြည်မတတ်ပင်။ မျက်နှာကို မပျက်အောင် ကြိုးစားသော်လည်း ရမရမသိ။ ခပ်အေးအေး ပုံစံနှင့်ပင် ...

"ငြိမ့် ဘာဖြစ်လို့လဲ"

"မမငြိမ့်နဲ့ တွေ့ခဲ့တယ်"

သက်ထင်က လေသံမှန်နှင့်ပင် ...

"ဟုတ်လား၊ ဘယ်မှာလဲ"

"ဆေးခန်းမှာ"

"သြော် ...၊ အင်း ...၊ ငြိမ့် ခေါင်းတစ်ခြမ်းကိုက်လို့ ဆေးခန်းသွားတယ် ပြောတယ်"

မိုးမိုးက သက်ထင်ကို အကဲခတ်ရင်း ...

"ကိုလေး ... မမငြိမ့်ဆီ မရောက်ဘူးဆို"

ကဲ ...။ စကားက စ,မှားပြီ။ သက်ထင်က ဖွတ်တိုးရင်း ...

"မရောက်ပါဘူး၊ သူနဲ့ တစ်ခန်းတည်းနေတဲ့ အမျိုးသမီးနဲ့ လမ်းမှာတွေ့လို့ သူ ပြောပြလိုက်လို့ အသိရတာ၊ အဲဒီအမျိုးသမီးရဲ့မောင်နဲ့ သွားတယ်ဆိုလားပဲ"

မထူးတော့ပါ။ ညာမိလက်စနှင့်။ ငြိမ့်ကို ကိုယ်တိုင်က ဘယ်လိုပင် အထင်လွဲလွဲ မလွဲလွဲ ကိုယ့်ရဲ့မိသားစုတွေ





အမြင်မှာတော့ အထင်သေးစရာ အင်တင်တင် စိတ်ခုစရာ မဖြစ်စေလိုတာ အမှန်ပင်။ သူတို့နဲ့က in-laws တွေ တော်ရမယ့်သူ။ အမြင်တွေက အလိုလိုမှ တိမ်းစောင်းတတ်ကြပါဘိသနဲ့။

ဒီတော့ ယောက်ျားတစ်ယောက်နှင့် သွားပါတယ် ဆိုတာကို သူသိပြီးသားပါ၊ ဘာမှအရေးကြီးကိစ္စ မဟုတ်ပါဘူး ဆိုတဲ့ပုံမျိုးဖမ်း၍ သက်သောင့်သက်သာလို ပြောလိုက်တာပင်။ မိုးမိုးက အစ်ကို့ကို သေချာအကဲခတ်နေရင်း ...

"မမငြိမ့်နဲ့ အဲဒီလူကို မိုးက ဒီတစ်ခါပဲ တွဲမြင်ဖူးပေမယ့် မမရွှေစင်က နှစ်ခါရှိပြီတွေ့တာ၊ ဒါပါနဲ့ဆိုရင် သုံးခါ"

"နှစ်ယောက်တည်းလား" ရေပက်

သက်ထင် မထိန်းလိုက်နိုင်ခင် လွှတ်ခနဲ ၄ယ်သွက သွားပါသည်။ င်တော့

"တစ်ခါက နောက်ထပ်အမျိုးသမီးတစ်ယောက် ပါတယ် ဒါပေမဲ့ ညဘက်ကြီး ရုပ်ရှင်လာကြည့်ကြတာတဲ့၊ မမရွှေစင်က မမငြိမ့်ကို မြင်ဖူးထားတော့ မှတ်မိတယ်၊ ရုံထဲမဝင်ခင် အပြင်မှာကတည်းက တစ်တွဲတည်းတဲ့၊ ဒါပေမဲ့ ရုံထဲ တူတူမဝင်ဘဲ လူခွဲပြီးဝင်တယ်၊ မမရွှေစင်ကတောင် ရုံပြင်တုန်းက နှုတ်ဆက်ရုံ နှုတ်ဆက်ကြတဲ့ အသိအကျွမ်းတွေပဲ ထင်လိုက်သေးတာတဲ့၊ မမငြိမ့်နဲ့ နောက်တစ်ယောက်က အရင်ဝင်နှင့်တော့ သူတို့နောက်နှစ်တန်းကျော်မှာ မမ



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်တို့၊ မီးမိုန်မှ ဟိုလူက ဝင်လာပြီး မမငြိမ့်ဘေး ဝင်ထိုင်လိုက်တာတဲ့”

သက်ထင် ရင်ထဲ တင်းခနဲ ဖြစ်သွားပါသည်။

“အဲဒီလူက ကိုယ်ကိုကိုင်းပြီး ဟိုဘက်တစ်ယောက်ကိုပါ စကားလှမ်းပြောရင် မမငြိမ့်နဲ့က မျက်နှာချင်း ကပ်နေတာပဲ တဲ့၊ မမငြိမ့်ကလည်း သဘောတွေကျပြီး ရယ်လို့တဲ့၊ အဲဒါ မိုးကို ပြောတာတောင် ကြာပြီ၊ နောက်တစ်ကြိမ်ကျတော့လည်း မမရွှေစင်နဲ့ပဲ ဆုံပြန်ရော၊ ဒဂုံစင်တာမှာ”

“ဈေးဝယ်လာတာလား”

“ဟုတ်မှာပေါ့၊ တွေ့တာကတော့ ဂျေဒိုးနတ်ဆိုင်ထဲမှာ ခန်ဘ်ဖီသောက်နေတာ၊ အဲဒီတုန်းကတော့ နှစ်ယောက်ည်းတဲ့”

သက်ထင်က ထမင်းကို နင်နေတဲ့ကြားက ဟန်မပျက် မျိုချင်နေရပါသည်။

“ဟို … အတူနေတဲ့ အမျိုးသမီးရဲ့မောင်ဆိုရင် အဲဒီအမျိုးသမီး မပါဘဲ နှစ်ယောက်တည်းတွေ ဘာဖြစ်လို့ သွားနေကြရတာလဲ၊ ဒီနေ့ကျတော့ မမရွှေစင်ရော မိုးမိုးရော အတူတူတွေ့တာ၊ မမရွှေစင်က ဟဲ့ … ဟဲ့ … ငါပြောတဲ့ ငြိမ့်နဲ့တွဲနေတဲ့တစ်ယောက် ဟိုမှာ … ဆိုပြီး ပြလို့ မိုးမြင်တာ”





“အင်း … သူ ခေါင်းကိုက်လို့ ဆေးခန်းသွားကြတာလို့ ပြောတယ်”

“ဒီလူနဲ့ပဲမှ သွားသွားနေစရာလား၊ မိုးချည်းပဲ တစ်ယောက်တည်းတွေ့ရင် တော်သေးတယ်၊ မမရွှေစင်က မကြာမကြာ တွေ့တွေ့နေတော့ ဒီနေ့အတူတူလည်း ထပ်တွေ့ရော၊ မိုးမှာ မျက်နှာတောင်ပူတယ်၊ ကိုယ့်အစ်ကိုရဲ့ ရည်းစားကို ဒီလိုတွေ့တွေ့နေရတယ်ဆိုတော့ ရှက်လည်းရှက်မိတယ်”

“သူ သိပ်နေမကောင်းပုံ ပေါ်လား”

“မပေါ်ပါဘူး၊ သိပ်နေမကောင်းပုံရရင် မိုးက သတင်းသွားမေးဦးမှာ၊ ခုဟာက သူတို့နှစ်ယောက် စကားတွေ ရေပက်မဝင် ထိုင်ပြောနေကြတာ ဘယ်သူက လူနာလဲ၊ ဘယ်သူက အဖော်လဲ လုံးဝမကွဲပြားဘူး၊ ဆရာဝန်အခန်းထဲ ဝင်တော့လည်း နှစ်ယောက်အတူတူဝင်တာ၊ ဘာဖြစ်လို့ အဲဒီလောက် ရင်းနှီးရတာလဲ၊ မိုးဖြင့် လူနာဘယ်သူလဲဆိုတာ အဲဒီတုန်းက သိကိုမသိခဲ့ဘူး၊ အခု ကိုလေးပြောမှ မမငြိမ့် ခေါင်းတစ်ခြမ်းကိုက်တယ်ဆိုတာ သိရတော့တာ၊ သူ့ပုံက လူနာပုံတောင် မပေါက်ပါဘူး …

တစ်ခါ မှတ်မိပါသေးတယ်၊ မမငြိမ့် ခေါင်းတအားကိုက်နေလို့ဆိုပြီး ဆေးခန်းသွားချင်တာနဲ့ လှမ်းဖုန်းဆက်တာလေ၊ မေမေက မိုးပါအဖော်လိုက်သွားပေးလိုက်ပါဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး သွားတော့ မိုးလည်း လိုက်ခဲ့တယ်လေ၊ အဲဒီအ
က သူ ခေါင်းတစ်ခြမ်းကိုက်နေတာ မြင်ဖူးပါတယ်၊ ခေါင်း
မထူတာ၊ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပျက်ပြီးတော့ ဟန်
ဆောင်နိုင်တာ၊ အခုက အဲသလိုမဟုတ်ပါဘူး"

ညီမရှေ့မှာ ဣန္ဒြေဆောင်မယ် စိတ်ကူးထားသေ
သက်ထင်သည် ကြားနေရတဲ့ သတင်းစကားတွေအပေါ် ဒေါသ
တစ်ဖျဉ်းဖျဉ်း တိုးကြွလာသည်မှာ မျက်နှာပျက်ပျက်ကိုမပြင်

"ဆရာဝန်အခန်းထဲကို အဲဒီတုန်းက မိုးပဲ လိုက်သွား
တယ်လေ၊ ဘာပဲဖြစ်ဖြစ် မိန်းမလူနာဆိုတော့ မျ
မမြင်အပ်ဆိုတာ ရှိနိုင်တာပဲ၊ ကိုလေးကိုတောင် ချစ်သူ
ဖြစ်ရက်နဲ့ ထိန်းသိမ်း စောင့်စည်းတဲ့အနေနဲ့ မေး
လိုက်မဝင်ခိုင်းပဲ မိုးကို ဆရာဝန်အခန်းထဲ လိုက်ဝင်
ခိုင်းတာလေ"

"အင်း"

"အခုက ဘယ်လိုလဲ သူတို့က၊ မမရွှေစင် ရှေ့မှာ
မျက်နှာလည်းပူတယ်၊ ဒီလူနဲ့ တတွဲတွဲဖြစ်နေတာ
ရွှေစင်တောင် သုံးခါဆိုရင် တခြား သိကြကျွမ်းကြ
တွေ ဘယ်နှခါ ကြုံထားကြမလဲ၊ ဟာ ... သက်ထင်
မလေးက နောက်တစ်ယောက်နဲ့ပါလား ဆိုတာမျိုး
ရာမှာ အပြောခံရမှာ ရှက်ဖို့ကောင်းတယ် ကိုလေး





မမငြိမ့်ကို မိုးတို့ ချစ်ခင်နှစ်လိုတယ်ဆိုတာ သူ့ရဲ့ ရိုးရိုးအေးအေး စရိုက်လေးကို အမှတ်ပေးတာလေ၊ တခြား ဘာအမှတ်ပေးစရာ ရှိလို့လဲ၊ ကိုယ့်အစ်ကို့ကို မိန်းမလည် သိန်းကြွယ်တွေနဲ့ ဖြစ်သွားမှာစိုးရိမ်လွန်းလို့ သူ့ကို ရိုးရိုး လေးကို တန်ဖိုးထားထားတာ၊ ခုခေတ်မိန်းကလေးတွေက မလွယ်ဘူးဆိုပြီး ကိုယ်ရထားတဲ့ ယောက်မလောင်းကို ဂုဏ်တွေယူနေတာ၊ ခုတော့ အလကားဖြစ်တယ် ကိုလေး ရယ်"

"ကိုလေး မေးမြန်းစုံစမ်းကြည့်ပါဦးမယ် ညီမလေးရယ်"

"သူ့ကိုပဲ သွားမေးမြန်းမှာမျိုးလား"

မိုးမိုးကို ကြည့်ရတာ အတော်စိတ်ပျက်လာပုံ ရပါသည်။

"ငြိမ့်က ညာမပြောတတ်ပါဘူး၊ အမှန်အတိုင်း ပြောပြမှာပါ"

"ညာတယ်ဆိုတာ လူတွေက အပြစ်ရှိမှ ကျူးလွန်မိကြတာလေ၊ ဘာအပြစ်မှ မရှိခင်တုန်းက ဘယ်သူက ညာမှာလဲ ကိုလေးရယ်၊ အပြစ်တစ်ခုခု ရှိပြီဆိုရင်တော့ ဖုံးကွယ်ချင်ရင် ညာကြမှာပဲပေါ့၊ လိမ်တယ် ညာတယ် ဆိုတာ လူမသိစေချင်တဲ့ အရေးကြုံတဲ့ အခါမျိုးကျမှ လိမ်ကြညာကြတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



သက်ထင်သည် ပထမတော့ သူ့ကို ဒီလိုသတင်းပို့ပေးလိုက်တဲ့ သစ္စာရှင်ကို အပြည့်အဝ မယုံနိုင်ဘဲ စိတ်တိုလာတာ အမှန်ပင်။ အိမ်ရောက်တော့ ညီမဖြစ်သူထံကပါ ခုလိုကြားလိုက်ရတော့ သစ္စာရှင်ကို အပြစ်မမြင်မိတော့ပါ။ သစ္စာရှင်ဟာ ငြိမ့်အတွက် မိတ်ဆွေကောင်း ပီသတဲ့သူလို့ပဲ ပြောင်းမြင်ပါတော့သည်။ ငြိမ့် မကောင်းတာလုပ်ရင် သက်ထင် ဆိုတဲ့လူ အသိပေး တိုင်တမ်းမယ့်သူလို့ ယူဆရပါတော့သည်။





## ၁၁

ငြိမ့်က တယ်လီဖုန်းထဲက ကြားနေရတဲ့ မြေသံကြောင့် ဖုန်းကို ပြန်ချလိုက်ပါသည်။ စက်ပိတ်ထားတယ်တဲ့။ ငြိမ့်တောင် ရုံးရောက်နေပြီဆိုတော့ ကိုလေးလည်း ရုံးတော့ရောက်နေလောက်ပြီ။ အစည်းအဝေးခန်း တစ်ခုခုထဲ ရောက်နေလား၊ ဒါမှမဟုတ် လူကြီးရှေ့ ရောက်နေလား၊ ဒါကြောင့် ဖုန်းပိတ်ထားတယ်ထင်သည်။

ညက ငြိမ့် ဆေးခန်းမှ ပြန်လာတော့ ကိုလေးလာသွားကြောင်း သစ္စာက ဆီး၍ပြောသည်။

"သစ္စာ ဘာပြောလိုက်လဲ"

"ငြိမ့် အပြင်သွားတယ်ပဲပေါ့"

"ဆေးခန်းသွားတယ်လို့ မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှကို သေချာမပြောလိုက်ရတာ၊ သူက တံခါးဝလောက်ကပဲ လှည့်ပြန်တာ၊ ငြိမ့် မရှိဘူးပဲ ပြောရသေးတယ်၊ သူက နေပစေ၊ ကိစ္စမရှိဘူး၊ ပြန်လိုက်တော့မယ်၊ အရေးမကြီးဘူး ဆိုပြီး ပြန်သွားတာပဲ"

သစ္စာကို သိပ်သဘောမကျတဲ့ ကိုလေးဟာ ငြိမ့်မရှိဘူးဆိုတော့ ရှည်ရှည်ဝေးဝေး ဘာမှမပြောတော့ဘူးလို့ ငြိမ့်က ယူဆလိုက်ပါသည်။ ဒါကြောင့် သစ္စာထံ ဘာမှထပ်မမေးဖြစ်တော့ပါ။ သစ္စာကသာ ဖုန်းဆက်ကြည့်လိုက်ပေါ့လို့ သူ့ဖုန်းကို ထိုးပေးလာတဲ့အတွက် ဖုန်းတော့ ခေါ်ကြည့်လိုက်သေးသည်။ ညက လည်း ဖုန်းကစက်ပိတ်ထားပြီ။ ကိုလေး ခရီးပန်းလာမှာပဲဆိုပြီး အိမ်ဖုန်းကိုလည်း မခေါ်လိုက်တော့ပါ။

အခု မနက်ရုံးရောက်မှသာ။ ခုလည်းပဲ စက်ပိတ်ထားပြန်တယ်ဆိုတော့ ငြိမ့်က အိမ်ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟယ်လို"

"မိုးမိုးလား ... မငြိမ့်ပါ၊ ကိုလေး ရှိလား"

"ဟင့်အင်း ... မရှိဘူး၊ ကိုလေး ရုံးသွားပြီ"

"သြော် ... မမ ဆက်ကြည့်တော့ စက်ပိတ်ထားလို့"

"ကိုလေးတို့ အစည်းအဝေးရှိတယ်"

"သြော် ... ကိုလေး ဘယ်နေ့ရက် လာရတာလဲ မိုးမိုး ဘယ်နေ့ပြန်မှာလဲ"





"နက်ဖြန်ပြန်မယ်"

"ဒါဆိုရင် ညနေလောက်မှ မငြိမ့်ဆီ ဆက်မလား၊ လာမလား မသိဘူး၊ သူ ဆက်တာပဲ စောင့်လိုက်တော့မယ်၊ မနေ့က အိမ်လာသွားတယ်ဆိုလို့"

မိုးမိုးသည် အိမ်မသွားပါဘူးဆိုတဲ့ အစ်ကိုဖြစ်သူ စကားကို ကြားယောင်သည်။ ကြည့်ရတာ ကိုလေးဟာ ဟိုအိမ်ဘာကတည်းက မကျေနပ်စရာ မကြည်လင်စရာကို ကြားသိရိပ်မိပြီ။ ဒါကြောင့် ဒီကိစ္စကို အိမ်မှာမပြောတော့ဘူးဆိုပြီး အိမ်မရောက်ခဲ့ဟန် လိမ်ညာတာ။ မိုးမိုးက တွေ့ခဲ့တယ်ဆိုမှ ဆေးခန်းသွားမှန်း သူ လွှတ်ခနဲ ထုတ်ပြောတာ ကြည့်ပါလား။

"မငြိမ့်က မနေ့က ဆေးခန်းသွားနေတာ"

"မငြိမ့်ကို ဆေးခန်းမှာ လှမ်းတွေ့လိုက်ပါတယ်"

"ဟင် ... ဟုတ်လား၊ မိုးမိုးကို မတွေ့ပါဘူး၊ မိုးမိုးက လှမ်းလည်းမခေါ်ဘူး"

"ဝေးနေလို့ပါ၊ မိုးက အစ်မဝမ်းကွဲနဲ့ အဖော်လိုက်လာတာ၊ ဟိုးအစွန်ဘက်က အိုဂျီခန်းဘက်မှာ၊ ဝေးနေတာရော အချိန်မရလိုက်တာရော မခေါ်ဖြစ်တော့ဘူး"

ငြိမ့်သည် ခုလောက် စကားအခွန်းများများပြောပြီးမှပင် မိုးမိုး အသံဟာ အနည်းငယ် ဆတ်နေသလားလို့ ရိပ်မိထင်


www.burmeseclassic.com

www.burmeseclassic.com



ယောင်လာမိပါသည်။ လှမ်းလည်း မြင်လိုက်တယ်ဆိုတော့ ကျော်စွာညို့ကိုလည်း တွေ့မှာပေါ့။

"မမကို ရုံးက မိတ်ဆွေတစ်ယောက်က လိုက်ပို့တာလေ"

"ကိုလေးကို ဘာပြောလိုက်ရမလဲ"

စကားတောင် မဆုံးခင် မိုးမိုးက ဖြတ်မေးလိုက်သည်။

"ဘာမှမပြောပါနဲ့၊ အထွေအထူး မရှိပါဘူး၊ ကိုလေးရောက်နေတယ်ဆိုလို့သာ၊ နေ့လယ်လောက်မှာ သူဆက်မယ်ထင်တယ်၊ သူဆက်တာပဲ စောင့်လိုက်တော့မယ်"

"ဟုတ်၊ ဒါဆို ဒါပဲနော်"

မိုးမိုး အရင်ဖုန်းချသွားတာကို အံ့အားသင့်ပြီး ရုတ်တရက် ဖုန်းကိုတောင် မချမိဘဲ နားမှာဆက်ကပ်ထားမိသည်။ ခဏနေမှ သတိဝင်ကာ ဖြည်းဖြည်းချလိုက်ရပါသည်။ တစ်ခုခုပဲ။ မိုးမိုး ကျော်စွာညို့ကို ငြိမ့်နဲ့တွဲတွေ့ကာ တစ်ခုခုဖြစ်နေပြီ။ မိုးမိုးဟာ ခါတိုင်းတုန်းက ရေပက်မဝင် စကားတွေများတတ်တဲ့ အသွက်မလေး။ သာလိကာမလေးလို တီတီတာတာနှင့် အိမ်မှာ ဘာဟင်းချက်တာကအစ သူ့ပစ္စည်း ဘာလေးကျပျောက်တာအဆုံး အရေးပါပါ မပါပါ စကားများလွန်း၍ ငြိမ့်မှာ သိပ်မအားတဲ့ အချိန်မျိုး သူ့ထံမဆက်ရပါ။





အချိန်ပေးနိုင်မှ ဆက်ရဲတာ။ ငြိမ့်ဘက်က ဆက်ရရင်ည်း အောက်ထပ် အန်တီ့ဖုန်းကများ ဆက်မိရင် အနည်းဆုံး း‌ငါးရာကျသည်။ ရုံးဖုန်းကနေ ရုံးချိန်ဆက်မိရင်တော့ "နောက်ဆက်ဖို့ ရုံးကလူတွေ စောင့်နေလို့ မိုးမိုးရေ"ဆိုပြီး ဖြတ်ပြောချည်။ ခုတော့ အသံထောင့်ထောင့်နှင့် မပြောချင် မဆိုချင်သလိုပ်သွားတာ။

ငြိမ့်သည် ရင်ထဲမှာ သိပ်မကောင်းလှဘဲ တနုံ့နုံ့ဖြစ်ခဲ့ပါသည်။

အဲဒီအချိန်မှာ သစ္စာရှင်သည် ရုံးခန်းထဲမှာ ဟိုလျှောက်လျှောက် ဝင်ချည်ထွက်ချည် လုပ်နေတဲ့ ကျော်စွာညို့ကို ဖွင့်ထားအခန်းတံခါးမှတစ်ဆင့် မျက်လုံးစွေကာ တောက်လျှောက်က်ကြည့်နေရာမှ …

"ဟိတ် … ကျော်စွာညို"

ကျော်စွာညိုက သစ္စာရှင် အခန်းဘက် လှည့်ကြည့်…

"ဝှတ်ထ်"

"what တွေ ဘာတွေ လုပ်မနေနဲ့၊ နင် ဘာလဲ ဘာလဲလတ်လျား လုပ်နေတာလဲ၊ ဝင်ချည်ထွက်ချည်နဲ့ မျက်စိကို နောက်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာညိုက သစ္စာရှင်ကို စေ့စေ့ရပ်ကြည့်နေပါသည်။ မနေ့က ဆေးခန်းမှာ ငြိမ်နှင့် ရောက်တတ်ရာရာတွေ လျှောက်ပြောဖြစ်ခဲ့ပြီးတဲ့နောက် ကျော်စွာညို အိပ်ရာဝင်အထိ ဆက်စဉ်းစားနေမိသည်မှာ သစ္စာရှင်ရဲ့အကြောင်းဖြစ်သည်။ ငြိမ်နှင့် စကားလက်ဆုံတွေ ကျဖြစ်တော့မှ ဒီမသစ္စာရဲ့ အကြောင်းတွေကို နားလည်ရ ခက်စရာ ထပ်သိ ထပ်ကြားလာရတာ။

ဘောက်တီးဘောက်ဆတ်နဲ့ လောကကို သိပ်ကျေနပ်ပုံမရသော ဒီအမျိုးသမီးဟာ တစ်ခုခုတော့ တစ်ခုခုပဲ။ သူ့အပြုအမူ အပြောအဆိုတို့ဟာ ထူးခြားမှုတွေနှင့်။ ငြိမ့်မှာ ချစ်သူရှိတာ သူ သိပါရက်နဲ့ မရှိဘူး ညာတာမျိုး။

"မင်း ငါ့ကို ဘာစိုက်ကြည့်နေတာလဲ"

"ဝေါ်... သူဘာဆက်ပြောမလဲလို့ စောင့်နေရတာကို၊ ခင်ဗျားကတော့လေ၊ အပြစ်မြင်စကားက အရင်ဆုံးပဲ"

"ဘာလုပ်နေတာလဲ ဟိုလျှောက် ဒီလျှောက်နဲ့"

"ရုံးထဲမှာ ဟိုလူ ဒီလူတွေ လိုအပ်တာလေးတွေ ကူဆေးနေတာ"

"နင် သိပ်အားနေလား၊ ဟုတ်လား"

"အားနေတယ်လေ"

"ဘာပြောတယ်၊ နင် ငါ့ကို အမြဲ ကန့်လန့်ပြောပြောနေတာ ဘာသဘောလဲ ကျော်စွာညို၊ နင် တော်တော် —





"အား ... သိပ်ခက်တာပဲ၊ ခင်ဗျားဟာ သိပ်ကိုခက်တာ၊ ကျွန်တော် ဘာပြောပြော ကန့်လန့်ပြောတယ်၊ ခွတိုက်တယ်၊ ဒီလိုပဲ ထင်နေတယ်၊ အကောင်းအမွန် ပြောနေတယ်လို့ ဘယ်တော့မှ ခင်ဗျား မယူဆဘူး"

"ယူဆစရာလား၊ အခု နင်ပြောတဲ့စကားကို ကြည့်လေ၊ အားနေတယ်တဲ့"

"အားနေလို့ အားနေတယ် ပြောတာလေ"

"နင့်မှာ နင့်ပရောဂျက် ရှိနေတာ အားစရာလား၊ မနေ့က ဟိုရုံးကိုသာသွားတယ်၊ ငြိမ့်တို့ အမ်ဒီနဲ့ နင် မတွေ့ခဲ့ဘူး မဟုတ်လား၊ ညနေကျတော့ ရုံးကို နင်ဖုန်းဆက်တော့ အမ်ဒီ မလာတော့ဘူးလို့ ပြောလိုက်တယ်၊ အဲဒါဆိုရင် ဒီမနက် မိုးလင်းတာနဲ့ အဲဒီအမ်ဒီဆီ နင်ရောက်ဖို့လိုတယ် ဆိုတာ နင့်ခေါင်းထဲ ရှိရမယ်"

"ရှိပါ့ဗျာ၊ ရှိတာပေါ့"

"ရှိရင်မသွားပဲ အားနေတယ်ဆိုတာ နင် ငါ့ကို ရွဲ့နေတာလား ကျော်စွာညိုရဲ့"

ကျော်စွာညိုက ခါးနှစ်ဖက်ထောက်ကာ သစ္စာကို စေ့စေ့ စိုက်ကြည့်နေရင်း ...

"ခင်ဗျား ကျွန်တော့်ကို အမြဲ အားမလို အားမရ အပြစ်ချည်းပဲ မြင်နေတာဟာ ရိုးမှရိုးရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ခုနေ ကျွန်တော့်နေရာမှာ ကိုစိုးမြင့်၊ ကိုနိုင်ဝင်းထွန်းစသဖြင့် တစ်ယောက်ယောက်ဆိုရင် ခင်ဗျား အလွန်ဆုံး ခပ်တည်တည်လေးပဲ စကားပြောပြီး သွားတော့ဖို့ ခိုင်းရုံလောက်ပဲ ရှိမှာပါ၊ ကျွန်တော့်ကျတော့ နင်ပဲသေ ပြောလိုက်တာ ... ပြောလိုက်တာ"

ကျော့်စွာညိုသည် နှုတ်ခမ်းနှစ်လွှာကိုဆွဲပြီး တင်းတင်းစေ့ထားရုံနှင့် ထင်းထင်းကြီးပေါ်နေတဲ့ သစ္စာရဲ့ပါးပြင်ပေါ်က ပါးချိုင့်ကြီးနှစ်ခွက်ကို ကြည့်နေမိပြီး ဤမိန်းမလှကြီးဟာ ဘာကြောင့် ခုထိ အပျိုကြီး ဖြစ်နေသလဲလို့ မဆီမဆိုင် ကိစ္စတစ်ရပ်ကြားဖြတ်တွေးလိုက်ပါသေးသည်။

"ကျွန်တော် ဖုန်းတစ်ကြိမ် ဆက်ပြီးပြီ၊ ဒေါ်ကြူ ဆိုတဲ့ အစ်မကြီးနဲ့ တွေ့ပြီးပြီ၊ သူတို့အမ်ဒီက ဒီနေ့ ဆယ်နာရီခွဲ ကျော်နောက်မှ ရောက်မှာတဲ့၊ ဒါကြောင့် ဒီကနေ ဆယ်နာရီခွဲမှ ထွက်မယ်လို့ ရည်ရွယ်ထားတယ်၊ သူ့ဆီက ငွေထုတ်ရမယ်၊ ဒါတွေ ခေါင်းထဲရှိပြီးသား၊ အဲဒီကိုမသွားရသေးတော့ လောလောဆယ် အားနေတယ်၊ တကယ်အားနေတာ၊ ဒါကြောင့် သူများတွေ လုပ်ကိုင်နေကြတာတွေထဲက လိုတာလေးတွေ အပျင်းပြေ ကူညီနေတယ်၊ ဒါပါပဲ ခင်ဗျာ၊ ရှင်းရဲ့လား"





သစ္စာသည် သူ ရန်လိုမိတာ စောသွား၍ လူကြီးရက်တော့ မရယ်ဘဲ ကျော့်စွာညိုကို မျက်စောင်းတစ်ချက်သာ ထိုးလိုက်ပြန်ပါသည်။

"အဲဒီတော့ ခင်ဗျားကို ကျွန်တော် မေးစရာရှိသေးတယ်"

"အေး ... မင်းရဲ့ရိုးရဲ့လားတွေ ဆိုရင်တော့ တော်တော့"

"အင်းပါ၊ သိပ်မရိုးဘူး ထင်ပြီးသားပါ၊ အဲဒါ မမေးတော့ပါဘူး၊ တစ်ခုပဲ မေးချင်တာက ငြိမ့်ခင်လေးမှာ ချစ်သူရှိတာ ခင်ဗျား ဘာကြောင့် ကျွန်တော့်ကို မပြောတာလဲ"

သစ္စာဟာ မျက်ခုံးပင့်သွားရင်း ...

"ဒါ ... မင်းကို သူက ပြောတာလား"

"ဒါပေါ့ဗျာ၊ ခင်ဗျားက မရှိပါဘူးလို့ကို ပြောခဲ့တာ"

"ဒါကတော့ ကိုယ်က စောစောပိုင်းက မသိခဲ့လို့ပါ"

"မဟုတ်ပါဘူး၊ ကျွန်တော် ခင်ဗျားကို သေချာဖွင့်မေးတာ မကြာသေးပါဘူး"

"ကြာပါပြီ"

"မကြာဘူးဗျာ၊ တစ်ပတ် ဆယ်ရက်ပဲ၊ သူက ရိုးရိုးအေးအေးလေး ဘာအတွေ့အကြုံမှ မရှိဘူး ဆိုတာတွေ ဘယ်သူပြောခဲ့တာလဲ"

"ဒါက အမှန်ပဲလေ၊ သူက ရိုးရိုးအေးအေးလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူမရှိဘူးဆိုပြီး ကျွန်တော့်ကို တိုက်တွန်းခဲ့တာ ဘာ သဘောလဲ"

"ဒီလိုပါ၊ မင်းလည်း အသိပဲ၊ ယုယတုန်းကလည်း ဒီလို ကိုယ်ဖြစ်စေချင်ခဲ့တာပဲ၊ ကိုယ်ခင်မင်သံယောဇဉ်ရှိတဲ့သူ တွေ အချင်းချင်းကို ဖြစ်စေချင်တာ"

"အဲဒါ အစီပွာယ်မှ မရှိတာ၊ အဲဒါကိုက တစ်မျိုးကြီး ဖြစ် နေတယ်"

"ကဲပါကွာ၊ ချစ်သူရှိတာ မရှိတာတွေ ခေါက်ထားလိုက် စမ်းပါ၊ ချစ်သူဆိုတာ တကယ်တော့ အလကားပါ၊ ဖူးစာ ဖက်အစစ်အမှန်ပဲ ဖြစ်ဖို့လိုတယ်၊ နေစမ်းပါဦး၊ မနေ့က မင်းတို့ ဘာတွေပြောကြလဲ"

"ဟာ ... ဘာတွေပြောကြလဲဆိုတာ ခင်ဗျားကို မြန်မြန် အစီရင်ခံစရာလိုလို့လား"

"အစီရင်ခံခိုင်းနေတာ မဟုတ်ပါဘူး၊ သိချင်လို့ မေးကြည့် တာ"

"ဘာကိုသိချင်တာလဲ"

"နင်တို့နှစ်ယောက် အဆင်ပြေမပြေပေါ့"

"သူ့ချစ်သူနဲ့သူ ရှိနေတဲ့ မိန်းမတစ်ယောက်နဲ့ ကျွန်တော် က အဆင်ပြေလို့ ရမလား"





"သူ့ချစ်သူကလည်း အလကားလူပါကွာ၊ သူ့အပေါ် မကောင်းပါဘူး၊ သူနဲ့လည်း မထိုက်တန်ဘူး၊ ဒါကြောင့် ကိုယ်က ကွဲစေချင်တာ၊ မင်းနဲ့ ပြေလည်စေချင်တာ၊ သူ့ ချစ်သူကို ထည့်ကိုတွက်နေစမ်းပါနဲ့ ကျော်စွာညိုရာ"

"ဒါ ခင်ဗျား စီမံညွှန်ကြား ဖန်တီးလို့ရတဲ့ ဇာတ်လမ်း မဟုတ်ဘူးလေ၊ ခင်ဗျားကို ကြည့်ရတာ အစစအရာရာဟာ ခင်ဗျား ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာရမယ်လို့ မျှော်လင့် ချက်ထားနေပုံပေါ်တယ်၊ ခင်ဗျား သိထားဖို့က နောက်ဆုံး တစ်နေ့ မိန်းမချင်း ခင်ဗျားက ငြိမ့်ခင်လေးကို လွှမ်းမိုး ကြီးကိုင်နိုင်လို့ သူက ခင်ဗျားစကား နားယောင်ပါတယ် ထားဦး ...

ကျွန်တော့်ကိုတော့ ခင်ဗျား ဘယ်တော့မှ လွှမ်းမိုး ကြီးကိုင်လို့ ရမှာမဟုတ်ဘူး ဒေါ်သစ္စာရဲ့၊ ကျွန်တော့်နှလုံး သားကိုလည်း ခင်ဗျား အလိုရှိသလို ပုံသွင်းလို့ မရနိုင်ဘူး၊ ကျွန်တော် ချစ်ချင်တဲ့သူကိုပဲ ကျွန်တော်ကချစ်မှာ၊ ကျွန် တော် လက်ထပ်ချင်တဲ့ မိန်းမကိုပဲ လက်ထပ်မှာ"

"မင်း ငြိမ့်ကို ချစ်တယ် မဟုတ်ဘူးလွား"

"မချစ်မှါဘူး"

"မညာစမ်းပါနဲ့၊ နှမ ချစ်သူရှိတာသိပြီး ဒီလေထွက်လာ တာပါ၊ မင်း သူ့ကိုစိတ်မဝင်စားရင် ဘာဖြစ်လို့ ပန်းစည်း ကြီးနဲ့ လာသေးလဲ၊ သူ့ကိုတွေ့ချင်တာတွေ သဘောရတာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ့်ခင်လေးကို ကျွန်တော် နှစ်လိုမှုရှိတာ မှန်တယ်လေ။ သူက စိတ်သဘောကောင်းတယ်၊ ဖြူစင်တယ်၊ ကျွန်တော် နေမကောင်းတုန်း လာပြုစုလိုက်သလို ဖြစ်သွားတော့ မေမေ့ကို လွမ်းတဲ့စိတ်နဲ့ သူ့ကို စိတ်လှုပ်ရှားသွားတာ အမှန်ပဲ၊ ဒါကြောင့် သူ့ကိုချစ်နိုင်မလားလို့ ထင်ခဲ့မိတယ်၊ ဒါပေမဲ့ လုံးဝမချစ်နိုင်ဘူး"

"သေချာလို့လား ကျော်စွာညိုရယ်"

သစ္စာရှင်က မဲ့ပြုံးလေးနှင့် မေးပါသည်။

"သေချာတယ်၊ ဘာလို့လဲဆိုတော့ မနေ့က သူ့မှာချစ်သူရှိမှန်း သိလိုက်ရတဲ့ အချိန်မှာ ကျွန်တော် ဘာမှမဆုံးရှုံးသွားဘူး၊ ဘာမှမခံစားရဘူး၊ တစ်ခုပဲ ခံစားရတာ ခင်ဗျားကို ဒေါသဖြစ်တာ၊ နားမလည်နိုင်တာ၊ အဲဒါပဲ၊ ခင်ဗျား ဘာကြောင့် ကုလားဖန်တွေ ထိုးနေလဲဆိုတာပဲ တစ်ညလုံး စဉ်းစားနေတာ၊ ညက မေ့ခန်း အိပ်ပျော်တော့ ခင်ဗျားကို အိပ်မက်တောင်မက်တယ်"

"တော်စမ်း"

"ဘာလို့တော်ရမှာလဲ၊ ဒီကိစ္စတွေ ခင်ဗျား စကားစပြောနေရတာ၊ ကျွန်တော်စပြောတာ မဟုတ်ဘူးလေ၊ နောက်မှာ ငြိမ့်ခင်လေးထက် ကျွန်တော် ပိုစိတ်ဝင်စားနေတာ ခင်ဗျားပဲ ဒေါ်သစ္စာ"





"အောင်မာ၊ တောက် ...၊ နင်ကများ ရာရာစစ ငါ့ကို စိတ်ဝင်စားစရာလား၊ အဟားဟား၊ နင့်စကားနဲ့ ပြောရရင်တော့ ရိုးမှရိုးရဲ့လား ကျော်စွာညိုရယ်"

ကျော်စွာညိုက နှာခေါင်းကိုရှုံ့ကာ ပြုံးရင်း ...

"ခင်ဗျားက ကျွန်တော် ဆွေ့ဆွေ့ခုန်သွားမလားလို့ နာအောင်ပြောပေမယ့် ကျွန်တော်က မနာဘူးဗျ၊ ကျွန်တော်လည်း အဲ့ဒါကို တွေးနေတယ်၊ ကျွန်တော် ရိုးမှရိုးရဲ့လားလို့လေ၊ အဟဲဟဲ၊ ခင်ဗျားလို ခေါင်းတိမောင်းတို Tom boy ကြီးကို မရိုးသားစိတ် မွေးမိရမှာကြောက်လွန်းလို့ သေချာတွေးနေရတာ"

"ကျော်စွာညို ... နင် ငါ့ကို ဒီလိုမလေးမစား ပြောစရာလား၊ နင် တော်တော် နာချင်နေလားဟင် အသောင်ကော၊ နာဦးမယ် ... သွား ... သွား ... နင်သွားတော့၊ ဆယ်နာရီ ခွဲတော့မယ်"

"မသစ္စာ ... ခင်ဗျား အသည်းကွဲခဲ့ဖူးသလား"

"ဘာ"

ဝုန်းခနဲ နေရာမှ ထရပ်လိုက်ပုံမှာ ခက်ထန်ကြမ်းတမ်းလှတဲ့အတွက် ကျော်စွာညို ကိုယ်တိုင်ပင် လန့်သွားရပြီး ခုံးတွန့်ကာ လက်ဝါးဖြန့်ထောင်၍ တောင်းပန်ဟန်ပြုရင်း ခပ်မြန်မြန် လှည့်ထွက်ခဲ့ပါသည်။ သူ့ပုံစံက အနာပေါ်တုတ်ကျပဲလိုလည်း တွေးလာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာရှင်ကတော့ ကျော်စွာညို ထွက်သွားသည်နှင့် ဝုန်းခနဲ ပြန်ထိုင်ချလိုက်ရင်း လှုပ်ရှားမောဟိုက် ဒေါကန်လာတဲ့ နိမ့်ချည်မြင့်ချည် ရင်ကိုဖိကာ မျက်နှာခပ်ပုပ်ပုပ်နှင့် ရှိနေလေသည်။ အလေနတော ကောင်စုတ်ကလေး။ ငါ့ကို ဒီလိုပြောရဲဆိုရဲတာ လောကမှာ သင်းပဲရှိတယ်။ စေ့စေ့ကြည့်ပြီး အကဲခတ်နိုင်သည့် ရှိတာလည်း သင်းပဲရှိတယ်။

သစ္စာရှင်က သူ့ဟဲန်းဒ်ဖုန်းလေးကို ကောက်ကိုင်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။

"ဟယ်လို"

ခပ်ကြာကြာခေါ်ပြီးမှ ထူးလိုက်တဲ့ ယောကျ်ားသံ

"ဟယ်လို ... ကိုသက်ထင်လား"

"ဟုတ်ပါတယ်၊ ဘယ်သူလဲ"

"ကျွန်မ သစ္စာရှင်ပါ"

တစ်ဖက်က အသံခဏတိတ်သွားပြီးမှ ...

"ဘာကိစ္စလဲ မသစ္စာရှင်၊ ကျွန်တော့် ဖုန်းနံပါတ်ကိုရော ဘယ်လိုလုပ်ပြီး သိသလဲ"

"ညက ငြိမ့်က ကျွန်မဖုန်းကိုယူပြီး ရှင့်ဆီ ခေါ်ကြည့်သေး တယ်၊ ခေါ်မရဘူး ပြောတယ်၊ ဒါပေမဲ့ ရှင့်ဖုန်းနံပါတ်က တော့ ကျွန်မဖုန်းထဲ ကျန်ခဲ့တာပေါ့"

"ဘာပြောမလို့လဲ"





"ဒီမနက် ငြိမ့် ဆက်သေးလား"

"ကျွန်တော်လည်း ခုလေးတင် စည်းဝေးခန်းက ထွက်တာ၊ ခုလေးတင် ဖုန်းဖွင့်တာ၊ ဖုန်းဖွင့်တဲ့ နောက်တော့ မဆက် သေးဘူး၊ ခင်ဗျား ဘာပြောစရာရှိလို့လဲ"

လေသံက နှစ်လိုခြင်းမရှိဘဲ စိတ်ရှုပ်ထွေးနေတဲ့ အသံမျိုးပင်။

"အခုပဲ ငြိမ့်ရဲ့ရုံးကို ကျော်စွာညို ထွက်သွားတယ်ဆိုတာ ရှင့်ကို လှမ်းပြောပြတာပါ"

"သူထွက်သွားတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဒါ ရှင့်ဆုံးဖြတ်ချက်ပါ၊ ရှင် သေချာချင်တာရှိရင် သေချာ နိုင်အောင်လို့ပါ၊ ဒါပေမဲ့ ဒီသတင်းကို ကျွန်မ လှမ်းပြော ပြတယ် ဆိုတာတော့ ငြိမ့်ဆီမှာ လျှို့ဝှက်ထားပေးပါ ကိုသက်ထင်"

"ခင်ဗျားတို့ရုံးကလည်း ဘယ်လိုရုံးလဲ၊ ဒီလိုပဲ ဝန်ထမ်း တွေဟာ ရုံးချိန်မှာ ကိုယ်သွားချင်တဲ့ဆီတွေကို လစ်ခနဲ ထွက်သွားခွင့် ရနေတာပဲလား"

"ရှင့်ကို ပြောပြီးပြီ ထင်ပါတယ်၊ ကျော်စွာညိုက ကျွန်မတို့ ဘော့စ်ရဲ့တူပါ၊ သူ့ကို ဘယ်သူမှ ဘာမှ သိပ်ပြောမနေပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဗျာ၊ အဲဒီလူကကော မိန်းကလေးတစ်ယောက်မှာ ချစ်သူရှိပါတယ်ဆိုတာ သိသိကြီးနဲ့ အလုပ်ထဲအထိ အချိန်မရွေး သွားပတ်သက် ဝင်ထွက်နေရသလား၊ ဒါမှမဟုတ် ငြိမ့်မှာ ချစ်သူရှိပါတယ်လို့ရော ခင်ဗျားက ပြောမပြဘူးလား"

"ချစ်သူရည်းစားဆိုတာတွေဟာ တရားဝင်ခိုင်မာတဲ့ ပတ်သက်မှုတွေ မဟုတ်ဘူးလို့ ကျော်စွာညိုက ခံယူထားတယ်၊ အချိန်မရွေး ပြတ်သွားနိုင်တယ်တဲ့၊ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် တရားဝင်ထိမ်းမြားလက်ထပ်ခြင်း မပြုရသေးရင် ကိုယ့်ဘဝအတွက် ကိုယ်ပိုပြီး သဘောကျ နှစ်သက်နိုင်တဲ့ သူတစ်ယောက်ယောက်ကို အချိန်မရွေး ပြောင်းလဲအစားထိုးနိုင်ခွင့်ရှိတယ်လို့ သူက ယူဆထားတယ် ...

ဒီတစ်ယောက်နဲ့ ချစ်သူဖြစ်ထားပြီး ဖြစ်တဲ့အတွက် ဒီတစ်ယောက် ကောင်းကောင်း မကောင်းကောင်း၊ ဒီတစ်ယောက်ကို ကိုယ်က စိတ်ပျက်ပျက် မပျက်ပျက် စိတ်ဝင်စားမှု ရှိရှိ မရှိရှိ ဇွတ်မှိတ်ပြီး ယူဖြစ်အောင် ယူရမယ်လို့ မဖြစ်နိုင်ဘူးဆိုတာ ကျော်စွာညို့ အယူအဆပဲ ကိုသက်ထင်"

"ဩော် ... ဩော် ... ဩော် ... အင်းပေါ့လေ၊ သူ့အရေး အဆကိုလည်း ကျွန်တော်က ဘာမှ မှားတယ် မှန်တယ် ဝေဖန်ခနစရာ မရှိဘူး၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်





'စည်း'ဆိုတာကိုတော့ သဘောပေါက် နားလည်သင့်တယ်လို့ ထင်တယ်၊ စည်းဆိုတာကိုမှ မသိရင်လည်း ဒီလူဟာ လူ့ယဉ်ကျေး ဂျန်တဲလ်မင်း ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး၊ အဆင့်အတန်း မရှိတော့ဘူး"

ကျော်စွာညို့ကို ဒီလိုပြောတဲ့အခါမှာတော့ သစ္စာရှင်ဟာ အောင့်သက်သက် ဖြစ်ရခြင်းကို မထိန်းချုပ်နိုင်ကာ ...

"ကျော်စွာညိုက အဆင့်မရှိတဲ့ ကလေကချေ မဟုတ်ဘူးရှင့်"

"လူကြီးလူကောင်းပေါ့ ! "

"ဟုတ်တယ်၊ လူကြီးလူကောင်း တစ်ယောက်ပါ"

တကယ်တမ်းလည်း ကျော်စွာညိုဟာ အဆင့်အတန်းလည်းရှိတဲ့၊ စိတ်သဘောလည်း ဖြူဖြောင့်တဲ့၊ စည်းကိုလည်းသိတဲ့ ယောကျ်ားကောင်းတစ်ယောက်သာပင်။ ကြားထဲက သစ္စာရှင်ရဲ့ သတင်းစကားတို့ကြောင့်သာ အသွင်ပြောင်းရတာ။

"အဟင်း ဟင်း၊ တကယ်တမ်းတော့ ခင်ဗျားကိုယ်တိုင်လည်း ကျော်စွာညို့လူပဲ မသစ္စာရှင်၊ ဒီအဖြစ်ကြီးကို မနှစ်မြို့သလိုလိုနဲ့ ခင်ဗျားကိုယ်တိုင်များ လက်ခံအားပေးနေတာလားတောင် မသိနိုင်တော့ဘူးဗျ"

"ကျွန်မက လက်ခံအားပေးနေရင် ရှင့်ကို ခုလိုသတင်းမျိုးတွေတောင် လှမ်းပေးစရာ အကြောင်းမရှိဘူး၊ ဝိုင်းကူဖုံး



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထားရုံပဲဆိုတာ ရှင် တွေးကြည့်ပေါ့၊ ခုချက်ချင်းကို ငြိမ့်ဆီ ကျော်စွာညို သွားနေပါတယ်ဆိုတဲ့ သတင်းမျိုးကို ကျွန်မမှ မပေးရင် ရှင့်ဟာရှင် သိနိုင်တာမျိုး မို့လို့လား။ ရှင့်အစီအစဉ်နဲ့ရှင် မယုံရင် စုံစမ်းကြည့်နိုင်တာပဲ၊ ကျွန်မသာ လက်ခံအားပေးနေရင် ရှင် ခုချိန်ထိ ဘာဆိုဘာမှ သိခွင့် မရဘဲ ငြိမ့်ကို အပြစ်ကင်းကင်းကလေးပဲ ထင်နေမှာပါ"

"ဒီတော့ ကျွန်တော် စဉ်းစားကြည့်မိပြန်တာက ခင်ဗျား က ငြိမ့်ကို ခင်ပုံတော့ရပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ကျွန် တော့်ကိုလည်း တစ်ဖက်လှည့်နဲ့ သတင်းပေးတယ်၊ ကျော် စွာညိုကိုလည်း မကောင်းပြော မခံနိုင်ပုံ ထောက်တော့ ကျော်စွာညို ဆိုတာဟာ ခင်ဗျားရင်ထဲကို ရောက်နေတဲ့ တစ်ဖက်သတ် စိတ်ကူးယဉ် ချစ်သူများ ဖြစ်နေမလား"

"ဒီမှာ ကိုသက်ထင်"

သစ္စာရှင် အသံက မာပြီးပြတ်တောက်နေပါသည်။

"ရှင့်ဟာရှင် ဒီကိစ္စတွေကို ယုံယုံ မယုံယုံ၊ ငြိမ့်ကို ဘယ် လိုသဘောထားထား မထားထား၊ ရှင့်ကွယ်ရာမှာ နောက် တစ်ယောက်နဲ့ အီစီကလီ ဖြစ်ပေမယ်လို့ ရှင့်ဟာရှင် ခွင့် လွှတ်လွှတ် မသိချင်ယောင်ဆောင်ဆောင် အရှုံးပဲအပြီး ခံခံ ကျွန်မနဲ့ မဆိုင်ဘူး၊ ကျွန်မကိုတော့ ဒီစကားမျိုးပြော စရာ ရှင့်မှာ လုံးဝအခွင့်မရှိဘူးဆိုတာ မှတ်ထားလိုက်ပါ"





အသက်ရှူသံပြင်းပြင်းနှင့် ချက်ကောင်းထိသွားပုံ ရတဲ့ သစ္စာရှင်ရဲ့ 'အတွင်းသဘောကို သက်ထင် ဆန်းစစ်တွေး ဆောနေမိသည်။ သူက မိန်းမတစ်ယောက်နဲ့လည်း ရန်မဖြစ်လို သူပါ။

"ဆောရီးပဲ၊ ခင်ဗျားကို စော်ကားတဲ့သဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ စိတ်ထဲ အလိုအလျောက် ထင်မြင်လာတာကို ပြောလိုက်မိတာပဲ၊ ကဲ ... ဒါပဲဗျာ"

သက်ထင်သည် စိတ်ပေါက်ပေါက်နှင့် ပြောချလိုက် ပြီး ဖုန်းကိုပိတ်ပစ်လိုက်ပြီးသော် အသက်ရှူသံပြင်းပြင်းနှင့် စိတ် လှုပ်ရှားလျက် ရှိပါသည်။ သစ္စာရှင်ကို စိတ်ဆိုးတာလည်းမဟုတ် ပါ။ သူ့ကြောင့်သာ သတင်းအစအနကို စ,တင်ရရှိတာမို့ ကျေးဇူး ဆောင် တင်ရပါဦးမည်။ မမှန်သတင်းလည်း မဟုတ်ကြောင်း သိမရင်းဖြစ်သူ ကိုယ်တိုင်ကပါ ပြောပြပြီးပြီပဲ။

တကယ်တော့ ဘယ်သူ့ကို စိတ်ဆိုးရမလဲ စဉ်းစား ရတော့။ အဓိကအကျဆုံးဟာ ဒီကိစ္စကြီးရဲ့ ကာယကံရှင် ငြိမ့်ပဲ ဖြစ်နေပေမယ့် ငြိမ့်ကိုကျပြန်တော့လည်း ကိုယ်သိပ်ချစ်ရတဲ့ သိမ်မွေ့ရိုးသားတဲ့ ချစ်သူကလေးအဖြစ် တန်ဖိုးထားခဲ့ရတာဖြစ် ဘာ ဘယ်တုန်းကမှ သူ ကျူးလွန်လိမ့်မယ် မထင်ခဲ့ဖူးတဲ့ ပြစ်မှု နှင့် အပြစ်မြင်ရမှာ ရတ်တရက်ကြီး ခက်နေသည်။ ဒေါသ ဖြစ်မိတာတခြား အပြစ်မမြင်ရက်တာကလည်း တခြား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ် စိတ်တိုဖို့ ကောင်းလိုက်တဲ့ဖြစ်ခြင်း။

"ကိုသက်ထင်ရေ ... ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ ထွက်ရင်း အိမ်ပြန်ပြီးတော့ပဲ ထမင်းစားလိုက်တော့မယ်၊ ညွှန်ချုပ်က သုံးနာရီမှ ပြန်ဆုံမယ် ပြောထားတော့ နှစ်နာရီခွဲလောက်မှ အိမ်ကပြန်ထွက်လာမယ်၊ ဒီအချိန် သားလည်း ကျောင်းဆင်းလာပြီဆိုတော့ သားကို ပြန်တွေ့လိုက်ဦးမယ်ဗျာ၊ ခင်ဗျားရော"

သက်ထင်နှင့် ရန်ကုန်ကို အတူလာသူ ကိုမြင့်ဦးက အိမ်ထောင်သည်ဖြစ်ပြီး မိန်းမနဲ့သားက ရန်ကုန်မှာမို့ အချိန်လုပြီး အိမ်ပြေးချင်ပေမည်။

"ကျွန်တော်လည်း ထမင်းပြန်စားလိုက်တော့မယ်၊ သုံးနာရီ အရောက် ပြန်ထွက်ခဲ့မယ်"

"အိုကေဗျာ"

သက်ထင်မှာတော့ လူပျိုဖြစ်၍ အိမ်ကမိသားစုကို စွဲစွဲလမ်းလမ်း ရှိလှတယ်လည်း မဟုတ်လှ။ မေမေကသာ အနေနီးတိုင်း အိမ်မှာပြန်စားစေချင်တာ။ ယောကျ်ားလေးပီပီ အိမ်ကအဖေ အမေ ညီမဆိုတာတွေကို သိပ်ကြီးသည်းသည်းလှုပ်လှုပ် ရှိလှတာလည်း မဟုတ်ခဲ့။ သည်းချင်းသည်း ချစ်သူကိုပဲ သည်းခဲ့တာ။

ခုတော့ ချစ်သူက ...။





သက်ထင်သည် ကားကိုမောင်း၍ အိမ်သို့ထမင်းစားအပြန် ငြိမ့်တို့ရုံးဘက် ဝင်လာခဲ့ပါသည်။ ပထမတော့ မသွားတော့ဘူးလို့ပင်။ သစ္စာရှင်ဟာ ညာပြောနေတဲ့သူ မဟုတ်ဘူးဆိုတာတော့ ညီမ မိုးမိုးရဲ့ အပြောကြောင့် သေချာသည်။ သစ္စာရှင်ကို မယုံတာ မဟုတ်သော်လည်း ဟုတ်ချင်မှ ဟုတ်မှာပါဆိုတဲ့ မျှော်လင့်ချက်ကတော့ ရှင်သန်နေသည်။

ဟုတ်ချင်မှ ဟုတ်မှာပါ။

ဟုတ်ချင်လည်း ဟုတ်မှာပဲ။

ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ။

ဟုတ်တယ် မဟုတ်ဘူး သိချင်တယ်။ သေချာချင်တယ်။

အတွေးတွေဟာ ဒလစပ် မြန်ဆန်ပြောင်းလဲလုကာ နောက်ဆုံးတော့ ငြိမ့်တို့ကုမ္ပဏီရုံးရှေ့သို့ ရောက်လာပါသည်။ မြို့ထဲလမ်းမကျယ်တစ်ခုက ကုမ္ပဏီရုံးအဆောက်အအုံကြီးရှေ့မှာ ကားတချို့ စီတန်းရပ်လျက်သား။ သက်ထင်က လမ်းဒီဘက်ခြမ်း လက်ဖောင်းဘက်မှာပဲ ကားကိုရပ်လိုက်သည်။

ဆင်းသွားပြီး ငြိမ့်ကို တွေ့ရကောင်းနိုး မကောင်းနိုး။ ရန်ကုန်ကို တစ်ကြိမ်လာဖို့ အခွင့်အရေးကလေးကို ကိုယ်ရအောင် ကြိုးစားလိုက်ရတဲ့ဖြစ်ခြင်း။ ပြန်လာချင်တဲ့လူတွေက ခပ်များများ မိသားစုကျန်ရစ်တဲ့ အိမ်ထောင်သည်တွေက စနေ တနင်္ဂနွေကို



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လုပြန်ကြပေမယ့် သက်ထင်နှင့် နောက်တစ်ယောက်ကိုတော့ လူကြီးက အနားဆွဲခေါ်ထား၍ weekend မှာလည်း မပြန်ရပါ။

တစ်ခါတလေလေး ရန်ကုန်ရောက်ရပြီဆို ချစ်သူဆီ ရောက်တဲ့နေ့မှာပဲ အခစားဝင်ဖို့။ ချစ်သူ့မျက်နှာကို ရောက်တဲ့နေ့မှာပဲ ချက်ချင်း အချိန်မဆိုင်း မြင်ရဖို့။ ဒါကိုပဲ အရေးတကြီးလုံးပန်း ဝီရိယကြီးနေကျ။ မနေ့က အင့်တင့်တင့် နင့်သောင့်သောင့် ဖြစ်လိုက်ရတဲ့ ခံစားချက်ဟာ ခုထိ ကိုယ်ထဲစွဲကပ်နေဆဲ။

ဆင်းပဲတွေ့ချင်သလိုလို။ ဆင်းပဲမတွေ့ချင်သလိုလို။ အဝေးက အပြေးလာရသူကို မကောင်းသတင်းက ရင်ဝဆောင့်ကန်ထားသလို ရှိတာမို့ လူက ယက်ကန် ယက်ကန် ဖြစ်နေသည်။ ခါတိုင်းလိုပဲ ဘာမှမဖြစ်သလို အပြုံးတပွေ့တပိုက်နှင့် ရုံးခန်းဝနားက လူယောင်ပြလိုက်ရမလား။ ဝင်မတွေ့တော့ဘဲ ပြန်ရမလား ဆုံးဖြတ်ချက် မကျနိုင်ဘဲရှိစဉ် ...

"ဟော"

အဆောက်အအုံကြီးရဲ့ ထွက်ပေါက်ဝပေါ်တီကိုကြီးအောက် ထွက်လာသူနှစ်ဦးကို ဖျတ်ခနဲ တွေ့လိုက်ရပါသည်။ လူရွယ်တစ်ယောက်နှင့် ငြိမ့်ခင်လေး။ အပေါက်ဝမှာပင် စကားခဏရပ်ပြောလိုက်ကြသေးသည်။ ထို့နောက်တော့ ကားဆီအထိ ငြိမ့်က ကပ်ပါလာသည်။





တောက် ...။

လှမ်းကြည့်နေတဲ့ သက်ထင်သည် ရင်ထဲမှာပင် ကျိတ်ပြီး တောက်ခတ်မိပါသည်။ ကိုယ့်ကိုလည်း ကားအနားထိ လိုက်ပို့နေကျ ငြိမ့်က ကိုယ်မဟုတ်တဲ့ တခြားလူတစ်ယောက်ကိုလည်းပဲ ဒီလိုပဲ လိုက်ပို့တတ်သလား။ မျက်နှာတွေက ကြည်သာရွှင်ပျနေကြတာကိုတော့ အဝေးကနေတောင်မှ အကဲခတ်လို့ရနေပါသည်။

"ရော့ ... ဖတ်ချင်တယ်ဆိုတာ ဒါမဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ငြိမ့်က ဂျာနယ်ကျော်မမလေး သိပ်ကြိုက်တာ"

"ဒါလေး ကားဆီထွက်လိုက်ယူပါ ဆိုတာကို ဈေးကဆစ်နေသေးတယ်"

"ကားက အဝေးမှာထင်လို့ပါဆို၊ နောက်ကြုံမှ ယူတော့ မလို့ပါဆို"

"ခင်ဗျားဘဲက ခုထိ မဆက်သေးဘူးလား၊ ခင်ဗျားကကော ဆက်ကြည့်လိုက်ပါလား၊ သူ့ဖုန်းပဲ ထိုင်စောင့်မယ့်အစား"

"မနက်က ငြိမ့် ခေါ်ကြည့်သေးတယ်၊ စက်ပိတ်ထားတယ်၊ သူတို့က ဒီကိုလာရင် အစည်းအဝေး အမြဲရှိတာ၊ တော်ကြာ သူ ဖုန်းဆက်စရာ ကိစ္စတစ်ခုခုရှိလို့ ဖုန်းခဏဖွင့်ခိုန်း

www.burmeseclassic.com



ငြိမ့်ခေါ်လိုက်တဲ့ အသံကြီးက အစည်းဝေးခန်းထဲ မြည်မှာစိုးလို့ ထပ်မဆက်တော့တာ ကိုကျော်စွာညိုရဲ့၊ သူပြန်ဆက်တာပဲ စောင့်ရမှာ”

“ခုနေဖုန်းလာလည်း မမကြူတို့ ဘာတို့ ထွက်ခေါ်မှာပေါ့ဗျာ၊ ခင်ဗျားတို့ မိန်းမတွေ အဖြစ်ကိုသည်းတယ်”

“ညက ငြိမ့်မရှိတုန်း အိမ်လာသွားတာ မတွေ့လိုက်ရတော့ သူ အောင့်သက်သက် ဖြစ်နေမှာစိုးလို့ပါ”

“နေမကောင်းလို့ ဆေးခန်းသွားတာပဲဗျာ၊ အောင့်သက်သက် ဖြစ်စရာလား၊ ဒေါ်သစ္စာနဲ့ပဲ တွေ့သွားတာပေါ့ ဟုတ်လား”

“ဟုတ်တယ်၊ ဆေးခန်းသွားတာလည်း ကိုလေး သိမသွားဘူး”

“ဒေါ်သစ္စာရှင်ကြီးက မပြောဘူးလား”

“ပြောခိုန်တောင် မရလိုက်ဘူးတဲ့၊ မရှိဘူး ဆိုတာနဲ့ ပြန်တာပဲတဲ့”

“ခင်ဗျား မသစ္စာရဲ့စကားလည်း သိပ်မယုံနဲ့ဦး၊ အကောင်းမှ ပြောလိုက်ရဲ့လား၊ အထင်မလွဲ လွဲအောင်ပဲ ပြောလွှတ်နေဦးမယ်၊ ယုံရတာ မဟုတ်ဘူး”

“ကြည့်စမ်း၊ ရှင်ဟာလေ၊ သစ္စာကိုဆို ဘယ်တော့မှ အကောင်းမပြောဘူး”





“သူက အချစ်ရေး နှလုံးသားရေးနဲ့ပတ်သက်ရင် ခပ်ဂေါက်ဂေါက် ဖြစ်နေတာလေ၊ သေကို သေချာတယ်၊ ခုဒီကိုအလာ လမ်းမှာတောင် မယုယနဲ့ တွေ့ခဲ့သေးတယ်၊ သူ့အမျိုးသားထင်ပါရဲ့၊ ခင်ဗျားပြောတဲ့သူ ဖြစ်မှာပေါ့၊ ကျွန်တော် မတွေ့ဖူးဘူး၊ လက်ချင်းတွဲပြီး ကားလမ်းဖြတ်ကူးတာတွေ့ခဲ့တယ်၊ ဟိုးတလောက မသစ္စာဟာ မယုယကိုသူ့မောင်ဝမ်းကွဲနဲ့ တတွဲတွဲဖြစ်အောင် ကြိုးစားခဲ့သေးတာသေချာတယ်ဗျ၊ အတော်တွဲခဲ့ကြသေးတာ ကျွန်တော်အသိပဲ၊ အမြင်ပဲ ...

ခင်ဗျားပြောတဲ့အတိုင်းဆို အခု လက်ထပ်မယ့် မယုယရဲ့ချစ်သူဟာ မယုယနဲ့ နှစ်တွေပဲ ချီနေပြီပဲ၊ ဒီကြားထဲမှာ သူ့မောင်နဲ့ အတင်းမိတ်ဆက်ပြီး သုံးယောက်တွဲ နှစ်ယောက်တွဲတွေ ဖြစ်စေခဲ့သေးတာကို ပြန်စဉ်းစားလိုက်မိတော့ တစ်မျိုးဖြစ်လာတယ်၊ အခု ငြိမ့်ကို ကျွန်တော်နဲ့ နီးစပ်အောင် သူလုပ်တာနဲ့ တူမနေဘူးလား၊ မယုယတုန်းကတော့ လုံးလုံး ကျွန်တော်က စိတ်မဝင်စားခဲ့တော့ တွဲသွားတွဲလာအထိ မဖြစ်ခဲ့ဘူး ...

ငြိမ့်နဲ့ကျတော့ ကျွန်တော်ကလည်း သူပြောသလို စာအုပ်တွေ ငှားပေးပြုပေး လုပ်မိတုန်း ကျွန်တော် နေမကောင်းလိုက်တာကလည်း ငြိမ့်နဲ့ ကျွန်တော် ခင်မင်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



မှုရအောင် ဖြစ်သွားသလို ဖြစ်ခဲ့တယ်လေ၊ ဘာသဘောတွေလဲလို့ စဉ်းစားမရသေးပေမယ့် ခင်ဗျားရဲ့ မသစ္စာမှာဆိုက်ကိုတစ်ခုခု ရှိလိမ့်မယ်လို့ ကျွန်တော် ထင်လာတယ်ဗျ ...

ထူးဆန်းတာက အဲလိုထင်လာမိချိန်မှာ ကျွန်တော်သူ့ကို စိတ်လည်းဝင်စား၊ ကရုဏာလည်းသက်သလိုဖြစ်နေမိတယ်၊ ဒီကိစ္စကို ကျွန်တော် ရအောင်စုံစမ်းကြည့်ဦးမယ်"

ငြိမ့်က မျက်ခုံးလေးပင့် အံ့သြနေပြီးမှ ကျော်စွာညိုကို လက်ညှိုးထိုးကာ ခပ်ဟားဟားကလေး ကျိစယ်လှောင်ပြောင်ရယ်မောလိုက်ပါသည်။ အတော်ပွင့်လင်းတဲ့ ကျော်စွာညိုကိုလည်း စိတ်ထဲက အတော်ကြီး ခင်မိကာ ...

"ဟော ... ဟော ... သူ့ တကယ်မရိုးသားတော့ဘူး"

ကျော်စွာညိုလည်း ပခုံးတွန့်ကာ တွန့်ကာ အရယ်လိုက်ရယ်နေပါသည်။

❦ ○ ❦





❦ ၁၂ ❦

အဲဒီညက ကိုလေး အိမ်ကို ငြိမ့် ဆက်ပြန်တဲ့ အခါ ...

"ကိုလေး မရှိဘူး၊ လူကြီးနဲ့ ထမင်းထွက်စားရတယ်"

မိုးမိုးကပဲ ဖြေသည်။ ဒီတော့လည်း ပြန်ရောက်ချိန်သို့မဟုတ် နောက်မနက် ကိုလေး ဆက်မှာပေါ့၊ အလုပ်ရှုပ်နေလို့နေမှာလို့ ငြိမ့်က စိတ်မပူပင်မိဘဲရှိဆဲ ... နောက်တစ်နေ့ မနက်နေ့လယ် ညနေထိ ဖုန်းမလာလို့ မိုးမိုးထံ ထပ်ဆက်လိုက်တော့ ...

"ကိုလေး ... ဒီနေ့လယ်ကပဲ ပြန်ပြီ"

"ဟင် ... ဟုတ်တယ် !! "

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"မမကိုတောင် လာတွေ့မသွားဘူး၊ တွေ့ဖို့မပြောနဲ့ ဖုန်းတောင် မဆက်လိုက်ရဘူး၊ ရုံးကိုရော အောက်ထပ်ကိုရော



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာမလား စောင့်စောင့်နေတာ၊ မလာဘူး၊ ဘာဖြစ်သွားသေးလဲဟင် မိုးမိုး"

"ဘာမှ ထူးထူးခြားခြား မပြောပါဘူး"

"မမကို ဘာပြောလိုက်ပါ ဆိုတာမျိုး မှာမသွားဘူးလား"

"ဟင့်အင်း ... မမှာဘူး"

ငြိမ့်မှာ တွေဝေရကာ ...

"ကိုလေး နေကောင်းရဲ့လား၊ ဒါမှမဟုတ် ပုံမှန်ဟုတ်ရဲ့လား၊ မမကို တစ်ခုခု စိတ်ဆိုးတာမျိုးများရှိလား၊ တစ်နေ့ခင်းပိုင်းလေး အရေးတကြီး လာရတာတောင် အနည်းဆုံး မမကို ဖုန်းဆက်ဖြစ်အောင်တော့ ဆက်နေကျလေ၊ အခု ကိုလေးပုံစံက ထူးခြားနေလားလို့၊ ဘာများ တစ်ခုခုဖြစ်နေလဲဟင် မိုးမိုး"

"အဲဒါတော့ မိုးလည်း မသိဘူး"

မိုးမိုး အသံကလည်း အင်တင်တင်နှင့် အသက်မဲ့ ရှိလှသည်။ ငြိမ့်သည် ဒီလိုဆက်ဆံမှုမျိုး ယောက်မလောင်းဆီက ရော ချစ်သူဆီကပါ တစ်ကြိမ်မှ မရဖူးသည်ဖြစ်၍ ရင်ထဲတွင် လှပ် တုန်ယင်ကာ နားမလည်နိုင်အောင် စိုးရိမ်ပူပန်တကြီး ဖြစ်ရပါသည်။ ရန်ကုန်ကို နှစ်ရက်ရောက်ခဲ့ပြီး ငြိမ့်ကို ငါးမိနစ်မျှ တောင် တွေ့လည်းမသွား၊ စကားလည်း ပြောမသွားတဲ့ ချစ်သူ၏ အပြုအမူက ဆန်းကြယ်နေခဲ့ပါသည်။





ကိုလေးဟာ ဘယ်တုန်းကမျှ ငြိမ့်အပေါ် စိမ်းစိမ်းကားကား ရှိနိုင်ခဲ့တဲ့သူ မဟုတ်။ ဒီတစ်ခါတော့ ကိုလေး တစ်ခုခု ဖြစ်ကို ဖြစ်လိမ့်မည်။ ငြိမ့်ကိုတောင် ဘာမှမဆက်သွယ်တော့ဘဲ ပြန်ချသွားတယ်ဆိုတော့ အဲဒီ တစ်ခုခုဟာ serious လည်း ဖြစ်ပါလိမ့်မည်။ ပြီးတော့ မိုးမိုးလည်း ထိုက်သင့်သလောက် သိပြီး ဖြစ်နေမှာ သေချာသည်။

ရုံးကပြန်လာတဲ့ ငြိမ့်မျက်နှာသည် အလိုမကျခြင်း တွေးမရခြင်း ပဟေဠိများ စိတ်မကောင်းခြင်းများနှင့် ညှိုးမှိုင်းနေပါသည်။ သစ္စာက ပြန်ရောက်နှင့်ကာ ဓရန်တာမှာ ပန်းချီဘုတ် ပြားထောင်လျက် ရှိနေသည်။

"ငြိမ့် ဘာဖြစ်လာလို့လဲ၊ မျက်နှာမကောင်းပါလားကွယ်"

"ဘာမှမဖြစ်ပါဘူး"

ငြိမ့်က စကားရှည်ရှည်လျားလျား မပြောချင်လှဘဲ ခပ်တိုတိုဖြေရင်း ...

"သစ္စာ စောလှချည့်လား"

"ဒီနေ့ ရုံးမှာအလုပ်မရှိတာနဲ့ အစောကြီး ပြန်လာလိုက်တယ်၊ ဆွဲလက်စပုံလည်း လက်စသတ်ချင်တာနဲ့လေ"

ငြိမ့်က သစ္စာ ဆွဲလက်စပုံကို ကြည့်လိုက်လျှင် မျက်မှုံတွန့်တွန့်နှင့် နားလည်ရခက်သော အကြည့်တစ်မျိုးနှင့် ကြည့်နေသော ကျောင်းသူတစ်ယောက်၏ မျက်နှာပုံ။ စိတ်ရှုပ်နေသော်လည်း မျိုးကျူးဘဲ မနေနိုင်အောင် ပုံကအဓိပ္ပာယ်ဝင်နေသည်။

www.burmeseclassic.com



"သစ္စာ ဆွဲဖူးသမျှပုံတွေ ငြိမ့် တွေ့ဖူးသမျှထဲတော့ ဒီပုံ အကောင်းဆုံးပဲ၊ ပန်းချီပညာကို နားမလည်ပေမယ့် ဒီပုံကတော့ ကားချပ်ထဲက ကျော်ထွက်လာမလား ထင်ရတယ် အသက်ရှိနေတဲ့ လူပုံအတိုင်းပဲ"

သစ္စာက ကျေနပ်စွာပြုံးနေရင်း ...

"ဒီဇနဲ့ရဲ့မွေးနေ့ လာခါနီးပြီလေ၊ သူ့မွေးနေ့ကျ ပေးရမယ် သူ့ကို တစ်ပုံမှ ဆွဲမပေးဖူးဘူး"

"သူ သဘောကျမှာပဲ"

သစ္စာက ငြိမ့်ကို အကဲခတ်ရင်း ...

"ကိုသက်ထင်ဆီကကော ဖုန်းလာသေးလား"

"ဟင့်အင်း၊ သူ ပြန်တောင်ပြန်သွားပြီ"

"ဟုတ်လား"

"သူ ဘာဖြစ်တာလဲ မသိဘူး၊ အဲဒါကို စဉ်းစားလိုက်ရင် စိတ်ထဲ တနုံ့နုံ့နဲ့ အရမ်းအသည်းယားလာတယ်၊ နေပြည်တော်ကို ပြေးလိုက်သွားလိုက်ချင်တယ်၊ စိတ်တွေ ပင်ပန်းနေတယ် သစ္စာရယ်"

"အို ... မပင်ပန်းပါနဲ့။ သူ့ဟာသူ အလုပ်ကိစ္စ အရေးကြီးတာရှိလို့ ပြန်တာနေမှာပေါ့"

"တစ်ခါမှ ဒီလိုမလုပ်ဖူးတာ"





"တစ်ခါမှ ဒီလောက် အရေးကြီးတာ မပေါ်လို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ စိတ်အပြောင်းအလဲလေး ဖြစ်အောင်နေလိုက်၊ လာပါ၊ တို့လည်း လိုက်မယ်၊ စစ်တီးမှာ့ထဲ တစ်ခုခုဆီ သွားရအောင်"

"မသွားချင်တော့ပါဘူး သစ္စာရယ်"

"လာပါ ငြိမ့်ကလည်း၊ သွားရအောင်ပါ၊ ဝယ်စရာလေးတွေ လည်းရှိလို့၊ တို့လည်း ငြီးစီစီ ဖြစ်နေတယ်၊ မေ့ထားလိုက်စမ်းပါ ငြိမ့်ရယ်၊ ခေါင်းရှင်းစမ်းပါ၊ အချိန်တန်ရင် သူ့ဟာသူ အဆင်ပြေသွားလိမ့်မယ်၊ ချစ်ဦးသူနဲ့ ကွဲတယ်ဆိုတာလည်း ဘာမှဆန်းတဲ့ကိစ္စတစ်ခု မဟုတ်ဘူး"

"အို ... မှ ... မှ၊ ဒီလောက်ထိ ပြောစရာလည်း မလိုသေးပါဘူး သစ္စာရယ်၊ စိတ်ညစ်ရတဲ့ကြားထဲ ဘာဖြစ်လို့ ချစ်ဦးသူနဲ့ ကွဲရမှာလဲ၊ သူ ဘာဖြစ်မှန်းတောင် သေချာမသိရသေးဘူး၊ ကွဲဖို့ဆိုတာအထိ ကြိုမပြောနိုင်ပါဘူး၊ လွှဲပါစေ ဖယ်ပါစေ"

"ချစ်ဦးသူနဲ့ ကွဲတာများ၊ ဘာဖြစ်တာလိုက်လို့၊ ကွဲပစေပေါ့၊ အဆန်းမှ မဟုတ်တာ၊ အချစ်ဦးဆိုရင်လည်း ကွဲကိုကွဲတတ်တာပဲ၊ သူ့သူ့ကိုယ်ကိုယ် ကွဲကြတာပဲ"

သူ့စကားကလည်း "ကွဲ"တည်းကကို မထွက်တော့။ ငြိမ့်မှာ စိတ်အနှောင့်အယှက် ဖြစ်ဖြစ်နှင့်ပင် သူ့ကို ငေါကာ

www.burmeseclassic.com



ဖက်ကာ ဆွဲဆွဲဆောင်ဆောင်နှင့် စစ်တီးမှာထိသွားဖို့ အဖော်စပ်နေတဲ့ သစ္စာရဲ့အဆိုကို လက်ခံလိုက်ပါသည်။ အိမ်မှာနေလည်းပဲ ဒါကိုပဲ တနုံ့နုံ့တွေးရင်း အဖြေမပေါ်ရင်း စိတ်တွေ ညစ်နွမ်းငြီးငွေ့နေရမည့်တူတူ စိတ်ပြေလက်ပျောက် အပြင်ကိုလိုက်ဖြစ်တာပင်။ လိုက်သာလိုက်ဖြစ်ပေမယ့် စိတ်ကသိပ်မပါ။

"ငြိမ့် ... ဘယ်လိုရုပ်ကြီး ဖြစ်နေတာလဲ"

"ကိုလေး လုံးဝအဆက်အသွယ် မလုပ်ဘဲ ပြန်သွားတာကို တွေးမရဘူး၊ ညကျရင်လည်း ငြိမ့် ဖုန်းဆက်နိုင်တဲ့အချိန် သူက ဖုန်းခေါ်လို့ရတဲ့နေရာ ရောက်နေဦးမှ၊ နက်ဖြန်တော့ ဖုန်းဆက်ဖြစ်အောင် ဆက်မေးမှဖြစ်မယ်၊ အဲဒါ တွေးနေတာပါ"

"ကျွတ် ... ပစ်ထားစမ်းပါဆိုကွာ၊ ယောကျာ်းရှားလား ငြိမ့်ရယ်"

"သစ္စာ ဘယ်လိုပြောလိုက်တာလဲ၊ ကိုလေး ဘာဖြစ်သွားတယ်ဆိုတာ ငြိမ့် သိရမှဖြစ်မှာပေါ့၊ ထူးခြားတာဆိုလို့လည်း ဘာမှတွေးမရဘူး၊ သစ္စာနဲ့ပဲတွေ့ပြီး ငြိမ့်နဲ့မတွေ့လိုက်တာ တစ်ချက်ပဲ ထူးတဲ့အဖြစ်အပျက်လို့ ပြောမယ်ဆို ပြောနိုင်တယ်၊ သစ္စာနဲ့တွေ့တုန်းက ဘာစကားတွေ ထူးထူးခြားခြား ပြောဖြစ်သေးလဲ"

"ဘာမှမပြောဘူး"





"ဘာမှမပြောတာ သေချာရဲ့လား သစ္စာရယ်"

သစ္စာက ငြိမ့်ကို စူးစူးတောက်တောက် စိုက်ကြည့်လာပါသည်။

ဤစကားကို သူ မနှစ်သက်ခြင်းက သူ့မျက်ဝန်းများမှာပင် ပေါ်လွင်နေ၍ ငြိမ့်က ရင်ဆိုင်မကြည့်ဘဲ မျက်လွှာချလိုက်ရင်း ...

"ငြိမ့်လည်း ဘာမှစဉ်းစားလို့ မရလို့ပါ၊ ငြိမ့် ဘာအမှားလုပ်မိလဲလို့"

"အဝေးရောက်နေတဲ့ ယောကျာ်းတစ်ယောက်ကို ကိုယ့်အပေါ် အမြဲသစ္စာရှိနေမယ်လို့ ငြိမ့်က ထင်နေတာကိုး၊ သူ မဆက်သွယ်တာကိုတောင် ကိုယ့်အပြစ်လို့ ထင်နေတာကိုး၊ ကိုယ့်ဘက်က လျှော့လိုက်တာ ငြိမ့်ရာ၊ ငြိမ့်ရဲ့ကိုလေးဟာ ငြိမ့်အပေါ် အင်မတန် သစ္စာရှိပါတယ် ဆိုရင်တောင် ဒီလောက်ကြာကြာ တာဝန်ကျနေတဲ့ဆီမှာ အနည်းဆုံး မျက်လုံးချင်း ရင်ခုန်နေတဲ့ ဖိတ်ခေါ်နေတဲ့ နားလည်နေတဲ့ မိန်းကလေးမျိုး ရှိကိုရှိနေတယ်လို့ မှတ်ထားလိုက် ..."

သူက မစရင်တောင် ဒီရုပ်ဒီရည် ဒီရာထူး၊ ဒီကျောထောက်နောက်ခံနဲ့ လူပျိုတစ်ယောက်ကို မိန်းမတွေကစပြီး မျက်လုံးနဲ့ ဖိတ်ခေါ်ကြည့်ကြည့်မှာပဲဆိုတာ ယုံထားစမ်းပါ၊ အဲဒီအခါ ငြိမ့်ရဲ့ကိုလေးက ဘာသားနဲ့ ထုထားလို့ပြန်မ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဘဲ ပြန်အထာမပေးဘဲ ရှောင်မယ်တဲ့လဲ၊ ကာယကံ မပါရင်တောင် ဝစီကံ မနောကံပေါင်းများစွာ ကျူးလွန်ပြီးသား ဖြစ်နေမယ့် ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ကို ငါ ဘာအပြစ်ရှိလို့ ဖုန်းဆက်မသွားပါလိမ့်လို့ ကိုယ့်အပြစ်ပဲ ထင်နေအောင် စိုးရိမ်တကြီး ရှိနေရတာ မအောက်ဘူးလား ...

ရှင် ဒီလိုအောက်ချတွေးတတ်မှန်း သိလို့လဲ ဒီလူက ဒီလိုလုပ်သွားရဲ့တာ၊ ကိုယ့်ရိုးလ်ကိုယ် နည်းနည်းတင်စမ်းပါ၊ မိန်းမတွေအပေါ် အထင်သေးချင်စရာဖြစ်အောင် ဈေးမဖျက်စမ်းပါနဲ့၊ သင်းက ဘာကြောင့်မို့ ငါ့ကိုဖုန်းမဆက်ဘဲ ဒီအချိုးမျိုး ချိုးသွားရတာလဲဆိုပြီး ရှင်က သူ့အပေါ် တင်းရမှာပါ ငြိမ့်ရဲ့"

သစ္စာက အဲသလို ပြောလိုက်တော့လည်း ဟုတ်ပဲဟုတ်သလိုလို ဘာလိုလို။ ကိုယ်က စိတ်တိုရမှာလိုလို။ ကိုလေး ဒီလောက် တစိမ်းတကား လုပ်သွားပုံကတော့ ရင့်တာအမှန်ပဲလို့ တွေးမိပြန်ပါသည်။

"လောကကြီးမှာ ဆူးကျလည်းဖက်ပေါက်၊ ဖက်ကျလည်း ဖက်ပေါက်ဆိုတာ ရှင်တို့လို ပျော့တိပျော့ညံ့နဲ့ တိုးလျှိုး အညံ့ခံနေတဲ့ မိန်းမစားမျိုးတွေကြောင့် ဖြစ်နေရတဲ့စကားပဲ၊ ကိုယ့်နေရာကို ကိုယ်ချစရာမလိုဘူး သိရဲ့လား"





ငှားလာတဲ့ကားက ဒဂုံစင်တာရှေ့ရပ်ပြီမို့ သစ္စာက ခပ်ကျိတ်ကျိတ်ပြောနေရာမှ ရပ်ပြီး ငွေရှင်းလိုက်ပါသည်။ သစ္စာက ခပ်တင်းတင်း ခပ်ပြတ်ပြတ်တွေ ပြောနေတာမို့ ငြိမ့်စိတ်ထဲ မရွှင်ပျတော့။ "My milk မှာ ကြက်ဥခေါက်မုန့်လေးတွေ အရင်သွားဝယ်မယ်"ဆိုပြီး သစ္စာက အပေါ်ထပ် အရင်တက်တော့ ငြိမ့် တိတ်တိတ်ဆိတ်ဆိတ်ပဲ ပါလာခဲ့ပါသည်။

ကြက်ဥခေါက်မုန့်ထုပ် အရင်ဝယ်မယ်ဆိုတဲ့ သစ္စာဟာ မိုင်မစ်လ်ခ်ထဲ မဝင်ရသေးခင် ရေဒီးနတ်ဆိုင်ဘက်ဆီ လှမ်းကြည့်နေရင်း ခြေလှမ်းတွေနှေးကာ ရပ်သွား၍ ငြိမ့်က သစ္စာကို ငုံ့ကြည့်လိုက်လျှင် အံ့သြတုန်လှုပ်ခြင်း အဟုန်တစ်ခုနှင့် ရုတ်တရက် နီမြန်းခက်ထန်လာတဲ့ သစ္စာရဲ့မျက်နှာကို တွေ့လိုက်ရ၍ အံ့အားသင့်ကာ ...

"သစ္စာ ဘာဖြစ်လို့လဲ"

"ငြိမ့် ... ရှင် ခဏနေခဲ့"

ငြိမ့် ဘာမှမပြောနိုင်ခင် သစ္စာ ခြေလှမ်းများက ရေဒီးနတ်ဆိုင်ထဲ ခပ်ကျဲကျဲ လျှောက်ဝင်သွားခဲ့ပါသည်။ သူ့အသိအကျွမ်း တစ်ယောက်ယောက် တွေ့လို့များလားဟု ဆိုင်ထဲသို့ အမှုမဲ့ အမှတ်မဲ့ အကဲခတ်မိသော ငြိမ့်သည် ထောင့်စားပွဲငယ်တစ်ခုမှာ ရှယ်တူအမျိုးသားတစ်ယောက်နှင့် စကားစမြည်ပြောနေတဲ့ ကျော်စွာညို့ကို လှမ်းမြင်လိုက်ရပါသည်။



www.burmeseclassic.com

ကျော်စွာညိုက ငြိမ့်တို့ကို မတွေ့။ ငြိမ့်တို့ဘက်လည်း မကြည့်။ ငြိမ့်က သစ္စာကို ပြန်ကြည့်လိုက်မိလျှင် သစ္စာက ငြိမ့်ထင်သလို ကျော်စွာညိုကို တွေ့ပုံမရဘဲ မှန်ရောင်းတဲ့ကောင်တာနားဆီကို သူ့အာရုံနှင့်သူ လျှောက်သွားနေရင်း ကောင်တာမှာ လူအုံနေတဲ့အတွက် မလှမ်းမကမ်းလေးက ရပ်စောင့်နေဟန် ထင်ရသည်။

မှန်ပဲဝယ်မလို့လားလို့ ငြိမ့် တွေးမိသည်။ သို့သော် သစ္စာသည် ကောင်တာက အမျိုးသမီးတစ်ယောက် ဒီဘက်ကို အလှည့်တွင်မှ ရုတ်တရက် ရှေ့ကို ကမူးရှူးထိုး တိုးလိုက်ရာ ထိုအမျိုးသမီးလက်ထဲကဇွန်းနှင့် ရည်ရွယ်ထားသလို ပုံစံမျိုးကြီးနှင့် ဆောင့်တိုက်မိသွားပါတော့သည်။

ဇွန်းထဲက စထရော်ဘယ်ရီနို့ဖန်ခွက်တွေ ဇွန်းထဲမှာပင် လဲပြိုမှောက်ကျကုန်ပြီး အရည်တွေဟာ ဟိုအမျိုးသမီးရဲ့ ရင်ဘတ်လည်ပင်းတွေ အားလုံးကို စဥ်ထွက်စိုရွဲကုန်ပါသည်။

"အယ်"

ပါးစပ်လေးကို လက်ဝါးလေးနှင့်အုပ်ပြီး ရေရွတ်လိုက်မိတဲ့ ငြိမ့်ဟာ ဟိုအမျိုးသမီးတော့ အင်မတန် စိတ်ဆိုးသွားတော့မှာပဲရယ်လို့ တောင်းပန်ရတော့မယ့် သစ္စာ အစား စိတ်ညစ်သွားမိပါသည်။ သို့သော် ...

"ဘယ်လိုလုပ်လိုက်တာလဲ"





အော်ကြီးဟစ်ကျယ် ဆောင့်အောင့်ထွက်ပေါ်လာတဲ့ ရန်တွေ့သံဟာ သစ္စာထံက။ အနားကလူတွေသည် အလန့်တကြားငဲ့ကြည့်ကြပါသည်။ ငြိမ့်လည်း အလန့်တကြား။ ငြိမ့်လိုပင် သစ္စာကိုမြင်ပြီး လှည့်ကြည့်နေတဲ့ ကျော်စွာညိုလည်း အလန့်တကြား တအံ့တသြ။ သစ္စာဟာ နောက်နားမှာ ရပ်နေကတည်းကအ တမင်ကို စောင့်ရပ်နေတဲ့ပုံမျိုး ဆောင်နေတာ။ လူရှုပ်နေသည့် ရှေ့မတိုးသေးလား ထင်ရသော်လည်း တစ်ခုခုကိုစူးစိုက်တဲ့ပုံပဲ မြင်နေတာမျိုးပါ။ တခြားအကြောင်း စဥ်းစားမရလို့သာ မှန်ဝယ်ချင်လို့ပဲ ထင်ရတာ။

"မျက်စိက မြင်ရရဲ့လား၊ ကန်းနေလား"

ထပ်ဆင့်လိုက်တဲ့ အသံကလည်း တကယ့်ကိုသူဌေးသူကြီးတွေအလား။ သူက စောင့်နေပြီး ဒီအမျိုးသမီး လှည့်လာမှ ခုန်ဝင်သလို ဖြစ်လုနီးနီး တိုးကပ်ပစ်လို့ တိုက်မိရတာ ဟိုအမျိုးသမီးလည်း သိနိုင်တာပင်။ သို့သော် ထိုအမျိုးသမီးဟာ အထိတ်တ အံ့အားတွေသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေရှာသည်။

ထိုအမျိုးသမီးရဲ့ အင်္ကျီရင်ဘတ်တစ်ခုလုံးဟာ ရွှဲနစ်နေလျက်သား။ ကြမ်းပေါ်ကိုလည်း အရည်တွေကျကုန်၍ ဆိုင်ဝန်ထမ်းလေးက တုတ်ရှည်တပ်တဲ့ တံမြက်စည်းနှင့် လာသုတ်သည်းနေရပါသည်။

"ဘာကြည့်တာလဲ ! ၊ ဘာဖြစ်ချင်လို့လဲ ! ၊ ဗြို"

www.burmeseclassic.com



အဲ ...။ လွန်လွန်းအား ကြီးသွားပါပြီ။ မျက်လုံးပြူးပြီး ကြည့်နေတဲ့ ထိုအမျိုးသမီးထံက ဘာတစ်ခွန်းမှ ထွက်မလာ။ သစ္စာသာလျှင် တစ်ခွန်းပြီးတစ်ခွန်း။ သူ့ပုံစံဟာ ဟိုတစ်ဖက်က ဘာမှပြောမလာတာကို ပိုအသည်းယားပြီး သည်းခံမနေနိုင်တော့ဘဲ ခွန်းတုံ့ပြန်လာအောင် ထပ်ခါထပ်ခါ ရန်စ,နေသလိုပင်။ ငြိမ့်သည် ဒီတိုင်းကြီး ရပ်ကြည့်မနေတော့ဘဲ သစ္စာကိုသွားပြီး ဖျောင်းဖျဆွဲခေါ်ဖို့ စိတ်ကူးလိုက်ချိန်၌ ငြိမ့်ထက်အရင်ဦးသွားတဲ့သူကတော့ ကျော်စွာညို။

ကျော်စွာညိုသည် ဖျတ်ခနဲ ရွှေ့လျားကာ သစ္စာအနား ကပ်ရောက်သွားပြီး သစ္စာရဲ့ပခုံးတစ်ဖက်ကို ခပ်ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်လိုက်ကာ ...

“မသစ္စာ၊ လာ ... သွားရအောင်”

သစ္စာက ဟိုမိန်းမကို ကြည့်နေတဲ့ စိမ်းတောက်စိန်ခေါ်နေတဲ့ မျက်လုံးများနှင့် သူ့ကိုလာထိသူကို ပေါက်တော့မယ့်မြွေတစ်ကောင်အလား ဆတ်ခနဲ လှည့်အကြည့်တွင် ကျော်စွာညိုကို မြင်လိုက်တဲ့အခါ မျက်လုံးများက အရှိန်လျော့ကျသွားပါသည်။

“လာပါဗျာ၊ မကောင်းပါဘူး”

ကျော်စွာညို့ မျက်လုံးများက သစ္စာကို ချော့မြူဖျောင်းဖျနှစ်သိမ့်လျက်ရှိသည်။

“ဒီမှာလေ ... စိုက်ကုန်တာ တွေ့ရဲ့လား”





သစ္စာက သူ့ကိုမတော်တဆ လှည့်ပတ်စဉ်သော အအေးစက်တချို့တလေကို လက်ညှိုးလေးနှင့် တောက်ထုတ်ပြရင်း ကျော်စွာညို့ကို စောဒကတက်သည်။

“ဟုတ်ပါတယ်၊ လာပါဆို၊ လူတွေဝိုင်းကြည့်နေတာ ခင်ဗျားမရှက်ဘူးလား မသစ္စာ”

“ဘာလို့ရှက်ရမှာလဲ၊ ဒီမယ် ... ရှင် ကျွန်မကိုမတောင်းပန်ရသေးဘူး”

ကျော်စွာညိုက ကျွတ်ခနဲ စုတ်သတ်လိုက်ရင်း ...

“ကဲ ... တော်ပါတော့ဆိုဗျာ”

တစ်ဖက်က မိန်းမဟာ သူ့ကိုတောင် တောင်းပန်ခိုင်းနေသေးတဲ့ သစ္စာကို အကော်သည်းခံနေရသလို အသက်ပြင်းပြင်း ရှူနေပါသည်။ တော်ပါသေးရဲ့။ နောက်တစ်ဖက်က ရန်မလိုပေလို့။ ကျော်စွာညိုက သစ္စာကို ဇွတ်ပင် အပြင်သို့ လက်ဆွဲခေါ်ထုတ်လာရင်း ဆိုင်ပြင်ရောက်မှ ငြိမ့်ကိုမြင်သွားပါသည်။

“ငြိမ့် ... ခင်ဗျားဘော်ဒါကို မဆုံးမတော့ဘူးလား”

“ကျော်စွာညိုနော် ... နင်က ဘာသိလို့ ငါ့ကို ဝင်ဆရာလုပ်နေရတာလဲ”

“ဘာမှမသိပါဘူး၊ ဒါပေမဲ့ ခင်ဗျား ရမ်းပုံက ဘလိုင်းကြီးဗျာ၊ တော်ကြာ ဘေးကလူတွေက ခင်ဗျားကို ရူးနေတယ်ထင်ကြလိမ့်မယ် ... ကျွတ်”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဒါ နင်နဲ့ဘာဆိုင်လဲ"

"ကျုပ်တို့တွေကလည်း ခင်ဗျားဘော်ဒါတွေ ဖြစ်နေတော့ အရှုံးမိတ်ဆွေတွေဆိုပြီး ရောသိက္ခာကျမှာပေါ့"

"တောက် ... နင် ... ငါ့ကို"

"ကဲ ... လာပါဆို၊ အောက်ဆင်းမယ်၊ တစ်ခါတစ်ခါကျ ပြန်တော့လည်း ခင်ဗျားကြီးက ကလေးဆိုးကြီးနဲ့ တူပြန်ရော၊ သွားမယ်၊ လာ ... ငြိမ့်"

"ကိုကျော်စွာညို မိတ်ဆွေပါသေးတယ်မို့လား"

"ဒီမှာ... သူ့ကိုကြည့်ရတာ သိပ်မဟန်တာတွေ့လို့ သူငယ်ချင်းကို အပြီးပြောပြီး နှုတ်ဆက်ခဲ့ပြီ"

သစ္စာက ကျော်စွာညို့ကို မျက်စောင်းထိုးပါသည်။

ကျော်စွာညိုက သစ္စာကို သူနှင့်ငြိမ့် နှစ်ယောက်ကာရံညှပ်လျက်ပုံစံနှင့် ဖွတ်ပင်ခေါ်ယူကာ စက်လှေကားမှ ဆင်းလာရင်း ...

"ကဲ ... ပြောပါဦး၊ ဒီမိန်းမက ဘယ်သူလဲ"

"ဘယ်သူလဲ နင် သွားမေးပါလား၊ နောက်လှည့်တာ ဣန္ဒြေရရမလှည့်ဘဲ ပရမ်းပတာနဲ့ ငါ့ကိုဝင်တိုက်လို့ ရန်တွေ့နေတာ၊ သူ ဘယ်သူလဲ ငါဘယ်သိမလဲ"

"သူက ဝင်တိုက်တာလား !၊ ခင်ဗျားက သူ အလှည့်လာကိုစောင့်ပြီး ပစ်ဝင်တိုက်တာများလားလို့"





"ငါက ဘာလို့တိုက်ရမှာလဲ"

"မုန်းလို့ တမင်ပြဿနာရှာတာ ထင်နေတာ၊ မတော်တဆဖြစ်တာ တကယ်ဆိုရင်တော့ ပေကျံစိုစွဲကုန်တာ ဟိုမိန်းမပါ၊ ခင်ဗျားက တစ်စက် နှစ်စက်ပဲ စဉ်တာပါဗျာ"

"နေစမ်းပါဦး၊ နင်က ဒီမိန်းမနဲ့ ဘယ်တုန်းက ဓာတ်လမ်းရှိခဲ့လဲ၊ ခုတစ်ထိုင်တည်းပဲ မျက်လုံးချင်း ပြေလည်လိုက်လို့ သူ့ဘက်က နာနေရတာလား၊ ဟုတ်လား"

ကျော်စွာညိုက အသံမထွက်ဘဲ ရယ်နေပါသည်။ ငြိမ့်ကတော့ သစ္စာပြုမူပုံတွေကို တအံ့တဩ လန့်နေကာ ဘာမှကို ဝင်မပြောမိတော့ပါ။ သစ္စာရဲ့ပုံစံဟာလည်း သာမန်အဖြစ်အပျက်တစ်ခုနဲ့ မလိုက်ဖက် မအပ်စပ်မလောက်အောင် တရှူးရှူးတရှားရှား ဆတ်ဆတ်ခါ ဒေါသကြီးနေတာ။

အောက်ထပ်ဆင်းလာကာ အလိုအလျောက်ပင် စတီးမှာ့ထ်ထဲဝင်လာခဲ့ကြပါသည်။ သစ္စာသည် ခြင်းတစ်လုံးဆွဲကာ ဘောက်ဆတ်ဘောက်ဆတ်နှင့် ရှေ့ကလျှောက်နှင့်လျှင် ကျော်စွာညိုနှင့် ငြိမ့် နှစ်ယောက်သား နောက်ဘက်မှာ အတွဲလိုက်ဖြစ်နေပြန်ပါသည်။ ကျော်စွာညိုက ငြိမ့်ကို မေးပါသည်။

"အဲဒီအမျိုးသမီးက ဘယ်သူလဲ၊ ငြိမ့်သိလား"

"ဟင့်အင်း ... ငြိမ့် မသိဘူး ကိုကျော်စွာညို"



www.burmeseclassic.com

www.burmeseclassic.com



"တမင်စောင့်နေပြီး သူက တမင်ဝင်တိုက်တာလေ၊ ပြီးတော့ သူကပဲ အော်ဟစ်ရန်ထောင်နေလိုက်သေးတယ်၊ ခင်ဗျား သစ္စာကတော့ တကယ်ပဲဗျို့"

"ငြိမ့်လည်း သူ တမင်လုပ်တယ် ထင်တယ်၊ သူက ဒိုးနတ်လည်းသိပ်မကြိုက်တတ်ဘူး၊ ဒီတော့ မုန့်ဝယ်စရာအကြောင်း မရှိပါဘူး၊ သေချာထိုင်စားမှာ ဆိုရင်လည်း ငြိမ့်ကို အပြင်မှာနေခဲ့လို့ ထားခဲ့စရာအကြောင်း မရှိဘူး"

"ငြိမ့်ကို ထားခဲ့တာလား"

"ဟုတ်တယ်"

"ကျောင်းတော်က ရန်စဖြစ်မှာပေါ့၊ သူတို့ချင်းလည်း ရွယ်တူလောက်ပဲ၊ ဒီမိန်းမကို စပ်စောစောတုန်းက ကလေးငယ်ငယ်တစ်ယောက်နဲ့ တွဲတွေ့လိုက်သလားလို့"

ငြိမ့်နှင့် ကျော်စွာညိုသည် သစ္စာရဲ့နောက် မလှမ်းမကမ်းမှ တီးတိုးပြောရင်း လိုက်လာကြပါသည်။ သစ္စာသည် သူလိုချင်တာတွေ ခြင်းထဲထွဲထည့်လိုက်၊ သူ့ရဲ့ရှေ့နောက်ဝဲယာတွေကို ဟိုကြည့် ဒီကြည့် ရှာဖွေလိုက် မျက်လုံးကတော့ ဂနာမငြိမ်။

"ကြည့်ဦး ... ခင်ဗျားရဲ့အမျိုးသမီးကို၊ ပစ္စည်းအလစ်သုတ်တော့မယ့်ပုံမျိုးနဲ့၊ သူ့ကို ဘယ်သူကြည့်နေလဲ လှည့်ပတ်ရှာနေသလိုလို ဂနာကို မငြိမ်ဘူး"

"အင်း ... ဒီနေ့ သူ့ပုံစံက တစ်မျိုးပဲနော် ကိုကျော်စွာညို"



"အင်း ... ဟုတ်တယ်၊ ဟိုမိန်းမဟာ သူ့ရန်စ, သူ့ရန်သူပါ၊ သူ သိကိုသိတယ်၊ ဒီထဲဝင်လာဦးမလား လျှောက်ရှာနေတာ"

"ထပ်မတွေ့ပါစေနဲ့၊ ဒီတစ်ခါကျ တစ်ခုခုဖြစ်ရင် ဟိုမိန်းမက သည်းခံချင်မှ ခံတော့မှာပေါ့၊ ငြိမ့်တော့ ကြောက်တောင်ကြောက်တယ်"

"ဒီနေ့ တခြားရော သူ ဘာထူးသေးလဲ"

"မသိဘူးလေ၊ ငြိမ့် အိမ်ပြန်ရောက်တော့ သူ ရောက်နှင့်ပြီ၊ ဒီနေ့ အလုပ်မရှိလို့ ရုံးစောဆင်းတယ် ပြောတယ်၊ ကြည်ကြည်လင်လင် ရှိပါတယ်"

"ဟုတ်တယ် ... အားလုံး ရုံးစောဆင်းကြတယ်"

"ဝရန်တာမှာ ပန်းချီထိုင်ဆွဲနေတာပဲ၊ အေးအေးဆေးဆေးပါ၊ သူဆွဲနေတာ ရှင့်ပုံ"

"ဗျာ"

"ရှင့်ပုံ ဆွဲနေတာ ကိုကျော်စွာညိုရဲ့"

"ဘာကိုကြည့်ဆွဲစရာ ရှိလို့လဲ၊ တူရော တူလို့လား"

"အရမ်းတူတာပဲ၊ အရမ်း အသက်ဝင်တာ၊ ကားချပ်ထဲက ကျော်ထွက်လာမလိုပဲလို့ကို ငြိမ့်ပြောခဲ့တာ၊ တကယ်ပဲ၊ ဘာကိုမှလဲ ကြည့်မဆွဲပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာညိုသည် မယုံနိုင်သလို အံ့သြတဲ့ရုပ်နှင့် ခေါင်းကို ဖြည်းဖြည်းချင်းရမ်းကာ ပြုံးနေရင်း ...

"ဘာလုပ်ဖို့များလဲ မသိဘူး"

"ဖော်ကောင်လုပ်လိုက်ဦးမယ်၊ ရှင့်မွေးနေ့ကျ ပေးမှာတဲ့ ရှင့်မွေးနေ့က ရောက်တော့မှာဆို"

"အား ... ဟုတ်သားပဲ"

ကျော်စွာညိုသည် လမ်းသာအလိုက်သင့်လျှောက်နေရင်း အတန်ကြာ တိတ်နေပါသည်။ အတော်ကြာ တိတ်ဆိတ်စွာ သစ္စာရှင် ကျောပြင်ကို ငေးကြည့်ကာ လိုက်ပါနေပြီးမှ ခပ်တိုးတိုး အသံနှင့် ငြိမ့်ထံသို့ ...

"ကျွန်တော်တို့ရုံးက စာရင်းစစ်ချုပ် အဘိုးကြီး ဦးသိန်းရှင် ဆိုတာ မသစ္စာတို့ရဲ့ မော်လမြိုင် ဇာတိပဲပေါ့၊ သူက မော်လမြိုင်က ခွာလာတာတော့ ကြာပါပြီ၊ ဒါပေမဲ့ သူ့ညီမ အပျိုကြီးတွေ သူ့အမေအိုကြီးကအစ ဟိုမှာရှိကြသေးတာပေါ့။ သူလည်း နှစ်နှစ်တစ်ခါလောက်တော့ ပြန်ပါတယ်၊ သူက မသစ္စာတို့မိသားစုဆွေမျိုးတွေအားလုံးကို ကောင်းကောင်းသိတာပေါ့၊ ဟိုတစ်လောကပဲ ကျွန်တော် မေးလွန်းအားကြီးလို့ သူ ပြောပြတယ် ...

မသစ္စာဟာ တက္ကသိုလ်ကျောင်းသူအရွယ် အသက် နှစ်ဆယ်မပြည့်သေးတဲ့ အရွယ်ဝန်းကျင်လောက်က ရန်ကုန် မြို့ကို ကျောင်းသွားတက်ရာက ရုတ်တရက်မြို့ကို ပြန်လာ





ပြီး အကြီးအကျယ် နေမကောင်းဖြစ်တဲ့ အချိန်မှာ စိတ် ကယောက်ကယက် သဘောမျိုးတောင် ဖြစ်ခဲ့ဖူးတယ်တဲ့၊ အတော်ကုယူခဲ့ရတယ်တဲ့၊ စိတ်ကိုပါ ထိခိုက်ဒဏ်ရာရတဲ့ ဝေဒနာမျိုးပေါ့၊ ရန်ကုန်ကို မပြန်တော့ပဲ ကိုယ့်မြို့မှာပဲ နှစ်နဲ့ချီအောင် ပြန်နေပြီး ဆေးကုခဲ့ရတယ်တဲ့"

"ဟုတ်လား၊ ဘာဖြစ်လို့တဲ့လဲ၊ ဘာရောဂါလဲ၊ သနားပါ တယ်နော်"

"နှလုံးသားကိစ္စပဲဗျ၊ အလွယ်ကူဆုံးပြောရရင် အသည်းကွဲ ပြီး နာလန်မထူဘဲ ပြန်လာတယ်ပေါ့ဗျာ"

"သူ တစ်ခါတော့ ပြောဖူးတယ်၊ သူ့ကြီးတော်အိမ်မှာနေ ရင်း သူ ကျောင်းတက်တုန်း သူ့အစ်မဝမ်းကွဲနဲ့ ရည်မှန်း ထားတဲ့သူက သူ့ကိုစွဲလမ်းပြီး အရှုပ်အရှင်း ဖြစ်ခဲ့တယ်တဲ့၊ သူနဲ့ ချစ်သူတွေ ဖြစ်မဖြစ်တော့ မသိဘူး၊ ပြဿနာတွေ ဘာတွေတော့ ဖြစ်ကြသေးတယ်၊ အဲဒီအခါမှာ သူ့ကြီးတော် တို့ သူ့ဆွေမျိုးတွေက သူ့ဘက်က မပါကြပဲ သူစိမ်းဘက်ပေ ပါကြတယ်တဲ့"

"အဲဒီတုန်းက သူဟာ အခြေအနေ အတော်ဆိုးဆိုး ဖြစ်ခဲ့ တယ်တဲ့၊ အဲဒီနောက်ပိုင်းတော့ သူ့အနီးပတ်ဝန်းကျင်က သမီးရည်းစားစုံတွဲတွေဟာ များသောအားဖြင့် ကွဲကုန်ကြ တာပဲလို့ ပြောစမှတ် ပြုကြတယ်တဲ့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက လိုက်ခဲ့နေလို့ပေါ့ ငြိမ့်ရယ်"

ငြိမ့်သည် မျက်လုံးဝိုင်းကာ အံ့သြငြိမ်သက်သွားပါ သည်။ သစ္စာက ငွေရှင်းတဲ့ကောင်တာတစ်ခုဆီကိုပင် ရောက်နေပြီ။ ငြိမ့်နှင့် ကျော်စွာညိုဟာ ဘာမှလဲ မဝယ်ဖြစ်၍ ငွေရှင်းဖို့လည်း မလို။ သစ္စာသာ သူ့ပစ္စည်းတွေကို ငွေရှင်းနေပါသည်။ ငွေရှင်း ရင်းလည်း မျက်စိတွေက ကျီးကန်းတောင်းမှောက်။ သစ္စာငွေရှေ ပြီးတဲ့အခါ ကျော်စွာညိုက သစ္စာရဲ့ပစ္စည်းထုပ်ကို သွားဆွဲလိုက် ရင်း ...

"ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော် ပြန်ပို့မယ်"

"နင် နောက်ကျနေမှာပေါ့"

"နောက်ကျပစေ"

"နင့်သူငယ်ချင်းအဖော် ပါသေးတာ မဟုတ်လား"

"ခုလောက်ဆို ပြန်ရောပေါ့"

ထိုသို့စကားကောင်း အချီအချပြောနေရင်းက သစ္စာ သည် ရုတ်တရက် ခပ်သုတ်သုတ် ရှေ့ကိုတိုးလျှောက်သွားလိုက် ပြန်ကာ စစ်တီးမှာထံထွက်ပေါက်ရဲ့ တစ်ဖက်မုန့်ဆိုင်ထဲမှ ကိတ် မုန့်ဘူးကြီးကိုင်ကာ ထွက်လာတဲ့ မိန်းမတစ်ယောက်ကို ပေါ်တင် ကြီး ဝင်တိုက်ပစ်လိုက်ပြန်ရာ ဒီတစ်ခါတော့ ကိတ်မုန့်ဘူးကြီး ဟာ ထိုမိန်းမလက်မှ အောက်ကို ဘတ်ခနဲ ပြုတ်ကျပါတော့သည်။





အတည့်ကျတာလည်း မဟုတ်။ ကျပုံက မှောက်ရက် ကြီး။ အထဲက ကိတ်မုန့်ကြီးရဲ့ အပေါ်မျက်နှာပြင်ဟာ မွှတ်စီး ခြင်းငါးပါး ဆိုက်သွားပြီ သေချာမပါသည်။

"ဟင် ... နင် ... နင် ..."

ခုထက်ထိ အင်္ကျီရင်ဘတ်က အစိုအစွဲတွေ မပျောက် သေးတဲ့ ထိုမိန်းမသည် ဒီတစ်ခါတော့ အတော်ကို သည်းမခံနိုင် အောင် ဒေါသတကြီးဖြစ်ကာ သူ့နောက်ပါးမှာ ကလေးလက်ဆွဲ ၍ လိုက်ပါလာသော သူ့ယောက်ျားကို ဆတ်ခနဲ လှည့်ကြည့်လိုက် ပါသည်။ "ကဲ ... ရှင် ဘာလုပ်မလဲ"ဆိုတဲ့အကြည့်။ ခုန ဒိုးနတ် ဆိုင်ထဲမှာတုန်းက တစ်နေရာမှာ ကလေးနှင့်အတူ ထိုင်နေတာမို့ ငြိမ့်တို့ သတိမပြုလိုက်မိတာဖြစ်မည့် ထိုယောက်ျားသည် အတော် စိတ်တိုစိတ်ပျက်လှတဲ့ မျက်နှာနှင့် သစ္စာကို စေ့စေ့ကြည့်ကာ ...

"မင်း လွန်လာပြီထင်တယ် သစ္စာ"

"အေးလေ၊ လွန်တော့ ဘာဖြစ်လဲ၊ ရှင် ဘာလုပ်ချင်လဲ"

"မင်းရဲ့အနှောင့်အယှက်တွေက အေးပလားမှတ်တာ၊ မင်း လည်း မငယ်တော့ပါဘူး သစ္စာ၊ နှစ်တွေလည်း ကြာလှ ပြီ မပြီးသေးဘူးလား"

"မပြီးသေးဘူး၊ ငါ့မျက်စိရှေ့ရောက်လာရင် ငါက နှောင့် ယှက်နေဦးမှာ၊ နှောင့်ယှက်မှာကြောက်ရင် နင်တို့ ငါ့မျက်စိ အောက် ရောက်မလာကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရဲ့အသံဟာ ဒေါသတကြီး မိုးခြိမ်းသံလို ဟိန်းနေသော်လည်း တုန်ခိုက်နေပါသည်။ ဘေးပတ်လည်က လူတချို့ကလည်း မသိမသာ ငဲ့ကြည့်၊ ရပ်ကြည့်။

သစ္စာရဲ့မျက်ဝန်းအစုံ၌ မျက်ရည်ကြည်တို့ဟာ ပြည့်လျှံရစ်လည်နေလျက်။

အမျိုးသမီးသည် စိတ်ပျက်ရက်စွဲ့တဲ့အပြင် သစ္စာကို ကြောက်လည်းကြောက်ရွံ့သေးတဲ့ပုံနှင့် ...

"သွားစို့ ကိုမောင်၊ သူနဲ့ဖက်ဖြစ်နေလို့ ဘာမှအကျိုး ဘူး၊ လူတွေကြားထဲမှာ အရှက်လည်းရှိတဲ့ဟာ မဟုတ်ဘူး"

"အဟား ဟား၊ အရှက်မရှိတာက သစ္စာ မဟုတ်ဘူး၊ ရှင်တို့ ... ရှင်တို့ ... မခိုင်ရဲ့၊ အမျိုးအိမ်မှာ လာမှီခို ကျောင်းလာတက်တဲ့ မိန်းကလေးကို အချောင်ရမလား ဝင်နှိုက်ခဲ့တဲ့ ယောက်ျားမျိုးတို့၊ ကိုယ့်ညီမဝမ်းကွဲကို အချော ကြံခဲ့လို့ ကိုယ့်ညီမဝမ်းကွဲရဲ့ ဘဝတစ်ခုလုံး စုတ်ပြတ်သွားတာကို သိရက်နဲ့ ဒီလိုလူမျိုးကို ငမ်းငမ်းတက် ဖြစ်အောင် ဆက်ယူသေးတဲ့ မိန်းမမျိုးတို့"

"ဟဲ့ ... နင် အခုပါးစပ်ပိတ်စမ်း၊ နင် အရှက်မရှိ ငါတို့ ရှက်တယ်"

"ရှက်ရင် လဲသေကြလေ"



"ကိုမောင် လာလေ သွားမယ်၊ ရှက်ဖို့ကောင်းတယ်၊ ရှက်ပြီး လဲသေရမှာက နင်၊ နင့်ဟာနင် ဖြစ်ခဲ့ ပျက်ခဲ့တာတွေဟာ နင့်ဟာနင် ထလို့ ရွလို့ ဖြစ်ရတာတွေ၊ ဘယ်သူ့အပြစ်မှ ပုံချမနေနဲ့"

ထိုမိန်းမဟာ ကြောက်ကန်ကန်နှင့်ပင် မကြားတကြားပြောရင်း သူ့ယောက်ျားကိုလည်း သူဆွဲ၍ လူအုံကြားထဲတိုး၍ ခပ်သုတ်သုတ် လစ်သည်။ သူ့စကားများကြောင့် သစ္စာရဲ့မျက်နှာဟာ နာကြည်းခြင်းနှင့် သွေးဆုတ်ဖြူဖျော့ကာ တစ်ဟုန်ထိုး နောက်ကပြေးလိုက်ဖို့ ပြင်လေသည်။

"သစ္စာ ... သစ္စာ"

ငြိမ့်လည်း သစ္စာလက်ကိုဆွဲ၍တားပါသည်။ သို့သော် သစ္စာ ဆောင့်ရုန်းထွက်လိုက်သည်မှာ အလွယ်တကူ။ သို့ပေမဲ့ သစ္စာ ရှေ့မတိုးလိုက်ရပါ။ ခိုင်ခိုင်မာမာကြီး ကျုံးဖက်ချုပ်နှောင်ထားလိုက်သည်မှာ ကျော်စွာညို။

"ကျော်စွာညို ... ငါ့ကိုလွှတ်စမ်း"

"ကိုယ့်အတွက် မကောင်းတဲ့သူတွေ၊ ကိုယ့်ဘဝအတွက် ဘာတန်ဖိုးမှ မရှိတဲ့လူတွေအတွက်နဲ့ ခင်ဗျား ဘာဖြစ်လို့ အချိန်ကုန် လူပင်ပန်းခံချင်ရတာလဲ မသစ္စာ၊ ခင်ဗျားမှတ်ထားစမ်းပါ၊ လူဆိုတာ ကိုယ့်ကိုလိုအပ်တဲ့သူတွေအတွက် ရှင်သန်ရတာမျိုးပါ၊ ကိုယ့်ကို မလိုအပ်တဲ့သူတွေကို ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝထဲ ဘာဖြစ်လို့ ဆွဲထည့်နေရမှာလဲ၊ ခင်ဗျားကမ္ဘာထဲက နေ ကန့်ထုတ်ပစ်လိုက်စမ်းပါ၊ ခင်ဗျားနားမှာ ခင်ဗျားကို လိုအပ်တဲ့သူတွေ ရှိပါတယ်ဗျာ”

သစ္စာရဲ့ စုံမှိတ်ချလိုက်သော မျက်လုံးအစုံမှ မျက်ရည်ပေါက်နှစ်သွယ် စီးမျောကျဆင်းလာပါသည်။





## ၁၃

ရုံးကို ညှိသည်လာတယ်ဆို၍ ညှိသည်တွေ့ဆုံခန်းကို ထွက်လာတဲ့ ငြိမ့်သည် ကိုမျိုးထွန်းနှင့် ယုယတို့စုံတွဲကို မြင်လိုက်ရ၍ အံ့သြသွားပါသည်။ ယုယက ပိုလို့ပင် အံ့သြသွားတာ ...

“သြော် ... ဒီရုံးမှာ ကိုမျိုးသူငယ်ချင်းရဲ့ ကောင်မလေးရှိတယ်ဆိုတာ ငြိမ့်ခင်လေးကိုး”

“ယုယက ငြိမ့်နဲ့ သိလား”

“သိတယ်၊ ငြိမ့်က အခု ယုယ အရင်နေခဲ့တဲ့ နေရာမှာ သစ္စာရှင်နဲ့ နေနေတာလေ”

“ဟုတ်လား ! ”

မျိုးထွန်းက တစ်ခါအံ့အားတွေ သင့်နေပြန်ပါသည်။

“အဆင်ပြေရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါတယ် ကိုမျိုးထွန်း"

"ရုံးကိုရောက်လာလို့ ငြိမ့် အံ့ဩနေပုံရတယ်၊ ငြိမ့်တို့ဘော့စ်ရဲ့သား မင်းသူက ကျွန်တော်တို့ သက်ထင်တို့နဲ့ သူငယ်ချင်းပဲလေ"

"ဟုတ်ကဲ့ ... ငြိမ့် သိပါတယ်၊ အခုတော့ ကိုမင်းသူက ဗန်ကောက် ရောက်နေတာ လေး‚ငါးလရှိပါပြီ"

"သိတယ်၊ အန်ကယ်နဲ့ကလည်း ခင်နေတာလေ၊ ကိစ္စကတော့ မင်္ဂလာကိစ္စပါ၊ ကျွန်တော်တို့ ဖိတ်စာတွေရပြီမို့ ဝေနေပြီလေ၊ အန်ကယ့်ကိုလည်း လာဖိတ်ရင်း၊ မင်းသူ့လိပ်စာလည်း တောင်းရင်းဆိုတော့ တစ်ခါတည်းပဲ ဒီရုံးမှာ ငြိမ့်ရှိတာ သတိရပြီး သက်ထင်ဖုန်းနံပါတ်လည်း ငြိမ့်ဆီတောင်းမလို့၊ သူ့အိမ်လည်း ဖိတ်စာသွားပေးမှာပါ၊ ဒီမှာကြုံနေတာနဲ့ ငြိမ့် ရှိလား၊ ညွှဲသည်တွေ့တဲ့ဌာနမှာ မေးလိုက်တာ၊ ငြိမ့် အားရဲ့လား"

"ဟုတ်ကဲ့ ... အားပါတယ်"

"ငြိမ့်ကိုလည်း ဖိတ်ရမယ်၊ လာချီးမြှင့်ဦးနော်၊ ကျွန်တော်တို့ မင်္ဂလာဆွမ်းကျွေးကို၊ ယုယ နာမည်မရေးရသေးတဲ့ ဖိတ်စာ ပါသေးလား"

"ပါတယ် ကိုမျိုး"





ယုယလက်ထဲ ကိုင်ထားတဲ့ အိတ်ငယ်ထဲမှာ ဖိတ်စာအသစ်တစ်စောင် ထုတ်ယူပေးပါသည်။

"သက်ထင်တို့ဖိတ်စာမှာတော့ အန်တီတို့ပါ ဖိတ်မှာဆိုတော့ သတ်သတ် ရေးလိုက်တယ်၊ ငြိမ့်ကို သီးသန့်ပဲ ဖိတ်လိုက်တော့မယ်"

"ဩော် ... ဟို ... ဖိတ်စာပို့ရဲ့လား ကိုမျိုးထွန်း၊ ပေးရမဲ့သူတွေရှိရင်လည်း ငြိမ့်ကို ပါးစပ်နဲ့ပဲဖိတ်လည်း ရပါတယ်"

"ဟာ ... ဘယ်ဟုတ်မလဲ၊ ရော့ ...၊ ဆက်ဆက်လာနော်၊ ခင်ဗျားကိုလည်း နောက်ကြုံတော့ ခင်ဗျားရဲ့အခန်းပါတနာသစ္စာရှင် အကြောင်းလေးတွေ သိသင့်တာ ပြောထားရဦးမယ်၊ ငြိမ့်ကို ပြောပြပါဦး ယုယ၊ တော်ကြာ မအူမလည်လေးနဲ့ ပြဿနာဖြစ်နေရဦးမယ်၊ ဟား ဟား၊ ကျွန်တော်တို့တုန်းက သူမွှေတဲ့ဇာတ်လမ်းနဲ့ ပြဿနာတက်ခဲ့ကြဘူးသေးတယ်ဗျာ"

ငြိမ့်သည် မျက်ခုံးပင့် မျက်လုံးပြူးပြီး ကိုမျိုး ... နှင့် ယုယကို တစ်လှည့်စီ ကြည့်နေမိသည်။

"ကိုသက်ထင်က အဝေးမှာမို့ ငြိမ့်တို့ ခုထိ ဘာမှပြဿနာမတက်ရသေးတာ ဖြစ်မယ်"

"ဟို ..."

ငြိမ့်သည် ဖိတ်စာလေးကို လက်ဝါးတစ်ဖက်တွင် ခပ်ဖြည်းဖြည်း ရိုက်ခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မယုယတို့ကိုတော့ ပြောပြသင့်တော့ ပြောပြရပါဦးမယ်၊ ငြိမ့်တို့မှာလည်း ပြဿနာအနည်းအကျဉ်း စနေပြီ၊ နောက်ဆုံးတစ်ခေါက် ရန်ကုန်လာတုန်းမှာ ကိုလေးက ငြိမ့်ကို ဆက်တောင်ဆက်သွယ်မသွားဘူး ကိုမျိုးထွန်း၊ သူနဲ့တော့ တွေ့သွား စကားပြောသွားရတယ်၊ ကိုလေး စိတ်ထဲမှာ မကျေနပ်တာ ပါသွားတယ်၊ ငြိမ့်ကို တွေ့လည်းမတွေ့ ဖုန်းလည်းဆက်မသွားတော့ တစ်နေ့ကပဲ ငြိမ့် ကိုလေးဆီ ဖုန်းလှမ်းခေါ်တယ်၊ ကိုလေးက နောက်မှစကားပြောမယ် ဆိုပြီး ဖုန်းချသွားတယ် ...

ငြိမ့် သစ္စာရဲ့အကြောင်းကို သိသင့်သလောက်လည်း သိရပြီးပါပြီ၊ သူ့ပတ်ဝန်းကျင်က ချစ်သူစုံတွဲတွေကို လိုက်ခွဲပစ်တတ်တာတွေ၊ ကြားထဲကို လူတစ်ယောက်ဆွဲထည့်ပြီး ပြဿနာဖန်တီးတတ်တာတွေ သိသင့်သလောက်သိ ကြားသင့်သလောက် ကြားပါတယ် ...

ခုလည်းပဲ သူ ဘယ်လိုစကားမျိုးတွေ ပြောလိုက်မယ်ဆိုတာ မှန်းကြည့်လို့ ရနေပါတယ်၊ ကိုလေးနဲ့တော့ ပြေလည်အောင် မဖြေရှင်းရသေးပါဘူး၊ ကိုလေး ရန်ကုန်လာမှပဲ ရေရေလည်လည် ဖြေရှင်းနိုင်ခွင့် ရမှာပါ၊ ကိုလေး ငြိမ့်အပေါ် သံသယမဝင်အောင် ကြိုးစားပြီးတော့ ..."

ငြိမ့်အသံလေးက လှုပ်ခတ်တုန်ယင်လာလျှင် မျိုးထွန်းနှင့် ယုယ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပါသည်။





"သြော် ... ဒီလိုတွေ့ကြုံနေပြီကိုး၊ သစ္စာရှင်ကြောင့် ဖြစ်နေရတဲ့ ပြဿနာဆိုရင် သက်ထင်ကို ကြားက ဖြေရှင်းပြောပြပေးဖို့ ကျွန်တော် တာဝန်ယူပါတယ်၊ ကျွန်တော်တို့က ဒီအတိုင်း ပြဿနာဖြစ်ထားရတဲ့ စုံတွဲပဲ"

"ယုယတို့တုန်းက သူ ကြားထဲမှာ ဆွဲထည့်ထားတဲ့သူက သူ့မောင်ဝမ်းကွဲတော်တယ်၊ သစ္စာကိုလည်း ကိုယ်က ခင်မင်ယုံကြည်မိတယ်လေ၊ ဒီလို ဆိုက်ကိုရှိမယ်လည်း ဘယ်ထင်မိမှာလဲ၊ သူ့မောင်ဝမ်းကွဲကလည်း လူကောင်းတစ်ယောက်ပါ၊ ရိုးရိုးသားသား ခင်မင်ရင်းနှီးမိကြတာပေါ့၊ နောက်ပိုင်းမှာတော့ ရိုးရိုးသတင်းစကားပေးတာမျိုးတောင် မကဘဲ ဓာတ်ပုံတွေ ဘာရွေ ဆင်ရိုက်ပြီးတော့ပါ ကိုမျိုးဆီ ပို့ခဲ့တာ၊ သူ အကွက်ဆင်တာတွေက မသိမသာတွေဆိုတော့ ကိုယ်ဟာ တကယ် အဲဒီမှာမရှိခဲ့ဘူးလား မသွားခဲ့ဘူးလားဆိုရင် ငြင်းမရဘူး၊ ကိုယ်သွားခဲ့တယ်၊ မုံထဲက အတိုင်း မှန်တယ်၊ ဒါပေမဲ့ ကိုယ်တွေက ရိုးရိုးတွေနဲ့ မသိလိုက်မသိဘာသာ လှုပ်ရှားမိတာမျိုးဟာ သူ လုပ်ကြံတဲ့ ဓာတ်လမ်းနဲ့ကျတော့ ရှုပ်ထွေးငြိစွန်းနေသလိုကြီး ထင်စရာဖြစ်တာ ...

ကိုမျိုးနဲ့ ဖြစ်ခဲ့ရတဲ့ ပြဿနာက အကြီးအကျယ်ပဲ၊ ငိုလိုက်ရတာတွေ မနည်းဘူး၊ ကိုယ်ကလည်း နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားမှသာ ကွဲသွားရော ကိုယ်အပြစ်ကင်း သန့်ရှင်းတာကိုတော့ ဖြေရှင်းချင်လို့သာ ခုလို လက်ထပ်တဲ့အထိ ပြန်ပြေလည်ရတာ၊ ကိုယ်ကသာ ဖွင့်လိုက်မရှင်းနိုင်ရင် နာမည်ပျက်နဲ့ ကွဲရမှာလေ ...

သစ္စာရဲ့မောင်ဝမ်းကွဲဟာ လူကောင်းပဲ၊ သူ ကိုမျိုးကို သွားရှင်းပြပေးတာ၊ သူ ပြောပြလို့ပဲ သစ္စာ ယယ်ယယ်က ကြုံခဲ့ဖြစ်ခဲ့တာတွေ စိတ်ထိခိုက် စိတ်ဓာတ်ကျပြီး ရူးသလိုလိုတောင် ဖြစ်ခဲ့ဖူးတာတွေ"

"အသေးစိတ် ပြောမနေပါနဲ့တော့ကွာ"

"သစ္စာ ဘဝမှာ နာကြည်းစရာတွေ ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ ငြိမ့်လည်း ကြားထားပြီးပါပြီ၊ ဘဝလည်းပျက်ဟိုလူကလည်း သူ့ကိုမယူဘူးတဲ့"

"သူက စိတ်ကလည်းထက်၊ ခံစားချက်ကလည်း ပြင်းထန်တဲ့သူမျိုး၊ ပေါက်ကွဲတောက်လောင်တဲ့ Type မျိုးလေ၊ အဲဒီ သူ့အချစ်ဦးကိုလည်း သူက သိပ်ကိုချစ်တာတဲ့၊ ဒီနေ့ထိ တွေ့တဲ့နေရာမှာ ပြဿနာလိုက်ရှာတုန်း"

"အဲဒါလည်း ငြိမ့်ကြုံပြီးပါပြီ၊ သိပ်ချစ်လွန်းအားကြီးပြီး အကြီးအကျယ် ဆုံးရှုံးထိခိုက်ရလို့ဖြစ်တဲ့ သူ့စိတ္တဇကိုလည်း အချစ်ဆိုတဲ့ ခံစားချက်လေးနဲ့ပဲ ပြန်ပြီး ကုသနိုင်ဖို့ ငြိမ့်တို့ ကြိုးစားနေပါတယ်"





"ဖြစ်နိုင်ပါတယ်၊ တစ်ယောက်ယောက်ကို သူ ထပ်ချစ်နိုင်ရင် သူ့ဆိုက်ကိုတွေ အငြိုးအတေးတွေ ပျောက်သင့်သလောက် ပျောက်ပျက်မှာပဲ"

"ကိုလေးကို သူ လက်တစ်လုံးခြားနဲ့ မီးထိုးလိုက်လိမ့်မယ်လို့ မှန်းဆနိုင်ပေမယ့် သူ့ကိုလည်း သနားမိသေးတယ်"

"ယုယလည်း အဲလိုပဲ ဖြစ်ခဲ့တာ၊ နောက်ဆုံးတော့ ကိုမျိုးက ပြောင်းလိုက်ပါတော့ ဆိုတာနဲ့ ကြောက်ကြောက်နဲ့ ပြောင်းပစ်လိုက်ရတော့တာ၊ ယုယတို့ ဖြစ်ခဲ့ရတဲ့ အခြေအနေက ဒီထက်ဆိုးဝါးပြင်းထန်ပါတယ်၊ အတော်ဖြေရှင်းယူခဲ့ရတာ"

"ငြိမ့် ဘာမှစိတ်မရှုပ်ထွေးနဲ့၊ ငြိမ့်အနေအထားက အရမ်းရှုပ်ထွေးသေးပုံ မရပါဘူး၊ သက်ထင်ကို ကျွန်တော်ကိုယ်တိုင် လုံးစေ့ပတ်စေ့ ပြောပြပေးနိုင်တယ်"

"ယုယတုန်းက သူ့မောင်ဝမ်းကွဲက ဝင်ရှင်းပေးနိုင်ခဲ့သလို အခုလည်း သူ့ရဲ့မိတ်ဆွေက ငြိမ့်အတွက် ရှင်းပေးနိုင်ရင် ရှင်းပေးမှာပါ"

"ဒါဆိုရင် စိတ်အေးအေးထား ငြိမ့်၊ ဖုန်းနဲ့တောင် ကျွန်တော်ပြောမနေတော့ဘူး၊ ဒီအပတ်ထဲပဲ အလည်ခရီးထွက်သလို ဒီကောင့်ဆီ သွားကိုလည်လိုက်ဦးမယ်၊ လူကိုယ်တိုင်တွေ့ပြီး သေသေချာချာကို ပြောပြလိုက်ဦးမယ်"

ငြိမ့်က ခေါင်းကလေး ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်.ကိုမျိုးထွန်း၊ မယုယရော့ပဲ၊ ကျေးဇူးတင်ပါတယ်"

"စောစောကတည်းက စကားစပ်မိကြရင် ငြိမ်နဲ့ကို ကြိုသတိပေးထားလို့ရမှာ"

"ယုယ ပြောဖို့စဉ်းစားသေးတယ်၊ ငြိမ်က စိတ်ရင်းကောင်းလေးနဲ့ဆိုတော့ သစ္စာကို မြင်မြင်ချင်း တအားခင်နေခဲ့ပြီ၊ သူကလည်း တစ်ဖက်သားကို ပုံပြီးပေါင်းတာလေ၊ ဒီအချိန်မှာ ယုယ ပြောရင်လည်း အလကားပဲ၊ လူတစ်ဖက်သားကို သပုပ်လေလွင့်ပြောတဲ့ အဖြစ်ပဲရောက်မယ်၊ ငြိမ်လည်း သေချာယုံမှာ မဟုတ်ဘူး၊ ဒါကြောင့် ပြောဖို့ ကြံစည်ပြီးမှ ဆက်မပြောတော့တာ၊ ငြိမ်လည်းသိပါလိမ့်မယ်"

"ဟုတ်ပါတယ်၊ အဲဒီတုန်းကကြားရရင် ငြိမ်လည်း ရှာနိုင်ပြည့်တောင် ယုံချင်မှ ယုံမိမှာ၊ ပိုချဲ့ပြီး ပြောလားတောင် ထင်ရင် ထင်မိမှာ၊ သူ့လုပ်ရပ်ကလည်း စိတ်ကူးယဉ်သိပ်ဆန်တာကိုး၊ သူကလည်း မဟုတ်ပါဘူးလို့ ငြင်းသွားကွယ်မှာပဲ၊ ခုတောင် ဝန်မခံပါဘူး"

ဘာပဲဖြစ်ဖြစ် ငြိမ်သည် ဘဝနာအောင် အချစ်ကြီးခဲ့တဲ့ အငြိုးလည်း ကြီးခဲ့တဲ့ သစ္စာရဲ့စိတ္တဇကို ကိုယ်ချင်းစာနိုင်လွှတ်ပေးနိုင်ပါသည်။

❦ ○ ❦



တစ်ခုသော ညဉ့်နက်ပိုင်းမှာတော့ သစ္စာသည် ခေါ်သံမြည်လာသော သူ့ဟဲန်းဖုန်းကိုဖွင့်၍ နားထောင်ပြီးလျှင် ခံစားချက် မဖော်ပြတဲ့ မျက်နှာတစ်မျိုးနှင့် ...

"ငြိမ် ... ဖုန်း"

ငြိမ်က အံ့အားသင့်သင့် လှမ်းယူနားထောင်လျှင် ...

"ငြိမ်လား"

"ကိုလေး"

"ဘာပဲဖြစ်ဖြစ် ဒီအမျိုးသမီးကို ငြိမ် ဘယ်လောက်ပဲခင်ခင် အဲဒီကနေ မပြောင်းရွှေ့လို့တော့ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ သူ့ကို ကိုယ်ချင်းစာတာလည်း စာတာပေါ့၊ ဒါပေမဲ့ ကိုယ့်ဘဝကို အရှုပ်ထွေး အပျက်စီးခံပြီးတော့တော့ ခင်တွယ်နေဖို့ မသင့်ဘူး မဟုတ်လား"

ငြိမ် တိတ်ဆိတ်နေမိသည်။

"ရှေ့တစ်ပတ်လောက် ကိုယ် ရန်ကုန်လာမယ်၊ ကိုယ်ရှိနေတဲ့ ရက်အတွင်း ငြိမ် အခဆောင်ပြောင်းနိုင်အောင် အထဲက ရှာထားတော့"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်သည် ရှုးရှုးစမ်းစမ်း စိတ်ဝင်တစားလက်ပိုက်လာရပ်ကြည့်နေတဲ့ သစ္စာရှင်ကို ပခုံးလေးတစ်ချက်တွန့်ပြီး ပြုံးပြလိုက်ပါသည်။

❦ ○ ❦

လမင်းမိုမို

BURMESE CLASSIC

www.burmeseclassic.com